www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


စာမူခွင့်ပြုချက်အမှတ် - ၅၈၀/၂၀၀၄ (၆)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၄၇၇၀၅၀၅
ပထမအကြိမ်
၂၀၀၅-ခုနှစ်၊ ဇွန်လ၊ ဇူလိုင်လ
တန်ဖိုး - ၁၀၀၀ိ/-ကျပ်
အုပ်ရေ - ၅၀၀-အုပ်
အတွင်းပုံနှိပ်သူ - ဒေါ်ခင်စန်းမြင့် (၀၅၅၄၉)
ဟသ်ာပုံနှိပ်တိုက်
၁၁/၁၂၅-လမ်း၊ မင်္ဂလာတောင်ညွန့်
ရန်ကုန်မြို့။
အဖုံးပုံနှိပ်သူ - ဦးမောင်မောင်လေး (၀၇၀၅၁)
စန္ဒာဝင်းပုံနှိပ်တိုက်
၂၀၉/၃၆-လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ထုတ်ဝေသူ - ဦးနိုင်းဆွေ (၀၉၈၃)
ပန်းလက်ဆောင်စာပေ
၅၁၆၊ ခ-ပုလဲ (၄)-လမ်း၊
၄-ရပ်ကွက်၊ ၈/ဥက္ကလာပ
ရန်ကုန်မြို့။


BURMESE CLASSIC .com

**ဒို့တာဝန် အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

---

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ
ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏
မဖောက်ပြန်ကျသော တာဝန်ဖြစ်သည်။**

---

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

www.burmeseclassic.com

www.burmeseclassic.com

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်း သားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# လျှို့ဝှက်ဆန်းကြယ်ဂမ္ဘီရဝတ္ထုကြီး

တစ်နေ့သ၌ ကျွန်ုပ်သည် နွေရာသီနေ့လည်ခင်းအချိန်တွင် ကျွန်ုပ်၏ မိတ်ဆွေ ပန်းချီဆရာကိုရွှေမောင်နှင့်အတူ ပန်းဆိုးတန်းအထက်ဘလောက်ရှိ ပန်းချီအသင်းတိုက်(. . . .)သို့ ရောက်ရှိလာခဲ့လေ၏။

ထိုအသင်းတိုက်သို့ ကျွန်ုပ်တို့ ရောက်ရှိလာသောအချိန်၌ ဘားကောင်တာတွင် တစ်ယောက်၊ နှစ်ယောက်သာရှိသည်။ ဟောခန်းထဲတွင်ကား ပန်းချီဆရာများသည် မိန်းကလေးတစ်ဦး ကိုယ်ဟန်ပြနေသည်ကို ပုံတူရေးဆွဲနေကြလေ၏။

အသင်းသားအချို့ကမူ အနီးတွင် ထိုင်လျက် ရပ်လျက် ဆေးတံ စီးကရက်ခဲလျက် လှေ့လာနေလေသည်။

ကိုရွှေမောင်မှာ မော်လမြိုင်သားတစ်ယောက် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မော်လမြိုင် စိန့်ပက်ထရစ်ကျောင်း၌ အထက်တန်းအထိ ပညာသင်ကြားခဲ့လေသည်။ အင်္ဂလန်သွားမည့်သင်္ဘောဖြင့် ကိုရွှေမောင်သည် စက်မှုပညာသင်အဖြစ် လိုက်ပါသွားလေရကား အနောက်နိုင်ငံအနှံ့အပြား ရောက်ခွင့် ကြုံခဲ့ရလေသည်။

လန်ဒန်မှတဆင့် မြောက်ပင်လယ်ကို ဖြတ်၍ ဂျာမနီပြည် ဟမ်းဘတ်မြို့သို့လည်း ရောက်၏။ ပြင်သစ်ပြည် ပါရီမြို့သို့လည်း ဝင်ခဲ့၏။ ကိုရွှေမောင်– မြန်မာပြည်သို့ ပြန်လည်ရောက်ရှိသောအခါ မော်တော်ကားအရောင်းဆိုင်တွင် ဝင်ရောက်အလုပ်လုပ်ရင်း ဘေးဘက်တွင်ကား ဆီဆေး ပန်းချီကားများ ရေးဆွဲနေလေသည်။

သူ၏ဆရာမှာ ပန်းချီဆရာကြီး ဆရာချို ဖြစ်လေသည်။ ကျွန်ုပ်သည် ရန်ကုန်မြို့တွင် အာနံ့ပတ်ကားများ ခေတ်မစားတော့၍ ခေတ်စားနေသည့် အာအေ–နံ့ပတ်ကားများ မောင်းနှင်လိုသဖြင့် လက်ရှိကားကို ရောင်းထုတ်ပြီး ကားသစ်တစ်စီးဝယ်ခဲ့ရာ ကိုရွှေမောင်နှင့်ပါ သိကျွမ်းခင်မင်ခဲ့ရလေသည်။

ကိုရွှေမောင်မှာ ပန်းချီပညာရှင်တစ်ဦး ဖြစ်နေသည့်အလျောက် စိတ်သဘောထား နူးညံ့သိမ်မွေ့သူတစ်ဦးဖြစ်သည်။ ကျွန်ုပ်မှာ စာရေးဆရာပင် ဖြစ်နေသော်လည်း ပန်းချီပညာကို ဝါသနာပါရုံမကဘဲ ရေဆေး ဆီဆေးပန်းချီကားများ ရေးဆွဲခဲ့ဖူးသဖြင့် ထိုဝါသနာမြုပ်နေခြင်း ဖြစ်လေရာ ကိုရွှေမောင်နှင့်တွေ့ပြီး ပန်းချီအကြောင်းပြောဖြစ်သည်နှင့် ယခုလို ပန်းချီအသင်းတိုက်သို့ ရောက်ရှိလာနေမိခြင်းပင် ဖြစ်ပေသည်။

ကိုရွှေမောင်နှင့် ကျွန်ုပ်တို့နှစ်ယောက်သည် ပန်းချီဆရာ





များ ပန်းချီရေးဆွဲနေသော ဟောခန်းသို့ တိုက်ရိုက်မသွားသေးဘဲ ဘားကောင်တာတွင် တထောက်နား၍ ဘရန်ဒီအရက်မှာသောက်ကြ၏။

ဘားကောင်တာတွင် ကျွန်ုပ်တို့ အရင်ရောက်ရှိနေပြီး ကျွန်ုပ်တို့အား ကျောပေးလျက် အရက်သောက်နေသူ ဘလေဇာကုတ်အင်္ကျီ(မီးခိုးရောင်)ဝတ်ထားသော လူတစ်ယောက်သည် ကျွန်ုပ်ဘက် သမင်လည်ပြန်ပင် မဟုတ်ဘဲ လုံးလုံးချည်းလှည့်ကြည့်လိုက်လေရာ ကျွန်ုပ်မှာ အလွန်အံ့အားသင့်၍ သွားကာ

"ဟား . . အိုင်ဆေး ကိုနန်းထိုက်ပါလား . . ခင်ဗျားကတော့ လုပ်လိုက်ပြန်ပြီ"

ဟု သူ့နာမည်ကို ထုတ်ဖော်နှုတ်ဆက်ပြီး နောက်ဆက်တွဲစကားတစ်ခွန်း ပြောလိုက်မိလေ၏။

အိုင်အိုနန်းထိုက်သည် စတိုင်လို စီးကရက်တိုကို ပြာခံခွက်မှာ ခေါင်းထိုး၍ ထားလိုက်ရင်း

"ဘာဖြစ်လို့လဲ"

ဟု ပြန်မေးရင်း ကိုရွှေမောင်ကို လက်ကမ်း၍ နှုတ်ဆက်လိုက်လေသည်။ အိုင်အိုနန်းထိုက်နှင့် ကိုရွှေမောင်တို့ အသိမိတ်ဆွေများ ဖြစ်နေကြောင်း ခုမှသိရသော ကျွန်ုပ်အဖို့ အံ့အားသင့်စရာဖြစ်နေ၍ ကိုရွှေ မောင်က

"ကိုနန်းထိုက်ဟာ ကျွန်တော်တို့ ကလပ်မင်ဘာတစ်ယောက်ပါ . . ကိုနန်းထိုက်က ကိုငြိမ်းမောင်ဝတ္ထုတွေအကြောင်း မကြာမကြာ ပြောပြဖူးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေသည်။

"အခုလဲ ကိုငြိမ်းမောင် ကျွန်တော်တို့ကလပ်ကို မကြာခဏ ရောက်ရောက်လာတတ်တယ်ပြောလို့ ကိုနန်းထိုက်က ဒါဆို သူနဲ့ ကိုငြိမ်းမောင် ဒီမှာ ဆုံချင်တယ်ပြောလို့ ခုလို ကျွန်တော် လာဆုံပေးလိုက်တာပါ"

ကိုရွှေမောင်က ဆက်လက်ရှင်းပြလေသည်။

"ဒီစုံထောက်ကျော်ကြီးက ကျွန်တော့်ကို တမင်အံ့သြသွားအောင် လုပ်တာပါ"

ဟု ကျွန်ုပ်က ပြောသောအခါ အိုင်အိုနန်းထိုက်မှာ ရယ်ကျဲကျဲ လုပ်နေလေသည်။ ကိုရွှေမောင်က ဘရန်ဒီ မော့သောက်လိုက်ပြီး

"ခင်ဗျားတို့နှစ်ယောက် အလွန်ရင်းနှီးကြတာပဲနော်"

ဟု မှတ်ချက်ချလိုက်လေသည်။ ကျွန်ုပ်လည်း ဘရန်ဒီကို မော့သောက်လိုက်ပြီး

"ဟုတ်ပါတယ် တွဲလာတာလည်း ကြာပြီလေ"

ဟု ပြောလိုက်လေရာ ကိုရွှေမောင်က

"ဒါကြောင့် တစ်ယောက်ကို တစ်ယောက် အားကျပြီး တစ်ကိုယ်တည်း လူပျိုကြီးတွေ ဖြစ်နေတာ ထင်တယ်"

ဟု ပျော်စေပျက်စေသဘော ဟာသပြောလိုက်သည်။ သုံးယောက်သား ရယ်မောလိုက်ပြီးကာမှ အိုင်အိုနန်းထိုက်က

"အခုတော့ ကိုငြိမ်းမောင်ကို အားမကျတော့ဘဲ ကိုရွှေမောင်ကိုပဲ အားကျနေပြီ . . ဇနီးချောကလေးနဲ့ ဘယ်လောက်ကြည်နူးစရာ ကောင်းမလဲ"





ဟု ပြောလိုက်လေ၏။ ထို့နောက် ကိုရွှေမောင်က ကျွန်ုပ်နှင့် အိုင်အိုနန်းထိုက်တို့ကို ခေါ်ပြီး ဟောခန်းသို့ ဝင်လာခဲ့လေသည်။ ကိုရွှေမောင်သည် သူ့အတွက် အသင့်ထားပေးသော ကင်းဘတ်ပေါ်တွင် ကိုယ်ဟန်ပြမယ်၏ ပုံတူကို စတင်ရေးဆွဲနေလေသည်။

ကိုယ်ဟန်ပြမယ် မိန်းကလေးသည် အသက် ၂၀–ကျော်ရုံမျှ ရှိဦးမည် ထင်၏။ မျက်လုံး မျက်ခုံးကောင်းကောင်း၊ နှာတံပေါ်ပေါ်၊ ခန္ဓာ ကိုယ်မှာကား ခပ်သွယ်သွယ်၊ သူမသည် ရှမ်းအမျိုးသမီးရိုးရာအဝတ် အစားကို အပြည့်အစုံ ဝတ်ထားလေသည်။

ဘယ်ခြေတစ်ဖက်ကို လှေကားထစ်ပေါ်တင်၍ ထိုခြေပေါင်တံပေါ် လက်နှစ်ဖက်ထောက် လေဟန်ခပ်ဖွဖွ ထောက်လျက် ခန္ဓာကိုယ်ကို လှည့်လိမ်လျက် ခေါင်းကို ဘယ်ဘက်သို့ ခပ်ငဲ့ငဲ့အနေအထားဖြင့် မျက်လုံးအစုံ မေးမို့တဲ့ယောင်ယောင်ရှိသည်အထိ ပြုံးယောင်ယောင်အလှမျိုး သရုပ်ဆောင်ပြနေရလေသည်။

နားနေခွင့်ရသော်လည်း ကိုယ်ဟန်ပြနေသည့်အခိုက်မှာကတော့ မိန်းကလေးအဖို့ ပြုံးလျက် ငြိမ်သက်လျက် မလှုပ်မယှက်နေရသည်မှာ ငြီးငွေ့စရာကောင်းသောအလုပ်တစ်ခုဖြစ်၍ နေပေသည်။

သို့သော် သူမအဖို့မှာ အခကြေးငွေအတွက် လုပ်နေရသော ပရိယေသနဝမ်းစာရေးအလုပ်တစ်ခု ဖြစ်သည်မဟုတ်ပါလား။ ကိုရွှေမောင်က မိန်းကလေး၏ အခြေခံကောက်ကြောင်းရေးကို စကတ်ချ်ယူရင်း ကျွန်ုပ်တို့ဘက်လှည့်ကာ . .



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ဒီမိန်းကလေးနာမည်က မြမြတဲ့ . . ဒီနေ့ သူလာပြီး မော်ဒယ်ထိုင်ပေးတာ . . ကျွန်တော်တို့ကလပ်အပေါ်မှာ စေတနာထားလွန်းလို့ဗျ၊ သူ့ကို ဒါရိုက်တာဆရာရွှေက တစ်ကိုယ်တော်ဇာတ်ကားမှာ မင်းသား ကျော်စိုးနဲ့တွဲပြီး မင်းသမီးအဖြစ် ရုပ်ရှင်ရိုက်တော့မှာလေ"

ဟု ပြောပြလေသည်။ အိုင်အိုနန်းထိုက်က ပြုံးကာ

"ဒါရိုက်တာဆရာရွှေရဲ့ ဒါရိုက်တာ မျက်စိကလည်း စူးရှသား ပဲနော်"

ဟု ကောက်ချက်ချလိုက်လေသည်။

မှတ်ချက်။ ။ တစ်ကိုယ်တော်ရုပ်ရှင်ကားတွင် မြမြအဖြစ် စောင် သရုပ်ဆောင်ခဲ့ပြီးနောက်တွင် နာမည်ကျော်ရုပ်ရှင်မင်းသမီး မေမေဝင်း ဖြစ်လာခဲ့လေသည်။

ပန်းချီအသင်းတိုက်မှ ပြန်လာကြသောအခါ ကိုရွှေမောင်က ပြန်လိုက်မလာဘဲ သူ၏အခြားမိတ်ဆွေအသင်းဝင်များနှင့် စကားလက်ဆုံကျနေခဲ့လေသည်။

အိုင်အိုနန်းထိုက်ကမူ ကျွန်ုပ်၏အိမ်အထိ လိုက်လာခဲ့သည်။ သူ့ကားကို ပါမလာ၍ သူ ကျွန်ုပ်နေအိမ်သို့ လိုက်လာခဲ့သည်ဟူ၍ကား ကျွန်ုပ် မထင်မှတ်ပေ။ သူသည် အချိန်ကို အလွန်လေးစားသူတစ်ယောက် ဖြစ်သည်။

ပန်းချီအသင်းတိုက်တွင် ကျွန်ုပ်တို့ အချိန်အတန်ကြာတွေ့ဆုံ စကားပြောခဲ့ပြီး ဖြစ်သည်ကလည်း တစ်ကြောင်း၊ အခြားအရေးကြီးသော အကြောင်းကိစ္စမျိုး ရှိနေသည်မဟုတ်သည်





ကလည်း တစ်ကြောင်းတို့ကြောင့် သူ့ကို ကျွန်ုပ် သတိပြုလိုက်မိလေသည်။

မည်သို့ဆိုစေ အိုင်အိုနန်းထိုက်သည် အဓိပ္ပာယ်ရှိသော အလုပ်တစ်ခု လုပ်နေခြင်း ဖြစ်ရမည်ဟု ကျွန်ုပ် မှတ်ယူမိလိုက်သည်။ ကျွန်ုပ်တို့ ပန်းချီအသင်းတိုက်၌ သောက်ခဲ့သော ဘရန်ဒီအရက် ၂-ပက်စီကလည်း ပန်းချီအသင်းတိုက်၌ မိမိတို့ရှိစဉ်အချိန်လောက်သာ မူးဝေဝေရီတီတီ ရှိခဲ့သည်။ ယခုတော့ မူးဝေခြင်း ရီတီတီဖြစ်ခြင်းမျိုး မရှိတော့ပေ။

"အိုင်ဆေး ကိုနန်းထိုက် . . ခင်ဗျား ကျွန်တော့်ကို ပြောစရာ အကြောင်းအရာတစ်ခု ရှိနေပြီ မဟုတ်လား"

ဟု ကျွန်ုပ်ကပဲ အစပြု၍ မေးလိုက်ရလေတော့သည်။ မိကျောင်းမင်းဂကို ရေကင်းပြသလို စုံထောက်ကျော် အိုင်အိုနန်းထိုက်ကို ကျွန်ုပ်က စုံထောက်ဟန် စုံထောက်လေဖြင့် မေးလိုက်လျှင် စီးကရက်မီးညှိရန် မီးခြစ်ရှာနေသော အိုင်အိုနန်းထိုက်သည် မီးခြစ်ကို မရှာတော့ဘဲ ကျွန်ုပ်ကို မော့၍ကြည့်ကာ

"ကိုငြိမ်းမောင်ကတော့ ဝတ္ထုမရေးတော့ဘဲ လူကဲခတ်နည်းစာအုပ်တွေ ရေးဖို့ ကောင်းနေပြီ"

ဟု ပြောလိုက်လေသည်။ သူသည် ဆက်တီထိုင်ခုံတွင် ဝင်ထိုင် သေးသည် မဟုတ်ပေ။ ပြတင်းပေါက်သို့ သွား၍ ရပ်ကာ စီးကရက်ဘူးမှ စီးကရက်တစ်လိပ်ကို ထုတ်ရင်း အပြင်ဘက် ရှုမြင်ကွင်းကို မျှော် ငေးကြည့်နေခြင်း ဖြစ်သည်။

ညနေခင်းပိုင်းသို့ ကျရောက်ပြီဖြစ်၍ နေရောင်ခြည်သည်



www.burmeseclassic.com

www.burmeseclassic.com



အပူဓာတ်လျော့ကျနေချေပြီ။ သစ်ရိပ်များသည် အရှေ့ဘက်သို့ ရှည်လျားစွာ ထိုးကျလျက်။

"ကိုယ့်လူအချင်းချင်းကို အကဲခတ်နိုင်သေးတာပါဗျ . . ဒီလောက်နဲ့ လူကဲခတ်နည်းစာအုပ်တွေ ရေးလို့ဖြစ်မယ် မထင်သေးပါဘူး . . ကဲ . . ကျွန်တော် မေးတာကို အရင်ပြောပါဦး"

"အေးဗျ . . ကျွန်တော် ကိုငြိမ်းမောင်ကို ပြောစရာအကြောင်းတစ်ခု ရှိနေပါတယ်"

"ပန်းချီအကြောင်းနဲ့များ ပတ်သက်နေသလား ကိုနန်းထိုက်"

"ဟာ မှန်သွားပြန်ပြီ . . ခင်ဗျား ခုတလော သမထအလုပ်တွေ လုပ်နေတယ် မှတ်တယ်"

"သမထအလုပ် လုပ်ချင်ပါတယ်ဗျာ အချိန်မရှိပါဘူး . . ရေးလက်စ ဝတ္ထုတွေ အစမသတ်သေးလို့"

"ဘာပဲပြောပြော ခင်ဗျားရဲ့(. . . . .)ကိုတော့ ကျွန်တော် ချီးကျူးပါတယ်ဗျာ"

အိုင်အိုနန်းထိုက်သည် ပြောပြောဆိုဆို ပြတင်းပေါက်ဘက်မှ ပြန်လျှောက်လာပြီး ဆက်တီခုံတွင် ဝင်ထိုင်လိုက်လေသည်။ ခုမှပဲ ဘလေဇာကုတ်အင်္ကျီအတွင်းအိတ်တစ်အိတ်ထဲမှ မီးခြစ်ကို ထုတ်ပြီး စီးကရက်ကို မီးညှိရှိုက်ဖွာ၏။

"ဒီသီတင်းပတ်ထဲမှာ ခပ်ဆန်းဆန်း အမှုတစ်ခု ဖြစ်သွားတယ် . . ဖြစ်တာက ရွှေတောင်ကြားလမ်းက နဝရတ်စံအိမ်ကြီးမှာ ဖြစ်သွားတာပါ"





အိုင်အိုနန်းထိုက်သည် စတိုင်လိုစီးကရက်ကို ခဲရင်းကပဲ သူ့စကားကို ခပ်မှန်မှန် ပြောပြနေလေသည်။

"အမှုကတော့ ဖောက်ထွင်းမှုပါပဲ . . ဒါပေမဲ့ ဒီဖောက်ထွင်းမှုက အလွန်စိတ်ဝင်စားစရာကောင်းတယ်"

ဤသို့ အိုင်အိုနန်းထိုက် ပြောပြနေသော အကြောင်းအရာတွင် ပန်းချီအကြောင်း လုံးဝပါဝင်ဆက်နွယ်မှု မရှိဘဲ ဖြစ်နေသဖြင့် ကျွန်ုပ်က

"ဒါထက် ကိုနန်းထိုက် ခုန ကျွန်တော့်ကို ပြောတုန်းက ပန်းချီအကြောင်း ပတ်သက်နေတဲ့ စကားမျိုး ပြောလိုက်တယ် ထင်တယ်"

"မထင်နဲ့ အမှန်ပဲ ပန်းချီအကြောင်း ပါလာပြီ . . အဲဒီ ဖောက်ထွင်းဝင်ရှာလူဆိုးသုံးယောက်ဟာ အိမ်ထဲကို ဝင်ပြီး ပစ္စည်းတစ်ခုခုကို မွှေနှောက်ရှာဖွေသွားကြတယ်တဲ့ . . အိမ်ထဲမှာ အဖိုးတန်ပစ္စည်းတွေ အများ ကြီးရှိပေမဲ့ ဘာပစ္စည်းမှ ယူမသွားဘူးတဲ့ . . ဧည့်ခန်းနံရံအထက်မှာ ချိတ်ဆွဲထားတဲ့ ပန်းချီကားကြီးကိုတော့ ကန့်လန့်ဖြတ်ဓားနဲ့ ခွဲသွားတယ် လို့ ပြောတယ်"

"ဒီအမှုက အတော်စိတ်ဝင်စားစရာကောင်းနေပါလား"

"ကျွန်တော်တို့ တရားဥပဒေသမားတွေ အမြင်မှာကျတော့ ရာဇဝတ်မိုးရိပ်တိမ်တောင်လို့ မှတ်ယူထားပါတယ် . . ရာဇဝတ်အမှုအခင်း မဖြစ်သေးပေမဲ့ မကြာခင် ရာဇဝတ်မှုတစ်ခုခု ပေါ်ပေါက်လာနိုင်တဲ့ ဖောက်ထွင်းမှုမျိုးလို့ သတ်မှတ်ထားပါတယ်"

"အိမ်ရှင်က ဘယ်သူလဲ . . ဖောက်ထွင်းမှုဖြစ်တော့ အိမ်



www.burmeseclassic.com

www.burmeseclassic.com



ရှင်တွေရှိလား . . ဒါမှမဟုတ် မရှိဘူးလား"

"ဒီအိမ်ကြီးကို အခုလောလောဆယ် အမွေဆက်ခံထားတဲ့ ပိုင်ရှင်ကတော့ ဆရာဝန်ကြီး ဦးအိန္ဒြာပဲ . . သူ့မြေးမေမြတ်ဆွေနဲ့ နေထိုင်ကြပါတယ် . . မေမြတ်ဆွေက ကောလိပ်ကျောင်းသူပါ"

"ခုနပြောတဲ့ နဝရတ်စံအိမ်ကြီးကို ပြောတာမဟုတ်လား"

"ဟုတ်ပါတယ် ကိုငြိမ်းမောင်"

"ကိုယ့်အိမ်ဖောက်ထွင်း ဝင်လာတဲ့လူဆိုးတွေ အိမ်ထဲက ပစ္စည်းတွေ မွှေနှောက်ပြီး တစ်ခုခုကို ရှာနေတာ . . ပန်းချီကား ဓားနဲ့ခွဲတာတွေ မသိရလောက်အောင် ဒီမြေးအဘိုး အအိပ်ကြီး လှချည့်လား ကိုနန်းထိုက်ရယ်"

ကိုငြိမ်းမောင် မေးမည်ဆိုလျှင်လည်း မေးနိုင်စရာပင်။ သို့သော် အိုင်အိုနန်းထိုက် ပြောပြရာတွင် အကြောင်းအချက်တစ်ခု လိုအပ်နေ၍သာ ဖြစ်သည်။ ထို့ကြောင့် အိုင်အိုနန်းထိုက်က ကိုငြိမ်းမောင်အား–

"ဦးအိန္ဒြာတို့မြေးအဘိုး အအိပ်ကြီးလို့ မဟုတ်ပါဘူး . . မောင်းမကန်ပင်လယ်ကမ်းခြေကို ရောက်နေကြလို့ပါ . . မေမြတ်ဆွေ မရောက်ဖူးဘူးဆိုတာနဲ့ သူ့အဘိုး ဦးအိန္ဒြာက လိုက်ပို့တာတဲ့ဗျာ . . ဒီအဘိုးက သူ့မြေး မေမြတ်ဆွေကို အတော်သံယောဇဉ်ကြီးပုံရပါတယ်"

ကျွန်ုပ်သည် အိုင်အိုနန်းထိုက် ပြောပြသော အမှုအခင်းသဘော သဘာဝကို အလေးအနက်ထားပြီး တွေးနေမိသည်။ အိုင်အိုနန်းထိုက် ပြောသလိုပဲ ဤအမှုသည် လောလောဆယ်





ဖောက်ထွင်းမှုတစ်ခုဟု ဆိုသော်လည်း နောင်တွင်ရာဇဝတ်မှုတစ်ခုခု ဖြစ်လာနိုင်စရာ ရှိနေသည်။

"ဟုတ်တယ် . . ဒီအမှုဟာ အတော်စိတ်ဝင်စားစရာ ကောင်းတယ် . . စိုးရိမ်စရာလဲ ရှိနေတယ်"

"ဒါပေါ့ဗျာ . . အခုဆို သူတို့မြေးအဘိုး နဝရတ် စံအိမ်ကြီးမှာ မနေဝံ့ဘဲ ဖြစ်နေတယ် . . ပုလိပ်အဖွဲ့က အစောင့် ပုလိပ်သားနှစ်ယောက် လုံခြုံရေးချထားပေးရတယ်"

"ဒီအမှုကို ကိုနန်းထိုက် ဘယ်လိုထင်နေမိလို့လဲ ကျွန်တော် ထင်နေမိတာတစ်ခုတော့ ရှိတယ်"

"ကိုငြိမ်းမောင်အထင်ကို အရင်ပြောပြပါဦး"

"ဓားနဲ့ ခွဲသွားတယ်ဆိုတဲ့ ပန်းချီကားကြီးနဲ့ ပတ်သက်နေမယ် ထင်တယ်"

"ဟုတ်တယ် . . ကျွန်တော်လဲ ကိုငြိမ်းမောင် ထင်သလိုပဲ ထင် နေမိတယ်"

ထို့နောက် ကျွန်ုပ်နှင့် အိုင်အိုနန်းထိုက် အတွေးကိုယ်စီဖြင့် ငြိမ်၍ နေသည်။

* * * * * *



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အိုင်အိုနန်းထိုက်နှင့် ကျွန်ုပ်တို့နှစ်ယောက် ရွှေတောင်ကြားလမ်းရှိ နဝရတ်စံအိမ်ကြီးသို့ ကားဖြင့် လာခဲ့ကြလေသည်။ ဤသို့ ကျွန်ုပ်တို့နှစ်ယောက် နဝရတ်စံအိမ်သို့လာခဲ့ရခြင်းအကြောင်းမှာကား လူဆိုးများ ဓားနှင့်ခွဲသွားသည်ဆိုသော ပန်းချီကားကို ကြည့်ရှုလေ့လာရန် ဖြစ်သည်။

ကျွန်ုပ်မှာ အာရ်အေ– နံပါတ်ပါသော ခေတ်စားနေသည့် အော်စတင်နံပတ်– ၁၀ ကားသစ်ကို မောင်းနှင်နေရသဖြင့် ခရီးရှာနေမိသည် ဟု ဆိုရပေမည်။ အိုင်အိုနန်းထိုက်ကပင် ကျွန်ုပ်အား

"စာရေးဆရာလည်း ရထားတဲ့အမွေ မကုန်သေးဘူး ထင်တယ်"

ဟု ပြောလာ၍ ကျွန်ုပ်က

"ဒီကားဝယ်တဲ့အထဲ ထည့်လိုက်ရလို့ အခုနေ မိန်းမတင်တောင်းရမယ်ဆိုရင်တောင် လက်လွှတ်လိုက်ရတော့မယ့် အခြေအနေပဲဗျို့"

ဟု ပြောလိုက်ရလေသည်။ နဝရတ်စံအိမ်ကြီးသို့ ကျွန်ုပ်တို့ ရောက်ရှိသောအခါ ခြံဝင်းကျယ်ကြီးရှေ့ ဝင်းခြံတံခါးဝတွင် ကားကို အရှိန်သတ်၍ ရပ်လိုက်လေသည်။ ဝင်းခြံတံခါးတွင် ခြံစောင့်အသင့်ရှိဟန်မတူပေ။

အိုင်အိုနန်းထိုက်က ကားကို မောင်းလာ၍ ခြံဝင်းအတွင်းသို့ လှမ်းကြည့်ပြီး တစ်စုံတစ်ယောက်ကိုမျှ အရိပ်အခြည် မတွေ့ရ၍ ကားဟွန်းတီးမည်အပြု ပုလိပ်သားတစ်ယောက် တဖုတ်ဖုတ် ပြေးလာ၍ အိုင်အိုနန်းထိုက်အား စလုဒ်ရိုက်လိုက်ကာ





"ကျွန်တော်တို့ နဝရတ်စံအိမ်ရဲ့ လုံခြုံရေးတာဝန်ကို ယူထားပါတယ် အိုင်အို"

ဟု ပြောလိုက်လေသည်။ အိုင်အိုနန်းထိုက်က ပုလိပ်သားကို ကောင်းကောင်း သိရှိထားဟန်တူသည်။

"ဘယ်လိုလဲ ထွန်းဖေ . . အခြေအနေ ထူးသေးလား"

ဟု ပုလိပ်သား၏နာမည်ကိုပင် ထည့်၍ မေးလိုက်လေသည်။ အိုင်အိုနန်းထိုက်သည် ပုလိပ်သား ထွန်းဖေဆိုသူအား လိုရမယ်ရ မေးလိုက်သည့် အမေးမျိုးပင် ထွန်းဖေကမူ

"အခြေအနေထူးတယ် အိုင်အို"

ဟု ပြောလိုက်သည်။ ပြောရင်း ဘေးဘီဝဲယာသို့ တစ်စုံတစ်ယောက် ရှိလေမလား အကဲခတ်လိုက်လေသည်။ အိုင်အိုနန်းထိုက်နှင့် ကျွန်ုပ်တို့နှစ်ယောက်စလုံး ထွန်းဖေ ဆက်ပြောမည့်စကားကို အထူးပင် စိတ်ဝင်စားသွားလေတော့၏။

"ဟော . . ဟုတ်လား၊ ဘယ်လိုထူးတာလဲ"

"အသက်နှစ်ဆယ်ကျော်အရွယ် မိန်းကလေးတစ်ယောက် ရောက်လာတယ် အိုင်အို၊ မြန်မာမဟုတ်ဘူး . . မဂိုကုလားမကလေးတစ်ယောက်ပါ"

"ဆက်ပြော . ."

"သူလာတုန်းက ဂေါ်ရင်ဂျီအဘိုးကြီးတစ်ယောက်ဆွဲတဲ့ လန်ချားတစ်စီးကို စီးလာပါတယ် . . ဟောဟို ဗန်ဒါပင်နားအရောက်မှာ အဲဒီမဂိုကုလားမလေးဟာ လန်ချားဆွဲအဘိုးကြီးကို ရပ်ခိုင်းပြီး ဆင်းလျှောက်လာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်း သူ့နောက်ကို မလိုက်ဘူးလား"

"ကျွန်တော်က ချက်ချင်းကြီး လိုက်သွားမိတာနဲ့ . . သူ့နောက် ကျွန်တော် လိုက်မှန်းသိသွားပြီး ဒီခြံထဲ မယောင်မလည် ကြည့်နေရာက မြောက်ဘက်ကလာပြီး တောင်ဘက်ကို သုတ်ခြေ တင်တော့တာပဲ အိုင်အို"

"မင်းက လောတာကိုးကွယ် . . ဆက်လိုက်တော့ မှီလား မမှီ ဘူးလား"

"ကျွန်တော် လိုက်သွားရင်းက ပျောက်သွားတာ . . ကိုယ် ယောင်ဖျောက်သွားသလား မှတ်ရတယ် အိုင်အိုရယ်"

"အတော်လျှင်တာပဲ . . ဒါ့အထင်တော့ မဂိုကုလားမအစစ် မဖြစ်နိုင်ဘူး အတုပဲ ဖြစ်လိမ့်မယ် . . နဝရတ်စံအိမ်ကြီးထဲ ဝင်မလို့ ဒုတိယအကြိမ် လာကြိုးစားတာ ဖြစ်မယ်"

"အဲဒါတော့ မပြောတတ်ဘူး အိုင်အို"

"မင်း သူ့နောက် နောက်ယောင်ခံလိုက်တာ တစ်မျိုးလည်း မ ကောင်းဘူး . . တစ်မျိုးကျတော့လည်း ကောင်းပါတယ် . . မကောင်း တာက ဖောက်ထွင်းရေးသမားလူစုကို မမိလိုက်တာပါ . . ကောင်းတယ် ဆိုတာကတော့ ဦးအိန္ဒြာတို့မြေးအဘိုး အန္တရာယ် ကင်းသွားတာပေါ့"

အိုင်အိုနန်းထိုက်နှင့် ပုလိပ်သား စကားပြောနေစဉ်

"ချောက် . ."

"ဂျုံး . ."

ခြံတံခါးဖွင့်သည့်အသံတစ်သံ ရုတ်တရက် ပေါ်ထွက်လာ





သဖြင့် အိုင်အိုနန်းထိုက်နှင့် ပုလိပ်သား ထွန်းဖေ စကားစပြတ်၍ သွားလေသည်။ ပြောစရာ အကြောင်းအရာလည်း ကုန်၍ သွားပြီ ဖြစ်သည်။ ခြံတံခါး လာဖွင့်ပေးသူမှာ မေမြတ်ဆွေ မိန်းကလေး ဖြစ်သည်။ သူမက

"ခြံစောင့်ဘကြီး ဦးဆောင်းကို အဘိုး ခိုင်းထားလို့ပါ . . ဒါကြောင့် ကျွန်မ တံခါးလာဖွင့်ပေးတာ နောက်ကျသွားလို့ တောင်း ပန်ပါတယ်ရှင်"

ဟု ရှင်းပြ၏။ အိုင်အိုနန်းထိုက်က ပုလိပ်သား ထွန်းဖေကို စကားဖြတ်နေခိုက် မေမြတ်ဆွေ လှမ်း၍ ရှင်းပြနေ၍ ကျွန်ုပ်ကပဲ အိုင်အိုနန်းထိုက်ကိုယ်စား ခေါင်းညိတ်၍ ပြလိုက်ရလေသည်။

နဝရတ်စံအိမ်ဧည့်ခန်းအတွင်းသို့ ရောက်လာသောအခါ ကျွန်ုပ်က နံရံတွင် ချိတ်ဆွဲထားပြီး လူဆိုးများ ဓားနှင့် ဆွဲခွဲ၍သွား သည့် ပန်းချီကားကို မျက်လုံးတောင်းမှောက် ရှာဖွေကြည့်ရှု လိုက်လေသည်။

ဧည့်ခန်းနံရံပေါ်တွင် နဝရတ်စံအိမ်မျိုးနွယ် ဘယ်အဆက် ကမှန်းမသိသော အမျိုးသားကြီး၏ ဓာတ်ပုံနှင့် အမျိုးသမီးကြီး ၏ဓာတ်ပုံနှစ်ပုံကိုသာ တွေ့ရလေသည်။ လူဆိုးဓားနှင့် ဆွဲခွဲထား သော ပန်းချီကားကိုကား လုံးဝမရှာမတွေ့ဘဲ ရှိနေသည်။

သို့နှင့် အိုင်အိုနန်းထိုက်က ဧည့်ခန်းအတွင်းတစ်နေရာတွင် ရပ်၍ စောင့်ကြိုလျက်ရှိနေသော ဆရာဝန်ကြီး ဦးအိန္ဒြာကိုပဲ အ ရင်ဆုံး နှုတ်ဆက်လိုက်လေသည်။

"ဆရာကြီးကို ကြိုပြီး အကြောင်းမကြားဘဲ ခုလို ရုတ်



www.burmeseclassic.com

www.burmeseclassic.com



တရက် လာတွေ့ရတဲ့အတွက် ခွင့်လွှတ်ပါခင်ဗျာ"

"ရပါတယ် . . ဒီကိစ္စမှာ မောင်နန်းထိုက်အနေနဲ့ ဂျူတီပဲကွယ်"

ဆရာဝန်ကြီး ဦးအိန္ဒြာသည် အေးဆေးတည်ငြိမ်စွာဖြင့် ပြော လိုက်လေ၏။

* * * * * *

ကျွန်ုပ်က ပုလိပ်သား ထွန်းဖေ ပြောပြသွားသည့်အကြောင်း အိုင်အိုနန်းထိုက်က ဆရာဝန်ကြီး ဦးအိန္ဒြာကို ပြောပြလိမ့်မည်ဟု ထင်မိလိုက်သည်။ သို့သော် အိုင်အိုနန်းထိုက်က ထိုအကြောင်းကို မပြောပေ။ သူ ဘာကြောင့် ထုတ်မပြောသေးသည့်အကြောင်းရင်းကိုကား ကျွန်ုပ် နားမလည်သေးပေ။

အမှန်တော့လည်း သူ၏ တရားရေးကိစ္စအတွင်း ကျွန်ုပ်လို အပြင်လူတစ်ယောက်အား ခေါ်လာသည့်ပင်လျှင် တရားဝင်သည် မဟုတ်ပေ။ ထို့ကြောင့် အိုင်အိုနန်းထိုက် ရှေ့မှာ ဘာတွေပဲလုပ်နေသည်ဖြစ်စေ၊ သူ့လို ဥပဒေရေးရာဝန်ထမ်းတစ်ဦး၏ အလုပ်ကိစ္စရပ်တွင် ကျွန်ုပ်သည် သူ၏ဆန္ဒကို ကျော်လွန်၍ ဘာကိုမျှ မပြော၊ ဘာကိုမျှ မလုပ်မိအောင် နေလိုက်သည်။

အိုင်အိုနန်းထိုက်သည် နဝရတ်စံအိမ်ကြီးမ်းအရှေ့သို့ မဂိုမျိုးနွယ် ဆာရီဝတ်အမျိုးသမီး မယောင်မလည် လုပ်ခဲ့သည့်အကြောင်းကို မပြောဘဲ

"ဒါထက် ဆရာကြီးခင်ဗျား ဟိုနံရံမှာ ချိတ်ထားတဲ့





ပန်းချီကားကြီးကို မတွေ့ရတော့ပါလား"

ဟု မေးလိုက်လေသည်။ မေမြတ်ဆွေက ကြားဝင်၍

"ရှိပါတယ်ရှင် . . လူဆိုးတစ်ယောက်က ဓားနဲ့ဆွဲခွဲသွားလို့ ဦးဆောင်းကို ဖြုတ်ခိုင်းထားပါတယ်"

ဟု သွက်သွက်လက်လက် ဝင်၍ အဖြေပေးလိုက်လေသည်။ ကျွန်ုပ်သည် ဘယ်သူ ဘာကိုဘဲပြောပြော ဘေးက စောင့်ကြည့်နေရသူ ဖြစ်၍နေသည်။ ဆရာဝန်ကြီး ဦးအိန္ဒြာက–

"အေးကွယ် . . လူဆိုးကလည်း ဘယ်လိုစိတ်ကူးပေါက်ပြီး ပန်းချီကားကြီးကို ဓားနဲ့ဆွဲခွဲသွားသလဲ မသိပါဘူး"

ဟု ပြောလိုက်လေသည်။

အိုင်အိုနန်းထိုက်က

"အဲဒီပန်းချီကားကို ကျွန်တော်တို့ ကြည့်လို့ရမလား ခင်ဗျား"

ဟု မေးလိုက်လျှင် မေမြတ်ဆွေက

"ရပါတယ်"

ဟု ပြောလိုက်လေသည်။ မေမြတ်ဆွေကို ကျွန်ုပ်က အခုမှ ကြည့်မိပေသည်။ သူမမှာ မလှ်အမှန် ကောလိပ်ကျောင်းသူဖြစ်ရလိမ့်မည်ဟု တွက်ဆနိုင်ခဲ့သည်။ မှန်ပါသည်။ မေမြတ်ဆွေမှာ ဆရာဝန်ကြီး၏မြေးဖြစ်သည်နှင့်အညီ ကိုယ်အမူအယာ နှုတ်အမူအယာ အလိုလို ယဉ်ကျေးသိမ်မွေ့လှပေသည်။

"ပန်းချီကားက အတော်လေး ပျက်စီးသွားလို့ ဦးဆောင်းကို ဖြုတ်ပြီး စတိုခန်းထဲမှာ သွားထားဖို့ ကျွန်မ ပြောထားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



အိုင်အိုနန်းထိုက်က

"ဒီလိုဆို ပန်းချီကား စတိုခန်းထဲမှာပေါ့"

"ဟုတ်ကဲ့ . ."

"မောင်နန်းထိုက်တို့က ပန်းချီကားကို ကြည့်ချင်လို့ ထင်ပါတယ်၊ လိုက်ပြလိုက်ပါ ငါ့မြေးရယ်"

ဟု ဆရာဝန်ကြီး ဦးအိန္ဒြာက ကြားဖြတ်ဝင်ပြောလိုက်လေသည်။ အိုင်အိုနန်းထိုက်နှင့် ကျွန်ုပ်တို့က ခေါင်းညိတ်ပြလိုက်သည်။ မေမြတ်ဆွေသည်လည်း ကျွန်ုပ်တို့အား

"ဒါဆို ကျွန်မနဲ့ လိုက်ခဲ့ပါရှင်"

ဟု ပြောပြီး ဧည့်ခန်းထဲမှ လှည့်ထွက်သွားလေရာ ကျွန်ုပ်တို့သည်လည်း ဆရာဝန်ကြီး ဦးအိန္ဒြာကို ဦးညွတ်အရိုအသေပေး၍ မေမြတ်ဆွေသွားရာနောက်သို့ လိုက်ခဲ့ကြလေသည်။

နဝရတ်စံအိမ်ကြီးမှာ ရှေးဟောင်းအိမ်ကြီး မဟုတ်သော်လည်း အတော်ရှေးကျသောအိမ်ကြီးဖြစ်ကြောင်း အိမ်အတွင်းပိုင်း ဖွဲ့စည်းထားသော အခန်းအနေအထားတို့အရလည်းကောင်း၊ ခန်းပြတင်းများ လေဝင်လေထွက် အပေါက်များအရလည်းကောင်း၊ ပရိဘောဂပစ္စည်းများအရ လည်းကောင်း သိရှိနိုင်ပေသည်။

အထူးသဖြင့် လမ်းမြောင်များမှာ ယခု ခေတ်သစ်ဒီဆိုင်းများဖြင့် ဆောက်လုပ်ထားသော တိုက်တာအဆောက်အဦးများကဲ့သို့ ပါးပါးလွှလွှ လင်းလင်းချင်းချင်း မဟုတ်ဘဲ အလင်းအား အလွန်နည်းလှပေသည်။

အလင်းအားနည်းသောကြောင့် အခန်းတိုင်း အခန်းများ





ကြား လမ်းမြောင်များမှာ မှောင်၍နေ၏။ ထို့အပြင် အနံ့အသက်မှာ ကောင်းလှသည်မဟုတ်ပေ။ အောက်သိုးသိုးအနံ့အသက်များကိုပင် ရှူရှိုက်မိလေ၏။

မေမြတ်ဆွေသည် အိမ်မကြီးအနောက်ဘက်ကျကျ အခန်းတစ် ခန်းရှေ့သို့ ရောက်လျှင် ရပ်လိုက်လေသည်။ အခန်းကို သော့ခတ်ထားသည် မဟုတ်သောကြောင့် အလွယ်တကူ ဖွင့်နိုင်၏။ သို့သော် မေမြတ် ဆွေသည် အခန်းတံခါးကို မဖွင့်သေးဘဲ ရပ်နေပြီး ကျွန်ုပ်တို့ သူမအနီးသို့ ရောက်လာတော့မှ

"ကိုနန်းထိုက်တို့ကို အားနာမိလို့ပါ . . ဒီစတိုခန်းထဲမှာက ပြုတ်စပြင်းတောင်း မဟုတ်လား . . မှောင်လည်းမှောင်၊ အနံ့အသက်ကလည်း မကောင်းတော့ . ."

မေမြတ်ဆွေမှာ ဆက်ပြောရမည့်အတွက် အလွန်အားနည်းသွားသည့်ဟန် စကားကိုဝင်ရပ်ထားလိုက်လေရာ အိုင်အိုနန်းထိုက်က

"ရပါတယ် မဆွေရယ် . . ကျွန်တော်တို့အဖွဲ့ ဒီလိုအတွေ့အကြုံမျိုး ရိုးနေပါပြီ"

ဟု ပြောပြီး ရှေ့တိုးလာလေသည်။ မေမြတ်ဆွေက တံခါးကို ဖွင့်ပေးပြီး ဘေးကပ်ပေးလိုက်လေသည်။ အိုင်အိုနန်းထိုက်က ကျွန်ုပ်အား

"ကိုငြိမ်းမောင် နေခဲ့လေ . . ကျွန်တော်ပဲ ပန်းချီကားကို ဝင်ယူလိုက်ပါ့မယ်"

ဟုပြော၏။ မေမြတ်ဆွေက



www.burmeseclassic.com

www.burmeseclassic.com



"ညာဘက်က စင်မြင့်ပေါ်မှာ တင်ထားပါတယ် ကိုနန်းထိုက်"

ဟု ပန်းချီကားထားသည့်နေရာ အတိအကျကို ပြောလိုက်လေသည်။ အိုင်အိုနန်းထိုက် စတိုခန်းထဲ ဝင်သွားလျှင် မေမြတ်ဆွေက ကျွန်ုပ်ကို ကြည့်ပြီး တစ်ချက် ပြုံးပြလိုက်လေသည်။ ကျွန်ုပ်က

"အဆောက်အဦးက အတော်ကြီးကို ခိုင်ခံ့တယ်နော်"

ဟု ဟိုသည်ကြည့်ပြီး စကားမရှိ စကားရှာလိုက်လေရာ မေမြတ်ဆွေက

"ဟုတ်ကဲ့ . . ဟိုတုန်းက အဆောက်အဦးတွေကတော့ များသောအားဖြင့် ဒီလိုအခိုင်အခံ့ ထုနဲ့ထည်နဲ့ ဆောက်လုပ်ကြတာများပါတယ်"

ဟု ပြောလိုက်လေသည်။ ထိုအခိုက် စတိုခန်းထဲမှ အိုင်အိုနန်းထိုက် ပြန်ထွက်၍ လာပြီး မေမြတ်ဆွေအား

"မဆွေ စတိုခန်းထဲမှာလည်း ပန်းချီကားကို မတွေ့ပါလား"

ဟု မေးလိုက်လေသည်။ မေမြတ်ဆွေသည် တအံ့တသြဖြစ်၍ သွားကာ

"ဟင် . . ဟုတ်လား"

ဟု ပြော၏။ တဖန် သူမက

"ကျွန်မနဲ့ ဦးဆောင်း အတူ ဒီပန်းချီကားကြီးကို ဖြုတ်ယူလာပြီး ဒီစတိုခန်းထဲ လာထားခဲ့တာပဲ . . အဲဒီစင်မြင့်ပေါ် တင်ထားဖို့ကိုလည်း ကျွန်မပဲ ဦးဆောင်းကို ခိုင်းထားပါတယ်"





ဟု ပြောလေသည်။ ပြောပြောပြီးပြီးမဟုတ် မေမြတ်ဆွေကိုယ်တိုင် စတိုခန်းထဲ ဝင်ကြည့်၏။ အခန်းထဲ၌ မီးတစ်လုံးဖွင့်ထား၍ တစ်ခန်းလုံး လင်းနေလေသည်။ မေမြတ်ဆွေသည် မျက်နှာမကြည်မသာဖြင့် စတိုခန်းထဲမှ ထွက်လာကာ

"ဦးဆောင်းကို မေးကြည့်ရဦးမယ် . . ဒီပန်းချီကားကို ဦးဆောင်း နေရာပြောင်းထားသလား မသိဘူး"

ကျွန်ုပ်တို့အနီးသို့ ဦးဆောင်းပင်ဖြစ်ဟန်တူသော အသက်-၅၀ ကျော်အရွယ် လူကြီးတစ်ယောက် ခပ်ရှုံ့ရှုံ့ဝင်၍လာကာ

"မနေ့က ဧည့်ခန်းထဲက ဖြုတ်ယူလာတဲ့ ပန်းချီကား လာရှာတာလား မဆွေ"

ဟု မေးလာ၍ မေမြတ်ဆွေက ဦးဆောင်းကို ဖျတ်ခနဲ ကြည့်၍

"ဟုတ်တယ် ဦးဆောင်း"

ဟု မျှော်လင့်ချက်ဖြင့် ပြောလိုက်၏။

"ဦးလေးက ဒီမနက်ပဲ သန့်ရှင်းရေးလုပ်ရင်း ဒီပန်းချီကားကို သတိပြုလိုက်မိသေးတာ . . ထားတဲ့နေရာမှာ မရှိတော့လို့ မဆွေ နေရာ ပြောင်းထားတယ် ထင်နေမိတာ"

အိုင်အိုနန်းထိုက်သည် မေမြတ်ဆွေတို့ကို ဘာမျှမပြောတော့ဘဲ ကျွန်ုပ်ကိုသာ တစ်ချက်လှမ်းကြည့်လိုက်လေသည်။ ဤသို့ဖြင့် ပန်းချီကားမှာ ပျောက်၍ သွားပါလေတော့၏။ ပြဿနာမှာ ကျွန်ုပ်တို့ တွေးထင်သလို ပန်းချီကားနှင့် ဆက်နွယ်နေသည်ဟု တစ်ဆင့်တက်၍ ကျွန်ုပ် တွေးလိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



**နဝရတ်စံအိမ်မှ** ပြန်အထွက် တစ်နေရာသို့အရောက်တွင် ကျွန်ုပ်တို့၏ကားနောက်မှ နော်တင်အမျိုးအစား စပလိန်ဖောက်ဖြင့် မော်တော် ဆိုင်ကယ်တစ်စီး ကပ်လိုက်လာနေသည်ကို ကျွန်ုပ်တို့ တွေ့လိုက်ရလေ သည်။

ကျွန်ုပ်သည်ကား နောက်ကြည့်မှန်မှ ကပ်လိုက်လာသော မော် တော်ဆိုင်ကယ်နှင့်လူကို ကြည့်သော်လည်း မည်သူမည်ဝါမှန်း မသိ၍ သူ မော်တော်ဆိုင်ကယ်မောင်းနေသည့် ကျွမ်းကျင်မှုကိုသာ သတိပြုလိုက်ပြီး–

"မော်တော်ဆိုင်ကယ်သမားက စတန့်မင်းသားကျော်ဟိုး ကျနေတာပဲ"

ဟု ပြောလိုက်လေရာ အိုင်အိုနန်းထိုက်က

"ကျော်ဟိုးကို အားကျလို့နေမှာပေါ့ . . လူငယ်တွေ စွန့်စား တာဟာ အလေလိုက်နေတာထက်စာရင် အများကြီး ကောင်းပါ တယ်"

ထိုအခိုက် ကျွန်ုပ်တို့ကားသည် စပတ်လမ်းနှင့် မောင်ဂို မာရီလမ်းထောင့်သို့ အရောက် လမ်းပြပန်ချာပီပုလိပ်က

"ဟေ့ ဟေ့ . . မော်တော်ဆိုင်ကယ်စီးတာ ကြမ်းလှချည့် လား မင်းကိုယ်မင်း ကျော်ဟိုး တင်နေလို့လားကွ"

ဟု အော်ဟစ်ပြောဆိုရင်း ဝေးကျန်ရစ်လေ၏။ ကျွန်ုပ် သည်ပင် မော်တော်ဆိုင်ကယ်သမားကို သဘောကျသွားကာ ၎င်း အပေါ် စိတ်ဝင်စားရာမှ သင်္ကာမကင်းဖြစ်လာမိလေတော့၏။ မော် တော်ဆိုင်ကယ်သမားသည် ကျွန်ုပ်တို့ကားနောက်သို့ ထပ်ချပ်မကွာ





မောင်းနှင်လိုက်ပါလာနေသည် မဟုတ်ပါလား။ ကျွန်ုပ်က

"ကိုနန်းထိုက်နောက်က မော်တော်ဆိုင်ကယ်သမား ကျွန် တော်တို့နောက်ကို နောက်ယောင်ခံလိုက်လာတာ သတိထား မိသလား"

ဟု လှည့်၍ အိုင်အိုနန်းထိုက်အား မေးလိုက်လျှင် အိုင်အိုနန်း ထိုက်က–

"ကိုငြိမ်းမောင်ကလည်း အဲဒါ ဘယ်သူ့မှတ်နေလို့လဲ . . လူဆိုးမှတ်နေလို့လား ဂျာမဒါမှူးသာလေဗျာ"

ဟု ထုတ်ပြောတော့မှာဘဲ ကျွန်ုပ်သည်လည်း ဂျာမဒါမှူးသာ ရုပ်ကို ဖမ်းမိလာသည်။

"သူက အရင်မော်တော်ဆိုင်ကယ် မစီးပါဘူး"

"စတန့်မင်းသားကျော်ဟိုးကို မခံချင်လို့တဲ့ . . နော်တင်မော် တော်ဆိုင်ကယ်ကြီး ဘယ်ထရီစတပ်မဟုတ်ဘဲ မင္ဂနက်စတပ်မို့လို့ တော်သေးတာပေါ့ . . မြင်းကောင်ရေသုံးကောင်အားဆိုတော့ အ တော်ဆွဲတယ်"

"ဂျာမဒါမှူးသာမှန်း သိရက်သားနဲ့ ဘာလို့ ကားရပ်မပေး တာလဲ ကိုနန်းထိုက်ရဲ့"

"ကျွန်တော် သူ့ကို လက်နဲ့ အချက်ပြထားတယ် . . ကျွန်တော်တို့ကားသွားတဲ့နောက် သူ တောက်လျှောက် လိုက်လာ မှာပါ"

အိုင်အိုနန်းထိုက်သည် မြို့ထဲတွင် လူရှုပ်၍ မြို့ဆင်ခြေဖုံး လူ ရှင်းသောနေရာသို့ မောင်းလာခဲ့ခြင်းပင်၊ လူရှင်းသော အပ်ပုံလမ်း



www.burmeseclassic.com

www.burmeseclassic.com



အနီးတစ်နေရာတွင် အိုင်အိုနန်းထိုက်က ကားကို ရပ်လိုက်သည်။

"ဒုံး . . ဒုံး . . ဒုံး"

စလိုးရိုက်၍ မောင်းဝင်လာသော ဂျာမဒါမူးသာ၏ မော်တော်ဆိုင်ကယ်သည်လည်း ကျွန်ုပ်တို့အနီးတွင် ထိုးရပ်လိုက်လေသည်။ ဂျာမဒါမူးသာသည် အလွန်ခွန်အားဗလကောင်းသူဖြစ်သောကြောင့်တော်၏။

သူ့မော်တော်ဆိုင်ကယ်ကြီးမှာ ရပ်လိုက်သောအခါ အလွန်လေးလံ၏။ ဘေးထောက်ကို ဆွဲဖြုတ်၍ ထောက်ခဲ့ပြီး ဂျာမဒါမူးသာ ကျွန်ုပ်တို့ ရှိရာသို့ လျှောက်လာလေ၏။ ဂျာမဒါမူးသာနှင့် အိုင်အိုနန်းထိုက်တို့သည် အပြန်အလှန် စလုဒ်ရိုက်လိုက်ကြလေသည်။

"မြို့ထဲမှာ လူရှုပ်လို့"

"ကျွန်တော် သဘောပေါက်တယ် အိုင်အို"

"ကိုငြိမ်းမောင်က တို့လူပဲ စိတ်ချရပါတယ် . . ငါ ပြောထားတဲ့အမှုနဲ့ ပတ်သက်လို့ ဘာထူးသလဲ"

"ထူးတယ် အိုင်အို . . သယ်န်းကျွန်းဘက်က ဘိုမကြီးအိမ်ခြံထဲကို တိမ်တစ်လုံးချစ်မြ အဝင်အထွက် ရှိနေတယ် . . နဝရတ်စံအိမ်ကို ဖောက်ထွင်းတဲ့ကိစ္စနဲ့ ဆက်နွှယ်နေမလားလို့ . . ဒီကောင်က ဖောက် ထွင်းဝိဇ္ဇာ မဟုတ်လား"

"ငါလဲ ဖောက်ထွင်းမှုအနေအထား လေ့လာလိုက်ပြီး ဒီကောင့်လက်ချက်လို့တော့ အထင်သားကွ . . ဒါပေမဲ့ ဘာပစ္စည်းမှ ယူမသွားဘူး . . ပန်းချီကားကိုတော့ ဓားနဲ့ခွဲသွားတယ်ဆိုတော့





စဉ်းစားရခက်သွားတယ် . . ဒါမျိုးကျတော့ ဖောက်ထွင်းဝိဇ္ဇာတွေ လုပ်တတ်တဲ့ အစဉ်အလာမျိုး မဟုတ်ဘူးလေ . . ဟုတ်တယ်မဟုတ်လား ကိုငြိမ်းမောင်"

အိုင်အိုနန်းထိုက်က ကျွန်ုပ်ကို စကားဝိုင်းထဲ ခေါ်သွားလိုက်သဖြင့် ကျွန်ုပ်က

"ဟုတ်ပါတယ် ဖောက်ထွင်းဝိဇ္ဇာဟာ သူခိုးအကြီးစားပဲလေ . . အိမ်တစ်အိမ် ဖောက်ထွင်းဝင်ပြီဆိုတာနဲ့ တန်ဖိုးရှိတာ အကုန်ယူမှာပါ"

ဟု ပြောလိုက်၏။

"တိမ်တစ်လုံး ချစ်မြ လှုပ်ရှားမှုနဲ့ ပတ်သက်လို့ မင်း ဘယ်လို ထင်သလဲ ဂျာမဒါ"

ဂျာမဒါက တိမ်တစ်လုံး ချစ်မြကို တစ်စုံတစ်ယောက်က ငှားပြီး နဝရတ်စံအိမ် လူမရှိခိုက် ဖောက်ထွင်းခိုင်းမည်ဖြစ်ကြောင်း၊ ထို့နောက် သူတို့လိုချင်နေသော အဖိုးတန်ပစ္စည်းတစ်ခုခုကို ရှာမည်ဖြစ်ကြောင်း ပြောပြလေသည်။

"မင်းပြောတာ နီးစပ်ပါတယ် . . ပန်းချီကားကိစ္စကရော"

"ရှေးဟောင်းပန်းချီကားများလား မသိဘူး"

ဂျာမဒါမူးသာ စကားတစ်ခွန်း ကြားလိုက်ရသဖြင့်

"အိုင်ဆေး . . ကိုနန်းထိုက် ကျုပ် တစ်ခုတွေးမိတယ်"

ဟု ပြောလိုက်ရာ အိုင်အိုနန်းထိုက်က

"လူဆိုးတွေ လာရှာတဲ့ပစ္စည်းဟာ ပန်းချီကားပဲ ဖြစ်ရမယ် . . အခုတွေ့တဲ့ ပန်းချီကားဟာ အစစ်မဟုတ်ဘဲ အတုဖြစ်နေလို့



www.burmeseclassic.com

www.burmeseclassic.com



စိတ်တိုပြီး မားနဲ့ခွဲသွားတာ ဖြစ်နိုင်တယ်''

ဟု ပြောလိုက်လေရာ အိုင်အိုနန်းထိုက်သည် ကျွန်ုပ်၏ လက် တစ်ဖက်ကို သူ၏လက်နှစ်ဖက်ဖြင့် ဆွဲယူဆုပ်ကိုင်လိုက်ပြီး

''ကွန်ဂရက်ကျူလေးရှင်း ကိုငြိမ်းမောင်''

ဟု ပြော၍ လက်ကို ခါယမ်းလိုက်လေသည်။ ပြီးတော့ သူက

''ကိုငြိမ်းမောင်ပြောတာ အများဆုံး ဖြစ်နိုင်တဲ့အကြောင်း ရင်းပဲဗျို့''

ဤတွင် အကင်းပါးလှသော ဂျာမုဒ္ဒါမူးသာကလည်း ချက်ချင်းပင်

''ဒီလိုဆို ကျွန်တော် တိမ်တစ်လုံး ချစ်မြနောက်ကို လိုက်မယ် အိုင်အို . . ဒါမှအဖြစ်မှန်ကို ကျွန်တော်တို့ သိရမှာပဲ''

ဟု ပြော၏။

''တိမ်တစ်လုံးချစ်မြ ကျက်စားတာ ကြည့်မြင်တိုင် နတ်စင်လမ်း အောက်ဘက်မှာ မဟုတ်လား''

''ဟုတ်တယ် အိုင်အို''

ကျွန်ုပ်တို့သည် တိမ်တစ်လုံး ချစ်မြကို အရင်ဆုံး ဖမ်းပြီး စစ် ဆေးရန် စီစဉ်ပြီး လမ်းခွဲလိုက်ကြလေ၏။

×× × ××





ပန်းချီအသင်းတိုက်တွင် မကြာခဏ ကိုယ်ဟန်ပြမယ်ကို ပုံတူရေးခြင်း ပန်းချီပညာလေ့ကျင့်ခြင်းမျိုး မကြာခဏ ပြုလုပ်တတ်သည်မှန်သော်လည်း အမြဲလိုလို ထိုအစီအစဉ်မျိုး ရှိနေတတ်သည်တော့ မဟုတ်ပေ။ ဤရက်သတ္တပတ်ဆိုလျှင် အသင်းသားအချို့ ဘားကောင်တာတွင် အရက်ဘီယာ စသည်တို့ သောက်ကာ အချို့က ဘီလိယက်ထိုးကာ ရှိနေသည်။

ကျွန်ုပ်သည်လည်း ဝတ္ထုရှည်တစ်ပုဒ် အပြီးသတ်သွားပြီး နောက်ထပ်ဝတ္ထုရှည်တစ်ပုဒ် မစရသေး၍ စိတ်လွတ်လက်လွတ် ဖြစ်ရလေအောင် တို့ပန်းချီအသင်းတိုက်ပေါ်သို့ တက်လာခဲ့လေ သည်။ အသင်းတိုက်ဘား ကောင်တာတွင် ကိုရွှေမောင် ဘရန်ဒီအရက်နှစ်ပက်ကို အေးအေးလူလူ သောက်နေလျက် ရှိ၏။

''ဟာ . . စာရေးဆရာ ရောက်လာတာနဲ့ အတော်ပဲဗျာ . . ကျွန်တော် တစ်ယောက်ထဲ ပျင်းခြောက်ခြောက်ဖြစ်နေလို့''

''ခင်ဗျားလူတွေ ရောက်မလာဘူးလား''

''လာပါတယ်ဗျာ . . ဟိုမှာလေ ဘီလိယက်ခုံမှာ ရောက် နေကြတာ ကျွန်တော်က ပန်းချီဆွဲရင်သာ အားလုံးကို မေ့နေတတ် တာ . . ကျန်တာတွေကတော့ ကျွန်တော့်အဖို့ မိုင်နာလောက်ပါပဲ ဗျာ . . ခုလို မိတ်ကောင်းဆွေကောင်းနဲ့ စကားပြောတာ မပါဘူး နော် . . ဟဲ ဟဲ ကြို တင်ပြောထားတာပါ . . ကဲ ကဲ ဘာသောက်မ လဲ''

''ခင်ဗျားကတော့ ဘရန်ဒီပဲနော်''

''အေးဗျာ . . ခါးသက်သက် ချိုမြမြအရသာကို ခံစွဲအလမ်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသလား မပြောတတ်ပါဘူးဗျ"

ကျွန်ုပ်က အရက်ကို စွဲ၍ သောက်တတ်သူ မဟုတ်၍ ဒိုက်လေ ဗယ်နစ်ပက်ကို မှာလိုက်လေသည်။

"စာရေးဆရာ အခု ဘာတွေ ရေးနေသလဲ"

"ကျွန်တော်လဲ အိုင်အိုနန်းထိုက်နဲ့ အနေများလို့ ဖြစ်ရပ်မှန် ရာဇဝတ်မှုတွေ ရေးဖြစ်နေပါတယ်"

"အဲဒါ ကောင်းတာပေါ့ တရားဥပဒေရေးရာနဲ့ ပတ်သက်လို့ လူတွေ ဗဟုသုတအတွေးအခေါ် ရင့်ကျက်မှုရှိတာပေါ့"

ကျွန်ုပ်နှင့် ကိုရွှေမောင် စကားလက်ဆုံကျနေပြီဖြစ်သော အချိန်တွင် အသင်းတိုက်တံခါးစောင့်လူရွယ် ကျွန်ုပ်တို့ရှေ့သို့ ရောက်ပါလာပြီး

"ဧည့်သည်တစ်ယောက်က ဒီကို စာရေးဆရာ ကိုငြိမ်းမောင် ရောက်နေသလားလို့ မေးနေပါတယ် .. ဂျာမဒါမူးသာလို့လဲ ပြောပါတယ်"

ဟု ပြောလေရာ ကျွန်ုပ်က

"စာရေးဆရာ ငြိမ်းမောင်ဆိုတာ ငါပဲလေ .. ဟုတ်တယ် ဂျာမဒါမူးသာဟာ ငါ့မိတ်ဆွေပဲ အင်းစိန်စီအိုင်ဒီကပေါ့ .. ဒီကို ခေါ်မလာဘူးလား"

"ခေါ်ပါတယ် .. အချိန်မရှိတော့လို့ ဆရာရှိရင်သာ သူ့ဆီ လွှတ်လိုက်ဖို့ ပြောပါတယ်"

"ဟုတ်လား .. အေးအေး"

"ကိုငြိမ်းမောင် အေးအေးဆေးဆေးသာ သွားပေတော့ ..





ဒီအတွက် ကျွန်တော် ရှင်းလိုက်ပါ့မယ်"

ကိုရွှေမောင်က ဤသို့ အလိုက်သိစွာ ပြောလိုက်လျှင် ကျွန်ုပ်သည်လည်း ကိုရွှေမောင်၏ ပခုံးတစ်ဖက်ကို ချစ်စနိုးလက်ဖြင့် တစ်ချက်ပုတ်လိုက်ပြီး ထွက်လာခဲ့လေသည်။ ဂျာမဒါမူးသာသည် ကျွန်ုပ်အား တမင်တကာခေါ်ခြင်း ဖြစ်သည်။ ခေါ်ခိုင်းလိုက်သူမှာကား အိုင်အိုနန်းထိုက်ပင် ဖြစ်သည်။

အိုင်အိုနန်းထိုက်က ပန်းချီကားနှင့် ဆက်နွယ်ပတ်သက်နေသောအမှုကို ကျွန်ုပ် သိထားသင့်သည်ဟု ယူဆထားသောကြောင့်ပင်။ မကြာမီ ကြည့်မြင်တိုင်သို့ ရောက်လာသည်။ ကျွန်ုပ်တို့ သုံးယောက်သည် နတ်စင်လမ်းအောက်ဘက်သို့ ရောက်လျှင် ဂျာမဒါမူးသာက လမ်းတစ်လမ်းအတွင်းသို့ ဝင်လာခဲ့သည်။

အိမ်တစ်အိမ်ရှေ့သို့ ရောက်လျှင် ထိုအိမ်တံခါးကို ဂျာမဒါမူးသာက မျောက်လက်ကို ဆွဲကိုင်၍ တစ်ချက်ခေါက်လိုက်သည်။

"ဂျောက် .."

"ဂျောက် .."

"ဂျောက် .."

တံခါးအတွင်းဘက်မှ

"ဘယ်သူလဲကွ"

ဟု အသံခပ်မာမာဖြင့် အော်လိုက်လေသည်။

"ရွှေသွားဖိုးဆိတ်လား"

"ဟုတ်တယ် .. ငါပဲ"

"ဂျာမဒါမူးသာပါကွ .. တံခါးဖွင့်စမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဂျာမဒါမူးသာ အသံပေးလိုက်တော့မှ အိမ်ခန်းတံခါး ချက်ချင်း ဖွင့်ပေး၏။ ရွှေသွားဖိုးဆိတ်ဆိုသည့်အတိုင်း လူကို တွေ့လိုက်ရသည်နှင့် တစ်ပြိုင်နက် ရွှေသွားသုံးချောင်း ဝင်းဝင်းလက်လာသည်ကို ကျွန်ုပ်တို့ တွေ့မြင်လိုက်ရလေသည်။

ဖောက်ထွင်းဝိဇ္ဇာမှာ တိမ်တစ်လုံးချစ်မြမှန်း ကျွန်ုပ် သိရှိထားပြီးဖြစ်လေရကား ယခုတွေ့လာရသူမှာ ရွှေသွားဖိုးဆိတ်ဖြစ်နေသဖြင့် ကျွန်ုပ်မှာ နားမျက်စိလည်၍ သွားလေသည်။ အိုင်အိုနန်းထိုက်က ကျွန်ုပ်အား တစ်ချက်ကြည့်လိုက်သည်။ သူ့အကြည့်မှာ . .

"အသာနေ မူးသာ ကြည့်ရှင်းသွားလိမ့်မယ်"

ဟု ပြောလိုက်သည့်သဘောမျိုး ဖြစ်သည်။ ကျွန်ုပ်က ခေါင်းညိတ်ပြလိုက်လေသည်။ ရွှေသွားဖိုးဆိတ်နှင့် ဂျာမဒါမူးသာတို့နှစ်ယောက် ခေါင်းချင်းဆိုင်၍ တိုးတိုးတိုးတိုး ပြောနေကြသည်။ သိပ်မကြာလှပေ ဂျာမဒါမူးသာက ကျွန်ုပ်တို့ကို မျက်ရိပ်ပြလိုက်လေသည်။

ယခုမူ ကျွန်ုပ်တို့အား ဂျာမဒါမူးသာက ဦးဆောင်၍ ခေါ်လာသည်မဟုတ်တော့ဘဲ ရွှေသွားဖိုးဆိတ်ကသာ ဂျာမဒါမူးသာရော ကျွန်ုပ်တို့ကိုပါ ဦးဆောင်၍ ခေါ်လာခြင်း ဖြစ်သည်။

ကျွန်ုပ်တို့သည် အလုပ်သမားတွေ ခေါင်းရွက်ဗျက်ထိုးတွေ တောင်းစားနေသည့် ခြေကျိုးလက်ကျိုး၊ မျက်မမြင်၊ ကုဋ္ဌနူနာကိုယ်ရေပြားရောဂါသည် စသူတို့ဖြင့် ပြွတ်သိပ်နေသော လမ်းကျဉ်းတစ်ခုကို ဖြတ်၍ အနိမ့်ပိုင်းရပ်ကွက်တစ်ခုသို့ ရောက်ရှိလာ၏။





ထိုနေရာမှ ဘိန်းခန်းတစ်ခန်းကို ဖြတ်ကျော်လာပြီးနောက် လမ်းဆုံးတစ်ခုသို့ ရောက်ရှိလာရလေသည်။ အကျီကို ချွတ်ပြီး လက်ကကိုင်၍ ရမ်းကာ . .

"ဟော . . ငါ့ကို ငမူးမူးနဲ့ ခေါ်သွားတာ ဘယ်သူလဲကွ . . ငါ ငမူးမဟုတ်ဘူး ငပြုံးကွ . . ငါ့လက်သီးနဲ့တွေ့လို့ မင်းတို့မျက်လုံးတွေ ပြုံးသွားမယ်"

ဟု အော်ဟစ်နေသော အရက်မူးသမားကို တွေ့လေ၏။ အရက်မူးသမားက ကျွန်ုပ်တို့အား လမ်းလယ်ခေါင်မှ ပိတ်ဆို့ထားလေသည်။ ကျွန်ုပ်သည် ဒုစရိုက်လောကသားများနှင့် သူတို့၏ပတ်ဝန်းကျင်ကို အခုလို ပွဲတွေ ဒိဋ္ဌတွေ့မြင်လိုက်ရသောအခါ အလွန်ပင် တုန်လှုပ်ခြောက်ခြား၍ သွားလေသည်။ ရွှေသွားဖိုးဆိတ်က အရမ်းမူးနေသော ငပြုံးဆိုသူအနီးသို့ သွားကာ

"ငပြုံး ဘာလုပ်နေတာလဲကွ"

ဟု ကပ်မေးလိုက်လေသည်။ ငပြုံးဆိုသူသည် ရွှေသွားဖိုးဆိတ်ကိုကျော်ကာ ကျွန်ုပ်တို့ကို အကဲခတ်လိုက်လေသည်။ အခြေအနေမှန်ကို သိလိုက်ဟန်တူသည်။ ဂျာမဒါမူးသာက စုံထောက်ကဒ်ကို ထုတ်ပြလိုက်သဖြင့် ပို၍ လန့်သွားဟန်တူသည်။

"ကျွန်တော် ဘာအကူအညီပေးရမလဲ"

ဟူသော စကားကို တန်း၍ ပြောပါလေတော့၏။ စောစောကလို အရက်မူးနေသည့်ဟန်မျိုး လုံးဝမရှိတော့ပေ။ ဂျာမဒါမူးသာက

"တို့ တိမ်တစ်လုံးချစ်မြနဲ့ တွေ့ချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



"သူ လေးကောင်ကိုင်နေတယ်"

"ဘယ်မှာလဲ ငါတို့ သွားခေါ်ရမလား"

ငပြူး မျက်နှာတစ်ချက်ကွက်ခနဲ ပျက်သွားလေတော့၏။

* * * * * *

မှန်ပြူတင်းများလုံးဝမရှိတော့သော တိုက်ပျက်ကြီးတစ်ခုကို သွတ်အဟောင်း ပျဉ်အဟောင်းများနှင့် တော်သလို ရော်သလို ကပ်၍ထောင်၍ ဖွဲ့စည်းလျက် ပြန်လည်ဆောက်လုပ်ထားသော တိုက်ခန်းတစ်ခန်းဖြစ်သည်။

အခြားအခန်းများတွင်လည်း မိသားစုများ ခိုကပ်နေထိုင်ပုံရသည်။ အရက်မူးပြီး အော်ဟစ်ပြောနေသူ၏ အသံကိုလည်း ကြားရသည်။ လင်မယားရန်ဖြစ်နေသံကိုလည်း ကြားရသည်။ မြင်းပွဲအလောင်းအစားသမား၏ တစ်ကြိုးစကားသံများကိုလည်း ကြားရ၏။

သို့သော် ကျွန်ုပ်တို့ ရောက်ရှိနေသော အခန်းတွင်ကား တိမ်တစ်လုံး ချစ်မြနှင့် အိုင်အိုနန်းထိုက်တို့နှစ်ယောက်၏ စကားသံများသာ ပေါ်ထွက်၍ နေလေသည်။ ဘေးတွင် ကျွန်ုပ်နှင့် ဂျာမဒါမူးသာ ရပ်လျက် တိမ်တစ်လုံး ချစ်မြသည် နာမည်ကသာ လူဆိုးနာမည် ဖြစ်နေသည်။ တိမ်တစ်လုံးဆို၍ မျက်စိတစ်လုံးတည်းလား။

သို့မဟုတ် မျက်စိတစ်လုံး တိမ်စွဲနေသလားဟု ထင်စရာပင်။ သို့မဟုတ် 'တိမ်တစ်လုံး'မှာ ဖောက်ထွင်းသည့် အတတ်ပညာကို သင်ပေးခဲ့သော သူ့ဆရာ၏ အမည်ကို ဆက်ခံထားခြင်းပင်။





ဒါကိုလည်း ကျွန်ုပ် နောက်မှ သိရှိခဲ့ရခြင်း ဖြစ်သည်။ ယခု ကျွန်ုပ် တွေ့လိုက်ရသော တိမ်တစ်လုံး ချစ်မြမှာကား အသားဖြူဖြူ ရုပ်ရည်သန့်သန့် လူဘော်ကျော့တစ်ယောက် ဖြစ်နေ၏။

"ကျွန်တော် ဘာမှမသိဘူး သိစရာလည်း မလိုဘူးလေ . . သူတို့က ကျွန်တော့်ကို တန်ရာတန်ကြေး ပေးထားပြီမဟုတ်လား . . ဒါ ကြောင့် နဝရတ်စံအိမ်ကို ဖောက်ချင်တယ် ပြောတယ် . . ကျွန်တော်တောင်းတဲ့ကြေးကို ပေးတယ် . . ကျွန်တော် လိုက်ဖောက်ပေးခဲ့တယ် . . နဝရတ်စံအိမ်ထဲက ကျွန်တော် ဘာတစ်ခုမှ မယူဘူး . . သူတို့လည်း မယူပါဘူး"

"သူတို့ . . သူတို့ဆိုတာ ဘယ်သူတွေလဲ ချစ်မြ"

"အားလုံးနှစ်ယောက် . . အမျိုးသားကြီးက တစ်ယောက် . . အမျိုးသမီးကြီးကတစ်ယောက် အမျိုးသားကြီးက အသက် (၅၀)ကျော်နိုင်တယ် . . အမျိုးသမီးတစ်ယောက် အသက် (၂၀)ကျော် (၂၅)နှစ် လောက်ရှိပြီ"

"ဘယ်သူတွေလို့ ပြောသလဲ"

"မပြောဘူး"

"အမျိုးသမီးက အသားဖြူတာ ဝင်းနေတာပဲ မဟုတ်လား"

အိုင်အိုနန်းထိုက်က ကျွန်ုပ်တို့ တွေ့ဖူးလိုက်သော မဂိုအမျိုးသမီးကလေး ဆာလီခြံ၍သွားသည့်အဖြစ်ကို မှန်းဆပြောလိုက်မှန်း ကျွန်ုပ် သိရှိနားလည်လိုက်၏။

"ဟာ . . အိုင်အို ဒီမိန်းကလေးကို တစ်နေရာရာမှာ တွေ့ဖူးထားပုံရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"တွေ့ဖူးထားတယ်လို့ ဆိုပါတော့ကွာ"

အိုင်အိုနန်းထိုက်က တစ်စုံတစ်ခုကို အလေးအနက်ထား၍ တွေးနေရင်း စတိုင်လို စီးကရက်ဗူးကို ထုတ်၍ စီးကရက်တစ်လိပ်ကို မီးညှိ ရှိုက်ဖွာလိုက်လေသည်။ ဂျာမဒါမှူးသာက တိမ်တစ်လုံး ချစ်မြအနီးသို့ တိုးကပ်သွားပြီး

"မင်း . . သူတို့ဆိုတဲ့လူတွေနဲ့ တွေ့ဖို့ကိစ္စ ရှိသေးလား"

ဟု မေးလိုက်၏။ တိမ်တစ်လုံး ချစ်မြက ထိုမေးခွန်းကို ဖြေချင်ဟန် မတူပေ။ ဤတွင် အိုင်အိုနန်းထိုက်က ကျွန်ုပ်အား တစ်ချက်ကြည့်လိုက်ပြီး

"ချစ်မြ မင်းကို ငါ တစ်ခု မေးဦးမယ်"

ဟု စကားခံလိုက်၏။

"မေးပါ အိုင်အိုရယ်"

"နဝရတ်စံအိမ်ဧည့်ခန်းမှာ ချိတ်ထားတဲ့ပန်းချီကားကို ဘယ်သူ ဓားနဲ့ ခွဲလိုက်တာလဲ"

"ကျွန်တော်ပါ အိုင်အို"

တိမ်တစ်လုံး ချစ်မြက ပန်းချီကားကို သူ့ဓားနှင့် ခွဲလိုက်ကြောင်း ဖွင့်ဟပြောလိုက်သောအခါ ကျွန်ုပ်တို့၏ မျှော်လင့်ထားသမျှ ပြိုကျပျက်စီးသွားပါလေတော့၏။ ကျွန်ုပ်မှာ အတော်ပင် စိတ်ပျက်သွားရုံမက ရှက်လည်း ရှက်၍ သွားလေသည်။

အိုင်အိုနန်းထိုက်မှာ ပြုံး၍ပင် နေ၏။ ရှက်ပြုံးများလားတော့ မသိပေ။ အိုင်အိုနန်းထိုက်သည် ဆက်လက်၍

"မင်းက ပန်းချီကားကို အားအားယားယား ဘာဖြစ်လို့





ဓားနဲ့ခွဲရတာလဲ"

"ဟိုလူကြီးကခိုင်းလို့လေ ကျွန်တော်ဖြင့် စားပွဲပေါ် ခုံတစ်ခုံတင် ပြီး တပင်တပမ်း ခွဲလိုက်ရတာ"

သည်တော့မှ ကျွန်ုပ်တို့မှာ ပြန်လည်ဦးမော့ရင်ကော့လာနိုင်ပါတော့၏။

"အဲဒီလူကြီးက မင်းကို ပန်းချီကား ဓားနဲ့ခွဲခိုင်းတဲ့အကြောင်း ဘာပြောသေးလဲ"

"ဘာမှ မပြောပါဘူး"

"ကောင်းပြီ . . ဂျာမဒါမှူးသာ မင်း ခုနက ချစ်မြကို မေးတာ ဆက်မေးတော့"

ထိုအခါ ဂျာမဒါမှူးသာက

"လာ ချစ်မြ . . ငါ ခုနက မေးထားတာ ဖြေပါဦး"

"ဘာမေးထားလို့လဲ"

"ချစ်မြ မင်း အခုလောက် သတိမမေ့နိုင်ပါဘူး . . ကဲ . . ငါ ထပ်မေးမယ် . . မင်း သူတို့နဲ့ နောက်တစ်ကြိမ် တွေ့ဖို့ရှိသေးလား"

ယခုအကြိမ်၌လည်း တိမ်တစ်လုံးချစ်မြ အဖြေကို ရုတ်တရက် မဖြေဘဲ ငြိမ်နေသည်။ ဂျာမဒါမှူးသာက

"မေ့သွားပြန်ပြီလား"

"ဆရာတို့လည်း သိနေမှာပဲ"

အိုင်အိုနန်းထိုက်က ဝင်၍

"မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာ မရှိပါဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်လေသည်။ ဂျာမဒါမူးသာက

"ဘယ်နေ့ ဘယ်နာရီလဲ ပြောဦးလေ ချစ်မြရဲ့"

"ဒီနေ့ည ကိုးနာရီပါ"

သည်တော့လည်း ကျွန်ုပ်တို့အားလုံး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြလေသည်။ အဖြစ်အပျက် အခြေအနေ အခု လောက် မြန်နေလိမ့်မည်ဟု လုံးဝမတွေးမိပေ။ ကျွန်ုပ်တို့မှာ လှုပ်ရှားရန်ကား စုခွဲချိန် မရတော့ပြီ။ ယခုညနေခင်း ကျရောက်လာချေပြီ။

ည ကိုးနာရီသို့ မကျခင် ကျရောက်တော့မည် ဖြစ်သည်။ အ ကောင်းဆုံးသော အခွင့်အလမ်းတစ်ခု ဖြစ်နေသည်။ တိမ်တစ်လုံး ချစ်မြ ကို တည်တည်င်လုပ်၍ရမည့် အခြေအနေ ရှိသည်။ အရင်ဆုံး တိမ်တစ် လုံးချစ်မြကို လူဆိုးနှစ်ယောက်နှင့် သွားအတွေ့ခိုင်းမည်။

နဝရတ်စံအိမ် ဖောက်ထွင်းမှု အဖိုးအခကို တောင်းခိုင်း လိုက်မည်။ သူတို့ငွေအပေးအယူ လုပ်နေသည့်အတောအတွင်း အိုင်အိုနန်းထိုက်တို့က ပုလိပ်သားများဖြင့် သူတို့အားလုံးကို ဝင် ရောက်စီးနင်း ဖမ်းဆီးရပေလိမ့်မည်။ ယာညက်မှ တိုက်ကြက် နှစ်ကောင်ကို ဖမ်းယူသည့်စနစ်ပင် ဖြစ်သည်။

အချိန်မှာ ည ၈–နာရီကျော်နေပြီ။ မကြာမီအချိန်အတော အတွင်း ၉–နာရီထိုးချေတော့မည်။ ၉–နာရီ ထိုးလျှင် ဘိုမကြီး အိမ်တွင် အမည်မသိ လူဆိုးနှစ်ဦးနှင့် တိမ်တစ်လုံး ချစ်မြတို့ တွေ့ ဆုံကြမည်။ ပြီးတော့ အမည်မသိ လူဆိုးနှစ်ဦးတို့က နဝရတ်စံအိမ် ဖောက်ထွင်းခဲ့ရသည့် အခကြေးငွေကို တိမ်တစ်လုံးချစ်မြကို ပေး ရလိမ့်မည်။





သည်ပွဲကို အိုင်အိုနန်းထိုက်တို့က အမိအရ ဖမ်းမည် ဖြစ် သည်။ သတင်းပေါက်ကြားသွားမည်စိုး၍ သယ်န်းကျွန်းပုလိပ် ဌာနကိုပင် သတင်း မပေးသေးဘဲ လာခဲ့ကြသည်။ ကျွန်ုပ်သည် ကား ကန့်လန့်ကန့်လန့် လိုက်ပါလာခဲ့၏။

သည်လိုပွဲမျိုး ကျွန်ုပ်အဖို့ ဆန်းလှသည် မဟုတ်တော့ပေ။

ထို့ကြောင့် ကျွန်ုပ်သည် လူဆိုးဖမ်းပွဲကို အမဲလိုက်ရာ၌ သားကောင်ကို ဖမ်းရသည့်အဖြစ်မျိုးနှင့် နှိုင်းခိုင်းခံစားနေမိ၏။ အမဲလိုက်ရာတွင်ကား သားကောင်ကို ဟိုမှာဘက်မှ ကြိုစောင့် နေသူများထံသို့ ရောက်ရှိသွားစေရန် ညာသံပေးရလေသည်။

ယခုလို လူဆိုးဖမ်းရာတွင်ကား ညာသံပေး၍ မရပေ။ ဘိုမကြီး ခြံဆိုသည်မှာ တစ်ခါက သံလျင်ဘီအိုစီအရာရှိကြီးတစ်ဦး နေထိုင်စဉ် ထိုအရာရှိကြီး မရှိတော့သည့်နောက်ပိုင်း သူ၏ဇနီး ကျန်ခဲ့ရာမှ အစပြု၍ ဘိုမကြီးခြံဟုအမည်တွင်ခဲ့ခြင်းပင်။ ထို အမျိုးသမီးကြီးမှာ အိန္ဒိယသွေးနှောသော အင်္ဂလိုအမျိုးသမီးကြီး ဖြစ်လေရကား အင်္ဂလန်သို့ မပြန်နိုင်ခဲ့ပေ။

သို့သော် အိန္ဒိယဘုံဘေမြို့သို့ ပြောင်းရွှေ့သွားလေသည်။ ဘုံဘေသို့ မပြောင်းမီ ထိုခြံနှင့် တိုက်ကြီးကို ရောင်းချ၍ သွားခြင်း ဖြစ်သည်။ ရောင်းချသွားပြီးကတည်းက ဝယ်လိုက်သောလူများမှာ လုံးဝမပေါ်လာခဲ့ပေ။ ပြင်သစ်မှာလိုလို အိန္ဒိယမှာလိုလို ထင်ကြေး ပေးနေကြသူများသာ ရှိခဲ့သည်။

သို့ဖြင့် ဘိုမကြီးခြံနှင့်တိုက်ကြီးမှာ စွန့်ပစ်အရပ်ဒေသတစ် ခုနှင့်မခြား ရှိခဲ့သည်။ ထူးခြားနေသည့်အချက်ကတော့ ၃–



www.burmeseclassic.com

www.burmeseclassic.com



၄နှစ်လောက်ကြာလျှင်တော့ ဘိုမကြီးခြံကို လူတစ်ချို့ မြက်ရိုင်းပင်များ ခုတ်ထွင်ခြင်း၊ တိုက်ကို ပြုပြင်ခြင်း ပြုလုပ်တတ်၏။ ပိုင်ရှင်များက ခိုင်း၍ လာလုပ်ပေးကြသူများသာ ဖြစ်နေတတ်သည်။

တိမ်တစ်လုံးချစ်မြသည် စားမြောင်အစား မောင်းပြန်မောင်းချပ်ဓားကို ကိုင်ကာ ဘိုမကြီးခြံအတွင်းသို့ ဝင်လာခဲ့လေသည်။ ပတ်ဝန်းကျင် တစ်ခုလုံးမှာကား တိတ်ဆိတ်ငြိမ်သက်၍နေသည်။ ညဥ့်ယံလေပြေလေ ညင်းကလေးသည်သာ မတိုက်ချင်ချင်၊ တိုက်ချင်ချင် သစ်ရွက်ကလေးတွေ လှုပ်ရုံတိုက်ခတ်၍ နေလေသည်။

တိုက်အတွင်းမှ လက်နှိပ်ဓာတ်မီးဖြင့် အချက်ပြလိုက်သည်။ တိမ်တစ်လုံး ချစ်မြက လက်တစ်ဖက်ကို ထောင်ပြ၍ ဝင်သွားလေသည်။ ချက်ချင်းပင် ကျွန်ုပ်တို့သုံးယောက် ထပ်ချပ်မကွာလိုက်သွား၏။ အိုင်အိုနန်းထိုက်က ကျွန်ုပ်အား

"ကိုငြိမ်းမောင် နေခဲ့တော့ . . ရှေ့လိုက်မလာနဲ့ အန္တရာယ်ရှိတယ်"

ဟု သတိပေး၍ ကျွန်ုပ်သည်လည်း သစ်ပင်တစ်ပင်ဘေးတွင် အကာအကွယ်ယူရင်း ချန်နေခဲ့သည်။ အိုင်အိုနန်းထိုက်နှင့် ဂျာမဒါမူးသာတို့နှစ်ယောက်သာ ရှေ့သို့ ဆက်လက်လျှောက်သွား၏။ ခြံစည်းရိုးမှာ ပုဏ္ဏာရိပ်ပင်များသည်သာ ရှိသည်။ ထိုပုဏ္ဏာရိပ်ပင်များကို ဖြတ်ကျော်၍ ခြံအတွင်းသို့ ခုန်ကာလွှားကာဝင်လိုက်သည်နှင့်

"ဒိုင်း . . "





"ဒိုင်း . . "

"ရှိုး . . "

"ရှတ် . . "

သေနတ်သံနှစ်ချက်ဆင့်ကာဆင့်ကာ ပေါ်ထွက်လာလေရာ ကျည်ဆန်များ ကျွန်ုပ်တို့အနီးမှပင် ဖြတ်ကျော်၍သွားလေသည်။ အိုင်အိုနန်းထိုက်နှင့် ဂျာမဒါမူးသာတို့နှစ်ယောက်ကို တိုက်အိမ်အတွင်း ပြတင်းပေါက်မှ လှမ်း၍ ပစ်နေပုံရသည်။

"ကိုငြိမ်းမောင် ထွက်မလာနဲ့နော်"

အိုင်အိုနန်းထိုက်က ကျွန်ုပ်အတွက် စိုးရိမ်နေသည်။

"စိတ်ချ ကိုနန်းထိုက်"

ကျွန်ုပ်က လှမ်းအော်ပြောလိုက်ရ၏။ နောက်ဆံတင်းနေမည် စိုးသောကြောင့်ပါပေ။ ထိုအခိုက်

"ဒိုင်း . . "

"ဒိုင်း . . "

"ဒိုင်း . . "

"ရှိုး . . "

သေနတ်သံများ တိုက်အိမ်ကလေးထဲမှ ပေါက်ကွဲပြေးထွက်၍ လာပြန်၏။

"အိုင်အိုနန်းထိုက်နဲ့ ဂျာမဒါမူးသာ . . မင်းတို့ညဏ်ဒီလောက်ပဲ မဟုတ်လား . . ဒီလောက်နဲ့တော့ ကျုပ်တို့ကို မယှဉ်နဲ့ဦး"

တိုက်အတွင်းမှ လှမ်းအော်လိုက်သည့် အသံကြားလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရ၏။ အိုင်အိုနန်းထိုက်က

"မူးသာရေ . . ဒီကောင်တွေက တို့ လိုက်လာတာ သိနေပါလား"

ဟု မေးလိုက်သည်။

"ဟုတ်တယ် . . ဘယ်လိုလုပ်ပြီး သိသွားသလဲ မသိဘူး"

"ချစ်မြ ပြောလိုက်တာလည်း ဖြစ်နိုင်တာပဲကွ"

ထိုအခိုက် တိုက်အတွင်းမှ

"ဒိုင်း . ."

"ဒိုင်း . ."

"ရွှီး . ."

"ရွှီး . ."

သေနတ်သံ နှစ်ချက်ဆင့်ကာ ဆင့်ကာ ပေါက်ကွဲပြီး ထွက်လာ၍ အိုင်အိုနန်းထိုက်နှင့် ဂျာမဒါမူးသာ တစ်ဖက်သို့ လိမ့်၍ ရှောင်လိုက်ရလေသည်။

"ဝှစ် . ."

"ဝှစ် . ."

"ဟူး . ."

"အိုင်အို . . သတိထား လက်ဖြောင့်တယ်"

"အေးကွာ . ."

ထို့နောက် သေနတ်သံများ တိတ်ဆိတ်ငြိမ်သက်၍သွား၏။

"အေးကွ . . ဒီကောင်တွေ လစ်ပြေးပြီ ထင်တယ်"

ဤသို့ အိုင်အိုနန်းထိုက် ပြောနေသည့်အခိုက် ဂျာမဒါမူး





သာကား တစ်နေရာသို့ လက်ညှိုးထိုးပြကာ

"ဟိုမှာ . . ဟိုမှာ လူနှစ်ယောက် မြောက်ဘက်လမ်းကြားကို ဖြတ်ပြေးသွားတယ်"

"ပစ် . . ပစ် . ."

"ဒိုင်း . ."

"ဒိုင်း . ."

"ရွှီး . ."

သေနတ်သံနှစ်ချက်သည် ည၏တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်သလို ရှိ၏။ အိပ်တန်းတက်နေသော ငှက်တွေ ရှုတ်တရက် အလန့်တကြား ထပျံသွားကြ၏။

"အိုင်အိုနန်းထိုက် ဘာသံမှ မကြားရတော့ဘူး"

ဘာသံမျှ မကြားရဟုဆိုကာမှ ခပ်လှမ်းလှမ်းမှာ ကားတစ်စီး ဝေါခနဲ မောင်းထွက်သွားသည့်အသံကို ကြားလာရပြန်သည်။

"ဝူး . ."

"ဝေါ . ."

သို့နှင့် အိုင်အိုနန်းထိုက်နှင့် ဂျာမဒါမူးသာတို့ ဝပ်နေရာမှ အသာထရပ်လိုက်ကြသည်။ အသင့်ယူလာသော လက်နှိပ်ဓာတ်မီးကို အခုမှ ထုတ်သုံး၏။ သေနတ်များကို ရှေ့ဘက် ထိုးချိန်လျက် တိုက်အိမ်အတွင်းသို့ သူတို့နှစ်ယောက် ဝင်သွားကြ၏။

ကျွန်ုပ်သည်လည်း အခြေအနေကို သိလိုဇောဖြင့် အကာအကွယ်ယူထားသော သစ်ပင်နောက်မှ အသာထွက်လာခဲ့လေ၏။

* * * * * *



www.burmeseclassic.com

www.burmeseclassic.com



အပစ်အခတ် ငြိမ်၍သွားသည်နှင့် အိုင်အိုနန်းထိုက်နှင့် ဂျာမဒါမှူးသာတို့သည် စည်းရိုးအတွင်းသို့ တိုးဝင်လာခဲ့သည်။

"အိုင်အို သိပ်အတင့်မရဲနဲ့ဦး . . သူတို့လူတွေ ရှိဦးမယ် ထင်တယ်"

ဂျာမဒါမှူးသာက သတိပေးလိုက်လျှင် အိုင်အိုနန်းထိုက် သည် မရမ်းပင်နောက် ပြေး၍ ကပ်လိုက်လေသည်။ ဂျာမဒါမှူးသာ က ရေတွင်းဘေး၌ အသာဝပ်၍ နေရာယူထားသည်။ သူတို့နှစ် ယောက် အနီးကပ် တိုက်ခိုက်မည့်အနေမှာ ရှိသည်။

ကျွန်ုပ်သည် သစ်ပင်အကွယ်၌ ရပ်လျက် သူတို့ကို မျက် ခြည်မပြတ် ကြည့်ရင်း မိမိအား ရန်သူတစ်စုံတစ်ယောက်၏ တိုက် ခိုက်ခြင်း ခံရလေမလား အတွေးဖြင့် ဘေးဘီဝဲယာ ကြည့်ရသေး သည်။ ပတ်ဝန်းကျင်သည် စောစောကနှင့် လုံးဝဆန့်ကျင်လျက် တိတ်ဆိတ်ငြိမ်သက်၍ နေသည်။

စောစောက အထိတ်တလန့် ပျံပြေးသွားသော ငှက်များ ပြန်လည်ပျံသန်းရောက်ရှိလာ၏။ တစ်ကောင်စ နှစ်ကောင်စမှာ ပတ်ဝန်းကျင် ကို သံသယထားဟန်တူသည်။ တစ်ကျော့ နှစ်ကျော့ ဝဲပျံနေသည်။ ပရစ်ရင်ကွဲကောင်တွေ ပြန်လည်အော်မြည်၍ လာ ပြန်သည်။

"ရှပ် . ."

"ရှပ် . ."

"ရှပ် . ."

ထိုအချိန် ကျွန်ုပ်နောက်မှ ခြေသံများ ပေါ်ထွက်၍ လာ





လေသည်။ ဘယ်သူတွေများပါလိမ့် အတွေးဖြင့် ကျွန်ုပ်သည် နောက်သို့ လှည့်ကြည့်လိုက်သည့်အခိုက် "ဘယ်သူလဲ" ဟု မေး လိုက်သောအသံမာမာ အသံတစ်သံနှင့်အတူ ပုလိပ်အရာရှိတစ်ဦး နှင့် ပုလိပ်သားသုံးလေးယောက် ကျွန်ုပ်ကို ဝိုင်းထားလိုက်ပါလေ တော့၏။

ပုလိပ်အရာရှိက ခြောက်လုံးပြူးသေနတ်နှင့် ကျွန်ုပ်အား ချိန်ရွယ်ထားသည်။ ပုလိပ်သားများသည် ရိုင်ဖယ်သေနတ်များနှင့် ချိန်ထားကြလေသည်။ နံပါတ်ဒုတ်များကို ခါးပတ်တွင် ချိတ်ဆွဲ လျက်

"ကျုပ် ငြိမ်းမောင်ပါ"

"ဘယ်က ငြိမ်းမောင်လဲ"

"စာရေးဆရာ ငြိမ်းမောင်ပါ"

ဤသို့ဤပုံ ကျွန်ုပ်က ဖြေလိုက်လျှင် ပုလိပ်အရာရှိမှာ ခပ် ကြောင်ကြောင် ဖြစ်၍ သွားလေသည်။ ပြီးကာမှ

"နေစမ်းပါဦး စာရေးဆရာ ကိုငြိမ်းမောင်က ဒီလောက် ပစ်ခတ်နေတဲ့ နေရာကို ဘယ်လို ရောက်လာရတာလဲ"

ဟု မေးလိုက်သောအခါတွင်ကား အိုင်အိုနန်းထိုက် ရောက် ရှိလာကာ

"အတော်ပဲဗျာ . . ဝင်းမောင်တို့ ရောက်လာတာနဲ့"

ဟု ပြောပြီး စလုဒ်ရိုက်လိုက်သည်။ ပုလိပ်အရာရှိ ကိုဝင်း မောင်ကလည်း အိုင်အိုနန်းထိုက်ကို ပြန်လည်စလုဒ်ရိုက်လိုက်ပြီး

"ကိုငြိမ်းမောင်ကို အိုင်အို ခေါ်လာတာလား"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆက်၍ မေးလိုက်လေသည်။

"ဟုတ်တယ် . . အရေးယူရမည့်အမှုက အတော်လေး အရေးကြီးပြီး အုပ်မိအောင် လာခဲ့ရလို့ ကိုဝင်းမောင်တို့ ပုလိပ်အဖွဲ့ကိုတောင် အသိပေးချိန် မရလိုက်တာပါ . . ကဲ လာဗျာ"

အိုင်အိုနန်းထိုက်က ပုလိပ်အရာရှိ ကိုဝင်းမောင်တို့အဖွဲ့ကို တိုက်အတွင်းသို့ ခေါ်ဆောင်၍ သွားလေသည်။ ကျွန်ုပ်ကိုကား ကိုဝင်းမောင်က တောင်းပန်သည့်သဘော ပြုံးပြရုံမက ဦးညွှတ်ယောင်ယောင် လုပ်၍ ပြလိုက်ပါသေးသည်။

ကျွန်ုပ်ကကလည်း သူ့နည်းတူ လုပ်ပြရလေသည်။ သည်ညက သေနတ်များဖြင့် တစ်ဖက်တစ်ချက် ပစ်ခတ်ကြပြီးနောက် အိုင်အိုနန်းထိုက်နှင့် ဂျာမဒါမူးသာတို့နှစ်ယောက် တိုက်အတွင်းသို့ ဖွင့်ထားသော ပြတင်းပေါက်မှ တိုက်အတွင်း ဝင်ခဲ့ကြသည်။

သူတို့ တိုက်အတွင်း ရောက်ရှိသွားသောအချိန်တွင် ထူးခြားနေသည်မှာ ရန်သူများ တစ်ယောက်မျှ မရှိတော့ပေ။ တိမ်တစ်လုံး ချစ်မြမှာကား ကုလားထိုင်တစ်လုံးတွင် ထိုင်စေလျက် ပိုက်ဆံကြိုးဖြင့် တုတ်နှောင်၍ ထား၏။

တိမ်တစ်လုံးချစ်မြမှာ ခေါင်းငိုက်စိုက်ကျလျက် ရှိသည်။ ထို့ကြောင့် အိုင်အိုနန်းထိုက်တို့က သေများသွားပြီလား စိုးရိမ်လိုက်ကြရ၏။ ရန်သူများက စနစ်တကျ အကွက်ချပြီး လုပ်သွားခြင်း ဖြစ်သည်။ တိမ်တစ်လုံး ချစ်မြမှာ မေ့ဆေးဖြင့် မေ့နေသောကြောင့် ပင်။

တိမ်တစ်လုံး ချစ်မြကို ဘာမျှ မေးချိန်မရတော့ဘဲ ဆေးရုံကို





အရင်ပို့လိုက်ရလေသည်။ မေ့ဆေးလွန်သွားပါကလည်း အသက်ပါ ပါသွားတတ်သည် မဟုတ်ပါလား။ ကျွန်ုပ်တို့မှာကား တိမ်တစ်လုံးချစ်မြ သတိရသည့်အချိန်အထိ စောင့်ကြရသည်။

ပြီးတော့ တိမ်တစ်လုံးချစ်မြကို ရန်သူတစ်စုံတစ်ယောက် ပြန်လည်ရောက်ရှိလာပြီး နှုတ်ပိတ်သွားနိုင်သည် မဟုတ်ပါလား။ သည့်အတွက် အိုင်အိုနန်းထိုက်နှင့် ဂျာမဒါမူးသာတို့က လုံခြုံမှုတာဝန်ယူပေးထားရသည်။ ပုလိပ်နှစ်ယောက် လုံခြုံရေးချထားသည် ဆိုပေမဲ့ အိုင်အိုနန်းထိုက်က လုံလောက်သည် မထင်ပေ။

မကြာလှပေ တိမ်တစ်လုံးချစ်မြ သတိရလာလေသည်။ အိုင်အိုနန်းထိုက်က အဖြစ်အပျက်ကို မေးသောအခါ တိမ်တစ်လုံးချစ်မြက

"တိုက်ထဲလည်း ရောက်ရော လူကြီးတစ်ယောက်က ကျွန်တော့်ကို ခြောက်လုံးပြူးသေနတ်နဲ့ ချိန်ထားပါတယ် . . မိန်းကလေးတစ်ယောက်က ကျွန်တော့်ကို ချက်ချင်း ပါးစပ်ကို အာမိုးနီးယားအငွေ့ပါတဲ့ လက်ကိုင်ပုဝါနဲ့ ကျွန်တော့်ပါးစပ်ကို ပိတ်လိုက်တော့တာပဲ . . ကျွန်တော် သိလိုက်တာ အဲဒါပဲ ဆရာ တကယ်ပြောတာပါ"

ဟု ပြောလေသည်။

"မင်းကို ဖောက်ထွင်းခ ပေးမယ်ဆိုတာကရော"

"ဘာမှ မပေးခဲ့ပါဘူး ဆရာရယ် . . ဆရာတို့ လက်ထဲပါလေ . . ကျွန်တော် ဘယ်ကိုမှ သွားသေးတာမှ မဟုတ်ပါဘူး"

"ဘယ်နှစ်ယောက်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"လူကြီးတစ်ယောက် မိန်းကလေးတစ်ယောက်ကိုပဲ ကျွန်တော် တွေ့ပါတယ်"

"အသက်အရွယ်ကရော . ."

"လူကြီးက အသက်(၅၀)လောက် ရှိမယ် . . မိန်းကလေးက တော့ ၂၀–ကျော်မယ် ဆရာ"

* * * * * *

နောက်နေ့မနက်ပိုင်းတွင် အိုင်အိုနန်းထိုက်သည် သူ့ကားကို မောင်းနှင်၍ ကျွန်ုပ်အိမ်သို့ ရောက်ရှိလာလေသည်။ ကျွန်ုပ်သည် ညက အိုင်အိုနန်းထိုက်နှင့်ပင် အချိန်ကုန်သွားသဖြင့် အိမ်ရောက်လျှင် ညစာထမင်းကိုပင် မစားနိုင်တော့ဘဲ ကော်ဖီတစ်ခွက်ဖြင့် အိပ်ယာဝင်ခဲ့ရခြင်း ဖြစ်သည်။

ယခု အိပ်ယာထနောက်ကျနေပါလျက် အိပ်ယာက ထထချင်း အိုင်အိုနန်းထိုက်နှင့် တန်းတိုး၏။

"ကဲ . . လမ်းကျမှ လက်ဖက်ရည် သောက်ကြတာပေါ့ . . အဝတ်အစားလဲ"

ဟု လောဆော်လာပြန်လေရာ၊ ကျွန်ုပ်၏စိတ်ထဲက

"ဒီစုံထောက်နဲ့ စက်ကျမိရင် အရှိန်က ကောင်းသလား မသိဘူး တော်တော်နဲ့ ဖြတ်လို့ကို မရနိုင်ဘူး . . ငါ့မှာ ဘယ်လို လုပ်ပြီး နောက်ဝတ္ထု စလို့ရတော့မှာလဲ"

ဟု တွေးလိုက်မိလေသည်။ ကျွန်ုပ်မှာ သူ့ကိုကျတော့ ငြင်း





ရဖို့ အတော်ခက်နေသည်။ တကယ်ဆိုလျှင် သူတို့အလုပ်မှာ အလွန် လျှို့ဝှက်ပြီး လုပ်ရသောအလုပ် ဖြစ်သည်။ ကျွန်ုပ်အား ယုံကြည် နေသည်က တစ်ကြောင်း၊ ကျွန်ုပ် စာပေအတွက် ရစေလိုသည်က တစ်ကြောင်းတို့ကြောင့် ဖြစ်ပေသည်။

ကျွန်ုပ်တို့နှစ်ယောက်သည် သောက်နေကျ ဗဟန်းက ရွှေကျီးမင်းလက်ဖက်ရည်ဆိုင်တွင် တစ်ထောက်နားကာ မနက်ခင်းပိုင်း အဆာပြေစာ လက်ဖက်ရည်နှင့် ပေါင်မုန့်ထောပတ်သုတ်ကို သောက်ကြစားကြသည်။

"တိမ်တစ်လုံး ချစ်မြကို အာမခံနဲ့ ပြန်လွှတ်လိုက်ပြီလား ကိုနန်းထိုက်"

ကျွန်ုပ်က မနေ့ကကိစ္စကို ပြန်ဆက်လိုက်သည်။ အိုင်အို နန်းထိုက်က

"မလွှတ်သေးဘူး . . သူ့ကို ခိုင်းတဲ့လူတွေနဲ့ ပတ်သက်လို့ သူနဲ့ ကျွန်တော်တို့ မသိနိုင်တဲ့ ကွင်းဆက်တွေ ရှိသေးလားလို့ ထပ်ပြီး မေးချင်သေးလို့ပါ"

ဟု ပြောလေသည်။

"ဒီလူတွေကို တိမ်တစ်လုံးချစ်မြ ဆက်သွယ်မိတာ ဘယ်သူကြားက အဆက်အသွယ် လုပ်ပေးသလဲဆိုတာ သိရင် ဒီလူတွေကို ထရေ့စ်လိုက်လို့ လွယ်လာနိုင်တယ်"

"ဟုတ်တယ် ကိုငြိမ်းမောင် . . အခုတော့ ကျွန်တော်က တိမ်တစ်လုံးချစ်မြဘက်ကို စောင်းမပေးတော့ဘဲ နဝရတ်စံအိမ်ဘက်ကို ပြန်လှည့်ပြီး စုံစမ်းကြည့်ရမလားလို့ တွေးထားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါလဲ ကောင်းပါတယ် . . ပန်းချီကားနဲ့ ပတ်သက်လို့လဲ သံသယဖြစ်စရာတွေလည်း ရှိနေပြီပဲ ကောင်းပါတယ် . . ဒါထက် ကျွန်တော်က ဘာလိုက်လုပ်ဖို့ လိုသေးလို့လဲ"

"လိုတာပေါ့ဗျာ . . မိတ်ကောင်းဆွေကောင်းတို့ဆိုတာ တကယ်လိုကြတာပဲဗျာ"

ရွှေကျီးမင်းလက်ဖက်ရည်ဆိုင်က ကျွန်ုပ်တို့ ထွက်လာသောအခါ စကားပြောချိန်ကိုပါ ထည့်တွက်လိုက်သောကြောင့် ထင်သည်။ အတော်လေး နေမြင့်သွားလေသည်။ ၁၀-နာရီကျော် လာခဲ့လေပြီ။ သည်တစ်ကြိမ်တွင်မူ ကျွန်ုပ်တို့ကား ခြံဝင်းတံခါး ရှေ့ ဦးတည်၍ ရပ်လိုက်သည်နှင့် ဦးဆောင်းက ခြံတံခါးကို လာဖွင့်ပေးလေသည်။

"ကျွိ . ." ခြံတံခါး ပွင့်သွားသည်နှင့် ကျွန်ုပ်တို့ကား ဆက်လက်၍ မောင်းဝင်လာသည်။ ကားကို အိုင်အိုနန်းထိုက်ကပဲ ကိုယ်တိုင် မောင်းလာခဲ့သည်။

ဧည့်ခန်းဆောင်တွင် ဆရာဝန်ကြီး ဦးအိန္ဒြာကို မတွေ့ရပေ။ အိမ်ဖောက်ထွင်းခံရခြင်းအမှုကိစ္စနှင့် ပတ်သက်၍ သက်ဆိုင်ရာ ပုလိပ်ဌာနသို့ သွားရောက်၍ လိုအပ်သည်များ ဆက်လက်ပြုလုပ်ဆောင်ရွက်နေကြောင်း မေမြတ်ဆွေက အသိပေးသဖြင့် ကျွန်ုပ်တို့ သိရှိလိုက်ရလေသည်။

အိုင်အိုနန်းထိုက်ကလည်း မနေ့က အဖြစ်အပျက်များကို အသေးစိတ် မဟုတ်ပေမဲ့ အတော်အတန် ခွဲခြမ်းစိတ်ဖြာ၍ မေမြတ်ဆွေ အလွယ်တကူ သဘောပေါက်စေရန် ရှင်းလင်းပြောပြလိုက်





လေသည်။

"ဒီကိစ္စမှာ ကိုနန်းထိုက်က ဘယ်လိုများ မြင်ထားပါသလဲရှင်"

မေမြတ်ဆွေ မေးလိုက်ပုံမှာ သူမ သိထားပါလျက် သွေးတိုးစမ်းသည့်အနေဖြင့် မေးလိုက်သည့်လေသံမျိုး။ ပြီးတော့ ဟန်ပန်မျိုးဖြစ်နေသည်။

ကျွန်ုပ်သည် အိုင်အိုနန်းထိုက်၏ မျက်နှာကို တစ်ချက်လှမ်း၍ ကြည့်လိုက်မိလေသည်။ အိုင်အိုနန်းထိုက်သည် အိန္ဒြေရလွန်းသည်။ တည် တည်ငြိမ်ငြိမ်ပင်။

"ကျွန်တော့်အမြင်ကို ပြောရမယ်ဆိုရင်တော့ ဒီလူဆိုးတွေဟာ မဆွေတို့အိမ်ထဲက ပန်းချီကားကို လာခိုးထုတ်တာပဲလို့ ထင်ပါတယ်"

"ပန်းချီကားကို ဓားနဲ့ခွဲပြီး ဖျက်ဆီးသွားတာကရော"

"ဒါက သူတို့ လိုချင်တဲ့ ပန်းချီကားမဟုတ်လို့ စိတ်ပေါက်ပေါက်နဲ့ ဖျက်ဆီးသွားတာ ဖြစ်မယ် . . ချစ်မြ ပြောပုံအရ ပန်းချီကားကို ဓားနဲ့ခွဲဖို့ အတော့်ကို ကြိုးစားခဲ့ရတာတဲ့"

"ချစ်မြဆိုတာက ဘယ်သူလဲ ကိုနန်းထိုက်"

"ပြောဖို့ ကျွန်တော် မေ့သွားတဲ့အတွက် သည်းခံပါခင်ဗျာ"

"ရပါတယ်ရှင် . ."

"သူက တိမ်တစ်လုံးချစ်မြ ရန်ကုန်အနောက်ပိုင်းမှာ နာမည်ကြီး ဖောက်ထွင်းဝိဇ္ဇာတစ်ယောက်ပေါ့ . . ဟိုလူတွေ ချစ်မြကို ခေါ်သုံးသွားတာ . . ချစ်မြလည်း စရံငွေလောက်ပဲ ရလိုက်တာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ပန်းချီကားကို လာဝယ်တာကျတော့ရော ကိုနန်းထိုက်"

"ဒါကတော့ ဒီပန်းချီကားမှာ ထပ်ပြီး ခြေရာခံဖို့ ဖြစ်နိုင်ပါတယ် . . သူတို့ အခုလို လှုပ်ရှားနေကြတာဟာ ပန်းချီကားတစ်ကားနဲ့ ပတ်သက်နေတာကတော့ အမှန်ပဲလို့ ကျွန်တော် တစ်ထစ်ချ ယုံကြည်နေမိတယ် မဆွေ"

သည်တွင် မေမြတ်ဆွေက တစ်ချက်ပြုံးလိုက်လေသည်။

"ကိုနန်းထိုက်လို စုံထောက်မျိုးကတော့ အချိန်တိုင်း အချိန်တိုင်း လိုအပ်နေတာ အမှန်ပါပဲရှင် . . ဒါကြောင့်လည်း အိုင်အိုနန်းထိုက် . . အိုင်အိုနန်းထိုက်နဲ့ နာမည်ကြီးနေတာပဲပေါ့"

မေမြတ်ဆွေက အဆက်အစပ်မရှိ အိုင်အိုနန်းထိုက်ကို ချီးကျူးလိုက်သောကြောင့် အိုင်အိုနန်းထိုက်က

"ဒီလောက်လည်း မဟုတ်ပါဘူး မဆွေရယ် . . အမှန်တော့ ကိုယ့်တာဝန်ကို တကယ်ထမ်း တာဝန်ကျေရုံမဟုတ်ဘဲ တာဝန်သိသိ စိတ်ဝင်တစား ဆောင်ရွက်တဲ့ လူတိုင်းဟာ သူ့အလုပ် သူ့လုပ်ငန်းမှာ ကျေနပ်စရာ ရှိကြရမှာပဲ မဆွေရယ်"

ထို့နောက် မေမြတ်ဆွေသည် နဝရတ်စံအိမ် ဖောက်ထွင်းမှုတွင် တစ်ကွက်ချန်ထားသော အဖြစ်အပျက်တစ်ခုကို အောက်ပါအတိုင်း ပြောပြလေတော့၏။ မေမြတ်ဆွေ ပြောပြသောအဖြစ်အပျက်မှာ ကျွန်ုပ်တို့အဖို့ အလွန်ပင် စိတ်ဝင်စားစရာ ဖြစ်နေပါ၏။

* * * * * *





ပန်းချီကားသည် လေးပေခွဲ-သုံးပေခွဲရှိ ပန်းချီကားဖြစ်သည်။ ဆီဆေးကို အသုံးပြု၍ ပန်းချီဆရာ၏ အာရုံအမြင် ရေးနည်းဖြင့် ရေးဆွဲထားသည်။ အရောင်တောက်ပခြင်းများကို တွေ့ရသည်။ ထိုပန်းချီကားသည် နဝရတ်စံအိမ်၏ လျှို့ဝှက်မြေအောက်ခန်းတစ်ခန်းတွင် ထားရှိ သည်။

နံရံတွင် နံရံကပ်ဘီရိုသဘော အံခွက်တစ်ခု ပြုလုပ်၍ ထိုအံခွက်တွင် ပန်းချီကားကို စနစ်တကျ ထားရှိပြီး ရှေ့တွင် စိန်ကတ္တီပါခန်း ဆီး တပ်ဆင်၍ထား၏။ ၎င်းအပြင် အဖုံးအပိတ် အံထိုးတံခါး ရှိသည်။ ထိုတံခါးတွင် နဂါးရုပ်လုံးကြွတစ်ခု တပ်ဆင်၍ ထားလေသည်။

ပန်းချီကားကို ကြည့်လိုလျှင် အပြင်ဘက်မှနေ၍ အလင်းရောင် ရရှိစေနိုင်သော အလင်းတံခါးကို အရင်ဆုံးဖွင့်ရသည်။ ထို့နောက် နဂါးရုပ်လုံးကြွပုံပါရှိသော အံထိုးတံခါးကို တစ်ဖက်သို့ တွန်းပို့ရသည်။ တဖန် စိန်ကတ္တီပါခန်းဆီးကို လှပ်ရသည်။

ဤသို့သော အဆင့်ဆင့် လုပ်ဆောင်ချက်သည် ပန်းချီကားကို ကြည့်ရှုခံစားလိုသူ၏ လိုအပ်ချက် ဖြစ်သည်။ ဤပန်းချီကားသည် မေမြတ်ဆွေတို့အဖေ ဦးမျိုးဆွေ ဝယ်ကတည်းက ပါလာသည်ဟု မေမြတ်ဆွေ အထင်ရှိခဲ့သည်။ မေမြတ်ဆွေ သိရှိထားသော နဝရတ်စံအိမ်အကြောင်းမှာ ဖခင်ဦးမျိုးဆွေ ပြောပြထား၍ သိရှိထားခဲ့ခြင်း ဖြစ်သည်။

အမှန်တကယ်ပဲလား လုပ်ကြံဖန်တီးထားသော အကြောင်းအရာပဲလားဆိုသည်ကိုကား မေမြတ်ဆွေ မသိနိုင်ပေ။ နဝရတ်



www.burmeseclassic.com

www.burmeseclassic.com

စံအိမ်ကို မမြတ်ဆွေတို့ ရှေ့ပိုင်း နောက်ဆုံးပိုင်ဆိုင်ခဲ့သူသည် သစ်တောလုပ်ငန်းမှ အငြိမ်းစား သစ်တောဝန်ထောက်တစ်ဦး ဖြစ်ပေသည်။

ထိုအငြိမ်းစား သစ်တောဝန်ထောက်၏ အမည်မှာ ဦးရန်ရှင်း ဟု ဆိုသည်။ ဦးရန်ရှင်းနှင့် ပတ်သက်၍ စိတ်ဝင်စားစရာ အဖြစ်အပျက် တစ်ခု ရှိသေးသည်။ ဆောင်းတွင်း နှင်းတွေ ပိတ်နေသော ညတစ်ညတွင် ဦးရန်ရှင်းသည် သူ၏ ကိုယ်ပိုင်ကားကို မောင်းလျက် တောင်ကြီးမြို့မှ ရန်ကုန်သို့ ပြန်လာခဲ့လေသည်။

ယင်းမာပင်သို့ ရောက်လျှင် ထမင်းဆိုင်တစ်ဆိုင်သို့ ဝင်ပြီး မနက်စာထမင်းစားနေလေသည်။ အချိန်မှာကား နေမွန်းလွဲ (၁)နာရီခန့် ရှိနေပြီ ဖြစ်သည်။ ခရီးသွားနေခိုက်တွင် မိမိတို့ ဆာချိန်လောက်ကို အတိအကျ သတ်မှတ်ထား၍ ရသည်မဟုတ်ပေ။ သင့်သလို စားသောက် ကြရသည်သာ။

ထိုသို့ ဦးရန်ရှင်း မနက်စာထမင်းကို နေ့မွန်းလွဲ (၁)နာရီခန့်အချိန်တွင် စားနေသည့်အခါ အရူးကြီးတစ်ယောက် ဖောင်းပွနေသော လွယ်အိတ်ကြီးတစ်လုံးကို လွယ်လျက် ထမင်းဆိုင်အတွင်း ဝင်လာလေရာ ထမင်းဆိုင်ရှင်သည် ထိုအရူးကြီးကို ထမင်းဆိုင်အတွင်းသို့ အဝင်မခံလိုသော်လည်း မပြောရဲသောကြောင့် ဆိုင်ရှင်ကိုယ်တိုင်က စားပွဲထိုးများကို အရူးကြီးအား ဘာမျှမပြောမိရန် မျက်ရိပ်ပြလိုက်လေသည်။

ဤကဲ့သို့သော အခြေအနေကြားကဘဲ ဦးရန်ရှင်းသည် ထမင်းစားနေလျက် ထကာ အရူးကြီးနောက်သို့ လိုက်ပါသွားလေသည်။ ဦးရန်ရှင်း၏ကားတစ်စီးလုံး ထမင်းဆိုင်ရှေ့၌ ရပ်ထားသည်ရှိလေရကား ထမင်းဆိုင်ရှင်နှင့် အလုပ်သမားများက ဦးရန်ရှင်း မကြာမီ ပြန်လာမည်ဟုပင် အထင်ရှိသည်။ ဆိုင်ရှင်သည်ပင် စားပွဲထိုးများအား

"သူ စားထားတဲ့ ထမင်းပန်းကန်တွေ သိမ်းထားလိုက်တော့ဟေ့ . . "

ဟု ပြောလိုက်လေသည်။ စားပွဲထိုးတစ်ယောက်က

"ခုနက ဆိုင်ထဲ ဝင်လာတဲ့ အရူးကြီးကို ကျွန်တော် မသင်္ကာဘူး . . စိတ်ညို့ပညာနဲ့ ခေါ်သွားသလား မသိဘူး . . သူ တစ်ချက်ကြည့်လိုက်တာနဲ့ ထမင်းစားနေတဲ့လူကြီး လက်တောင်မဆေးဘူး ထလိုက်သွားတာ"

ဟု ပြောလေသည်။ ဆိုင်ရှင်က

"ဟုတ်မယ် မထင်ပါဘူးကွာ . . စိတ်ညို့တယ်ဆိုတာ လူတစ်ယောက်ကို အခုလို တစ်ချက်ကြည့်ရုံနဲ့ ညို့လို့ရတာမှ မဟုတ်တာ . . မျက်လုံးချင်း စိုက်ကြည့်ပြီး ညို့ရတာပါ"

စားပွဲထိုးက

"အဲဒီလိုပဲ လူတိုင်းပြောတာ ကျွန်တော်လည်း ကြားဖူးပါတယ် . . အဲဒါကရော တကယ်ဟုတ်လို့လား စိတ်ထင်ပြောနေကြတာချည်းပါပဲ"

ထိုအခါ ဆိုင်ရှင်က

"ဟေ့ကောင် . . စကားများ မနေနဲ့ ဟိုလူ ထမင်းဖိုးမပေးရသေးဘူး . . အလစ်မှာ ကားမောင်းထွက်သွားဦးမယ်"







www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်လေသည်။ ထိုအချိန် လူတစ်ယောက် ထမင်းဆိုင်အတွင်းသို့ ပြေးဝင်လာကာ ဆိုင်ရှင်အား

"ခင်ဗျားတို့ ဆိုင်မှာ ထမင်းဝင်စားတဲ့လူဆို . . ဟိုမှာ ချောက်ထဲကျ သေနေပြီ"

ဟု ပြောလိုက်လေရာ အားလုံး မျက်လုံးအပြူးသားပါး စပ်အဟောင်းသား ဖြစ်ကြရလေတော့၏။ အရူးကြီးလက်ချက်ဟု တွေ့မြင်သူများက ကောက်ချက်ချကြသည်။ အရူးကြီးကို လိုက်ရှာကြလျှင်ကား အရူးကြီးမှာ ယင်းမပင်ကားဂိတ်တစ်ဝိုက် အားလုံး လိုလို တွေ့မြင်လိုက်ပါလျက် ယခုမှ အရူးကြီးအား လိုက်လံရှာဖွေသည်ပင် မတွေ့ရတော့ပေ။

ထိုသို့ ဘဝကို အကုသိုလ်ဖြင့် အဆုံးသတ်ခဲ့သော ဦးရန်ရှင်းနှင့် ပတ်သက်၍ မေမြတ်ဆွေဖခင် ဦးမျိုးဆွေမှာ ထိုမျှသာ ပြောပြနိုင်ခဲ့သည်။ ဦးရန်ရှင်းနှင့် အရူးကြီး ပတ်သက်မှုရှိမရှိ ဆက်လက်မပြောပြနိုင်ခဲ့ပေ။

"အဲဒီလို ဦးရန်ရှင်း သေသွားရတာလို့ သူ့သမီးတစ်ယောက် ပြောပြတာပဲ . . အဖေ ဒီတိုက်နဲ့ ခြံကို ဝယ်တော့ သူ့သမီးဆီက ဝယ်တာ ဦးရန်ရှင်း မရှိတော့ဘူး"

ဟုလည်း မေမြတ်ဆွေဖခင် ဦးမျိုးဆွေ ပြောပြဘူးသည်။ ဖခင်ဦးမျိုးဆွေသည် နဝရတ်စံအိမ်ကို ဝယ်ယူပြီး သုံးနှစ်အကြာတွင် မြေ အောက်လျှို့ဝှက်တိုက်ခန်းကို ဦးမျိုးဆွေ တွေ့ရှိခဲ့လေသည်။ ထိုပန်းချီ ကားနှင့် ဧည့်ခန်းအတွင်းရှိ ပန်းချီကားမှာ တူမယောင်နှင့် မတူသော ပန်းချီကားနှစ်ချပ် ဖြစ်နေသည်။





မြေအောက်တိုက်ခန်းအတွင်းရှိ ပန်းချီကားကို အသေအချာ စနစ်တကျ ထိန်းသိမ်းထားသဖြင့် ဦးမျိုးဆွေက သမီး မေမြတ်ဆွေအား

"ဦးရန်ရှင်း အသတ်ခံရတာဟာ ဒီမြေအောက်တိုက်ခန်းထဲက ပန်းချီကားနဲ့ ပတ်သက်မယ် ထင်တယ် . . ဒါကြောင့် သမီး ဒီပန်းချီကားအကြောင်း ဘယ်သူ့ကိုမှ အသိမပေးရဘူး . . သမီး အဘိုးကိုလည်း မပြောနဲ့"

ဟု ပြောခဲ့သည်။ မေမြတ်ဆွေမှာ ပန်းချီကား၌ အာရုံ ရောက်သည် မဟုတ်ပေ။ မဟာဝိဇ္ဇာတန်း တက်နေသောကြောင့်လည်း မေမြတ်ဆွေမှာ စာ၌သာ စိတ်အာရုံရှိနေခဲ့လေသည်။ ထိုစဉ်က အဘိုးဦးအိန္ဒြာသည် ထားဝယ်သို့ မြို့နယ်ဆရာဝန်ကြီးအဖြစ် ပြောင်းရွှေ့ခန့်ထားခြင်းခံရသဖြင့် နဝရတ်စံအိမ်သို့ အရောက်အပေါက်နည်းခဲ့သည်။

ဖခင် ဦးမျိုးဆွေကလည်း သစ်ကုန်သည်တစ်ဦး ဖြစ်၍ အိမ်မှာ နေရသည်ထက် ခရီးထွက်ရသော ရက်တွေက များနေ၏။

* * * * * *

မဟာဝိဇ္ဇာတန်း စာမေးပွဲအောင်မြင်ပြီးသော အချိန်တွင်ကား မေမြတ်ဆွေမှာ ဘာလုပ်ရမည်မသိ ဖြစ်နေသည်။ ရုံးကုန်တက္ကသိုလ်၌ပင် စာပြရန်အကြံပေးသူများလည်း ရှိသည်။ မေမြတ်ဆွေမှာ ဒဿနိကဗေဒဘာသာရပ်ဖြင့် ဂုဏ်ထူးထွက်ထား



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ရန်ကုန်တက္ကသိုလ်တွင် စာပြန်ပြလျှင် ဒဿနိကဗေဒဘာသာကိုပင် ပြရမည်ဖြစ်ရာ ရှားပါးဆရာတစ်ဦး ဖြစ်လာနိုင်သည်။

ဂျပန်နိုင်ငံ တိုကျိုတက္ကသိုလ်တွင် မြန်မာစာပြရန် စကားကမ်းလှမ်းထား၍ ထိုအစီအစဉ်ကိုလည်း မေမြတ်ဆွေ ချိန်ဆလျက် ရှိလေသည်။ မည်သို့ဆိုစေ မေမြတ်ဆွေသည် မိမိ၏ အမိနိုင်ငံက ဘယ်ကိုမျှမထွက်ဘဲ ရန်ကုန်တက္ကသိုလ်၌ပင်လျှင် ဒဿနိကဗေဒဘာသာသင် ဆရာဘဝကို ခံယူလိုက်လေသည်။

နဝရတ်စံအိမ်ကြီးတွင် မေမြတ်ဆွေသည် ပန်းချီကားကို သွားရောက်ကြည့်မိရာမှ ပန်းချီကားနှင့် မေမြတ်ဆွေမှာ တစ်ယောက်နှင့် တစ်ယောက် မခွဲနိုင်မခွာရက် သူငယ်ချင်း အပေါင်းအသင်းတစ်ယောက်လို ဖြစ်လာခဲ့လေသည်။

ဆန်းတော့ဆန်းနေသည်။ ဒဿနိကဗေဒဆရာတစ်ဦး ဖြစ်နေ၍ အတွေးခေါင်လေပြီလား မိမိကိုယ် မိမိပြန်၍ မေးမိလာလေ၏။ သည်လိုလည်း မဖြစ်နိုင်ဟု မေမြတ်ဆွေ အတွေးရောက်ခဲ့ရလေသည်။

"ဒီပန်းချီကားကို ငါ အရင်ကြည့်ခဲ့ဖူးတာပဲ . . အခုလို မဟုတ် ပါဘူး . . အခု ငါဟာ ဒီပန်းချီကားကို မကြည့်ရ မနေနိုင် ဖြစ်နေတယ် . . ပန်းချီကားက ငါ့ကို ဖမ်းစားထားသလိုပဲ"

ဒီအချိန်က မေမြတ်ဆွေမိခင် ဒေါ်နန်းနွယ် ကွယ်လွန်ခဲ့ခြင်း ဖြစ်သည်။ မိခင် ဒေါ်နန်းနွယ်သည် မကြာခဏ ဖခင် ဦးမျိုးဆွေနောက် လိုက်သွားဟန်တူ၏။ ဖခင် ဦးမျိုးဆွေ မန္တလေး၌ ရောက်ရှိနေသည့်အခိုက် မိခင် ဒေါ်နန်းနွယ် မန္တလေးသို့ လိုက်သွားခြင်း





ဖြစ်သည်။ ထိုအချိန်က မိခင် ဒေါ်နန်းနွယ် မန္တလေး၌ နှစ်ချို့၍ ကြာရှည်ကြာမျောနေခဲ့သည်ဟု မေမြတ်ဆွေ အတွေးအထင် ရှိခဲ့သည်။ ဖခင် ဦးမျိုးဆွေက မေမြတ်ဆွေထံကို စာရေးသည့် ကြေးနန်းဖြင့် ဆက်သွယ်သည်။

ထိုသို့ စာရေးခြင်း၊ ကြေးနန်းဖြင့် ဆက်သွယ်ခြင်းမှာ စင်စစ် ဖခင်ဦးမျိုးဆွေက သမီးမေမြတ်ဆွေ စိတ်ထိခိုက်မည်စိုး၍ ဖုံးကွယ်ထားခဲ့ခြင်းသာ ဖြစ်သည်။

မိခင် ဒေါ်နန်းနွယ် မန္တလေး၌ ကားတိုက်ခံရပြီး ကွယ်လွန်ခဲ့ရသည့်အကြောင်းကို မေမြတ်ဆွေ သိရှိရသောအခါ မိခင် ဒေါ်နန်းနွယ်မှာ ကွယ်လွန်ပြီး တစ်နှစ်ပင် ကျော်လာခဲ့ချေပြီ။ သည်တော့မှ မေမြတ်ဆွေသည် ဝမ်းနည်းပက်လက် ဖြစ်ကာ

"မေမေနဲ့ငါ ရှင်ကွဲကွဲနေတယ် မှတ်တာ . . အခုတော့ သေကွဲ ကွဲရပါပကောလား"

ထိုအခါ မေမြတ်ဆွေသည် မိခင်၌ ပူဆွေးရသော ဝေဒနာကို ပြေစိမ့်သောငှာ ပန်းချီကားကို ကြည့်ရသည်။ ဧည့်ခန်းထဲက ပန်းချီကားကို မဆိုလိုက်ပါ။ မြေအောက်လျှို့ဝှက်တိုက်ခန်းထဲရှိ ပန်းချီကားကို ဆိုလိုခြင်းပင်။

ထိုပန်းချီကားတွင် နာမည်မရှိဟု မေမြတ်ဆွေ အတွေးအထင် ရှိခဲ့ဖူးသော်လည်း စင်စစ် ထိုပန်းချီကားတွင် နာမည်ရှိသည်။ **"နန်းဆက်မွန်"** ထိုနာမည်ကို ပန်းချီကားကျွန်းသစ်ဘောင်၏ ညာဖက်ထောင့်နားတွင် ပန်းချီဆရာနာမည်နှင့်အတူ ရေးထွဲထား၏။ ပန်းချီဆရာ၏အမည်မှာ အင်္ဂလိပ်စာလုံးစစ်လုံးသာ



www.burmeseclassic.com

www.burmeseclassic.com



ပါရှိသည်။ ရှေ့စာလုံးမှာ အက်စ်– နောက်စာလုံးမှာကား တီ၊ ထို့ကြောင့် မေမြတ်ဆွေက

"ဒီပန်းချီကားကို ရေးဆွဲတဲ့ ပန်းချီဆရာဟာ ရွှေထွန်းလား . . ရွှေတိုးလား"

ဟု တွေးကြည့်မိသည်။ နောက်မှ

"ရွှေဒေါင်းဆိုတဲ့ ပန်းချီဆရာတစ်ယောက် ရှိခဲ့ဖူးတာပဲ . . သူက မြန်မာ့အလှရှုခင်းတွေကို ရေးဆွဲပြီး နိုင်ငံခြားသားတွေကို ရောင်းခဲ့တဲ့ ပန်းချီဆရာကြီးတစ်ဦး မဟုတ်လား . . သူ့ပန်းချီကားဖြစ်တယ်"

ဟု မေမြတ်ဆွေ တွေ့လိုက်မိလေသည်။ မေမြတ်ဆွေ ထိုပန်းချီကားကို မကြာခဏ သွားရောက်ကြည့်ရှုသည်ကို ကန့်ကွက်လာသူမှာ ဖခင် ဦးမျိုးဆွေ ဖြစ်သည်။

"သမီးရယ် လျှို့ဝှက်ခန်းထဲကို မကြာခဏ ဝင်ဝင်ပြီး ပန်းချီကားကို ကြည့်ကြည့်နေတာကိုး . . အဖေ သဘောမတူဘူး"

ဟု ပြောဆိုစကား ဖြစ်ပါလေတော့၏။

"ဘာဖြစ်လို့လဲ ဖေဖေ"

ဟု မေမြတ်ဆွေ မေးခွန်းထုတ်လျှင်ကား ဖခင်ဦးမျိုးဆွေက

"သမီးတစ်ယောက်တည်း မဟုတ်လား . . သမီးလည်း ဒဿနိကဗေဒဘာသာရပ်ကို သင်ခဲ့ဖူးသားဘဲကွယ် . . စိတ်ဆိုတာ မျှင်မျှင်ကလေး မဟုတ်လား . . သိပ်ဆွဲလိုက်ရင် ပြတ်သွားတတ်ပါတယ်"

ဒီတော့ မေမြတ်ဆွေက ဖခင် ဦးမျိုးဆွေကို





"မေမေ့ကို အလွမ်းပြေ ဒီပန်းချီကားကို ကြည့်တာပါ"

ဟု ကြောင်းကျိုးဆက်စပ်မှု အလွန်နည်းသော စကားမျိုးကို ပြောလိုက်သောအခါ ဖခင်ဦးမျိုးဆွေက ပြုံးရယ်ပြလေသည်။ ဖခင် ဦးမျိုးဆွေ၏ အပြုံးအရယ်သည်ကား သမီး ပညာတွေ တတ်နေပေမဲ့လည်း သူ့ဘဝအတွေ့အကြုံတွေမှာ ချို့တဲ့မှု ရှိသေးသည် ဟူသော အပြုံးအရယ်မျိုးပါပေ။ နောက်ပိုင်းတွင်ကား ဖခင်ဦးမျိုးဆွေက ဘိုးဘိုးဦးအိန္ဒြာကို အသိပေးထားလိုက်ဟန် တူသည်။ အဘိုး ဦးအိန္ဒြာကလည်း ဒီအကြောင်း ပြောလာလေ၏။

"ငါ့မြေးရယ် အဲဒီပန်းချီကား အမြဲမကြည့်ဖို့ ငါ့မြေး အဖေက မှာထားတယ် မဟုတ်လား . . သူပြောတာ မှန်ပါတယ်ကွယ် . . ဘာပဲ ပြောပြော ကိုယ့်မိဘ မကြိုက်တာ ဆက်မလုပ်တာ အကောင်းဆုံးပဲ"

ထိုအခါ မေမြတ်ဆွေက အဘိုးဦးအိန္ဒြာကို စိတ်အစဉ်တုန်လှုပ် ချောက်ချားစရာ စကားတစ်ခွန်း ပြောလာပါလေတော့၏။

"အဘိုးကိုတော့ ကျွန်မ အမှန်အတိုင်း ဝန်ခံပြောပါ့မယ် . . ဒီပန်းချီကားဟာ သာမန်ပန်းချီကားမျိုး မဟုတ်ဘူး အဘိုး . . အလွန် ထူးခြားတဲ့ ပန်းချီကားတစ်ချပ်ပါ"

ဟူသော စကားကို ပြောလာသောကြောင့်ပါပေ။

* * * * * *



www.burmeseclassic.com

www.burmeseclassic.com



"ဒီပန်းချီကားဟာ မဟုတ်ကာမှ လွဲရော ရတနာဂူကြီး တစ်ဂူရဲ့ ပုံတူပန်းချီကား ဖြစ်ရမယ် အဘိုး"

မေမြတ်ဆွေက စိတ်လိုက်မာန်ပါ ပြောလိုက်သောအခါ အဘိုး ဦးအိန္ဒြာသည် သူ၏ဆေးတံအိုးထဲ ဆေးသိပ်ထည့်နေသည့် အလုပ်ကိုပင် ဆက်လက်မလုပ်နိုင်တော့ပေ။ သူသည် မေမြတ်ဆွေကို အငေးသား ကြည့်နေလေ၏။ သည်ကလေးမလေးပဲ ရူးသွပ်သွားပြီးလား၊ မိမိသည်ပဲ ရူးသွပ်ရန်အကြောင်းဖန်လာသည်ပဲလား အတွေးရောက်လိုက်လေသည်။

"ဟုတ်ရဲ့လား ဖိုးမြေးရယ် . . ကြေးတုံးကောက်ရတဲ့ လူလို 'ရွှေထင်တယ် ရွှေနဲ့တူလိုက်တာ ရွှေမှ ရွှေအစစ်ပဲ' ဆိုတာလို ဖြစ်နေဦးမယ်"

"အို . . အဘိုးကလည်း ပါးစပ်ပုပ်ကြီးနဲ့ ပြောရော့မယ် . . လွဲပါစေ ဖယ်ပါစေ"

အဘိုးဦးအိန္ဒြာသည် မြေး မေမြတ်ဆွေ ကလေးဆန်ပုံကို ကြည့်ပြီး ပြုံးနေလေသည်။ ပြုံးနေရင်း ဆေးတံကို ကိုက်လိုက်ပြီး မီးခြစ်ခြစ်သည်။

"ရှဲ . ."

ဥတုသုံးပါးခံသည့်စာတန်းပါ နတ်သမီးတံဆိပ်ယမ်းမီးခြစ် ခြစ်လိုက်ခြင်းဖြစ်သဖြင့် ယမ်းသီးကလေးသည် ကလေးများ မီးပန်းမီး ရှို့သကဲ့သို့ တရှဲရှဲ တောက်လောင်၍ နေ၏။ ထိုမီးနှင့် ဆေးတံမီးညှိ ရလေသည်။

သည်နေ့က အဘိုးဦးအိန္ဒြာသည် မြေးမေမြတ်ဆွေ အပြော





ကောင်းသည်နှင့် ဟုတ်လိုဟုတ်ငြား အတွေးဖြင့် လျှို့ဝှက်မြေအောက် တိုက်ခန်းသို့ ဆင်းလာခဲ့လေသည်။ အခန်းတစ်ခန်း၏ နံရံကပ်ဘီရိုကြီး အတွင်းမှ အံဖုံးတံခါးကို ဖွင့်ရသည်။ ထိုတံခါးကို ပြန်ပိတ်ပြီး လိုဏ်ခေါင်းစကြံတစ်ခုအတွင်းသို့ ခြေလှမ်း ၁၅-လှမ်းခန့် လျှောက်လိုက်ပြီးလျှင် အဆင်းအုတ်လှေကားတစ်ခုသို့ ရောက်ရှိလာလေသည်။ ထိုအုတ်လှေကားမှာ ကျဉ်းလွန်း၍ လူတစ်ယောက်တည်းသာ အဆင်းအတက် ပြုလုပ်နိုင်သည်။

အောက်ရောက်လျှင် အခန်းတစ်ခန်းသို့ ရောက်လာ၏။ ထိုအခန်းကို ဖြတ်လျှောက်မှသာ ပန်းချီကားထားရှိသော အခန်းသို့ ရောက်ရှိလေသည်။ ဤအခန်း ရောက်ရှိပြန်တော့လည်း ပန်းချီကားကို အသင့် တွေ့ရသည် မဟုတ်ပေ။ သဘာဝအလင်းတံခါးကို ဖွင့်ရသည်။

နဂါးရုပ်လုံးကြွအံဖုံးတံခါးကို ဖယ်ရှားရသေးသည်။ သည်တော့မှ အစိမ်းရောင်စိန်ကတ္တီပါခန်းဆီးကို ဓာတ်ပွဲစင်အလား တွေ့ရလေသည်။ ညာဖက်ဘေးရှိ ပိုးကြိုးစနှစ်စကို ဦးအိန္ဒြာ ဆွဲလိုက်လျှင်ကား ကျောက်လိုဏ်ဂူပုံပန်းချီကားကို ဘွားခနဲ တွေ့မြင်လာရလေတော့၏။

ဦးအိန္ဒြာသည် အသက်(၇၀)ရှိကာမှ မျက်စိအား ပြန်ကောင်းလာသူ ဖြစ်လေရကား အဝေးကြည့်အနီးကြည့် မည်သည့်မျက်မှန်မျိုးကိုမှ တပ်ကြည့်စရာ မလိုပေ။ မျက်စိသူငယ်အိမ်ကိုတော့ဖြင့် အနည်းငယ် ကျဉ်းကျုံ့ပေးရလေသည်။

မှန်တော့လည်း မှန်သည်။ နန်းဆက်မွန်ပန်းချီကားသည်



www.burmeseclassic.com

www.burmeseclassic.com



အသေအချာ ဂရုတစိုက် ကြည့်လေလေ ပန်းချီရေးချက်တွေရော အရောင်တွေပါ အလွန်ဆန်းကြယ်နေသည့် အဖြစ်ကို တွေ့မြင်လာရလေသည်။

"ဟုတ်သားပဲ . . နန်းဆက်မွန်ပန်းချီကားဟာ အတော်ဆန်း ကြယ်နေပါကလား"

ဦးအိန္ဒြာသည် တစ်ကိုယ်တည်း ရေရွတ်လိုက်လေသည်။ စင်စစ် ကျောက်လှိုဏ်ဂူကြီးသည် မိမိတို့ တွေ့ဖူးမြင်ဖူးသော ကျောက်လှိုဏ်ဂူမျိုး မဟုတ်ပေ။ ပုံစံမှာကား မီးငြိမ်းတောင်တစ်တောင်၏ အတွင်းပိုင်း လှိုဏ်ခေါင်း ကျောက်ချပ်ကျောက်လွှာသားများ ဖြစ်သည်။

ကျောက်သားအရောင်သည် ကျောက်စိမ်းရောင် လေထုဝင်၍ နေလေသည်။ လေထုဝင်သည်ဆိုသည်မှာ အပြာဖြင့် အပြာ၊ အစိမ်းဖြင့် အစိမ်း၊ အဝါဖြင့် အဝါရောင် တစ်ရောင်ထဲက ထိုပတ်ဝန်းကျင်လေထု ရေထု အရာဝတ္ထုအားလုံးကို လွှမ်းမိုး၍ ထားခြင်းပင်။

ထိုသို့ ထူးဆန်းသော ကျောက်နံရံများက လှိုဏ်ခေါင်း တစ်ခုအဖြစ် ဖန်တီးဖွဲ့စည်း၍ ထား၏။ မီးတောင်အခေါင်းပေါက် တစ်ခုပင် ဖြစ်ပေသည်။ အောက်ဘက်အတွင်းပိုင်း၌ ထိုးထိုးထောင်ထောင်၊ အချွန်အတက်တွေ၊ ပြီးတော့ ကျောက်ပန်းဆွဲတွေ၊ အချို့မှာ လှုပ်လီလှုပ်လဲ့ အချို့မှာကား ကျားကန်ထားဘိသကဲ့သို့ တည်ရှိနေသည်။

ဤအရာအားလုံး လူက ဖန်တီးထားသည် မဟုတ်ဘဲ





သဘာဝ မိခင်ကသာ သူ၏ အစီအစဉ်အတိုင်း ပြုလုပ်ဖန်တီးထားသည်ရှိလေရာ လူသားများပင် လိုက်လုပ်နိုင်စွမ်းမည့်ပုံသဏ္ဍာန်ပုံဟန်များ မဟုတ်ပါပေ။

"ဟုတ်သားပဲ . . ငါလည်း ဒီနန်းဆက်မွန်ပန်းချီကားကို အရင်က ကြည့်ခဲ့ဖူးတာဘဲ ဘာဖြစ်လို့ အခုလောက် မမြင်တာလဲ . . ဒါတွေကို အခုမှ ဘာလို့မြင်တွေ့လာရတာလဲ . . ဒါကလည်း နန်းဆက်မွန် ပန်းချီကားရဲ့ ဆန်းကြယ်မှုပါပဲကလား"

"ကြည့်စမ်း . . ဒီလိုအချိုးမညီ အရာဝတ္ထုတွေ ဖွဲ့စည်းထားတာကိုက ပိုပြီးထူးခြားနေတယ် . . မြေအောက်သဘာဝ နန်းတော်ကြီး ကျနေပါကလား"

ဦးအိန္ဒြာသည် ဆရာဝန်ကြီးတစ်ယောက် ဖြစ်ခဲ့သည့်အလျောက် သဘာဝအလှအပတွေကို ခံစားတတ်သူ မဟုတ်ပေ။ သို့သော် အခုတော့လည်း သည်သဘာဝအလှအပတွေကို ခံစားနေမိ၏။

"ဘယ်ဘက်မှာ ပြာလဲ့လဲ့အရောင် သန်းနေတယ် . . အရှေ့ဘက်မှာ အလင်းရောင်ဝင်နေသလိုပဲ . . အဲဒါ ဒီကျောက်လှိုဏ်ဂူရဲ့ အဝင်အထွက်လမ်း ဖြစ်နိုင်တယ် . . ညာဘက်မှာ ဘာတွေတုန်း ဒါဟာ ကျောက်တုံးနဲ့ ကျောက်ချပ်တွေပဲ . . ဟောဟိုမှာ ရေတံခွန် တစ်ခုပါလား . . ရေတံခွန်က ကျောက်ခွက်ကြီးတစ်ခုပေါ်က စီးဆင်းနေတာ ရေမှုန်ရေမွှားတွေ ဖွာထွက်နေလိုက်တာ . . ပန်းချီဆရာရဲ့ လက်ကို စုတ်စီးပြီး ရေးဆွဲထားသလားလို့တောင် တွေးထင်မိပါရဲ့ . . ပန်းရောင်ပြေပြေ လိမ်းနေတဲ့ ကျောက်ဆောင်သားမှာ



www.burmeseclassic.com

www.burmeseclassic.com



ရေမြှာရေစက်တွေကြား အလင်းရောင်ဖြတ်ပြီး သက်တံရောင်ပြေး နေတာ ကြည့်လို့မှ ကောင်းသေး''

ထို့နောက် ဦးအိန္ဒြာသည် ခေါင်းတညိတ်ညိတ်လုပ်ကာ

''ဟုတ်တယ် . . ငါ့မြေး မေမြတ်ဆွေ ပြောတာ ဖြစ်နိုင်ဖို့ လမ်း အတော်များတယ် . . ဒီနန်းဆက်မွန် ပန်းချီကားဟာ သာမန် ပန်းချီကား လုံးဝမဖြစ်နိုင်ဘူး . . နန်းဆက်မွန် ပန်းချီကားဆိုတော့ ရှေးဘုရင်မင်း တစ်ပါးပါးရဲ့ ပန်းချီကားတစ်ကားများလား . . ရေးနည်းရေးချက်တွေက ရှေးခေတ် ရေးနည်းရေးချက်တွေ မဟုတ်ဘူး . . ပြင်သစ်က ဗင့်ဆင့် ဗင်ဂိုးတို့ ဂေါဂင်တို့ရဲ့ ရေးနည်း ရေးချက်တွေပဲ''

ဦးအိန္ဒြာသည် အပေါ် မြေညီထပ်သို့ ရောက်သောအခါ ရင် ထဲ၌ပင် မောဟိုက်နေလေတော့၏။

* * * * * *

ပို၍ထူးခြားသည်ဟု ဆိုရမည်လား မသိ။ ဦးအိန္ဒြာသည် ဧည့်ခန်းအတွင်း ပက်လက်ကုလားထိုင်ပေါ် ထိုင်၍ ခြေထောက် အစုံကို ခြေတင်ခုံတစ်လုံးပေါ် ခပ်ခန့်ခန့်တင်၍ နောက်ကြောမှီ လိုက်လျှင် ချက်ချင်းပင် အိပ်ပျော်၍ သွားလေသည်။

ထိုအခါ သူသည် အိပ်မက်တစ်ခု မြင်မက်လေသည်။ ထို အိပ်မက်မှာ အခြားမဟုတ် သူကိုယ်တိုင် နန်းဆက်မွန်ပန်းချီကား အတွင်းသို့ ထိုးဖောက်ဝင်ရောက်သွားသည့်အိပ်မက် ဖြစ်လေသည်။





ရေကန်ကြီးတစ်ကန်ကို သူ တွေ့၏။ ထိုရေကန်ကြီးသည် ဘေးပတ်ပတ်လည် အုတ်နံရံများ အက်ကွဲလျက် ထိုအက်ကွဲသော နေရာများမှ မြေအများအန်ကျကာ ရေကန်ကို တိမ်ကော၍ သွား စေ၏။ ကန့်ရေ ပြင်တစ်ခုလုံးလိုလို အစိမ်းရောင်ရေညှိများ နေရာလပ်မရှိ ဖုံးအုပ်လျက် ညာဘက်ဘေးတွင် ပျက်စီးနေသော ရှေးဟောင်းအဆောက်အဦးတစ်ခု ရှိသည်။

အဆောက်အဦးမှာ အလွန်ပျက်စီးနေပြီဖြစ်၍ အမိုး ခုံးနှစ်ခုမျှသာ ကြွင်းကျန်၏။ အမိုးခုံးများအပေါ်တွင် ကပ်၍ တက်လျက်ရှိသော နွယ်ပင်နွယ်ညွန့်တို့သည် လေလာလျှင် မြွေ များလို တရမ်းရမ်း တလှုပ်လှုပ် ရှိနေလေသည်။

ထိုအမိုးခုံးအောက်၌ လူတစ်ယောက်ဟု တွေးထင်ရသော အရိပ်တစ်ရိပ်၊ လူတစ်ယောက် မီးတုတ်ကိုင်၍ ရပ်နေသည်နှင့် အလွန်တူ၏။ ထိုလူရိပ်သဏ္ဌာန်၏ အောက်ဘက်၌ မီးရောင်လို တောက်ပနေသော်လည်း မီးရောင်လို ပူပြင်းသော တောက်ပနေ ခြင်းမျိုး မဟုတ်သော အရောင်တွေ တလှပ်လှပ် ပြေးနေလေသည်။

အမှန်တော့ ရတနာပုံကြီး ဖြစ်သည်။ ကျောက်သံပတ္တမြား တွေ စိန်ရွှေရတနာတွေ ပုံ၍ထားသော ရတနာပုံကြီးတစ်ပုံပင် တည်း။ ခပ်လှမ်းလှမ်း၌ ပေါင်းကူးတံတားတစ်ခု ရှိသည်။ တံတား အလယ်၌ မြင့်တက်ခုံး ဝိုင်း၍နေ၏။ ထိုတံတားထိပ်က မြင်းတစ် စီးရှိသည်။ မြင်းတစ်ကောင်ဟုလည်း မှတ်ယူနိုင်၏။

ဦးအိန္ဒြာသည် အိပ်မက်မက်နေရာမှ ဖျပ်ခနဲ လန့်၍ နိုးလာသောအခါ ခရီးဝေးတစ်ခုက ပြန်လည်ရောက်ရှိလာသော



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်အလား မောမောပန်းပန်း ဖြစ်နေ၏။ မမြတ်ဆွေက

"အဘိုး ဘာဖြစ်လို့လဲ နေမကောင်းဘူးလား"

ဟု မေးလိုက်လျှင် အဘိုးဦးအိန္ဒြာက

"ဟို . . ဟို . ."

ဟု ပြောမည့်စကား လိုရာမရောက် ဖြစ်နေသည်။ စိတ်အစဉ် ပျံ့လွင့်နေမှန်း မမြတ်ဆွေ ကောင်းကောင်းသိလိုက်သဖြင့်

"အဘိုး အိပ်ပျော်နေတာ မဟုတ်လား"

ဟု မေး၏။ ဦးအိန္ဒြာက

"အေး . . ဟုတ်တယ်"

ဟု ပြောလိုက်သည်။ ပြီးကာမှ နေ့ခင်းကြောင်တောင် မြင်မက် သော အိပ်မက်အကြောင်းကို မြေးဖြစ်သူ မမြတ်ဆွေအား ပြောပြလိုက်လေရာ မမြတ်ဆွေသည် အဘိုးဦးအိန္ဒြာကို အငေးသားကြည့်ကာ "အဘိုး" ဟုခေါ်လိုက်လေသည်။

"ဘာလဲ"

"ကျွန်မမက်တဲ့ အိပ်မက်အကြောင်း အဘိုးကို မနေ့က ပြောပြခဲ့တယ် မဟုတ်လား"

အဘိုးဦးအိန္ဒြာသည် မြေး မမြတ်ဆွေကို မျက်လုံးအဝိုင်းသား ကြည့်ကာ ခေါင်းကို အရင်ရမ်းပြသည်။ ပြီးကာမှ

"မပြောပါဘူး"

ဟု ပြောလိုက်လေသည်။ ထို့နောက်

"ဘာဖြစ်လို့လဲ"





ဟု မေးလိုက်သည်။ မမြတ်ဆွေက

"အဘိုးရေ . ."

"ဘာလဲ"

"ကျွန်မတို့ မြေးအဘိုး ဘာတွေ ဖြစ်ကုန်ပြီလဲ မသိဘူး . . အမှောင့်ပယောဂတွေများ ပတ်ပြီလားပဲ"

"ဟဲ့ . . ဘာဖြစ်လို့တုန်း ဘာလဲ ငါ အိပ်မက်မက်လို့လား . . ဒီအိပ်မက်နဲ့ ဘယ်လို ပတ်သက်နေလို့လဲ"

အဘိုးဦးအိန္ဒြာသည် မြေး ပြောလာသော စကားကို နားမလည် ၍ ပြန်မေးလိုက်ခြင်းပင်၊ ထိုအခါ မြေးမမြတ်ဆွေက

"အဘိုး . . ခုပြောပြတဲ့ အိပ်မက်ကို ကျွန်မ ဟိုနေ့ညက မက် ခဲ့လို့ပဲ"

ဟု ပြောလိုက်လေရာ အဘိုးဦးအိန္ဒြာက

"အို . . မဟုတ်တာ ငါ့မြေးရယ် . . အိပ်မက်တစ်ခုထဲကို လူ နှစ်ယောက်က တစ်ပုံစံထဲ မက်ရတယ်လို့ မဟုတ်နိုင်ပါဘူး"

ဟု ငြင်းချက်ထုတ်ပြီး

"ဟုတ်ပါတယ်ဆို အဘိုးကလဲ . . ဒါကြောင့် ကျွန်မက အဘိုး ကို ကျွန်မ အိပ်မက်မက်တဲ့အကြောင်း ပြောမိသေးလား မေးရတာပေါ့ . . ကျွန်မမက်တဲ့ အိပ်မက်ကလည်း အဲဒီအတိုင်းပဲ"

အဘိုးဦးအိန္ဒြာ သက်ပြင်းတစ်ချက် ချလိုက်လေသည်။ နဖူးကြောတွေကို ရှုံ့လိုက်၏။

"ကြံကြံဖန်ဖန်ဟယ်"

"အခု အဘိုးပြောပြတဲ့ အိပ်မက်အတိုင်း ကွက်တိပဲ . ."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ မက်တာ"

"ဒီလိုဆိုရင် တစ်ခုခုတော့ မဟုတ်တော့ဘူး ထင်တယ် ငါ့မြေး ရယ်"

ဆန်းကြယ်မှုတစ်ခုကြောင့် မြေးအဘိုးနှစ်ယောက်မှာ စကားပင် မပြောဝံ့တော့ပေ။ အတန်ကြာမှ မေမြတ်ဆွေက ဝမ်းနည်းကြေကွဲသော အသံဖြင့်

"ခုနေ အဖေရှိရင် ကောင်းမှာပဲ . . ဒီပန်းချီကားနဲ့ ပတ်သက်လို့ အဖေက သိထားတာတွေ ရှိတယ်"

ဟု ပြောလိုက်လေသည်။ မေမြတ်ဆွေဖခင် ဦးမျိုးဆွေ ကွယ်လွန်သွားသည်ကတော့ နှလုံးရောဂါဖြင့် ကွယ်လွန်သွားခြင်း ဖြစ်သည်။ သို့သော် ဦးမျိုးဆွေသည်လည်း သူ့ကိုယ်သူ ကွယ်လွန်ဦးမည် မထင်ခဲ့ပေ။ ထို့ကြောင့်လည်း သမီးအတွက် ဘာမျှ ပြင်ဆင်ပေးခဲ့ခြင်း မရှိခဲ့ ပေ။

အဘိုးဦးအိန္ဒြာသည် မြေးမေမြတ်ဆွေက အစဖော်လိုက်သဖြင့် သားဖြစ်သူကို သတိရလာဟန် တူသည်။

"ဟုတ်တယ် . . မြေးအဖေကတော့ ဒီပန်းချီကားအကြောင်းကို သိကောင်းသိနိုင်တယ် . . ဘာဖြစ်လို့လဲဆိုတော့ ပန်းချီကား ပိုင်ရှင် ဦးရန်ရှင်းအကြောင်းကို သူသိနေတယ် မဟုတ်လား . . ဦးရန်ရှင်းက သူ့ကို ဒီနန်းဆက်မွန် ပန်းချီကားအကြောင်း မပြောခဲ့ဘူးလို့ မပြောနိုင်ဘူး"

"အဖေ မှတ်ထား တေးထားတဲ့ မှတ်စုစာအုပ် ရှိချင်ရှိမယ်ထင်တယ် အဘိုး"





"ရှိချင်ရှိလိမ့်မယ် . . သူကလည်း မှတ်တမ်းရေးတတ်တာပဲ မဟုတ်လား"

ထိုအခိုက် မေမြတ်ဆွေက တစ်စုံတစ်ခုကို တွေးမိလိုက်ဟန်ဖြင့်

"ဪ . . သတိမေ့နေလိုက်တာ"

ဟု ပြော၏။

"ဘာလဲ မိဆွေ"

"ကျွန်မမှာ အလွန်ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက် ရှိတယ် . . သူ့နာမည်က ကိုမျိုးလွင်တဲ့ . . သူက ပန်းချီပညာအကြောင်း နားလည်တယ် . . ပြီးတော့ ဗဟုသုတလည်း ရှိတယ် . . မြန်မာပြည် အထက်အောက် ပင်လယ်ထဲအထိ ခရီးသွားခဲ့ဖူးတဲ့ လူတစ်ယောက်လို့လဲ ပြောလို့ ရတယ် . . သူ့ကို ကျွန်မ ခေါ်လာခဲ့မယ် ပြီးတော့ ဒီနန်းဆက်မွန် ပန်းချီကားကို ပြကြည့်မယ် . . ဘယ်လိုလဲ အဘိုး"

"ငါ့မြေးလူက စိတ်ချရပါ့မလား"

"ကျွန်မလူ မဟုတ်ပါဘူး အဘိုးကလဲ"

"ထားပါတော့ . . စိတ်ချရရင် ခေါ်ပြီး ပြကြည့်ကြတာပေါ့"

* * * * * *



www.burmeseclassic.com

www.burmeseclassic.com



အဘိုးဦးအိန္ဒြာကိုယ်၌က ဤနန်းဆက်မွန်ပန်းချီကား အပေါ်တွင် စိတ်ဝင်စားလာသောအခါ မေမြတ်ဆွေအဖို့ ကိုမျိုးလွင်ကို အိမ်သို့ ဖိတ်ခေါ်ရန် ဝန်မလေးတော့ပြီ။ ကိုမျိုးလွင်မှာ မေမြတ်ဆွေနှင့်အတူ မဟာဝိဇ္ဇာတန်းစာမေးပွဲကို တစ်နှစ်တည်း အောင်မြင်ထားသူ ခေတ်ပညာတတ်တစ်ဦး ဖြစ်သည်။

မေမြတ်ဆွေသည်သာ မဟာဝိဇ္ဇာတန်းစာမေးပွဲအောင်ပြီး အိမ်တွင် အနားယူနေခဲ့ခြင်း ဖြစ်သည်။ ကိုမျိုးလွင်ကမူ စာသင် နေရလျှင် စာသင်နေမည်။ စာမသင်နေရပါကလည်း ပညာတစ်ရပ်ရပ်ကို လေ့လာဆည်းပူးနေလိုသော လူရွယ်ဖြစ်သည်။

ထို့ကြောင့် ကိုမျိုးလွင်သည် အချိန်ကို အလဟဿမဖြစ်လိုဟုဆိုကာ သိုင်းဆရာကြီးတစ်ဦးထံတွင် မြန်မာရိုးရာသိုင်းပညာများ သင်ကြားလျက် ရှိလေသည်။ သိုင်းဆရာကြီးမှာ 'မိုးလုံးပတ်လည်ဆရာကြွယ်' ဖြစ်သည်။

ထောက်ကြန့်အနောက်ပိုင်း ခြံကျယ်ကြီးတစ်ခုအတွင်းတွင် မိုးလုံးပတ်လည် ဆရာကြွယ် နေထိုင်သဖြင့် ထိုခြံကြီးအတွင်း၌ပင် သင်တန်းများကို သိုင်းပညာများ သင်ကြားရလေသည်။

"ဟိတ် . ."

"ကျား . ."

ကိုမျိုးလွင်သည် အရှိန်နှင့် ပြေးလာပြီး သစ်တန်းတစ်တန်းကို ညာဘက်လက်ဝါးစောင်းဖြင့် အထက်မှ အောက်သို့ ခုတ်သလို ရိုက်ချလိုက်လေ၏။

"ဝိုး . ."





"ဝှစ် . ."

"ဒုတ် . . ဖြောင်း"

သစ်တန်းမှာ ၃×၂ လက်မ သစ်တန်းတစ်ခု ဖြစ်သည်။ လက် ဝါးလက်ချက်ကြောင့် ဒုတ်ခနဲ ထိခတ်လိုက်ရုံနှင့် ဖြောင်းခနဲ သွင်သွင်ကျိုး ပြတ်၍ သွားလေသည်။ ထိုအချိန် မေမြတ်ဆွေ ရောက်ရှိလာခြင်း ဖြစ် သည်။

"အမယ်လေးနော် ငါ နင့်ကို ရှာလိုက်ရတာ . . နင် ပြောတုန်းကတော့ မြန်မာနိုင်ငံသမိုင်းသစ် စာအုပ်တစ်အုပ် ပြုစုမလို့ဆို အဟုတ်လားလို့ . . ငါ့မှာဖြင့် သမိုင်းစာအုပ်တွေ ရှာလိုက်ရတာ လေးငါးအုပ်တောင် စုမိနေပြီ"

မေမြတ်ဆွေသည် ကိုမျိုးလွင်နှင့် ပြောမနာဆိုမနာတွေ ဖြစ်သဖြင့် စိတ်ထဲရှိသည်တို့ကို ချန်မထားတော့။ အကုန်အစင် ပြောဖြစ်လိုက် လေသည်။ သင်တန်းထဲက ထွက်လာသော ကိုမျိုးလွင်မှာ မျက်နှာသုတ်ပဝါနှင့် မျက်နှာပေါ်က ချွေးစတွေကို အရင် ဆုံးသုတ်ရင်း

"အစကတော့ သမိုင်းစာအုပ် ပြုစုမလို့ပဲ . . ဒါပေမဲ့ သိုင်းပညာ သင်ချင်သေးတာနဲ့ လာသင်နေတာ"

ဟု ပြောပြလေသည်။ မေမြတ်ဆွေက ကိုမျိုးလွင်ကို အသေအချာ ကြည့်ပြီး ဟက်ခနဲ ရယ်လိုက်ကာ

"နင်ကများ သိုင်းပညာကို သင်ရတယ်လို့ဟယ်"

ဟု ပြောလေရာ ကိုမျိုးလွင်က

"ဟဲ့ . . ဒီပညာ ဘာမှ တကယ်လက်တွေ့ အသုံးကျတဲ့ပညာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး . . အခု နင့်ကို လူတစ်ယောက်ယောက်က အနှောင့်အယှက်ပေးခဲ့ရင် နင့်ကိုယ်နင် ခုခံကာကွယ်နိုင်မယ် မှတ်သလား''

ဟု မေး၏။

''အမယ်လေး . . မြို့ပေါ်မှာနေတာ ဘယ်သူကလာပြီး အနှောင့် အယှက် ပေးနိုင်မှာတဲ့လဲ''

''ဒီလိုမပြောနဲ့လေ . . အခု တို့မြန်မာ့လွတ်လပ်ရေးအတွက် မြန်မာတိုင်းရင်းသား လူငယ်လူရွယ်တွေ နင်တို့အမျိုးသမီးတွေရော ဝံသာနုစိတ်ဓာတ်နဲ့ အမျိုးသားအရေး ပါဝင်ထမ်းဆောင်နေကြပြီလေ နင် မသိဘူးလား''

''သိပါတယ်ဟာ . . ငါလည်း အများပြည်သူထဲက ပြည်သူတစ်ယောက်ပဲ ဥစ္စာ''

''ဒါထက် နင် ငါ့ကို တကူးတက လိုက်ရှာတာ အကြောင်းထူး ရှိနေလို့ မဟုတ်လား''

ကိုမျိုးလွင်က အင်္ကျီနှင့် ပုဆိုးကို လဲဝတ်ပြီး ဤသို့ မေးလိုက်သောအခါ မေမြတ်ဆွေက ကိုမျိုးလွင်ကို ကားရပ်ထားရာသို့ လျှောက်လာရင်း လာရင်းအကြောင်းကို ပြောပြလိုက်လေသည်။ ကိုမျိုးလွင်သည် လူငယ်တစ်ယောက် ဖြစ်သည့်အပြင် ထူးထူးခြားခြားအရာမှန်သမျှ စူးစမ်းလေ့လာတတ်သူ ဖြစ်လေရကား

''မဆွေ . . နင် ငါ့ကို လာနောက်နေတာတော့ မဟုတ်ပါဘူး နော် . . တကယ်အတည်ပြောနေတာလား''

ဟု သေချာသည်ထက် သေချာအောင် မေးလိုက်လေသည်။

''ငါ နင့်ကို ဘယ်တုန်းက နောက်ခဲ့ဖူးလို့လဲ ကိုမျိုးရယ်





မယုံရင်လိုက်ခဲ့ . . တစ်ခုတော့ ရှိတယ် ဒီကိစ္စ နင် ဘယ်သူ့ကိုမှ လျှောက်မပြောနဲ့ပေါ့''

''ဒီအတွက် စိတ်ချ . . နင်ကသာ ငါ့ကို နောက်တောက်တောက်ပြောင်တောင်တောင် လာမလုပ်နဲ့''

မေမြတ်ဆွေက ကိုမျိုးလွင်ကို ဘာမျှ ဆက်မပြောတော့ဘဲ မျက်စောင်းကလေးတစ်ချက် ချစ်စရာကောင်းစွာ ခဲလိုက်လေသည်။ ပြောမည့်သာ ပြောနေခြင်း ဖြစ်သည်။ ကိုမျိုးလွင်သည် အိမ်သို့ပင် တစ်ခေါက် မပြန်တော့ဘဲ မေမြတ်ဆွေနှင့်အတူ လိုက်လာခဲ့လေသည်။

မေမြတ်ဆွေမှာ ကိုယ်ပိုင်ကား မရှိသည်မှာ ကြာပြီဖြစ်၍ သူငယ်ချင်း ဝင်းဝင်းမော်တို့အိမ်က ကားကို တောင်းတောင်းပန်ပန်နှင့် ငှားရမ်းခဲ့ရသည်ဖြစ်၍ အိမ်ခြံဝင်းရှေ့သို့ ရောက်သည်နှင့် ခြံဝင်းအတွင်းသို့ပင် ကားကို မဝင်စေတော့ဘဲ ခြံဝကပင် ဒရိုင်ဘာအား

''ကဲ . . ဦးရေ ဝင်းဝင်းမော်ကိုသာ ကျွန်မမဆွေက အလွန်ကျေးဇူးတင်လိုက်ပါတယ်လို့ ပြောပေးပါ''

ဟု ပြောလိုက်ရာ ဒရိုင်ဘာလူကြီးက ပြုံးပြုံးရွှင်ရွှင်ပင်

''အေးအေး . . ပြောလိုက်ပါ့မယ်''

ဟု ပြောပြီးနောက် ကားကို မောင်းနှင်ထွက်ခွာသွားလေသည်။ မေမြတ်ဆွေက ကိုမျိုးလွင်ကို နဝရတ်စံအိမ်သို့ ဖိတ်ခေါ်လာသောအခါ ကိုမျိုးလွင်သည် လျှို့ဝှက်မြေအောက်တိုက်ခန်းရှိ နန်းဆက်မွန် ပန်းချီကားကို အငမ်းမရ လေ့လာပါလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



မေမြတ်ဆွေက လိုအပ်သည်တို့ကို မှန်ဘီလူးကအစ အားလုံးလိုလေသေးမရှိ ယူထားပေးလေသည်။

ကိုမျိုးလွင်ကလည်း အလွန်ထူးခြားသော စရိုက်မျိုးရှိသောလူငယ်မျိုး ဖြစ်သည်။ အခုလိုအလုပ်မျိုး ရှာဖွေစူးစမ်းရမည်ဆိုလျှင် ထမင်းမေ့ ဟင်းမေ့အလုပ်၌သာ စိတ်ကို နှစ်၍ထားတတ်သော လူငယ်မျိုး ဖြစ်သည်။

ယခုလည်း ကိုမျိုးလွင်သည် နန်းဆက်မွန်ပန်းချီကားကို အသေအချာ လေ့လာစူးစမ်းနေသည်။ ပန်းချီအနုပညာသဘော အရ အနီးမှ ကြည့်သည်။ အဝေးက ကြည့်သည်။ အဝေးက ကြည့်သည်ဟုဆိုရာတွင် အလွန်ဝေးကွာသော နေရာမျိုးကတော့ မဟုတ်ပေ။

ပြီးတော့ လက်ကိုင်ပါသော မှန်ဘီလူးအဝိုင်းကို ကိုမျိုးလွင်သည် လက်ထဲတကိုင်ကိုင်နှင့် ရှိနေသည်။ နန်းဆက်မွန်ပန်းချီကားပေါ်က စုတ်ချက်တွေ အရောင်တွေ အလင်းအမှောင်တွေအားလုံးကို အသေအချာ အသေးစိတ်လေ့လာ၏။ စူးစမ်း၏။

ပန်းချီကားတစ်ချပ်ကို လေ့လာစူးစမ်းရာတွင် အနုပညာစံနှင့်ပင် လေ့လာစူးစမ်းရမည် ဖြစ်သည်။ ကိုမျိုးလွင်လည်း နန်းဆက်မွန် ပန်းချီကားကို အနုပညာစံဖြင့်သာ လေ့လာစူးစမ်း လေ့လာသည်။

"မိဆွေ . . နင့်စကားကို ငါ ယုံလိုက်ပြီ . . ဟုတ်တယ် ဒီနန်း ဆက်မွန်ပန်းချီကားဟာ အတော့်ကို ထူးခြားနေတယ်"

စကားကို ကိုမျိုးလွင်က စတင်ပြောလေသည်။ အဘိုး





ဦးအိန္ဒြာသည် လူငယ်တွေကြား ဝင်မရှုပ်လိုသော်လည်း လျှို့ဝှက်မြေအောက် တိုက်ခန်းသို့ ဆင်းလိုက်ရ၏။

"ဟုတ်တယ် . . ပန်းချီကားလက်ရာကတော့ ထူးထူးခြားခြားကို ပြောင်ပါတယ် . . ငါဖြင့် ဒီလိုပန်းချီကားမျိုး လက်ရာမျိုးကို တွေ့တောင် မတွေ့ဖူးဘူး"

"ဘာ . . အခုမှ နန်းဆက်မွန်ပန်းချီကားကို မတွေ့ဖူးဘူး ဘာဘူးလုပ်နေတာလဲ"

"အမှန်အကန်ဆိုတော့လည်း ငါက ကပျက်ကချော် လုပ်နေလို့ ရမှာတဲ့လား"

"ကဲ . . နန်းဆက်မွန်ပန်းချီကားအကြောင်း ဆက်စမ်းပါဦး"

"နန်းဆက်မွန်ပန်းချီကားရဲ့ သက်တမ်း စစ်ဆေးဖို့ လိုတယ်"

မေမြတ်ဆွေက . .

"လွယ်ပါတယ် . . ဓာတ်ခွဲဌာနကို ပို့ပြီး ပန်းချီကားသက်တမ်းကို ရှာကြတာပေါ့"

ဟု ပြောလိုက်လေသည်။

ကိုမျိုးလွင်မှာကား နန်းဆက်မွန် ပန်းချီကားကို စိတ်ဝင်စားခြင်းအပြည့် ဖြစ်နေပါတော့၏။

* * * * * *



www.burmeseclassic.com

www.burmeseclassic.com



ထူးခြားလွန်းလှသော နန်းဆက်မွန် ပန်းချီကားကို ဆက်လက်၍ မည်ကဲ့သို့ စူးစမ်းလေ့လာရမလဲ တွေးနေရာမှ ကိုမျိုးလွင်သည် တစ်စုံတစ်ခုကို သတိရလိုက်လေ၏။ သို့နှင့် သူသည် မောင်းချပ်ဓားတစ်လက်ကို ယူလိုက်ကာ ဓားသွားကို ဆွဲကော်၍ ထုတ်လိုက်သည်။ မောင်းချပ်ဓားသည် အသစ်ဖြစ်နေ၍ ဓားသွားကို ဆွဲကော်ထုတ်ရာ၌ မလွယ်ကူလှပေ။

သူ့ကို မေမြတ်ဆွေက ကြည့်ပြီး

"ကိုမျိုး ဘာလုပ်မလို့လဲ"

ဟု မေးလိုက်လေသည်။ ကိုမျိုးလွင်က မေမြတ်ဆွေကို အားနာစွာဖြင့်

"ဆေးသားကို ဓားနဲ့ ခြစ်ကြည့်မလားလို့"

ဟု ပွင့်ပွင့်လင်းလင်းပဲ ပြောပြလိုက်လေသည်။ ဤသို့သော စမ်းသပ်မှုမျိုးကို မေမြတ်ဆွေက စမ်းသပ်ထားပြီး ဖြစ်သဖြင့်

"ကိုမျိုး စမ်းကြည့်ချင် စမ်းကြည့်လေ . . ကျွန်မ စမ်းကြည့်ပြီးပြီ ဘယ်လိုမှ မနေဘူး . . မှန်ပေါ်ကို ဓားနဲ့ခြစ်သလိုမျိုးပဲ"

ဟု အပြည့်အစုံ ပြောလိုက်လေသည်။ ထို့ကြောင့် ကိုမျိုးလွင်သည် သူ၏စမ်းသပ်ချက်ကို စမ်းသပ်ပြီး သဘောမှတ်လိုက်လေသည်။ ဤအချက်ကိုတော့ အဘိုးဦးအိန္ဒြာ ဝင်ပြောလေသည်။

"ဟုတ်တယ် မောင်မျိုးရဲ့ . . ဆေးသားတွေကလည်း အံ့သြစရာပဲ အတော့်ကို မာတာ . . ကျောက်သားပကတိအတိုင်းပါပဲကွာ . . ပြင်သစ်ပြည် ပါရီမြို့အနုပညာပြတိုက်ထဲက ပန်းချီဆရာကြီး လီယိုနာဒို ဒါဗင်ချီရဲ့ 'မိုနာလီဇာ' ပန်းချီကားထက်တောင်





ဒီနန်းဆက်မွန် ပန်းချီကားက အံ့သြစရာ ကောင်းမယ်လို့ ထင်မိတယ်"

"အဘိုးပြောတာ မှန်ပါတယ် . . မိုနာလီဇာ ပန်းချီကားဟာ မျှတတဲ့ အပူအအေးပေးတဲ့ စက်ပစ္စည်းတွေနဲ့ စနစ်တကျ ထားတာတောင် အခု ဆေးတွေ အက်ကွဲနေပြီလို့ ပြောတယ်"

"နှစ်တွေကလည်း မနည်းတော့ဘူးလေ . . သင်္ခါရတရားကလည်း ရှိသေးတယ် မဟုတ်လား"

ဤသို့ဖြင့် ကိုမျိုးလွင်နှင့် နန်းဆက်မွန်ပန်းချီကား စူးစမ်းလေ့လာမှုမှာ တစ်စခန်း ရပ်ခဲ့ရလေသည်။ ကိုမျိုးလွင်ကတော့ ဖွဲလျှော့မည် မထင်ပေ။

"မဆွေ ဒီကိစ္စ အသာထား . . ငါ ဆက်ပြီး ထရေ့စ်လိုက်မယ် . . အရင်ဆုံး သက်ဆိုင်ရာစာတွေ ပြန်ဖတ်လိုက်ဦးမယ်"

ဟုပင် ကိုမျိုးလွင်က ပြောသွားလေသည်။ မေမြတ်ဆွေကလည်း ကိုမျိုးလွင် အစီအစဉ်ကို သဘောကျသည်။

"အေး . . ကောင်းတယ် ငါလည်း စာဖတ်လိုက်ဦးမယ်"

ဟု ပြောလိုက်လေသည်။ သည်လိုနှင့် လပိုင်း ကူးလာခဲ့လေသည်။ ကိုမျိုးလွင်ရော မေမြတ်ဆွေပါ 'နန်းဆက်မွန်' ပန်းချီကားအကြောင်း စကားမစပ်မိဘဲ အခြားအကြောင်းအရာ လူမှုရေးကိစ္စများနှင့် အချိန်တွေကုန်ခဲ့ရသည်။

သည်လပိုင်းအတွင်း ကိုမျိုးလွင်မှာ မန္တလေးရှိ သူ့အဒေါ်တစ်ယောက် ကျန်းမာရေးမကောင်း၍ လူမမာမေးသဘော ခရီးထွက်ခဲ့ပါသေးသည်။ သည်တော့ အဘိုး ဦးအိန္ဒြာတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



သည်သာ နန်းဆက်မွန် ပန်းချီကားနှင့် နီးစပ်မှု ရှိလာခဲ့လေသည်။

ယခုနောက်ပိုင်း အဘိုးဦးအိန္ဒြာကိုယ်တိုင် နန်းဆက်မွန်ပန်းချီကားအပေါ်တွင် လူတစ်ယောက်အကြောင်း သိလို၍ ထိုလူအားအနီးမှ စောင့်ကြည့်နေသလို ထိုနန်းဆက်မွန်ပန်းချီကားကို စောင့်ကြည့်နေခဲ့လေသည်။

"အလို . . ဒီပန်းချီကားဟာ ငါတို့ထင်ထားတာထက်တောင် ထူးခြားနေပါလား"

အဘိုး ဦးအိန္ဒြာ ရေရွတ်လိုက်မိလေ၏။

"ငါ့မျက်စိတွေ မှုန်နေလို့များလား . . မဟုတ်သေးပါဘူး ငါက မျက်မှန်တောင် ဆောင်ရတဲ့မျက်စိမျိုးမှ မဟုတ်တာဘဲ . . မဟုတ်သေးပါ ဘူး ဒီပန်းချီကားကြီးဟာ အရင်ကနဲ့ မတူပါဘူး . . ပြောင်းလဲသွားတာကတော့ အမှန်ပဲ . . ဘာတွေပြောင်းလဲသွားတာလဲ"

အဘိုးဦးအိန္ဒြာသည် နန်းဆက်မွန်ပန်းချီကားကို နေ့စဉ်ရက်ဆက်စောင့်ကြည့်လာခဲ့သည်။ သိသာ၏။ အိမ်ပတ်ဝန်းကျင်ရှိ သဘာဝနေရောင်၊ ပြီးတော့ လူများ ဖန်တီးသည့် လျှပ်စစ်မီးအလင်းရောင်စသော အရောင်များနှင့် လုံးဝမပတ်သက်စေဘဲ လင်းလိုက်ချေ၊ မှောင်လိုက်ချေ ရှိနေ၏။

"ဟာ . . အံ့ဖွယ်သရဲပါပဲကလား"

အဘိုးဦးအိန္ဒြာသည်ပင် ဤကဲ့သို့ မရေရွတ်ဘဲ မနေနိုင်ဖြစ်၍ သွားလေသည်။

"မနက်ပိုင်းနဲ့ ညပိုင်းမှာ အရောင်တွေ ပိုတောက်နေတယ်





. . ဒါဟာ နေရောင်ရဲ့ သက်ရောက်မှု လုံးဝမဟုတ်ဘူး သူ့ဖာသာဖြစ်နေတာ . . သူ့ဖာသာ ဖြစ်နေတာဆိုတာကလည်း အမှန်တော့ သဘာဝမကျတဲ့စကား ဖြစ်တယ် . . သူ့ဖာသာ ဖြစ်တာ မဖြစ်နိုင်ဘူး . . ဒီနန်းဆက်မွန်ပန်းချီကားနဲ့ တစ်ခုခု ဆက်နွယ်ပတ်သက်မှု ရှိနေတာ ဖြစ်မယ်"

မှန်ပါသည်။ ညဘက်၌ နန်းဆက်မွန်ပန်းချီကားသည် အမှောင်တွေ ဖုံးနေရုံမက နောက်ခံကောင်းကင်၌ ကြယ်တွေပင် ပေါ်ထွက်လာသည် မဟုတ်ပါလား။

နန်းဆက်မွန်ပန်းချီကားဟာ ဒီကမ္ဘာလောကတစ်နေရာနဲ့ ဆက်နွယ်ပတ်သက်နေတာများလား၊ ဟိုဘက်တစ်နေရာမှာ ဖြစ်ပျက်ပြောင်းလဲမှု မှန်သမျှ ဤနန်းဆက်မွန်ပန်းချီကား၌ ပြတင်းပေါက်က မြင်ရသော အပြင်ဘက်မြင်ကွင်းတွေကို လှမ်းမြင်နေရသည်ကဲ့သို့ ဖြစ်နေသည်ဟုလည်း မှတ်ယူနိုင်ပေသည်။

နောက်တစ်နေ့မနက်သို့ ရောက်ရှိသောအခါ မနေ့ညကအဖြစ်မျိုး မဟုတ်တော့ပေ။ ကျောက်ဆောင်ကျောက်နံရံများသည် အလင်းတန်းတွေ ပြန်နေသည်။ တစ်ဖက်က အလင်းတန်း ဝင်လာလျှင် ဆန့်ကျင်ရာဘက်သို့ အရိပ်မည်းတွေ ထိုးကျလာနေသည်။

သို့ဖြင့် အဘိုးဦးအိန္ဒြာသည် မြေးအား နန်းဆက်မွန်ပန်းချီကားအပေါ် နောက်ထပ်တွေ့ရှိချက် အသစ်အဆန်းကို ပြောဖြစ်အောင် ပြောပြလိုက်လေသည်။ ထိုအခါ မေမြတ်ဆွေက

"ဟုတ်လား အဘိုး . . ဒါကို ကျွန်မက ဂရုစိုက်တာမှ မဟုတ်တာ . . အဘိုးက ဂရုတစိုက် ကြည့်နေတယ်ဆိုတော့ ဒါကို

www.burmeseclassic.com

www.burmeseclassic.com



သွားတွေ့တာပဲပေါ့"

ဟုသာ ပြောသည်။ ဤမျှသော ထူးခြားမှုကို ဂရုမစိုက်ချင်ဘဲ ဖြစ်နေသည်။ အဘိုးဦးအိန္ဒြာ ဆက်မပြောဘဲ ငြိမ်နေလိုက်သည်။ မိမိ လုပ်သင့်လုပ်ထိုက်သည်တို့ကို ဆက်၍သာ လုပ်နေသည်။

အမှန်တော့ သည်ရက်ပိုင်းရောက်ကာမှ မေမြတ်ဆွေမှာ ကိုမျိုးလွင်၏ ချစ်ခွင့်ပန်ခြင်း ရှိလာသည်။ မေမြတ်ဆွေကို ကိုမျိုးလွင် ချစ်ရေး ဆိုရာ စကားပြောလာသည့်အချိန်မှာ အတန်ငယ်ကြာညောင်းခဲ့သည်ဟု ဆိုရမည်။

အကြောင်းမူကား မေမြတ်ဆွေမှာ ကိုမျိုးလွင်အပေါ်တွင် သူ ငယ်ချင်းအချစ်မှ ကျော်လွန်၍ စွဲလမ်းငြိတွယ်ခဲ့ရသည်မှာ ကြာပြီဖြစ် သောကြောင့်ပါပေ။ သို့သော်လည်း မိန်းမတို့၏ ဂုဏ်သိက္ခာကိုမူကား ထိန်းသိမ်းထားရဦးမည် ဖြစ်လေရကား ရော့ . . ပတ္တမြား၊ ရော့ . . နဂါး အဖြစ်မျိုးကိုမူ မေမြတ်ဆွေ မဖန်တီးခဲ့ပေ။

ဤသို့သော အခြေအနေမျိုးတွင် ကိုမျိုးလွင်ကို မေမြတ်ဆွေက နန်းဆက်မွန် ပန်းချီကား၏ အချိန်နှင့်အမျှ အလင်းအမှောင် ပြောင်းလဲ နေခြင်း ပန်းချီကား၏ ကောင်းကင်မိုးသား၌ ကြယ်တာရာအစုံ လင်းလက်ခြင်း စသည်တို့ကို စကားစပ်မိသည်နှင့် ကိုမျိုးလွင်မှာ အရင်ကထက်ပင် လှုပ်လှုပ်ရှားရှား ဖြစ်လာပါလေတော့၏။

"ဟုတ်လား မဆွေ . . နန်းဆက်မွန်ပန်းချီကားဟာ အဲဒီလို





တကယ်ဖြစ်နေပြီလား"

ဟု ကိုမျိုးလွင် အငမ်းမရ မေးလာလေရာ မေမြတ်ဆွေက

"ဟုတ်တယ် ကိုမျိုး . . နန်းဆက်မွန်ပန်းချီကားရဲ့ မာယာတွေ ပြားလုတဲ့ လျှို့ဝှက်ချက်ကတော့ အနုပညာသဘောတွေကို လွန်မြောက် နေပြီလို့ ထင်နေမိတော့တာပဲ ကိုမျိုးရယ်"

ဟု ပြောပြလိုက်လေသည်။

"ဒီလိုဆိုရင် ငါတို့ အဖြေတစ်ခု ရှာရတော့မှာ အမှန်ပဲ မဆွေ"

"ဟုတ်တယ် ကိုမျိုး . . ငါကတော့ သူ့မှာ အသက်ရှိနေသလားလို့တောင် အတွေးခေါင်နေမိတယ်"

"မဆွေ ခိုင်လုံတဲ့အထောက်အထား ရှိနေလို့လား"

"အထောက်အထားရယ်တော့ မဟုတ်ဘူး ငါ့အထင်ပဲပေါ့ . . ဒီပန်းချီကားထဲက လိုဏ်ခေါင်းအထက်ပိုင်းဟာ သဘာဝမိုးကောင်းကင် စကြာဝဠာစွမ်းအားနဲ့ ဆက်စပ်နေသလားလို့"

ဤသို့ မေမြတ်ဆွေ ပြောလိုက်သောအခါတွင်ကား ကိုမျိုးလွင်မှာ အငေးသား ဖြစ်၍ သွားပါလေတော့၏။

* * * * * *



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းရက်တွေကို လွန်မြောက်စပြုပြီဖြစ်၍ နွေရိပ်သည်လည်း မသိမသာတစ်ပတ်လည်၍ လာလေသည်။ တစ်ရာသီမှ တစ်ရာသီ အကူးအပြောင်း၌ အရာခပ်သိမ်းတို့သည်လည်း မိမိတို့ သဘောသဘာဝအ တိုင်း တစ်စတစ်စ ပြောင်းလဲလာသည်မှာ အလွန်ပင် စိတ်ဝင်စားစရာ ကောင်း၏။

အရိုးခိုက်အောင် အေးနေရာမှ နွေးထွေးစပြုလာသည်ကို ပင်လျှင် မေမြတ်ဆွေသည် ကျေနပ်နေမိသလိုလို ရှိနေမိသည်။ သည်ကနေ့ မေမြတ်ဆွေ ခြံထဲဆင်း၍ နှင်းဆီပန်းခင်းကို ပေါင်းသင်ပေးနေသည့်အ ချိန် ကိုမျိုးလွင် ရောက်ရှိလာခြင်း ဖြစ်သည်။

ကိုမျိုးလွင်သည်လည်း ကျောင်းသားဟောင်းတစ်ယောက်ဖြစ်နေပြီး မြန်မာတိုင်းရင်းသားအားလုံး အင်္ဂလိပ်ကိုလိုနီလက်အောက် သူ့ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် ဝံသာနုစိတ်ဓာတ်ရှိသူ ဖြစ်သဖြင့် တစ်ဖက်တွင် အမျိုးသားအရေးကို တစ်တပ်တစ်အား လုပ်နေသေးသည် ဖြစ်၍ မေမြတ်ဆွေနှင့် တွေ့ရသည့် အချိန်သည်ပင် ကြဲလာသလို ရှိခဲ့သည်။

"မဆွေ နှင်းဆီခင်းထဲ ရောက်တာကို ငါ မမြင်ဘူးဟာ . . နင့်ကို ငါက နှင်းဆီပန်းပွင့်တစ်ပွင့်ပဲလို့ ထင်နေမိတာ မဟုတ်လား"

ဟူသော စကားဖြင့် ကိုမျိုးလွင်က မေမြတ်ဆွေရှေ့မှောက်သို့ ရောက်ရှိလာခြင်း ဖြစ်လေရကား မေမြတ်ဆွေသည် ပန်းကိုင်းဖြတ်ကတ်ကြေးကလေးကို ကိုင်လျက်သားမှ

"ဟိုး . . ဆရာ ဟိုး တော်တော်ကြာ မေမြတ်ဆွေဆိုတဲ့





မိန်းကလေးတစ်ယောက် မော်ဆရာကိုမျိုးရဲ့ရှေ့မှာ အလွန်မွှေးအလွန်လှတဲ့ နှင်းဆီပန်းကလေးတစ်ပွင့် ဖြစ်သွားခြင်းဆိုတဲ့ သတင်းထူးသတင်း ဦးသူရိယသတင်းစာထဲ ဖော်ပြနေရဦးမယ်"

ဟု သူ့ထက်ကဲ ရွှေပြည်စိုး ပြောလိုက်လေရာ နှစ်ဦးသား ပြုံး ရွှင်ရယ်မောမိလိုက်ပါလေတော့၏။ ထို့နောက် မေမြတ်ဆွေကပဲ ကိုမျိုး လွင်ကို

"ဒါက ဘယ်ကနေ ဘယ်လို မျက်စိလည် လမ်းမှားလာရပြန် တာလဲ"

ဟု မေးလိုက်သည်။

"ရန်ကုန်သား ဘယ်တော့မှ လမ်းမမှားဘူး"

"ဓာတ်ရထားတော့ စီးရတာပဲ မဟုတ်လား"

"နင်ကလဲဟာ စကားပြောရတာ နောက်တီးနောက်တောက်နဲ့"

"အမယ် . . နင်ကစပြီး နောက်တီးနောက်တောက် လုပ်တာပဲ မဟုတ်လား . . ရောင်းသူ ဝယ်သူ အသံတူရတယ်လေ ဟဲ . . ဟဲ . ."

"ဟီး . . ဟီး . ."

"တော်တော့ဟာ ငါ့ကတ်ကြေးနဲ့ ထိုးလိုက်မယ် သိလား"

"ကဲ . . ပြော ကိုမျိုးကို ချစ်တယ်လို့"

"ဟွန်း . . ဘာဆိုင်လို့လဲ"

"မဆိုင်ဘူးလား"

ထိုအချိန် ဦးဆောင်းအနီးမှ ဖြတ်လျှောက်သွားသည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ကိုမျိုး လွင်နှင့် မေမြတ်ဆွေတို့ အိမ်ရှေ့နှင့် ပြန်နေလိုက်ကြသည်။

"ငါ အခု ဘယ်ကပြန်လာတာလဲ သိလား မဆွေ"

"ဘယ်လိုလုပ်ပြီး သိမှာလဲ"

"ရီးတိုက်က ပြန်လာတာ . . စကြာဝဠာစွမ်းအားနဲ့ သက်ဆိုင်တဲ့ စာအုပ်သုံးအုပ်တွေ့လို့ ဝယ်လာခဲ့တယ်"

"ဟုတ်လား . . ငါ အရင်ဖတ်မယ်"

"လောဘမကြီးနဲ့လေ အတူတူ ဖတ်ကြတာပေါ့"

ဤသို့ ပြောရင်း ပိတောက်ပင်ကြီးအောက်ရှိ ခုံတန်းလျားကလေးသို့ အတူလျှောက်လာပြီး ဝင်ထိုင်လိုက်ကြလေသည်။ သည်တော့မှ နန်းဆက်မွှန် ပန်းချီကားအကြောင်း ဆက်လက်ပြောဖြစ်သည်။

"ဒီအတိုင်းဆိုရင် အဘိုးပြောတာ ဖြစ်နိုင်ပါတယ် . . ပန်းချီကား ဆန်းကြယ်သလောက် အဘိုးတွေးတဲ့အတွေးတွေကလဲ နက်နဲ သိမ်မွေ့ပါတယ် . . ဒါပေမဲ့ တစ်ခုတော့ ဖြေရှင်းနိုင်လိမ့်မယ် ထင်တယ်"

"ကိုမျိုး ဘာတွေအတွေးခေါင်နေပြန်ပြီလဲ"

မေမြတ်ဆွေသည် ပန်းကိုင်းဖြတ်သည့် ဆေးနီသုတ်ထားသော ကတ်ကြေးကလေးကို လက်နှစ်ဖက်က ကိုင်ထားရသဖြင့် နဖူးပေါ် ဝဲစိုက်ကျလာသော ဆံစကလေးတွေကို ခါရမ်း၍ တင်လိုက်လေသည်။ ကိုမျိုး လွင်က

"ငါ အတွေးခေါင်နေတယ်ဆိုရင် အဘိုးဦးအိန္ဒြာလည်း အတွေးခေါင်နေတယ်ပဲပေါ့"





ဟု ပြောပြီး မေမြတ်ဆွေကို ကြည့်လိုက်သည်။ သူ့ အကြည့်က ဘယ်လိုလဲ အမိဆိုသော အနက်အဓိပ္ပာယ်ထွက်သည်။

"ဟုတ်တယ် . ."

"ဘာဟုတ်တာလဲ . ."

"ကျောက်ရုပ်ကြီးလေ"

"စကားပြောရင် ဟိုကြည့်သည်ကြည့် မပြောနဲ့ . . သူ့ကိုယ်သူ ရုပ်ရှင်မင်းသားကျနေတာပဲ လူကို ကြည့်ပြော . . ငါကတော့ စကား ပြောရင် ကိုယ်ပြောတဲ့လူကို မြင်နေရမှ ကျေနပ်တယ်"

ကိုမျိုးလွင်က မေမြတ်ဆွေကို ကြည့်ပြီး ရယ်လိုက်လေသည်။

"ကဲ . . ကြည့်ဦး ပြောမယ်"

ကိုမျိုးလွင်က မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေပြန်ရာ မေ မြတ်ဆွေက

"အဲဒီလို ဗူးကျတဲ့ ဗူးပါဝါမင်းမျက်လုံးကြီးတွေနဲ့တော့ မကြည့်နဲ့ပေါ့ဟာ"

"နင်ပဲ ပြောတော့"

"အလကား နောက်တာပါ ပြော . . ပြော . . ပြောနော်"

မေမြတ်ဆွေက ကလေးဆန်ဆန် အညှာအတာ အခရာဖြင့် ပြောလိုက်တော့မှ ကိုမျိုးလွင်က သူ့စကားကို ပြန်အစကောက်လေသည်။

"အဲဒီမီးငြိမ်းတောင်ရဲ့ ကျောက်ရုပ်ကြီးဟာ တို့နဲ့ မဝေးကွာ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ နေရာလောက်မှာပဲ ရှိနိုင်တယ်"

"ငါတို့တွေ သိပ်ပြီး စိတ်ကူးယဉ်ရာ ကျနေပြီလားလို့"

"နင် ထင်သလို မဟုတ်ပါဘူး . . ငါ ပြောပြမယ် တစ်ခါက အာဖရိကတိုက်က တစ်နေရာရဲ့ အထက်မိုးကောင်းကင်မှာ နန်းတော်ကြီးတစ်ခုရဲ့ အရိပ်တစ်ရိပ် ပေါ်လာတယ် နေထွက်တဲ့အချိန်မှာပေါ့ . . အဲဒါ ကို အဖြေရှာလို့ မရခဲ့ကြဘူး"

"ဟုတ်လား . . နောက်တော့ရော အဖြေမထွက်တဲ့ ပုစ္ဆာပဲလား"

"အဖြေထွက်တယ် မဆွေရဲ့ . . မြေထဲပင်လယ်က တိုင်းပြည်တစ်ပြည်ရဲ့ နန်းတော်ကြီးရဲ့ အရိပ်လေ . . စကြာဝဠာ ရောင်ပြန်ဟပ်မှု သဘောအရ အဲဒီလို အရိပ်သွားထင်နေတာလို့ ပြောတယ်"

"အံ့သြစရာပဲနော်"

"အခု ဒီပန်းချီကားဟာလည်း ဟိုနန်းတော်အရိပ်ထိုးကျတဲ့ သဘောမျိုး ဖြစ်နိုင်တယ် . . ဒီလိုဖြစ်ခဲ့မယ်ဆိုရင် ဒီကျောက်ဂူဟာလည်း ဒီကမ္ဘာရဲ့ တစ်နေရာမှာ တကယ်အစစ်အမှန် ရှိနေမှာ အမှန်ပဲပေါ့ မဆွေ"

ထို့နောက် မေမြတ်ဆွေက တစ်စုံတစ်ခုကို တွေးမိသည်နှင့်

"မီးတုတ်ကိုင်ထားတဲ့ ပင်လယ်ဓားပြကြီးတစ်ယောက် ရှိသေး တယ် ကိုမျိုးရဲ့ . . အဲဒီလူကြီးရော အခု ရှိနေဦးမှာလား"

ဟု ပြောလိုက်လေရာ ဤသို့ ပင်လယ်ဓားပြအကြောင်း မေမြတ်ဆွေ စလိုက်ကာမှ





"သေချာသွားပြီ"

ဟု အဆုံးအစမရှိ ပြောလိုက်လေတော့၏။

"ဘာကို သေချာနေတာလဲ"

"ဒီကျောက်ဂူဟာ ပင်လယ်ဓားပြတွေရဲ့ ရတနာကျောက်ဂူကြီး ဖြစ်နိုင်တယ်"

"ဘယ်မှာလဲ"

"ဘယ်မှာလဲဆိုတဲ့အချက်ဟာ နောက်တစ်ဆင့် စဉ်းစားရမယ့် အချက်ပဲ မဆွေ"

"မလေးရှားပီနန်၊ ဗိယက်နမ်နဲ့ ယိုးဒယားမှာလား၊ အိန္ဒိယ၊ အာဖရိက၊ မြေထဲပင်လယ်၊ အီဂျစ်ပါရှား၊ နောက် ပစိဖိတ် သမုဒ္ဒရာထဲက ကျွန်းတွေမှာလား"

မေမြတ်ဆွေက သူ့စိတ်ထဲက နေရာဒေသတွေကို ရွတ်ပြနေသည်။

"စိတ်မလောနဲ့ တွက်ကြည့်ရင် ရနိုင်တယ်"

မေမြတ်ဆွေမှာ အငေးသား ကြည့်လျက် . .။

* * * * * *

ည ၁၀-နာရီရှိပြီ။ မေမြတ်ဆွေနှင့် ကိုမျိုးလွင်တို့ နှစ်ယောက် နန်းဆက်မွန်ပန်းချီကားကို စောင့်ကြည့်နေကြသည်။ အချိန်ကြာကြာ စောင့်ကြည့်ရမည်ဖြစ်၍ ပက်လက်ကုလားထိုင် နှစ်လုံး အကျအနချထားပြီး ထိုင်စောင့်ကြည့်ကြခြင်းပင်။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဂူကို ညီပြာရောင်က သန်းယှက်၍ သွား၏။ ကျောက်ဂူထိပ်၌ နက်ပြာရောင် သန်းယှက်လာရုံမကဘဲ ကြယ်သုံးလေးလုံး ပေါ်ထွက်၍ လာ၏။

"မဆွေ . ."

"ဘာလဲ ကိုမျိုး"

"အခု ငါတို့ဆီမှာ ဘယ်အချိန်ရှိပြီလဲ"

"ည ၁၀-နာရီခွဲပြီ"

"ဒီတော့ ငါတို့နေရာမှာ ညဖြစ်နေသလို အဲဒီကျောက်ဂူကြီး ရှိတဲ့နေရာမှာလည်း ညအချိန်ပဲဆိုတာ အလွယ်နဲ့တွက်လို့ ရတယ် မဟုတ်လား"

"ဟုတ်သားပဲ"

"ကောင်းပြီ . . ဒီလိုဆိုရင် ဘာတွေအပြောင်းအလဲ ရှိသေးလဲ . . ဂရုတစိုက် ကြည့်မယ် မဆွေ"

သည်လို ကိုမျိုးလွင် တွက်ချက်လိုက်ခြင်းကတော့ ထူးခြားမလာခဲ့ပေ။ အချိန်တွေသာ ကုန်၍ သန်းခေါင်ကျော်၍ လာခဲ့သည်။ ပြာလဲ့လဲ့ ကြယ်စုတို့သည်လည်း နေရာရွှေ့ခဲ့သည် မဟုတ်ပေ။ မူလအတိုင်းပင်။

"ကိုမျိုး အတွက်မှားသွားပြီ ထင်တယ်"

"ထင်တယ် လုပ်မနေနဲ့ အမှန်ပဲ . . ငါ တွက်တာ မှားသွားပြီ"

ထိုအခိုက် ခြေသံကြား၍ လှည့်ကြည့်လိုက်ကြရာ အနီးသို့ လျှောက်လာသော အဘိုး ဦးအိန္ဒြာကို မမြတ်ဆွေရော ကိုမျိုးလွင်ပါ





တွေ့မြင်လိုက်ကြ၏။

"မင်းတို့ အတော့်ကို ဇွဲကောင်းကြတာပဲကိုး"

အဘိုးဦးအိန္ဒြာ ရောက်လာလျှင် ကိုမျိုးလွင်က သူ ထိုင်နေသော ပက်လက်ကုလားထိုင်မှ ထပေးပြီး ထိုင်စေသည်။ အဘိုးဦးအိန္ဒြာသည် ပက်လက်ကုလားထိုင်တွင် ဝင်ထိုင်လိုက်လျှင် ကိုမျိုးလွင်က ကြိမ်ကုလားထိုင်တွင် ဝင်ထိုင်လေသည်။

"မောင်မျိုးလွင် အတွေးကို အဘိုး သိပါတယ် . . ကြယ်စုတွေ အနေအထား ပြောင်းလဲတဲ့ ကြယ်သွားလမ်းကြောင်းတွေနဲ့ တွက်မလို့ မဟုတ်လား . . ဒါကို အချိန်နဲ့ ကိုက်ကြည့်မယ်ဆိုရင် ဘယ်နေရာလဲဆိုတာ သိရမယ်ပေါ့"

"ဟုတ်ပါတယ် အဘိုး"

"ဒါပေမဲ့ အခုလောလောဆယ် ကြယ်တွေ နေရာမရွှေ့ဘူး မူလ နေရာမှာပဲ ရပ်နေတယ်ဆိုတော့ မင်းက အတွေးမှားသွားပြီလို့ ထင်သွား ပြန်ရော . . အမှန်ကတော့ မင်း ဆန္ဒစောနေတာပါ လုံးဝမှားသွားတာ မဟုတ်ပါဘူး"

ထိုအခါ ကိုမျိုးလွင် အတွေးစတွေကို ပြန်လည်စုစည်းလိုက်လေသည်။ မမြတ်ဆွေမှာကား ကိုမျိုးလွင်ကို ကြည့်လိုက် အဘိုး ဦးအိန္ဒြာကို ကြည့်လိုက် လုပ်နေလေသည်။ အဘိုး ဦးအိန္ဒြာက သူ့စကားကို ဆက်လိုက်လေသည်။

"ငါ ပြောပြမယ် . . မင်းနဲ့ငါနဲ့ နှစ်ယောက်ပေါင်းပြီး တွေး လိုက်ကြတာပေါ့ . . ပြဿနာ ပြေလည်သွားမှာပါ"

"ဟုတ်ကဲ့ . . အဘိုးက ဘယ်လိုတွေးထားလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့အနေနဲ့ လေ့လာသုံးသပ်မိတာကတော့ ဒီကန့်လန့်ကာနဲ့လည်း ပတ်သက်နေမလားလို့"

"ဒီကန့်လန့်ကာနဲ့ ဘယ်လိုပတ်သက်နေလို့လဲ အဘိုး"

"တို့က ကန့်လန့်ကာကို ဖွင့်လိုက်ပိတ်လိုက် လုပ်သေးတယ်လေ . . ပန်းချီကားရဲ့ ပြောင်းလဲမှုက ကန့်လန့်ကာ အပိတ်အဖွင့်မှာလည်း တည်မှီနေလိမ့်မယ်"

"ဒီလိုဆိုရင် ကန့်လန့်ကာ ပြန်မပိတ်မချင်း ပန်းချီကားဟာ မပြောင်းလဲဘူးပေါ့"

"အဲဒီလို တွေးမိတယ်"

"ဟုတ်ပြီ . . အဘိုး ပန်းချီကားကို ဖွင့်ကြည့်ပြီး မှတ်သားထားမယ် . . ပြီးတော့ ကန့်လန့်ကာကို ပိတ်လိုက်မယ် . . နောက်ပြန်ဖွင့်ကြည့်မယ် . . အဲဒီအခါမှာ ပန်းချီကားဟာ ပြောင်းလဲနေမယ်ပေါ့"

"ဟုတ်တယ် . . ဒီသဘောဟုတ်မဟုတ်ကိုတော့ စမ်းကြည့်ကြ သေးတာပေါ့"

"ဘယ်လို စမ်းမလဲ အဘိုး"

သည်အမေးကိုတော့ ကိုမျိုးလွင်က မေးလိုက်သည် မဟုတ်၊ မေမြတ်ဆွေက စိတ်ဝင်တစား ဖြတ်မေးလိုက်ခြင်း ဖြစ်သည်။

"လောလောဆယ် အခု တို့မြင်တွေ့ထားတာမှန်သမျှ မှတ်သားထားလိုက်ကြတာပေါ့ . . ငါ တွေ့ထားတဲ့ ကြယ်စုကတော့ ဒီမှာတွေ့လား"

"ကျွန်တော်လည်း တွေ့ထားတယ် . . လိပ်တာရာလေ





ဘီလူး ခါးပတ်လို့လည်း ခေါ်တယ်"

ထိုစကားကြောင့် အဘိုးဦးအိန္ဒြာက ကိုမျိုးလွင်ကို အသေအချာ ကြည့်လိုက်သည်။

"အမယ် . . မင်းက နက္ခတ်တာရာအကြောင်း ငါ့ထက် တတ်ကျွမ်းနေပါလား"

"နက္ခတ်တာရာတွေအကြောင်း စာအုပ်တွေ ကျွန်တော် ဖတ်ထားလို့ပါ"

အဘိုးဦးအိန္ဒြာသည် ကိုမျိုးလွင်ကို ကြည့်၍ သဘောကျသည့် သဘော ခေါင်းတညိတ်ညိတ် လုပ်ပြနေလိုက်လေသည်။

"ကဲ . . ငါ့မြေးက ပန်းချီကားရှေ့က ကန့်လန့်ကာကို ပိတ် ထားလိုက်စမ်း"

"ဟုတ်ကဲ့ . . အဘိုး"

မေမြတ်ဆွေသည် ဟုတ်ကဲ့ဟု ပြောပြီးလျှင် ပြောပြီးချင်းသူမ ထိုင်နေသော ပက်လက်ကုလားထိုင်မှ ရုတ်ခြည်းထကာ ကန့်လန့်ကာကို ပိုးကြိုးစနှစ်စကို ဆွဲလိုက်ခြင်းဖြင့် ပန်းချီကားမှာ မြင်ကွင်း၌ ပျောက်ကွယ်၍ သွားလေတော့၏။

"ခဏကြာရင် ဒီကန့်လန့်ကာကို ပြန်ဖွင့်လိုက် . . တို့အတွက် အဖြေတစ်ခု ထွက်လာလိမ့်မယ်"

ဤသို့ဖြင့် ကိုမျိုးလွင်နှင့် အဘိုးဦးအိန္ဒြာတို့နှစ်ယောက်က မြေအောက်တိုက်ခန်းထဲမှာဘဲ အချိန်တစ်နာရီခန့်အကြာကို စကားတပြောပြောနှင့် ထိုင်စောင့်သည်။

မေမြတ်ဆွေက အားလုံးအတွက် ကော်ဖီသွားဖျော်သည်။



www.burmeseclassic.com

www.burmeseclassic.com



ည၌နက်ပိုင်း ရောက်လာပြီဖြစ်၍ အားလုံး ဝမ်းဗိုက်က ဆာလောင်လာသည်လည်း ရှိသည်နှင့် မေမြတ်ဆွေသည် စားစရာတစ်ခုခု ရှာရသေးသည်။ တော်သေးသည်။ ပေါင်မုန့်လည်း ရှိသည်။ ထောပတ်နှင့် သကြားလည်း အပြည့်။

အဘိုး ဦးအိန္ဒြာ မိမိတို့အရေးကိစ္စတွင် ပါဝင်လာသည်မှာ အတော်လေး အဆင်ပြေ၍ သွားလေသည်။ မိမိတို့ချည်းသာဆိုလျှင် စမ်းတဝါးဝါးပင် ရှိနေဦးမည်သာ။ အဘိုးဦးအိန္ဒြာသည် ဆေးထိုးသော လက်နှင့် ရောဂါအကြောင်း နားလည်သော အသိတရားမျိုးသာ ရှိသည်မဟုတ်။ ဗဟုသုတရှိသည်။ အတွေးအခေါ် အယူအဆကောင်းသည်။

ယခု ကိုမျိုးလွင်နှင့် မေမြတ်ဆွေတို့ ကြုံတွေ့နေရသော ပြဿနာမှာ အဘိုးဦးအိန္ဒြာသာ ပါဝင်မကူညီခဲ့လျှင် အစကိုပင် ရှာတွေ့ဦးမည် မဟုတ်ပေ။

မေမြတ်ဆွေ မြေအောက်ခန်းသို့ ပြန်ရောက်လာသောအခါ ရေနွေးကြမ်းဓာတ်ဗူးကော်ဖီခရားနှင့် ပေါင်မုန့်ထောပတ်သုတ်တို့ကို ယူ ဆောင်လာပြီး စားကြ၊ သောက်ကြသည်။

သည်လိုနှင့် အချိန် တစ်နာရီသည်လည်း ကုန်ဆုံးသွားလေရကား အဘိုးဦးအိန္ဒြာက ကိုမျိုးလွင်အား

"မောင်မျိုးလွင် ကန့်လန့်ကာကို လှပ်လိုက်ပါတော့ကွယ်"

အဘိုး ဦးအိန္ဒြာက အမိန့်ပေးလိုက်လေသည်။ ကိုမျိုးလွင်သည် သူကိုယ်တိုင်က ထိုကန့်လန့်ကာကို ဖွင့်ချင်နေသည် ဖြစ်၍ ချက်ချင်းပင် ထိုင်ရာမှ ရုတ်ချည်းထလိုက်သည်။ ထို့နောက်





ကန့်လန့်ကာ ကြိုးစကလေးနှစ်စကို ဆွဲဖွင့်လိုက်လေသည်။

"ဟော . . ဟိုမှာတွေ့လား ကြယ်ရောင်တွေ ပိုပြီးလင်းလက်လာတာ . . ပြီးတော့ ဒီကြယ်တွေဟာ အနောက်ဘက်ရွေ့နေတယ် . . ဒီတော့ကာ ဒီနန်းဆက်မွှန်ပန်းချီကားရှိတဲ့ ကျောက်ဂူကြီးဟာ အနောက် နိုင်ငံတွေမှာ မရှိဘူးဆိုတာ သေချာသွားပြီ"

"ဒါဆိုရင် . ."

"အရှေ့တိုင်း . . အရှေ့နိုင်ငံတစ်ခုခုမှာပဲပေါ့"

မေမြတ်ဆွေက ဝင်၍ ပြောလိုက်လေ၏။

"ကျွန်တော် စိတ်ထင်လား လာအိုနိုင်ငံနဲ့ ကျွန်တော်တို့နိုင်ငံကြားမှာ ဒီကျောက်ဂူရှိနေလိမ့်မယ်"

"အေးလေ . . လဒ်တီတွဒ် = လောင်ဂျီကျူကို အခြေခံပြီး တွက်ကြည့်ရင် တို့ သိချင်တဲ့နေရာကို သိရမှာပါ မောင်မျိုးလွင်"

ထိုအချိန်တွင် အဘိုးဦးအိန္ဒြာနှင့် ကိုမျိုးလွင်တို့အနီးတွင် မေမြတ်ဆွေ မရှိတော့ပေ။ မေမြတ်ဆွေမှာ နန်းဆက်မွှန်ပန်းချီကားအပေါ်၌သာ စိတ်ဝင်စားခဲ့ခြင်း ဖြစ်သည်။ နောက်ပိုင်း လက်တွေ့အကောင်အထည်ဖော်သည့် အကြံအစည်များတွင်ကား မေမြတ်ဆွေ စိတ်ဝင်စားလှသည် မဟုတ်ပေ။

မည်သို့ဆိုစေ အဘိုးဦးအိန္ဒြာနှင့် ကိုမျိုးလွင်တို့ကတော့ ရက်တွေကြာလာ၍ ထိုပန်းချီကားအပေါ် စိတ်ဝင်စားမှု လျော့နည်းသွားမည် မထင်လေနှင့်။ ထိုစိတ်ထိုဆန္ဒမှာ ပိုမို၍ ပြင်းပြလာလေသည်။ မြေးအဘိုးလို အဖြစ်မျိုးမှ အခုတော့ ဆရာတပည့်လို ဖြစ်၍လာပြီး ထိုပန်းချီကားနှင့် နပမ်းလုံးနေတော့၏။ မေမြတ်ဆွေ



www.burmeseclassic.com

www.burmeseclassic.com



သည်ပင် ကိုမျိုးလွင်အား

"ကိုမျိုးနဲ့ အဘိုးတို့နှစ်ယောက်ကို ကြည့်ပြီး ကျွန်မတော့ အလိုလို စိတ်မောလာပြီ . . အသက်မွေးဝမ်းကျောင်းအလုပ်လည်း မဟုတ်ဘူး . . ကိုယ် ဝါသနာပါတဲ့ အလုပ်လည်း မဟုတ်ဘဲ ဘာဖြစ်လို့ အခုလောက် အသည်းအသန် ဖြစ်နေရတာလဲ ကိုမျိုးရယ်"

ဟု ပြောခဲ့သည်။ ကိုမျိုးလွင်က

"မဆွေကလည်း အခုကိစ္စဟာ ရတနာတွေ ရနိုင်စရာရှိတဲ့ လမ်းစပဲ မဟုတ်လား . . ဒီရတနာတွေ ရလာခဲ့ရင် တို့တွေ အင်္ဂလိပ်ကိုလိုနီနယ်ချဲ့တွေရဲ့ သူ့ကျွန်ဘဝ လွတ်မြောက်ရေးလုပ်ငန်းတွေ အတွက် အသုံးပြုလို့ရတာပဲပေါ့"

ဟု ပြောခဲ့သည်။ သည်တော့လည်း မေမြတ်ဆွေမှာ မပြောသာဘဲ ရှိခဲ့ရလေသည်။ အဘိုးဦးအိန္ဒြာကမူ

"နန်းဆက်မွန်ကျောက်ဂူ အမှန်တကယ် ရှိနေတယ်ဆိုရင် ရတနာတွေလည်း ရှိရလိမ့်မယ်"

ဟု ကောက်ချက်ချ၏။ ကိုမျိုးလွင်က

"ဟုတ်တယ် . . အဘိုး ဒီကောက်ချက်ကို ကျွန်တော် လက်ခံ တယ်"

ဟု ပြော၏။ ထို့နောက် ကိုမျိုးလွင်သည် မိတ်ဆွေတစ်ဦးထံမှ မြေပုံတစ်ခုကို ယူလာ၏။ ကြယ်သွားရာလမ်းကြောင်း အနေအထားတွေကို အခြေခံ၍ တွက်ချက်၏။ ထိုနေရာသည် လောင်ဂျီကျူ ၈-၃ / ၄ ဒီဂရီဖြစ်ကြောင်း တွေ့လာ၏။

တစ်ဖန် လတ္တီတွဒ်များအရ တွက်ကြည့်ပြန်သည်။ မိုး





ကုတ်စက် ဝိုင်းမျဉ်းကြောင်းကို အသေအချာ ချဆွဲ၏။ တိကျသော အဖြေမှာကား ထွက်မလာသေးပေ။ ထိုအခါ အဘိုးဦးအိန္ဒြာသည် ဆေးတံကို ကိုက်လျက် ဤကိစ္စအပေါ် အလေးအနက်ထားပြီး စဉ်းစားနေသည်။ အတန် ကြာမှ အဘိုးဦးအိန္ဒြာက

"ဒီပန်းချီကားကို ရေးဆွဲခဲ့တဲ့ ပန်းချီဆရာဟာ အရေးကြီးတဲ့ အချက်ကိုတော့ မေ့မယ်မဟုတ်ဘူး မောင်မျိုးရဲ့"

ဟု ပြော၏။ ကိုမျိုးလွင်က

"ကျွန်တော် သဘောမပေါက်ဘူး အဘိုး"

ဟု ပြောလေရာ အဘိုးဦးအိန္ဒြာက

"ဩော် . . ငါက ဖြတ်ပြောလိုက်မိတာကိုး . . ဒီလိုလေ ဒီပုံ ရဲ့ ရေးချက်တွေကို ကြည့်လေ . . လီယိုနာဒိုဒါဗင်ချီတို့ကို ဗိသုကာပညာ ရဲ့ သဘောတွေ ရောစွက်ရေးထားတာ တွေ့ရတယ်"

ဟု ပြောလိုက်တော့မှ ကိုမျိုးလွင်က ခေါင်းတညိတ်ညိတ် လုပ် နေသည်။ အဘိုး ဦးအိန္ဒြာက ဆက်လက်၍

"အဲဒါဟာ ဒီပန်းချီကားရဲ့ အဓိကအချက်ပဲ မောင်မျိုး"

ဟု ပြောသဖြင့် ကိုမျိုးလွင်က

"ဟုတ်ကဲ့ . ."

ဟု ပြောလိုက်လေသည်။ အဘိုးဦးအိန္ဒြာသည် ဆရာဝန်ကြီးတစ်ဦး ဖြစ်သော်လည်း ပန်းချီပညာ၌ အတော်ပင် လေ့လာထားကြောင်း ကိုမျိုးလွင် အခုမှ သိလိုက်ရလေသည်။

"ဒီပုံမှာ အနီးအဝေးမျဉ်း မိုးကုတ်စက်ဝိုင်းမျဉ်းကိုလည်း ပြပြီးသား ဖြစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ယခုအချိန်အထိ ကိုမျိုးလွင်မှာကား အဘိုးဦးအိန္ဒြာ ပြောပြနေသည်ကို နားလည်သလိုလို နားမလည်သလိုလို ဖြစ်နေသည်။ သို့သော် လည်း ဘာမျှမပြောဘဲ ငြိမ်၍ နေလိုက်သည်။

ထို့နောက် အဘိုးဦးအိန္ဒြာသည် ကိုမျိုးလွင်နှင့်အတူ မြေအောက်ခန်းသို့ ဆင်းကာ နန်းဆက်မွန်ပန်းချီကားကို ဆက်လက်လေ့လာကြပြန်သည်။ သည်တစ်ခါတော့ အဘိုးဦးအိန္ဒြာသည် မြေဖြူနှင့် ကြိုးကို အသင့်ယူလာသည်။

"ပန်းချီကားမှာ မိုးကုတ်စက်ဝိုင်းမျဉ်းဆိုတာ ဖျက်စိနဲ့ တတန်းတည်းထားတဲ့မျဉ်းပဲ . . ပဟေဠိက အဲဒီနေရာမှာ ရှိနိုင်တယ်"

"ကျွန်တော် သဘောပေါက်သလို ရှိလာပြီ အဘိုး"

ဤသို့ဖြင့် ပန်းချီကားရှေ့တွင် တိုင်းလိုက်ထွာလိုက် တွက်ချက်လိုက်၊ ဝေဖန်ပြောဆိုလိုက်နှင့် အဘိုးဦးအိန္ဒြာနှင့် ကိုမျိုးလွင်တို့မှာ ထမင်းမေ့ ဟင်းမေ့ဖြစ်ခဲ့ကြရလေသည်။ မေမြတ်ဆွေမှာကား ကော်ဖီဖျော်၍ ယူလာရသည်။ ရေနွေးကြမ်းကို ခါတ်ဖူးနှစ်ဖူး ချထားပေးသည်။ လက်ဖက်သုပ်၊ ထန်းလျက်ဖူးစသည်တို့ကိုလည်း ပေးထား၏။

တစ်နေ့တွင် အဘိုးဦးအိန္ဒြာက ကိုမျိုးလွင်ကို စကားတစ်ခွန်း မေး၏။

"ဒီကျောက်ဂူကြီးကို မောင်မျိုး တကယ်သွားရှာမယ်လို့ ရည်ရွယ်ထားသလား"

ကိုမျိုးလွင်ကမူ





"ဟုတ်ကဲ့ အဘိုး"

ဟု အလွယ်တကူ ပြောလိုက်လေသည်။ သူ့အနေမှာ ထိုကျောက်ဂူကြီးသို့ သွားရန် အစကနဦးကတည်းက ဆုံးဖြတ်ထားပြီး မဟုတ်ပါလား။

"အေး . . ကောင်းတယ် ဒါဟာ လူငယ်တစ်ယောက်ရဲ့ စွန့်စားခန်းအလုပ်တစ်ခုပဲ . . အနောက်နိုင်ငံသားတွေဟာ အခုလို စွန့်စား မှုမျိုးတွေကြောင့် တိုးတက်မှုတွေ ရရှိခဲ့ကြတာပဲ"

မေမြတ်ဆွေမှာ ကိုမျိုးလွင်ကို နန်းဆက်မွန် ပန်းချီကား ပြလိုက်မိသည့်အတွက် မှားများ မှားနေပြီလား အတွေးရောက်လိုက်မိလေသည်။ ယခုဆိုလျှင် ကိုမျိုးလွင်သည် အချိန်တိုင်း နန်းဆက်မွန် ပန်းချီကား၌သာ စိတ်အာရုံရောက်၍ နေလေသည်။

မေမြတ်ဆွေကို ချစ်ခွင့်တောင်းထားသည့်အကြောင်း မေမြတ်ဆွေက ထိုအချစ်တောင်းဆိုခြင်းကို အချိန်ဆိုင်းငံ့ထားကြောင်း ကိုမျိုး လွင် သတိပင်ရတော့ဟန်မတူ။ သတိရသည်ထားဦး ဒါကို သူက မေ့လျော့နေလေဟန် သဘောထားသည်ဟု မေမြတ်ဆွေ တွေးထင်နေမိ၏။

တစ်နေ့တွင်မူ မေမြတ်ဆွေသည် အဘိုးဦးအိန္ဒြာ ကွယ်ရာ၌ ကိုမျိုးလွင်အား

"ကိုမျိုးတော့ ရူးသွားပြီ . . ကိုမျိုးလိုပဲ အဘိုးလည်း ရူးသွားပြီ"

ဟု ပြောလိုက်လေရာ ကိုမျိုးလွင်က

"မဆွေ နင်မဟုတ်တဲ့အကြောင်းတွေ လျှောက်ပြောမနေနဲ့



www.burmeseclassic.com

www.burmeseclassic.com



. . အဘိုးရော ငါရော ဒီအလုပ်တွေကို မကောင်းတဲ့ ဝိသမ လောဘစိတ်နဲ့ လုပ်နေတာ မဟုတ်ဘူး . . ဘယ်လိုရည်ရွယ်ချက်နဲ့ လုပ်နေတယ်ဆိုတာ မဆွေ သိလာလိမ့်မယ်''

ဟု အမျက်သိုလျက် ပြောလေသည်။ မေမြတ်ဆွေသည် ကိုမျိုးလွင် အခုလို အမျက်သိုစေသည်အထိ မဖြစ်စေချင်ပေ။ ထို့ကြောင့် မေမြတ်ဆွေကပဲ အလျှော့ပေးလိုက်သည်။ သို့နှင့် သူမက အဘိုးဦးအိန္ဒြာကို အကူအညီတောင်းကြည့်သည်။

မိမိပြော၍ မရသော်လည်း အဘိုး ဦးအိန္ဒြာပြောလျှင်မူ ရမည်ဟု မေမြတ်ဆွေ ထင်သည်။ မေမြတ်ဆွေ၏ အထင်မှာ မမှားသော်လည်း ယခုမူ အဘိုးဦးအိန္ဒြာကိုယ်တိုင်က

''လူငယ်ဆိုတာ အသက်ငယ်တုန်း စွန့်စားတာ ဘာဖြစ်လို့ တားရမှာလဲ ငါ့မြေးရယ်''

ဟု ပြောနေသည် မဟုတ်ပါလား။

* * * * * *





ကျွန်ုပ်နှင့် အိုင်အိုနန်းထိုက်တို့နှစ်ယောက်မှာ မေမြတ်ဆွေ ပြောပြနေသော အကြောင်းအရာ၌ အလွန်ပင် စိတ်ဝင်စားနေမိလေရာ အဘိုးအဘွားများက မြေးငယ်များအား ညအိပ်ယာဝင်ချိန် နတ်သမီးပုံပြင်၊ မြွေမင်းသားပုံပြင်၊ အလွန်လှပသော နန်းကလေးကို ဧရာမငှက်ကြီးတစ်ကောင်က ပင်လယ်ကျွန်းတစ်ကျွန်းပေါ်ရှိ မြင့်မားသော ကျောက်ဆောင်ဂူကြီးအတွင်း ဖွက်၍ထားသည့်ပုံပြင် စသည့်ပုံပြင်တို့ ပြောပြနေသဖြင့် မြေးငယ်များက မလှုပ်မယှက် ငေးလျက်ငိုင်လျက် စိတ်ဝင်တ စား နားထောင်နေသည်နှင့်မခြား ရှိခဲ့လေသည်။

မေမြတ်ဆွေက စကားပြောရသည်မှာ ပင်ပမ်းသွားရုံမကဘဲ အာခြောက်သွားသဖြင့် သောက်ရေထသောက်တော့မှပဲ ကျွန်ုပ်နှင့် အိုင်အိုနန်းထိုက် ပြန်လည်လှုပ်ရှား၍ လာရပါလေတော့၏။

''အဖြစ်အပျက်ကတော့ မယုံနိုင်စရာပါပဲ ကိုနန်းထိုက်ရယ်''

ဟု ကျွန်ုပ် ပြောလိုက်သည့်တိုင်အောင် အိုင်အိုနန်းထိုက်သည် စားပွဲခုံပေါ်တွင်ရှိနေသော နှင်းဆီပန်းသုံးပွင့် ထိုးစိုက်ထားသည့် ပန်းအိုးကို အငေးသားကြည့်လျက် အတွေးစိတ်ကူးများ တစ်နေရာသို့ ရောက်နေဟန်တူ၏။ ကျွန်ုပ် ပြောလိုက်သော စကားသံကို ကြားလိုက်ကာမှ ကျွန်ုပ်အား မော်၍ ကြည့်လိုက်ပြီး

''ဟုတ်တယ်နော် . . အတော့်ကို စိတ်ဝင်စားစရာပဲ . . သဘာဝလွန် အဖြစ်အပျက်တစ်ခုလို့တောင် ပြောမယ်ဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



ပြောလို့ရတယ်''

ဟု ပြောလိုက်လေသည်။

ကျွန်ုပ်သည် အိုင်အိုနန်းထိုက်ကို လိုက်မမီသော အချက်မှာ ဤအချက်သည်လည်း အချက်တစ်ချက်အဖြစ် ပါဝင်လေသည်။ အကြောင်းမူကား ကျွန်ုပ်သည် အိုင်အိုနန်းထိုက် အတွေးတစ်ခုခု၌ အာရုံ စူးနစ်ရောက်ရှိနေခြင်းကြောင့် ယခု ကျွန်ုပ်ပြောလိုက်သော စကားကို သူကြားသာကြားပေမဲ့ အနက်အဓိပ္ပာယ် ခွဲခြားနားလည်သဘောပေါက်လိမ့်မည် မဟုတ်ဟု ထင်လိုက်မိသည်မှာ အမှန်ပါပေ။

အိုင်အိုနန်းထိုက်သည် ကျွန်ုပ် ထင်သလို မဟုတ်၊ ကျွန်ုပ်ပြောသည်ကို သူကောင်းစွာ သဘောပေါက် နားလည်လိုက်ပါသည်။ ထို့ကြောင့်လည်း သူ့အမြင် သူ့အထင်ကို ပြန်လည် ဖော်ထုတ်ပြောပြနိုင်ခဲ့ခြင်း ဖြစ်ပေသည်။

ဤသည်မှာ အလုပ်နှစ်ခုကို တစ်ချိန်တည်းမှာ တစ်ပြိုင်တည်း လုပ်ပြလိုက်သည့်သဘော ဖြစ်ပေသည်။ ထို့ကြောင့် ကျွန်ုပ်သည် အိုင်အို နန်းထိုက်ကို သဘောကျနှစ်ခြိုက်စွာဖြင့်

''ကိုနန်းထိုက် အတွေးတစ်ခု တွေးနေလို့ ကျွန်တော်ပြောတာ သဘောပေါက် နားလည်မယ် ထင်တာ အမှန်ပဲဗျို့ . . ဒါပေမဲ့ ကိုနန်းထိုက်က ကျွန်တော် ဘာပြောတယ်ဆိုတာကို မှန်မှန်ကန်ကန် သိနေလို့ ကျွန်တော်ဖြင့် ကိုနန်းထိုက်ကို ချီးကျူးမိတယ်ဗျာ''

ဟု ပြောလိုက်လျှင် အိုင်အိုနန်းထိုက်က ကျွန်ုပ်အား





ကြည့်ပြီး တွေစ်ချက်ပြုံး၍ ပြ၏။ ပြီးလျှင်

''အလေ့အကျင့်ပဲပေါ့ဗျာ . . ဘာမဆို လေ့ကျင့်ယူရတာပါပဲ''

''ဒီလိုစိတ်ပိုင်းဆိုင်ရာ အလေ့အကျင့်မျိုးဟာ လွယ်မယောင်နဲ့ အလွန်ခက်တာကလား''

''ဟုတ်တယ် . . ကိုငြိမ်းမောင် ကျွန်တော်တောင် ဒီလိုလေ့ကျင့်မှုမျိုး လေ့ကျင့်ဖို့ မလွယ်ဘူး ထင်နေတာ . . ဒါနဲ့ လက်နှိပ်စက်ရိုက်တဲ့ လူတစ်ယောက်ကို သွားတွေ့တယ် . . သူက ခင်မောင်ရင်ရဲ့ တောသားကြီးသီချင်းကို ဗွာန်ကရိုင်းကျကျဆိုရင် လက်နှိပ်စက်ရိုက်နေတာ တွေ့လို့ . . ကျွန်တော်က သူ သီချင်းကို လက်နှိပ်စက်နဲ့ ရိုက်နေတယ် ထင်တာ . . သူက ရှုံးတွင် အစီရင်ခံစာ လက်ရေးစာမူကြမ်းကို ကြည့်ပြီး လက်နှိပ်စက်ရိုက်နေတာ ကျွန်တော် တွေ့လိုက်ရတော့မှ ကျွန်တော် အတော်အံ့သြသွားတယ် . . အဲဒီကတည်းက အခုလို စိတ်အာရုံကို မျှဝေအလုပ်လုပ်စေတဲ့ အလေ့အကျင့် ကျွန်တော် လေ့ကျင့်လာခဲ့တာပဲ''

ထိုအခိုက် သောက်ရေသွားသောက်သော မေမြတ်ဆွေ ပြန်ရောက်လာလေသည်။ မေမြတ်ဆွေက

''ကျွန်မ သွားတာ ကြာသွားသလားဘဲ . . တောင်းပန်ပါတယ်ရှင်''

ဟု တရိုတသေ ပြောပြီး စောစောက သူမ ထိုင်ခဲ့သောနေရာ ထိုင်ခုံ၌ပင် ကျုံ့ကျုံ့ငြိမ်ငြိမ် ဝင်ထိုင်လိုက်လေသည်။ အိုင်အိုနန်းထိုက်က မေမြတ်ဆွေ မျက်နှာကို ပြုံး၍ ကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်"

ဟု ပြောလိုက်လေသည်။ ပြီးလျှင်

"ဒါထက် ခုပြောသွားတဲ့အကြောင်းအရာ အဖြစ်အပျက်တွေကို အကောင်အထည်ဖော်ခဲ့တဲ့ ကိုမျိုးလွင်က အဲဒီထူးခြားတဲ့ ကျောက်ဂူကြီး ကို ခရီးထွက်သွားပါသလား"

ဟု ပြော၍ မေးခွန်းပါ ထုတ်လိုက်သည်။

"ဟုတ်ကဲ့ . . ကိုနန်းထိုက် ကိုမျိုးက ကျွန်မပြောခဲ့တဲ့အတိုင်းပါပဲ . . ဘာမဆိုလုပ်ရင် နောက်ဆုတ်ခဲပါတယ် . . ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက် အမြဲလုပ်ပါတယ် . . အခုလည်း ကျွန်မ အမျိုးမျိုးနည်းနဲ့ တားနေတဲ့ကြားက သူဟာ အဲဒီနန်းဆက်မွန်ပန်းချီကားက ညွှန်းတဲ့ တကယ်အမှန်တကယ် ရှိနေတဲ့ ကျောက်ဂူကြီးရှိရာ အရပ်ကို သွားရှာမယ်လို့ ဆုံးဖြတ်လိုက်ပါတယ်"

"မဆွေက ကိုမျိုးလွင်ကို တားသေးတယ်လို့ ပြောလိုက်သလားလို့ အဲဒါအမှန်ပဲလား"

"အမှန်ပဲပေါ့ရှင် . . ကျွန်မ ကိုမျိုးလွင်ကို အဲဒီခရီးကို မသွားဖို့ အတန်တန်တားခဲ့ပါတယ် . . အဲဒီလို တားနေတဲ့ကြားကပဲ ကိုမျိုး ခရီးထွက်သွားတာပါ . . သူ့မိဘတွေကိုတော့ မန္တလေးက သူ့အဒေါ်ဆီကို သွားလည်ဦးမယ်ဆိုပြီး ထွက်သွားတာလို့ ပြောသွားတယ်လို့ ပြောပါတယ်"

"ကိုမျိုးလွင်နော်"

"ဟုတ်ပါတယ် . . ကျွန်မတို့ကတောင် ကိုမျိုးလွင်လို့ပဲ ခေါ်ကြပြောကြပါတယ် . . သူကလည်း အခု ကိုနန်းထိုက်တို့ ခေါ်သလိုပဲ မဆွေလို့ ခေါ်ပါတယ် . . တစ်ခါတစ်ခါကျတော့လည်း မိဆွေလို့ ပြောပါတယ် . . ကျွန်မကတော့ သူ့ကို ကိုမျိုးလို့ပဲ တစ်လျှောက်လုံး ခေါ်ခဲ့ပါတယ်"





ဤသို့ သူမက ကိုမျိုးလွင်အကြောင်း ပြောရင်း ကိုမျိုးလွင်ကို မြင်ယောင်လာဟန်တူသည်။ မျက်ဝန်းအိမ်၌ မျက်ရည်စများ သွယ်လာ၍ လက်ကိုင်ပုဝါလေးဖြင့် သုတ်လိုက်လေသည်။ ကျွန်ုပ်မှာ မေမြတ်ဆွေကို မကြည့်ဘဲ မျက်နှာလွှဲထားရလေသည်။ ထိုစဉ် အိုင်အိုနန်းထိုက်က

"ကိုမျိုးလွင်မိဘများက ဘယ်သူများလဲ မသိဘူး"

ဟု မေးလိုက်လေရာ မေမြတ်ဆွေက ကိုမျိုးလွင်မှာ သစ်တော အရေးပိုင် ဦးမျိုးဝင်း၏ တစ်ဦးတည်းသော သားဖြစ်ကြောင်း ဘောင်ထရီလမ်းရှိ ခြံကျယ်ကြီးအတွင်း ခေတ်မီစွာ ဆောက်လုပ်ထားသော တိုက်ကြီးတွင် နေထိုင်ကြောင်း။

ဖခင် ဦးမျိုးဝင်းသည် သစ်တောအရေးပိုင်ရာထူးမှ အငြိမ်းစားယူပြီး ရိုးကုမ္ပဏီ၏ အစုရှယ်ယာဝင်အဖွဲ့ဝင် ဒါရိုက်တာအဖြစ် တာဝန်ယူခဲ့ဖူးကြောင်း ယခုအချိန်တွင်ကား ဦးမျိုးဝင်း ကွယ်လွန်ခဲ့ပြီဖြစ်၍ ဇနီးဖြစ်သူ ဒေါ်ခင်ခင်ဦးသာ ကျန်ရှိကြောင်း။ ဒေါ်ခင်ခင်ဦးမှာလည်း တစ်ဦးတည်းသောသား ကိုမျိုးလွင် ခရီးထွက်သွားရာမှ အကြောင်းတစ်စုံတစ်ရာမသိရဘဲ ဖြစ်နေ၍ စိတ်သောက ရောက်ပြီး တရားဘာဝနာစည်းဖြန်းလျက်ရှိကြောင်း။

မေမြတ်ဆွေတို့က ဒေါ်ခင်ခင်ဦး တစ်ပူပေါ် နှစ်ပူဆင့်မည်စိုး၍ နန်းဆက်မွန်ပန်းချီကားနှင့် ပတ်သက်သော အကြောင်းတစ်စုံ



www.burmeseclassic.com

www.burmeseclassic.com



ဘာစာမှ မပြောဘဲ ထိန်ချန်ထားခဲ့ကြောင်း အကြောင်းစုံ ရှင်းလင်းပြောပြခဲ့လေသည်။

မမြတ်ဆွေနှင့် တွေ့လိုက်ပြီး ထိုအကြောင်းစုံ ကျွန်ုပ်တို့ သိလိုက်ရသောအခါ ဖောက်ထွင်းမှု၏ နောက်ဆက်တွဲ ပြဿနာတွေမှာ မနည်းကြောင်း သိလာရပါလေတော့၏။

* * * * * *

နတ်က,ရာကြည့်မောဆိုသော စကားတစ်ခွန်းမှာ ကလေးများ နတ်ပွဲများကို သွားကြည့်သဖြင့် ပင်ပန်းမောပမ်းကြသည့်သဘောကို ဆိုလိုခဲ့ခြင်း ဖြစ်သော်လည်း ထိုစကား၏ အဓိကဆိုလိုရင်းအဓိပ္ပာယ်တစ်ခုမှာကား မိမိလုပ်ရမည့် အလုပ်ကို ပစ်ထားပြီး နတ်ပွဲသို့ သွားကာ ဘေးက ရပ်ကြည့်၍ မောရပမ်းရသည့်သဘော ဖြစ်လေသည်။

ကျွန်ုပ်သည်လည်း စားရေးရမည့်အလုပ်ကို ပစ်ထားပြီး အိုင်အိုနန်းထိုက်နှင့် လိုက်ကာ မမြတ်ဆွေတို့ကို (နဝရတ်စံအိမ်) ဖောက်ထွင်း ခံရသည့်အမှုကို စိတ်ဝင်တစား ဖြစ်နေမိသည် မဟုတ်ပါလား။ သို့သော်လည်း ထိုဖောက်ထွင်းမှုသက်သက် မဟုတ်တော့ဘဲ နန်းဆက်မွှန်ပန်းချီကားအကြောင်း ပါဝင်လာခဲ့ရသည် မဟုတ်ပါလား။

ထိုနေ့က မမြတ်ဆွေသည်လည်း ကျွန်ုပ်တို့ကို မြေအောက်လျှို့ဝှက်တိုက်ခန်းတွင် နန်းဆက်မွှန်ပန်းချီကား ရှိနေသည်





အကြောင်းကိုသာ ထုတ်ဖော်ပြောခဲ့သည်။ ထိုပန်းချီကားကို ကျွန်ုပ်တို့အား လက်တွေ့လိုက်ပြခဲ့သည် မဟုတ်ပေ။

အိုင်အိုနန်းထိုက်ကလည်း ထိုပန်းချီကားကို လိုက်၍ကြည့်လိုသည့်အကြောင်း ထုတ်ဖော်မပြောခဲ့ပေ။ သူကိုယ်တိုင် သတိမေ့သွား၍ပဲလားဆိုသည့်အချက်ကို ကျွန်ုပ် တွေးမရပေ။ အမှန်တော့ ကျွန်ုပ်သည်လည်း ထိုပန်းချီကား ကြည့်ရှုလိုသည့်အကြောင်း မေ့လျော့၍ နေခဲ့လေသည်။

မမြတ်ဆွေ ပြောခဲ့သော အကြောင်းအရာများမှာ အမှန်တကယ်ရော ဟုတ်မဟုတ် ကျွန်ုပ် ပြန်လည် ဝေဖန်သုံးသပ်နေမိ၏။ သူမ ပြောပြလိုက်သော အကြောင်းအရာ အဖြစ်အပျက်များမှာ အလွန်ပင် စိတ်ကူးယဉ်ဆန်နေသလို ရှိသည်။

နန်းဆက်မွှန်ပန်းချီကားကို ကျွန်ုပ်တို့ ကြည့်ခွင့်မတောင်းလိုက်မိသည်မှာ အမှားတစ်ခု ဖြစ်နေသည်။ ယခုမှ မမြတ်ဆွေသည် ယဉ်ယဉ်ကလေးနှင့် ,ရှူးနေသော စိတ္တဇရောဂါဝေဒနာသည်မဟုတ်ဟု ပြောရန်ခက်၏။

သူမက သူ့စိတ်ကူး ရှိနေသည်တို့ကို အစီအစဉ်ချ၍ ပြောပြလိုက်သည့် အဖြစ်အပျက်တစ်ခုရော မဖြစ်နိုင်ဟု ဆိုလေမလား။ သာမန် အတွေးသာမန်အသိအမြင်မျိုးနှင့် ဆိုလျှင် ပန်းချီကားတစ်ချပ်သည် သက်မဲ့ဒြပ်ပစ္စည်းတစ်ခုသာလျှင် ဖြစ်နေသည်ဘဲ။

သည်လို သက်မဲ့ဒြပ်ဝတ္ထုပစ္စည်း ပန်းချီကားတစ်ချပ်မှ ရုပ်ပုံများသည် မည်၍မည်မျှပင် အနုပညာလက်ရာမြောက်သည်မှု ဆိုလင့်ကစား ထိုအရာသည် ပြင်ပလောကထဲမှ အရပ်ခေသ...

www.burmeseclassic.com

www.burmeseclassic.com



ခုခုနှင့် ဆက်နွယ်ပတ်သက်စရာ အကြောင်းမရှိပေ။

တစ်ခုတော့ရှိသည်။ ကျွန်ုပ်တို့သည် လူသားစင်စစ်များ ဖြစ်သည်ဟု ဆိုလေရကား လူသားတို့ အပါအဝင် ပတ်ဝန်းကျင်အရာအားလုံးသည် အလွန်အန်နှင့်ထု၍ ဒိုင်မေးရှင်းသုံးမျိုးဖြင့်သာ ဖွဲ့စည်းထား သည့်ရှိလေရကား ဒိုင်မေးရှင်းလေးမျိုးဖြင့် ဖွဲ့စည်းသော စကြာဝဠာသဘော အယူအဆများကိုကား ကျွန်ုပ်တို့ အသိအဖြင့် အယူအဆများနှင့် အံဝင်ဂွင်ကျ မရှိသေးသည်ကတော့ အမှန်ပါပေ။

မေမြတ်ဆွေ ပြောပြခဲ့သော အကြောင်းအရာ မှန်သည် မမှန်သည်ကို သက်သေထူနိုင်ရန်အတွက် ကျွန်ုပ်တို့သည် ကိုမျိုးလွင်နှင့် တွေ့ရန် လိုအပ်လာ၏။ ကိုမျိုးလွင်မှာ ယခုလောလောဆယ် ပျောက်ဆုံးနေ သော လူတစ်ယောက် ဖြစ်နေသဖြင့် ကိုမျိုးလွင်ကို ကျွန်ုပ်တို့ တွေ့ရန် မလွယ်ကူလှပေ။

ထို့ကြောင့် ကိုမျိုးလွင်၏မိခင် ဒေါ်ခင်ခင်ဦးနှင့် တွေ့ဆုံကြရန် လိုအပ်၍ လာလေသည်။ ကျွန်ုပ်အနေနှင့် ဒေါ်ခင်ခင်ဦးထံ သွားရောက်စုံစမ်းရန် မလွယ်ပေ။ အိုင်အိုနန်းထိုက်ကသာ ဒေါ်ခင်ခင်ဦးထံ သွား ရောက်စုံစမ်းရန် သင့်မြတ်သည်ဟု ထင်သည်။

မော်တော်ကားတစ်စီး ကျွန်ုပ်၏ အိမ်ခြံဝင်းအရှေ့၌ ထိုးရပ်လာသည်ကို ကျွန်ုပ် တွေ့လိုက်ရသဖြင့် အိုင်အိုနန်းထိုက်၏ မော်တော်ကားဟု တွေးထင်မိလိုက်သည်။ အိုင်အိုနန်းထိုက်၏ မော်တော်ကားမဟုတ်ဘဲ အငှားကားတစ်စီး ဖြစ်နေသဖြင့် ကျွန်ုပ် အဖို့ အမြင်ဆန်းသွားရလေသည်။





ကားပေါ်မှ မည်သူမျှ ဆင်းမလာသေး၍ ကျွန်ုပ်၏ စာပေတိုက်က အယ်ဒီတာတစ်ယောက်ယောက်များလား တွေးထင်မိသည့်အခိုက် ထိုရပ်ထားသော အော်စတင်မော်တော်ကားပေါ်မှ အသက် ၂၅–၂၆– နှစ်အရွယ် မိန်းကလေးတစ်ဦး ဆင်းလာသည်ကို တွေ့မြင်လိုက်ရပါလေတော့သည်။ မိန်းကလေးသည် ရွှေဖလားရောင်ချိတ်ထမီနှင့် ပွင့်ရိုက်ရှုံသားအင်္ကျီကို တွဲဖက်ဝတ်ဆင်ထားလေသည်။

ဆံပင်ကို ဘီးစပတ်–ပတ်ထားသည်။ ပန်းကို စံပယ်ပန်းကုံးတစ်ကုံးကို ပန်ဆင်ထားလေရာ အစနှစ်စမှာ တွဲလောင်းကျလျက် လှုပ်လှဲ့လှုပ်လီ ရှိ၏။ စံပယ်ရနံ့သည် သင်းထုံပျံ့စေသည်ထင်၏။ သူမ ကားပေါ်က ဆင်းလာပြီး ကျွန်ုပ် အိမ်ဘက်သို့ လျှောက်၍ အလာ သူမ စီးလာခဲ့သော အငှားမော်တော်ကားမှာ ဆက်လက်မောင်းသွားလေသည်။

ကျွန်ုပ်သည် ခြံဝတံခါးသို့ လျှောက်လာခဲ့ပြီး ထိုမိန်းကလေးကို ကြည့်လိုက်လျှင် ကျွန်ုပ် စူးစမ်းသော အကြည့်မျိုးနှင့် ကြည့်သလို သူမကလည်း ကျွန်ုပ်ကို စူးစမ်းသောအကြည့်များဖြင့် ကြည့်နေလေသည်။

"ဘာကိစ္စရှိလို့လဲ ညီမ "

ကျွန်ုပ်သည် ထိုမိန်းကလေးကို ညီမဟု မသုံးမဖြစ် သုံးလိုက်ပြီးကာမှ မှားများမှားသွားလေသလား ခံစားလိုက်မိ၏။ မိန်းကလေးက

"စာရေးဆရာ ကိုငြိမ်းမောင်က အစ်ကိုထင်တယ်"

ဟု မေးလိုက်လေသည်။ သူမ၏အသွင်အပြင် စကားပြော



www.burmeseclassic.com

www.burmeseclassic.com



သည့်ဟန်ပန်တို့မှာ သွက်သွက်လက်လက် ချက်ချက်ချာချာ ရှိပေသည်။ သူမကို အနီးကပ်တွေ့မြင်လိုက်ကာမှ ယဉ်ယဉ်ကျေးကျေး မြန်မာဆန်ဆန် နန်းဟန်နန်းစရိုက်အလှမျိုး ဖြစ်နေကြောင်း ကျွန်ုပ် သိရှိလိုက်ရလေသည်။

သူမ၏ စိတ်ဝင်စားစရာကောင်းသောအလှကို ကျွန်ုပ် အမှတ်မထင် ခံစားလိုက်မိသဖြင့် သူမ ပြန်မေးသည့် အမေးကို ကျွန်ုပ်မှာ အတိအကျ မသိလိုက်ဘဲ ဖြစ်၍ သွားလေသည်။ သို့သော် ကျွန်ုပ်သည် ကျွန်ုပ်၏ အလုပ်အကိုင် စာရေးဆရာအမည်နာမကို ကြားလိုက်ရသဖြင့် သူမ ဘာမေးမှန်းကိုတော့ဖြင့် သိရှိလိုက်သည်။ ထို့ကြောင့် အိန္ဒြေဆည်လိုက်ကာ

"ဟုတ်ပါတယ် . . ကျွန်တော် စာရေးဆရာ ငြိမ်းမောင်ပါ"

ဟု မိမိအောက် အသက်ငယ်သူ မိန်းကလေးတစ်ဦး ဖြစ်နေကြောင်း သိရှိထားပါလျက် ယဉ်ကျေးမှုသဘောဖြင့် မိမိကိုယ်တိုင် ကျွန်တော်ဟု အသုံးပြုလိုက်ရလေသည်။

"ကျွန်မကိုတော့ ဆရာသိမှာ မဟုတ်ဘူး . . ကျွန်မကတော့ ဆရာ့ကို သိနေပါတယ်"

"မင်းက . ."

"နန်းတော်ရှေ့ မေနန်းနွယ်ပါ"

ရုတ်တရက်တော့ ကျွန်ုပ်အဖို့ ခပ်ကြောင်ကြောင် ဖြစ်၍ သွား သည်။ နောက်မှ ဒဂုန်မဂ္ဂဇင်းတွင် သည်ကလောင်နာမည်ကို တွေ့ဖူး ဖတ်ဖူးသည်နှင့်

"ဩော် . . နန်းတော်ရှေ့ မေနန်းနွယ်ဆိုတာ ညီမပဲကိုး





တွေ့ရတာ ဝမ်းသာပါတယ် . . လာလာ . . အိမ်ပေါ်တက်ပါဦး"

"ဟုတ်ကဲ့ . ."

ဤသို့ဖြင့် မေနန်းနွယ်သည် ကျွန်ုပ်၏ အိမ်ဧည့်ခန်း အတွင်း သို့ ရောက်ရှိလာပါလေတော့၏။ စာရေးဆရာ အချင်းချင်း တွေ့ရသဖြင့် ကျေနပ်မိသည်ကတော့ အမှန်ပါပေ။

* * * * * *

နန်းတော်ရှေ့ မေနန်းနွယ်သည် စာရေးဆရာမတစ်ဦးနှင့် မတူဘဲ နန်းတွင်းသူတစ်ဦးနှင့် တူနေသည်။ အကြောင်းမူကား သူမ၏ ဝတ်စားဆင်ယင်မှုနှင့် လှုပ်ရှားသွားလာမှု စကားပြောဟန် ဆိုဟန် စသည်တို့မှာ အလွန်ပင် ယဉ်ကျေးသိမ်မွေ့လှပေသည်။

အကယ်၍သာ မေနန်းနွယ်သည် မြန်မာ့နန်းတွင်းထီး မှန်နန်းဟန်ဖြင့် စကားပြောဆို ဆက်ဆံခဲ့မည်ဆိုလျှင် အမှန်ဝင် ထိပ်တင်မျိုးနွယ်မှ အဆက်အနွယ် မိန်းကလေးဖြစ်မည်ဟု ကျွန်ုပ်က တထစ်ချယုံကြည် လိုက်မည်သာတည်း။

ကျွန်ုပ်က ကော်ဖီဖျော်နေသည့်အချိန် မေနန်းနွယ်သည် ဧည့်ခန်းထဲတွင် တစ်ယောက်တည်း ထိုင်လျက် ကျွန်ုပ် ဧည့်ခန်း အနေအထားကို လျှောက်ကြည့်နေသည်။ ကျွန်ုပ်၏ ဧည့်ခန်းတွင် ချိတ်ဆွဲထားသော တစ်ခုတည်းသော ပန်းချီကားကို တွေ့လိုက်သော အခါ မေနန်းနွယ်သည် စူးစူးစိုက်စိုက် ကြည့်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုပန်းချီကားမှာ လရောင်တွင် ပွင့်နေသော ကုမုဒြာကြာပန်း တစ်ပွင့်ပုံ ဖြစ်သည်။ ကြာပန်းပွင့်ဘေး မလှမ်းမကမ်းတွင် ကြာဖူးငယ်တစ်ဖူး ရှိသည်။ ကြာရွက်ကြီးတွေက ကန်ရေပြင်တွင် ရေနှင့် တသားတည်းရှိသည်။ ကန်ရေပြင်မှာကား မှုန်ပျပျလရောင်ရိပ်တွင် ဂယက်မထဘဲ ငြိမ်လျက် ရှိသည်။

ဘေးပတ်ဝန်းကျင်မှာ ညအမှောင်ထု ရှိသည်။ သို့သော် ပိန်းပိတ်မှောင်နေသည် မဟုတ်။ လရောင်မှာ ရော၍ လေထုဝင်နေသည်။ ထိုပန်းချီကားကို မိတ်ဆွေ ပန်းချီဆရာက ကျွန်ုပ်အား လက်ဆောင်ပေးစဉ်က ပန်းချီကားနာမည် မရှိသေးပေ။ ထို့ကြောင့် ကျွန်ုပ်က ထိုပန်းချီကား နာမည်ကို "ငြိမ်း" ဟူသော နာမည်ကို ပေးခဲ့သည်။

ပန်းချီကား အောက်နားတွင် 'ငြိမ်း' ဟူသော စာတန်းကို ရေး၍ ထားသည်။ ဤသို့ ပန်းချီကားနာမည်ကိုသာ ပေးထားသည်။ ပန်းချီကား ဘောင်ကိုတော့ဖြင့် မတပ်ရသေးပေ။ ထို့ကြောင့်လည်း မိတ်ဆွေပန်းချီ ဆရာသည် ကျွန်ုပ်ထံ လာလည်သည့်အခါ

"စာရေးဆရာကလဲဗျာ ကျွန်တော့်ပန်းချီကားကို ဘောင်မတပ် ဘဲ ထားရတယ်လို့"

ဟု ပြောတတ်သည်။ ကျွန်ုပ်က

"ဘောင်တပ်ပြီး မထားချင်လို့ပါဗျာ"

ဟု ပြောလိုက်ရလေသည်။ ထိုပန်းချီကားကို မေနန်းနွယ် စူးစူးစိုက်စိုက် ကြည့်နေသည့်အခိုက် ကျွန်ုပ်က ကော်ဖီပန်းကန်နှင့် ကိတ်မုန့်ခြောက်ပန်းကန်ပြားတို့ကို သူမရှေ့ စားပွဲပေါ် တင်ပေး





လိုက်ခြင်း ဖြစ်သည်။ လက်သုတ်ပုဝါကိုလည်း ယူပေးရလေသည်။

"သုံးဆောင်လိုက်ပါဦး"

"ဟုတ်ကဲ့ . . ပန်းချီကားကို ကြည့်နေတာပါ . . ငြိမ်းဆိုတဲ့ နာမည်က ဆရာပေးထားတာလား"

"ဟုတ်ပါတယ် . . ကျွန်တော့်မိတ်ဆွေ ပန်းချီဆရာ ဆွဲပေးထားတာပါ"

"ဆရာ့ကို မေးရဦးမယ် . . ဆရာ့မိတ်ဆွေ ပန်းချီဆရာက ဘယ်သူလဲ . . ဆိုင်းထိုးထားတာကိုတော့ တွေ့တယ် . . အတိုကောက်ဆိုတော့ နာမည်အတိအကျ မသိရဘဲ ဖြစ်နေပါတယ်"

"သုံးဆောင်လိုက်ပါဦး"

"ဟုတ်ကဲ့ပါ"

"ကျွန်တော့်မိတ်ဆွေ ပန်းချီဆရာက ဆရာရွှေမောင်ပါ"

"ဆရာရွှေမောင်တဲ့လား"

"ဟုတ်ပါတယ် . . သူက ဆရာကြီးချူးဆိမှာ ပန်းချီပညာသင်ခဲ့ဖူးတဲ့ ပန်းချီဆရာတစ်ယောက်ပါ . . ခက်တာက ကော်မာရှယ်ပန်းချီ ဆရာ မဟုတ်ဘဲ ဖိုင်းအတ်ဒ်ပန်းချီဆရာဆိုတော့ လူသိပ်မသိကြပါဘူး"

"ဒါပေမဲ့ . . ကျွန်မ ဆရာရွှေမောင်ရဲ့ ပန်းချီကားတစ်ကားကို နိုင်ငံခြားမှာ တွေ့ခဲ့ဖူးတယ်"

မေနန်းနွယ်သည် အမှတ်မထင် ပြောလိုက်မိသော စကားတစ်လုံးကြောင့် မျက်နှာတစ်ချက် ပျက်၍ သွားလေသည်။ သို့သော် သူမက ကော်ဖီပန်းကန်ကို ကောက်ကိုင်ရင်း



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . ဂျပန်ကို အလည်သွားခဲ့တုန်းကပါ အညာရှုခင်း ဖြစ်နေလို့ ဂရုတစိုက်ကြည့်မိလို့ ဆရာရွှေမောင်မှန်း ကျွန်မ သိခဲ့ရတာပါ ဆရာ"

ကျွန်ုပ်သည် နန်းတော်ရှေ့မေနန်းနွယ်ကို ငေးစိုက်ကြည့်ပြီး တအံ့တဩ ဖြစ်နေမိသည်။ သူမသည် ကျွန်ုပ်အား သူမမှာ စာရေးဆရာမ နန်းတော်ရှေ့မေနန်းနွယ်ဟု အသိပေး မိတ်ဆက်လာပါလျက် ယခုအချိန်အထိ စာပေအကြောင်းကို မပြောသေးဘဲ ပန်းချီအကြောင်းကိုသာ ပြောနေလေသည်။

ဒါကို သူမက ရိပ်မိသွားဟန်တူသည်။ မေနန်းနွယ်က

"ကျွန်မလဲ ဆရာနဲ့ စာပေအကြောင်း မပြောဖြစ်ဘဲ ပန်းချီအကြောင်းကိုပဲ ပြောနေမိတယ် အားနာလိုက်တာ"

ဟု ပြောလိုက်လေသည်။ ထိုသို့ပြောရင်း ကျွန်ုပ်ကို အကဲခတ် နေလေသည်။ ကျွန်ုပ်က

"စာပေနဲ့ ပန်းချီဟာလည်း ခွဲလို့မရတဲ့ အနုပညာရပ်တွေပါပဲ . . ကျွန်တော်တို့တွေ စာပေအကြောင်းပဲပြောပြော ပန်းချီအကြောင်းပဲ ပြောပြော အတူတူပါပဲ"

'ဟု ပြောလိုက်လေရာ မေနန်းနွယ်က

"ဟုတ်တော့ ဟုတ်ပါတယ်"

ဟု ပြောလေသည်။

"ဟင်း . . ဟင်း . . ပန်းချီအကြောင်းတွေချည်း ပြောဖြစ်တော့မှာပဲ ထင်တယ် . . ဒီလိုပါ ပန်းချီဆရာရွှေဒေါင်းကိုများ ဆရာသိနေသလားလို့ပါ"





BURMESE CLASSIC .com

ထိုသို့ ပြောလိုက်သော မေနန်းနွယ်သည် ထူးထူးခြားခြား ကျွန်ုပ်ကို မျက်တောင်မခတ်စိုက်၍ ကြည့်နေလေရကား ကျွန်ုပ်ရင်ထဲတစ်မျိုး တစ်ဖုံ ခံစားမိလိုက်ရလေသည်။ မေမြတ်ဆွေ၏ မြေအောက်တိုက်ခန်းရှိ နန်းဆက်မွန်ပန်းချီကားနှင့် ဆက်နွယ်နေမှန်း ကျွန်ုပ် ချက်ချင်း သိရှိလိုက်ရလေသည်။

"ပန်းချီဆရာ ရွှေဒေါင်း ဟုတ်လား"

ကျွန်ုပ်သည် ရုတ်တရက် စဉ်းစားချိန်မရ၍ မေနန်းနွယ်ကို ပြန်၍ မေးလိုက်လေဟန် လုပ်လိုက်သည်။ မေနန်းနွယ်ကား အလွန်ပါးနပ် လိမ္မာသူကလေးတစ်ဦး ဖြစ်သည်။ ကျွန်ုပ် အမူအယာပျက်မလို ဖြစ်သွားသည်ကို ရိပ်မိလိုက်ဟန် တူသည်။ ခေါင်းတလေးတစ်ချက် ညိတ်ပြလိုက်ကာ

"ဟုတ်တယ်လေ . . ဆရာကိုရွှေဒေါင်းတဲ့"

ဟု ထပ်ပြီး ပြောလိုက်လေသည်။ သည်အချိန်ကျမှ ကျွန်ုပ်သည် မေနန်းနွယ်အပေါ် နန်းဆက်မွန်ပန်းချီကားနှင့် တစ်နည်းမဟုတ် တစ်နည်း ပတ်သက်နေမလား အတွေးရောက်မိသွားပြီ။

"ကျွန်တော် ပန်းချီဆရာတွေ အတော်များများ သိခဲ့ဖူးပါတယ် . . ပန်းချီကို ဝါသနာပါလှလို့တော့လည်း မဟုတ်ပါဘူး . . ပတ်သက်ရာ ပတ်သက်ကြောင်းပဲပေါ့လေ . . ဒါပေမဲ့ ပန်းချီဆရာ ရွှေဒေါင်းကိုတော့ မကြားဘူးတာ အမှန်ပဲ"

ဟု ပြောလိုက်လေသည်။

ဤနေရာတွင် ကျွန်ုပ်သည် ဘူးတစ်လုံးမခေါင်း၍ မရတော့ပေ။ ပြောနေရင်းကပင် နဝရတ်စံအိမ်ရှေ့ မဂိုအမျိုးသမီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦး မယောင်မလည် ရောက်လာသည်ဆိုသော လုံခြုံရေးတာဝန်ယူထားသည့် ပုလိပ်သားတစ်ယောက် ပြောလိုက်သောစကားကိုလည်းကောင်း၊ ဘိုမကြီးအိမ်သို့ ကျွန်ုပ်တို့ ဝင်ရောက်တိုက်ခိုက်စဉ် တိမ်တစ်လုံး ချစ်မြဲထံမှ အမျိုးသမီးတစ်ဦးနှင့် အမျိုးသားကြီးတစ်ဦးက သူ့အား နဝရတ်စံအိမ်ကို ဖောက်ထွင်းခပေးမည်အကြောင်းဖြင့် ချိန်းပြီး အဘိုးအခမပေးဘဲ ထွက်ပြေးတိမ်းရှောင်သွားကြသည်ကိုလည်းကောင်း သတိရလာမိပါလေတော့၏။

* * * * * *

"စဉ်းစားပါဦး ဆရာရယ် . . ဆရာတို့က ဒီအနုပညာနယ်ထဲမှာ အမြဲလို ကျင်လည်နေတာဆိုတော့ ကျွန်မတို့ထက် ပိုပြီး အသိအမြင် များလို့ပါ"

မေနန်းနွယ်က ကျွန်ုပ်အား ပညာစမ်းလိုက်သည့်သဘောထပ်၍ ပြောလိုက်လေရာ ကျွန်ုပ်က

"ဒီလိုရှိတယ် ညီမရဲ့ . . ကျွန်တော်တို့က ကော်မာရှယ်ပန်းချီ ဆရာတွေနဲ့သာ အများဆုံး တွေ့ကြုံဆုံကြရတာပါ . . ဖိုင်းအတ်ဒ်ပန်းချီ ဆရာမျိုးကျတော့ မကြုံမဆုံဘူးလေ . . မန္တလေးဘက်က ဆရာကြီး ဦးဘသစ်တို့ဆိုရင် သူ့ပန်းချီကားတွေ ရေးလိုက် နိုင်ငံခြားသားတွေက ဝယ်သွားလိုက်နဲ့ ပန်းချီဆရာကြီး ဦးဘသစ်လို့သာ ကြားကြားနေရတာ သူ့ပန်းချီကားတွေကို ကျွန်တော်တို့ တွေ့ဖူးခံစားဖူးတာမှ မဟုတ်တာဘဲ"





ဟု ပြောလိုက်ရလေသည်။ မေနန်းနွယ်သည် ကျွန်ုပ်၏ ခုခံ ကာကွယ်လိုက်သည့် စကားကို ဘဝင်မကျလှသော်လည်း ကြောင်းကျိုး ဆက်စပ်မှု ရှိနေသဖြင့် ခေါင်းကိုသာ တညိတ်ညိတ် လုပ်နေ၏။ သည် တော့ ကျွန်ုပ်က

"ဒါထက် မေနန်းနွယ်က စာရေးရုံသာမကဘဲ ပန်းချီကိုပါ ရေးတယ်ထင်တယ်"

ဟု ပြောမေးမေးလိုက်လေရာ

"ကျွန်မက ပန်းချီမရေးပါဘူး . . ကျွန်မအစ်ကိုကြီးကတော့ ပန်းချီရေးပါတယ်"

ဟု ပြောလေသည်။ ထို့နောက် မေနန်းနွယ်သည် ကျွန်ုပ်က သူမ၏ ပန်းချီရေးသော အစ်ကိုကြီးအား စုံစမ်းမေးမြန်းတော့မည်ကို ကြိုတင် သိထားသဖြင့် စကားလမ်းကြောင်း လွှဲလိုက်လေသည်။

"ဒါထက် ဆရာ အခုနောက်ဆုံးထွက်ခဲ့တဲ့ သံသယစက်ဝိုင်းဝတ္ထုကို ကျွန်မ အတော်လေး သဘောကျနေမိတယ် . . အဲဒီဝတ္ထုကို ဖတ်ရတာ ကျေနပ်လွန်းလို့လည်း အခုလို ကျွန်မ မန္တလေးက ရန်ကုန်ကို လာရင်း ဆရာ့ကို ဝင်တွေ့တာပါ"

ထိုအခိုက် ကျွန်ုပ်၏အိမ်ရှေ့သို့ အော်စတင်ကားတစ်စီး ရုတ်တရက် ထိုးဆိုက်လာလေသည်။ မေနန်းနွယ်က အိမ်ရှေ့သို့ လှမ်းမျှော်၍ ကြည့်လိုက်ပြီး

"ကျွန်မကို လာကြိုပြီ ထင်တယ်"

ဟု ပြောပြီး ထိုင်ရာမှ ထရပ်လိုက်လေသည်။ ကျွန်ုပ်သည်လည်း သူမပြောသည့်အတိုင်း သူမကို လာကြိုသောကားဟုပင်



www.burmeseclassic.com

www.burmeseclassic.com



တွေးထင်လိုက်၏။ မေနန်းနွယ်သည် ကျွန်ုပ်ရှေ့တွင် သူမ၏ထမီကို ပြင်၍ ဝတ်ရန် အခက်အခဲဖြစ်နေလေရာ ကျွန်ုပ်မှာ သူမရှေ့တွင် ဆက်လက်ရှိနေလျှင် ယဉ်ကျေးမှုအရ အလွန်ရိုင်းရာကျနေသဖြင့် အိမ်ရှေ့သို့ ထွက်လာခဲ့လေ သည်။

အိမ်ရှေ့သို့ ရောက်လာသောအခါ ရောက်ရှိလာသော ကားမှာ မေနန်းနွယ်အား လာရောက်ကြိုသည့်ကား မဟုတ်မှန်း ကျွန်ုပ် သိလာရ ပါလေတော့၏။ အကြောင်းမူကား ရောက်ရှိလာသောကားမှာ အိုင်အို နန်းထိုက်၏ ကားဖြစ်နေသောကြောင့်ပါပေ။

ကျွန်ုပ် အိမ်ရှေ့ဝရံတာသို့ ရောက်လျှင် အိုင်အိုနန်းထိုက်မှာ ကျွန်ုပ် အနီးသို့ပင် ရောက်ရှိနေပြီ ဖြစ်သည်။ အိုင်အိုနန်းထိုက် အလွန်အကင်းပါးသောကြောင့် ကျွန်ုပ်ကို တွေ့မြင်လိုက်ရသည်နှင့်

"အိုင်ဆေး ကိုငြိမ်းမောင် ဘယ်လိုဖြစ်နေတာလဲ . . ခင်ဗျားကို ကြည့်ရတာ ပြဿနာတစ်ခုခုနဲ့ ရင်ဆိုင်နေရသလိုပါပဲလား"

ဟု ပြောလိုက်လေသည်။ သူက အခုလို ပြောလိုက်ကာမှ ကျွန်ုပ်မှာ ပို၍ လှုပ်ရှပ်ရှားရှား ဖြစ်၍သွားကာ

"ကိုနန်းထိုက်တို့ကတော့ ချက်ဆိုနားခွက်က မီးတောက်တာပါ ပဲလားဗျို့"

ဤသို့ အသံခပ်ကျယ်ကျယ် ပြောလိုက်ပြီး ချက်ချင်းအသံကို အုပ်၍

"ကျုပ် အိမ်ဧည့်ခန်းထဲမှာ အမျိုးသမီးတစ်ယောက် ရောက်နေတယ် မေနန်းနွယ်တဲ့ . . ဟိုပန်းချီကားနဲ့ တိုက်ရိုက်ပတ်





သက်နေတယ် ထင်တယ်"

ဟု ပြောလိုက်လေ၏။ ထိုစကားကို ကြားလျှင်ကြားချင်း အိုင်အိုနန်းထိုက်သည် ကျွန်ုပ်ကို တွန်းဖယ်ကာ အိမ်ပေါ်သို့ ဒရောသောပါး ပြေးတက်၍ သွားလေသည်။ ကျွန်ုပ်သည်ပင် ပြောလိုက်မိသည့်အတွက် မှားသွားပြီဟု ထင်လိုက်မိလေတော့၏။

ကျွန်ုပ်သည် ဧည့်ခန်းအတွင်းသို့ ရောက်သောအခါ အလွန်ပင် အံ့သြ၍သွား၏။ မှန်ပါသည်။ ကျွန်ုပ် အိမ်အပြင် ဝရံတာသို့ ရောက်ရှိနေသည့်အချိန်၌ပင် မေနန်းနွယ်သည် ကျွန်ုပ်အိမ်ဧည့်ခန်းထဲတွင် ရှိနေသေးပါလျက် ယခုမူ မေနန်းနွယ်ဆိုသော မိန်းကလေးကို ကျွန်ုပ်တို့ လုံးဝ မတွေ့ရတော့ပေ။

"ဘယ်မှာလဲ ကိုငြိမ်းမောင်"

ဟု အိုင်အိုနန်းထိုက်က ကျွန်ုပ်အား မေးလိုက်လေသည်။ ကျွန်ုပ်မှာ အိုင်အိုနန်းထိုက်ကို နောက်ပြောင်သကဲ့သို့ ဖြစ်၍သွား၏။

"အခုရှိတယ်လေ . . အခုမရှိတော့ဘူးဆိုတာ မဖြစ်နိုင်ဘူး"

"ကိုငြိမ်းမောင်ကသာ ရှိရမယ်ပြောနေတာ ဘယ်မှာရှိတော့လို့လဲ"

ဟု ပြောလိုက်ပြီး အိုင်အိုနန်းထိုက်က မပွင့်တပွင့် ရယ်မောလိုက်ပြီး

"ဟင်း . . ဟင်း . . ကိုငြိမ်းမောင်ဦးနှောက်လည်း ချောက်သွားပြီ ထင်တယ် . . ဒါမှမဟုတ် နန်းဆက်မွန်ပန်းချီကားအပေါ်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားမှုပိုပြီး စိတ်ကူးတွေ ယဉ်ကုန်ပြီ ထင်တယ်''

ဟု ပြောလိုက်လေသည်။

ကျွန်ုပ်မှာ ရှင်းပြ၍မရတော့သော အခြေအနေ ဖြစ်နေ၍ အလွန်ပင် ဝမ်းနည်း၍ သွားလေသည်။

သို့နှင့် ကျွန်ုပ်သည် အိုင်အိုနန်းထိုက်အား မေနန်းနွယ် အမျိုးသမီး ကျွန်ုပ်ထံ ရောက်လာသည့်အကြောင်း၊ ပြီးတော့ သူ့ ကိုယ်သူ နန်းတော်ရှေ့ မေနန်းနွယ် ကလောင်ရှင်ဖြစ်ကြောင်း ပန်းချီအကြောင်း စကားစပ် မိစပ်ရာ ပြောကြကြောင်း၊ ထို့နောက် သူမက ကျွန်ုပ်အား ပန်းချီဆရာ ရွှေဒေါင်းကို သိမသိ မေးခဲ့ကြောင်း၊ ထိုအခါ ကျွန်ုပ်က နန်းဆက်မွန် ပန်းချီကားနှင့် ပတ်သက်နေမည်ဟု တွေးထင်မိပြီး ထိုပန်းချီဆရာ ရွှေ ဒေါင်းကို မသိကြောင်း ငြင်းခဲ့ပြီးမှ အိုင်အိုနန်းထိုက် ရောက်လာ၍ သူမက ထ၍ ထမီကို ပြင်ဝတ်သည် ရှိရာ ကျွန်ုပ်မှာ အိမ်အပြင်သို့ ထွက်လာပေးခဲ့ကြောင်းတို့ကို အိုင်အိုနန်းထိုက် လိပ်ပတ်လည်အောင် ပြောပြလိုက်လေသည်။

သည်တော့မှ အိုင်အိုနန်းထိုက်က

''ကိုငြိမ်းမောင်ပြောတာကို ကျွန်တော် မယုံလို့ မဟုတ်ပါဘူး . . ကျွန်တော် လိုက်ကြည့်ပြီးပြီ ခင်ဗျားအိမ်နောက်ဘေး လမ်းကြားက ထွက်သွားတာ ခုလောက်ဆို သူ အိမ်ပြန်ရောက်နေလောက်ပြီ . . သူက ကျွန်တော့်ကို လက်ဆောင်တောင် ပေးခဲ့သေးတယ်''

ဟု ပြောပြီး အနီကြားက မိန်းမကိုင်လက်ကိုင်ပုဝါတစ်ထည်ကို ထုတ်ပြ၏။





''မေနန်း''ဟူသော စာလုံးအမှတ်အသားကို ထိုလက်ကိုင်ပုဝါတွင် ကျွန်ုပ် တွေ့လိုက်ရလေသည်။ အိုင်အိုနန်းထိုက်က

''မေနန်းဆိုတာ နာမည်ရင်း ဖြစ်နိုင်တယ် ကိုငြိမ်းမောင်''

ဟု ကောက်ချက်ပေးလေသည်။

* * * * * *

''ပြဿနာက သေးမလိုလိုနဲ့ မသေးတော့ဘူး ကိုငြိမ်းမောင်ရေ''

ရွှေဂုံတိုင်ရှိ အရိုးတောင်းထမင်းဆိုင်တွင် ထမင်းစားနေရင်း အိုင်အိုနန်းထိုက်က ဤသို့ အစပြုလိုက်ခြင်း ဖြစ်သည်။ ကျွန်ုပ်သည် ထမင်းစားနေရင်းမှ အိုင်အိုနန်းထိုက်ကို မော့်၍ ကြည့်လိုက်ကာ

''နန်းဆက်မွန်ပန်းချီကား ပြဿနာ မဟုတ်လား''

ဟု မေးလိုက်၏။ အိုင်အိုနန်းထိုက်က

''ဒီပြဿနာပဲပေါ့ဗျာ . . အခု မေနန်းဆိုတဲ့ မိန်းကလေး ကတောင် အပြင်ထွက်ပြလာပြီဆိုတော့ ဒါဟာ ကျွန်တော်တို့ စုံထောက်အဖွဲ့ကို တစ်နည်းအားဖြင့်တော့ စိမ်ခေါ်လိုက်တဲ့ သဘောပဲဗျ''

ဟု ပြောလိုက်လေသည်။

''မဆွေပြောတဲ့ ကိုမျိုးလွင်နဲ့ ပတ်သက်လို့ရော ကိုနန်းထိုက် စုံစမ်းသေးလား''



www.burmeseclassic.com

www.burmeseclassic.com



"စုံစမ်းတာပေါ့ဗျာ . . ဘောင်ထရီလမ်းက သစ်တော အရေးပိုင်ဟောင်း ဦးမျိုးဝင်းအိမ်ကို ကျွန်တော် ရောက်ခဲ့တယ် . . မေမြတ်ဆွေ ပြောတဲ့အတိုင်းပဲ ဦးမျိုးဝင်းကတော့ မရှိတော့ဘူး သူ့ဇနီး ဒေါ်ခင်ခင်ဦး ရှိတယ် . . ဒါပေမဲ့ ကျွန်တော် မတွေ့ခဲ့ဘူး"

"ဘာဖြစ်လို့လဲ ကိုနန်းထိုက် . . ဒေါ်ခင်ခင်ဦးက မကျန်းမာလို့ လား"

"ကျန်းမာပါတယ်ဗျာ . . ကျန်းမာလို့ ကျွန်တော် ဒေါ်ခင်ခင်ဦးနဲ့ မတွေ့ခဲ့ရတာ"

"အိုင်ဆေး ကိုနန်းထိုက် ကျွန်တော် စဉ်းစားရခက်အောင် မလုပ်နဲ့နော်"

"ဟုတ်တယ်လေဗျာ . . ဒေါ်ခင်ခင်ဦးက ကျန်းမာတော့ ဗုဒ္ဓဂါယာကို ဘုရားဖူးသွားနေတယ် မဟုတ်လား"

သည်တော့မှ ကျွန်ုပ်သည် သူပြောသည့်စကားပရိယာယ်ကို သဘောကျပြီး ရယ်ကျဲကျဲ လုပ်လိုက်မိလေသည်။ ကျွန်ုပ်တို့ ထမင်းစားသောက်ပြီး လက်ဖက်သုတ်နှင့် ရေနွေးကြမ်းသောက်နေသည့်အချိန် ဆိုင်ရှေ့သို့ မော်တော်ဆိုင်ကယ်တစ်စီး ထိုးရပ်လာလေသည်။

ကျွန်ုပ် လှမ်း၍ ကြည့်လိုက်သောအခါ ကျွန်ုပ်ထင်သည့်အတိုင်း ဂျာမဒါမူးသာကို တွေ့လိုက်ရလေသည်။ ဂျာမဒါမူးသာသည် အရီးတောင်းထမင်းဆိုင်အတွင်းသို့ ရောက်လျှင် ဟိုသည်လှမ်း၍ ကြည့်၏။

အိုင်အိုနန်းထိုက်က လက်တစ်ဖက်ကို အသင့်ဟန်ပြင်၍





ထားပြီး ဂျာမဒါမူးသာ လှမ်းကြည့်လိုက်လျှင် ကြည့်လိုက်ချင်း အသင့်ဟန်ပြင် ၍ ထားသောလက်ကို မြှောက်၍ ပြလိုက်လေသည်။ ဂျာမဒါမူးသာသည် ကျွန်ုပ်တို့ရှိရာ စားပွဲသို့ ဆက်လက်၍ လျှောက်လာပြီး ထိုင်ခုံတစ်လုံးကို ဆွဲယူ၍ ထိုင်လိုက်လေသည်။

အိုင်အိုနန်းထိုက်က ဂျာမဒါမူးသာအား ထမင်းစားရန် ပြောသော်လည်း ဂျာမဒါမူးသာက ငြင်းသည်။ သူသည် နံနက်စာထမင်းကို စားခဲ့ပြီးကြောင်း ပြော၏။

လက်ဖက်သုပ်ကိုပဲ စားမည်ဟုပြောကာ လက်ဖက်သုပ်ပန်းကန်ကိုပင် ကောက်ကိုင်ပြီး ဇွန်းနှင့် သုံးလေးဇွန်း ခပ်စားနေသည်။ သူ့ပုံမှာ လက်ဖက်သုပ်စားနေသည်နှင့် မတူဘဲ မုန့်တစ်ခုခုပလုပ်ပလောင်း စားနေသည်နှင့် တူ၏။ ကြက်သွန်ဖြူဥတစ်လုံးကို မစပ်သည့်အတိုင်း အခွံကို သွားဖြင့်ပင် ဆွဲ၍ ဆွဲ၍ ကိုက်လျက်ခွာစားနေသည်။

ကြက်သွန်ဖြူကို ဝါးကာဝါးကာ စားနေသည်ရှိရာ ဂျာမဒါမူးသာမှာ မစပ်သည့်အတိုင်းပင်။ ကျွန်ုပ်သည် ဂျာမဒါမူးသာနှင့် အိုင်အိုနန်းထိုက် အချိန်းအဆက်တစ်ခုခု ရှိလိမ့်မည်ဟု တွေးထင်ထားပြီးဖြစ်သည်။ ကျွန်ုပ် တွေးထင်ထားသည့်အတိုင်းပင် အိုင်အိုနန်းထိုက်က စတင်၍ ဂျာမဒါမူးသာအား

"ငါ မင်းကို ထရေ့စ်လိုက်ခိုင်းထားတဲ့ကိစ္စ ဘယ်လိုလဲ"

ဟု မေးလိုက်သည်။ ဂျာမဒါမူးသာက

"ဟုတ်တယ် အိုင်အိုနန်းထိုက် . . လွန်ခဲ့တဲ့ နှစ်က ဦးမျိုးဝင်းက သူ့သား မောင်မျိုးလွင် ပျောက်သွားတဲ့အကြောင်း လူပျောက်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ချက် ဖွင့်ခဲ့ဖူးပါတယ် . . အဲဒီတိုင်ချက် ခုထိ မပိတ်သေးဘူး အိုင်အို . . ဆက်လက် အရေးယူဆဲပဲပေါ့"

"ဒီလိုဆိုရင် ငါ ဘောင်ထရီလမ်း ကိုမျိုးလွင်အိမ်ကို သွားစုံစမ်း လို့ ရခဲ့တဲ့သတင်းအပိုင်းအစတွေနဲ့ ပြန်ဆက်လို့ရတယ် . . အဘွားကြီး ဒေါ်ခင်ခင်ဦးက ဗုဒ္ဓဂါယာကို ဘုရားဖူးသွားနေလို့ ကိုမျိုးလွင်အကြောင်း အသေအချာ စုံစမ်းလို့ မရသေးဘူးပေါ့ကွာ"

"ဒါပေမဲ့ အနီးပတ်ဝန်းကျင်က လူတွေကို ငါလိုက်ပြီး မေးမြန်းစုံစမ်းလိုက်တဲ့အခါ ပတ်ဝန်းကျင် အပြောက ကိုမျိုးလွင်က နိုင်ငံ ခြားတိုင်းပြည်တစ်ခုခုမှာ သေသွားသလိုပဲ . . အဲဒါကလည်း ဦးမျိုးဝင်း ကွယ်လွန်သွားတဲ့နောက်ပိုင်းလို့ ပြောတယ်"

"တစ်နေ့မှာ ဘောင်ထရီလမ်းက ကိုမျိုးလွင်တို့အိမ်မှာ ဒေါ်ခင် ခင်ဦးက သူ့သားအတွက် သက်ပျောက်ဆွမ်း ကပ်တယ်လို့ ပြောတယ်"

"ဒီလိုဆို ကိုမျိုးလွင်က သေသွားပြီပေါ့"

ကျွန်ုပ်က ဤသို့ ဖြတ်မေးလိုက်သောအခါ အိုင်အိုနန်းထိုက်က

"သေသွားပြီလို့တော့ ပြောတာပဲ ကိုငြိမ်းမောင် . . လက်တွေ့ တကယ် သေမသေဆိုတာကိုတော့ ကျွန်တော်တို့လည်း ဘယ်လိုလုပ်ပြီး သိနိုင်မှာလဲ"

ဟု ပြောလေသည်။ ဂျာမဒါမူးသာက ကျွန်ုပ်အား

"ကိုငြိမ်းမောင့်အိမ်ကို မေနန်းနွယ်ဆိုတဲ့ မိန်းကလေး လာသွားတယ်လို့ ကျွန်တော့်ကို အိုင်အိုနန်းထိုက်က ပြောပါတယ် . .





အဲဒီ မိန်းကလေးက ဘယ်လိုပုံလဲ အသားဖြူဖြူ ရုပ်ချောချောလား"

ဟု မေးလေသည်။ ကျွန်ုပ်သည် မေနန်းနွယ်၏ ပုံသဏ္ဌာန်ကို အသေအချာ ပြောပြလိုက်သည်။

"ကိုငြိမ်းမောင် ပြောသလိုဆိုရင် မေနန်းနွယ်ဟာ အတော်ချော အတော်လှတဲ့ မိန်းကလေးတစ်ယောက်ပဲနော်"

ကျွန်ုပ်က

"ချောရုံလှရုံ ဘယ်ကမလဲ သတ္တိရှိတယ်၊ လျှင်မြန်ဖျတ်လတ်တယ်လို့တောင် ပြောနိုင်နေပြီလေ . . ဘာဖြစ်လို့လဲဆိုတော့ အိုင်အိုနန်းထိုက် လာတာကို သူ ချက်ချင်း သိလိုက်တယ် မဟုတ်လား"

ဟု ပြောလိုက်လျှင် အိုင်အိုနန်းထိုက်က

"ဒီမိန်းကလေး ကျွန်တော်နဲ့ ရင်မဆိုင်ဝံ့ပုံထောက်ရင် တစ်ခုခု တော့ တစ်ခုခုဘဲ ကိုငြိမ်းမောင်ရေ . . အချောအလှကလေးမို့ အလှည့်ကွက်ကွင်းထဲ သက်ဆင်းမိလို့ ကျွန်တော်တို့ကို သတင်း မပေးဘဲ မနေနဲ့ဦးနော်"

ဟု ပြောလိုက်လေသည်။ သူက သည့်စကားကို ရည်ရွယ်ချက်တစ်ခုဖြင့် ပြောလိုက်မှန်း ကျွန်ုပ်သိသည်။ မေနန်းနွယ်မှာ ကျွန်ုပ်နှင့် ဆက်သွယ်လာခဲ့သည် မဟုတ်ပါလား။ ထိုစဉ် ကျွန်ုပ်က အိုင်အိုနန်းထိုက်အား

"ဒါထက် ကိုနန်းထိုက် ဟိုတစ်နေ့က မေမြတ်ဆွေကို သူပြောတဲ့ နန်းဆက်မွန်ပန်းချီကား ကြည့်ဖို့ မပြောခဲ့ဘူးနော်"

ဟု မေးလိုက်သောအခါ အိုင်အိုနန်းထိုက်က



www.burmeseclassic.com

www.burmeseclassic.com



''ကျွန်တော် ချိန်းနေတာ မိုးက ချုပ်သွားတော့ မြေအောက်တိုက်ခန်းထဲ သွားဖို့ မလွယ်လှဘူးလေ . . သူ့အဘိုး ဆရာဝန်ကြီး ဦးအိမ်မြ ပြန်လာရင်လည်း အကောင်းသားလို့ တွေးမိပြီး ကျွန်တော် မျှော်နေမိသေးတာ . . ဒါပေမဲ့ ဒီပန်းချီကားကို ကျွန်တော်တို့ သွားမကြည့်လို့ မဖြစ်ဘူး . . ကြည့်တော့ ကြည့်ရဦးမှာပဲ''

ဟု ပြောလိုက်လေသည်။ ဂျာမဒါမူးသာက

''အိုင်အို ပြောပုံအရကတော့ သဘာဝလွန်အကြောင်းအချက်တွေ ပါဝင်နေတာ အမှန်ပဲ . . ဒါပေမဲ့ လောကကြီးမှာ မဖြစ်နိုင်ဘူး မဖြစ်ဘူးဆိုတာတွေကလည်း ဖြစ်လာတတ်တာပဲ အိုင်အို . . ဒီတော့ ကျွန်တော်တို့ စောင့်ကြည့်ဖို့တော့ လိုလာပြီ''

ဟု ပြောလိုက်လေသည်။ အိုင်အိုနန်းထိုက်မှာ အလေးအနက် တွေး၍ နေလေသည်။

* * * * * *

ဤရက်အတောအတွင်း ကျွန်ုပ်တို့သည် နန်းဆက်မွန်ပန်းချီကားကို သွားရောက်လေ့လာရန် အစီအစဉ် ရှိနေသည်။ သည်ကိစ္စကို ဦးဆောင်ဦးရွက် ပြုလုပ်ရမည့်သူမှာ အိုင်အိုနန်းထိုက်သာ ဖြစ်သင့်သည် ဖြစ်၍ ကျွန်ုပ်မှာ မဂ္ဂဇင်းတိုက်များသို့ သွားစရာရှိသည်မှန်သော်လည်း အိုင်အိုနန်းထိုက်အလာကို မျှော်စောင့်နေရသဖြင့် အိမ်က ခွာမရဘဲ ဖြစ်နေလေသည်။

အိမ်မှာ နေရသည်မှာလည်း ခပ်လန့်လန့် ဖြစ်နေရ၏။





အကြောင်းမူကား ဘာမှန်းညာမှန်းမသိသော မေနန်းနွယ်ဆိုသောမိန်းကလေး ကျွန်ုပ်ထံသို့ နောက်တစ်ကြိမ် ရောက်လာလျှင် ခက်မည် မဟုတ်ပါလား။

နန်းတော်ရှေ့ မေနန်းနွယ်အကြောင်း ကျွန်ုပ် ခေါင်းထဲရောက်၍ လာသောအခါ ကျွန်ုပ်မှာ ထိုမိန်းကလေးမှာ နန်းတော်ရှေ့ မေနန်းနွယ်ဟုတ်မဟုတ် သိချင်လာခဲ့လေသည်။ သို့နှင့် ကျွန်ုပ်သည် စာတစ်စောင် ရေးလိုက်သည်။

''ကိုနန်းထိုက် ကျွန်တော် ဒဂုံမဂ္ဂဇင်းတိုက်ကို သွားပါတယ်''

ထိုစာကို အိမ်သော့ခလောက်ကွင်းထဲ ထိုးထည့်ထားခဲ့သည်။ ကျွန်ုပ်တို့နှစ်ယောက်မှာ ဤသို့ အဆက်အသွယ် ပြုလုပ်တတ်ပါသည်။ ကျွန်ုပ်သည် ကျွန်ုပ်အားဖြင့် ဒဂုံမဂ္ဂဇင်းတိုက်သို့ လာခဲ့လေသည်။ ဒဂုံမဂ္ဂဇင်းတိုက်ရုံးခန်းမှာ ပန်းဆိုးတန်းလမ်းအလယ်ဘလောက်တွင် ရှိသည်။ ထိုဒဂုံမဂ္ဂဇင်းတိုက်တွင် ကျွန်ုပ်နှင့် ရင်းနှီးကျွမ်းဝင်သော အဖွဲ့ဝင် အယ်ဒီတာတစ်ဦးမှာကား ဆရာရွှေဒုံးဘီအောင်ပင် ဖြစ်သည်။

သူသည် ထိုစဉ်က ဗြိတိသျှဘားမားရုပ်ရှင်ကုမ္ပဏီတွင် ရုပ်ရှင်ဒါရိုက်တာ လုပ်ကိုင်သည်မဟုတ်သေးဘဲ ဒဂုံမဂ္ဂဇင်းတိုက်တွင် အဖွဲ့ဝင် အယ်ဒီတာလုပ်ကိုင်ဆောင်ရွက်လျက် ရှိသည်။

သူ့ကိုမေးလျှင် ရလိမ့်မည်ဟု ကျွန်ုပ် မျှော်လင့်ထား၏။ ဒဂုံမဂ္ဂဇင်းတိုက်သို့ ရောက်လျှင် ဆရာရွှေဒုံးဘီအောင်သည် ကျွန်ုပ်ကို သူ၏ရုံးခန်းတွင် ကြိုဆိုစကားပြောလေသည်။ ကျွန်ုပ်မှာ ဆရာ

www.burmeseclassic.com

www.burmeseclassic.com



ရွှေဒုံးဘီအောင်၏ ရေးခေတ်ရာဇဝင်နိပါတ်နှင့် သမိုင်းနောက်ခံဝတ္ထုများကို ကြိုက်နှစ်သက်ရာမှ ဆရာရွှေဒုံးဘီအောင်နှင့် ခင်မင်ကျွမ်းဝင်ခဲ့ခြင်း ဖြစ်လေသည်။

ထိုနေ့က ကျွန်ုပ်သည် . .

"ဆရာတို့ ဒဂုံမဂ္ဂဇင်းမှာ မကြာမကြာ ဖော်ပြခဲ့တဲ့ နန်းတော်ရှေ့မေနန်းနွယ်ဆိုတဲ့ ကလောင်ရှင်နဲ့ ဆရာသိပါသလား ခင်ဗျာ . . ကျွန်တော် သိပါရစေ"

ဟုပြောသောအခါ ဆရာရွှေဒုံးဘီအောင်က ရယ်ကြဲကြဲဖြင့် ကျွန်ုပ်အား ကြည့်ကာ . .

"မောင်ငြိမ်းမောင်က မေနန်းနွယ်ဆိုတာနဲ့ အမျိုးသမီးထင်နေလို့ လား ... သူဟာ အမျိုးသမီးကလောင်ရှင် မဟုတ်ဘူး . . အမျိုးသားက လောင်ရှင်ပါ ဘာဖြစ်လို့လဲ"

ဟုပြောပြပြီး မေးလေသည်။ ကျွန်ုပ်မှာ ဤသို့လာရောက်ပြီး ထိုအကြောင်းကို မေးရခြင်းအကြောင်းရင်းကို ရှင်းပြလို့သိသောအခါ ဆရာ ရွှေဒုံးဘီအောင်က . .

"ဖြစ်ရမယ် . . ဖြစ်ရမယ်"

ဟုပြောကာ သဘောကျနေလေသည်။ ကျွန်ုပ်သည် မေနန်းနွယ်ဆိုသူ မိန်းကလေးကို အတော်ပင် မကျေမနပ်ဖြစ်၍ သွားလေသည်။ သည်တစ်ကြိမ် ထပ်ပြီးတွေ့လျှင် စိတ်ကျေနပ်သည်အထိ ပြောပစ်လိုက်မည်ဟုပင် စိတ်ထဲတေးမှတ်ထားလိုက်မိသည်။

နန်းတော်ရှေ့မေနန်းနွယ်ဟုသာ ပြောပြီး စာပေအကြောင်း မပြော ဘဲ ပန်းချီအကြောင်းကိုသာ ပြောနေကတည်းက သူမအပေါ်





သံသယထား လိုက်မိလေသည်။ မိန်းကလေးတစ်ယောက်ဖြစ်နေပြီး ယဉ်ကျေးမှုလည်း ရှိနေသဖြင့် ထိုအချက်များဖြင့် ကျွန်ုပ်က ရရှိလာသောသံသယတွေကို ခါထုတ်ချခဲ့ခြင်းဖြစ်သည်။

ဒဂုံမဂ္ဂဇင်းတိုက်က ကျွန်ုပ်ဆင်းလာသောအခါ အိုင်အိုနန်းထိုက်နှင့် တန်းတိုးပါလေတော့သည်။

"ကိုငြိမ်းမောင် အိမ်ရှေ့တံခါးသော့ခလောက်မှာ ညှပ်ထားတဲ့ စာညွှန်းအတိုင်း ကျွန်တော်လိုက်လာတာ"

"တိုက်ထဲ ဝင်ခဲ့ရောပေါ့ . . ဆရာရွှေဒုံးဘီအောင်ကို လာတွေ့တာ"

"နန်းတော်ရှေ့မေနန်းနွယ်အကြောင်း သိချင်နေပြီဆိုပါတော့ . . . ကဲ သိခဲ့ပြီလား ကျွန်တော် တိုက်ထဲဝင်မလာတာ ကိုငြိမ်းမောင်နဲ့ ဆရာရွှေဒုံးဘီအောင်တို့ စကားပြောပျက်မှာစိုးလို့ပါ"

"မဟုတ်ဘူး ကိုနန်းထိုက် နန်းတော်ရှေ့မေနန်းနွယ် ကလောင်ရှင်အစစ်ကလည်း သူ မထုတ်တဲ့အပြင် အမျိုးသမီးလည်း မဟုတ်ပါဘူး . . အမျိုးသားတဲ့ ကလောင်ဝှက်နဲ့စာရေးနေတာ"

"ကျွန်တော် ထင်သားပဲ . . ဒါပေမဲ့ ဒီမိန်းကလေးကတော့ မေနန်းနွယ် မဟုတ်ရင်တောင် မေနန်းတော့ ဖြစ်နိုင်ပါတယ်"

နှစ်ယောက်သား စကားပြောရင်း ကားများရပ်နားထားသော နေရာဘက်သို့ လျှောက်လာခဲ့ကြသည်။ ကျွန်ုပ်က သူ့စကားသဘောမ ပေါက်၍ . . .

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟုမေးလိုက်မိလေသည်။ အိုင်အိုနန်းထိုက်က . .

"သူနဲ့နာမည်တူလို့ အဲဒီကလောင်နာမည်ကို ပြောလိုက်တာမျိုးလား"

ဟုပြောလေသည်။ သူပြောပြသည်မှာ အတော်လေးနီးစပ်၏။ နဝရတ်စံအိမ်သို့ ကျွန်ုပ်တို့ ရောက်ရှိသွားသောအခါ ဆရာဝန်ကြီး ဦးအိန္ဒြာမျက်နှာမကောင်း ငေးငိုင်နေသည့်အဖြစ်ကို ကျွန်ုပ်တို့တွေ့လိုက်ရလေ သည်။

ခင်မြတ်ဆွေကို မတွေ့ရပေ။ သမီး၊ ယောက်ျား၊ မိန်းမအားလုံး ဆရာဝန်ကြီးဦးအိန္ဒြာနှင့် မလှမ်းမကမ်းတို့တွင် ဟိုမှာတစ်ယောက် သည်မှာတစ်ယောက် ခပ်ရှိုရှိုခပ်လျှိုလျှို ရပ်နေကြလေသည်။

အိုင်အိုနန်းထိုက်က အကင်းပါးသည်။ အရိပ်အခြည်ကို သိလိုက်သည်နှင့် . .

"ဆရာကြီး ဘယ်လိုအခက်အခဲတွေများ ဖြစ်လာလို့လဲခင်ဗျာ"

ဟု ရိုကျိုးစွာ မေးလိုက်လေရာ ဆရာဝန်ကြီးဦးအိန္ဒြာက အခုမှ စတင်လှုပ်ရှားလာကာ အင်္ကျီအိတ်ထဲ လက်တစ်ဖက်နှိုက်၍ စာခေါက်ဖြူဖြူတစ်ခုကို ယူပြီးကျွန်ုပ်အား ကမ်းလိုက်ကာ . .

"ဒီစာကို အရင်ကြည့်လိုက်ပါဦး မောင်နန်းထိုက်ရယ်"

ဟုလည်း ပါးစပ်က အသံခပ်အက်အက်ဖြင့်ပြောလိုက်လေသည်။ ကျွန်ုပ်သည် စာအပေါ် အထူးပင် စိတ်ဝင်စားသွားသလို အိုင်အိုနန်းထိုက်သည်လည်း အထူးပင် အာရုံစိုက်နေကြောင်း





သူ၏လှုပ်ရှားမှု များက သက်သေပြနေသကဲ့သို့ ရှိလေသည်။

အိုင်အိုနန်းထိုက်သည် စာကို ကသောကမျောဖြန့်၍ ဖတ်လိုက်လေသည်။

"ဆရာဝန်ကြီး ဦးအိန္ဒြာခင်ဗျား . . မေမြတ်ဆွေကို စကော့မတ်ကတ်ဈေး (ယခုဗိုလ်ချုပ်အောင်ဆန်းဈေး)မှာတွေ့လို့ ကျွန်မတို့ ခင်မြတ်ဆွေကို ခဏဖိတ်ခေါ်ထားပါတယ် . . အခုတော့ သူ့ကို ဘယ်လိုမှမ ဖြစ်စေရပါဘူး . . အထူးအသိပေးချင်တာကတော့ ဒီ ၃ရက်အတွင်း နန်းဆက်မွန်ပန်းချီကားနဲ့ ခင်မြတ်ဆွေကို လာရွေးဖို့ပါပဲ . . အစီအစဉ်ကို နောက်ထပ်အသိပေးပါ့မယ်"

မေနန်း

"ဟာ . . မဆွေကို သူတို့ဖမ်းသွားပြီပဲပေါ့ ဆရာကြီး"

ဟု အိုင်အိုနန်းထိုက်က မေးလိုက်သည်။ ဆရာဝန်ကြီး ဦးအိန္ဒြာ က . .

"ဟုတ်တယ် မောင်နန်းနွယ်"

ဟုပြောလေသည်။

ပွဲကတော့ ကြမ်းမှန်းမသိ ကြမ်း၍ လာနေပြီဖြစ်သည်။ ဆရာဝန်ကြီးဦးအိန္ဒြာမှာ သည်မြေးသည်သာ သူ၏သားသမီးဆိုလည်းမှန်သည်။ မြေးဆိုလည်းမမှားသော မြေးတစ်ယောက်မဟုတ်ပါလား။

"သူတို့က မဆွေကို ဘာမှအန္တရာယ်မပေးဘူး ဆိုပေမယ့် ဘယ်ပြောလို့ရမှာလဲ မောင်နန်းထိုက်ရယ်"

ဟုပြောလေသည်။ အိုင်အိုနန်းထိုက်က



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ အတတ်နိုင်ဆုံး ကြိုးစားဖော်ထုတ်ပေးပါ့မယ် ဆရာကြီး . . တစ်ခုရှိတာက သူတို့က နန်းဆက်မွန်ပန်းချီကားနဲ့ မဆွေကို အလဲအလှယ်လုပ်တာဆိုတော့ ဒါဟာပြန်ပေးဆွဲသွားတာပါပဲ"

ဟုပြောလိုက်လေရာ၊ ဆရာဝန်ကြီး ဦးအိန္ဒြာက . .

"ဟုတ်တယ် ကျုပ်မြေးလေးကို ပြန်ပေးဆွဲသွားတာပဲ ကျုပ်အဖို့ နန်းဆက်မွန်ပန်းချီကားကို မက်မောစရာအကြောင်း မရှိပါဘူး . . ဒီတော့ ဒီပန်းချီကားနဲ့ ကျုပ်မြေးကို သွားရွေးလိုက်ရုံပဲပေါ့"

ဟုပြောလေသည်။ ထိုအခါ အိုင်အိုနန်းထိုက်က

"ဒီလို လက်လွယ်စပယ်လုပ်လို့လည်း မဖြစ်သေးဘူး ဆရာကြီးရဲ့ ဒီပန်းချီကားဟာ မဆွေ ကျွန်တော်တို့ကို ပြောထားခဲ့တာကတော့ သာ မန်ပန်းချီကားမဟုတ်ဘဲ ရတနာမြေပုံအညွှန်းပြပန်းချီကားလို့ ဆိုပါ တယ်"

ဟုပြောလိုက်လျှင် ဆရာဝန်ကြီး ဦးအိန္ဒြာက . .

"ဩော် . . ကျုပ်မြေးက မောင်နန်းထိုက်တို့ကို နန်းဆက်မွန် ပန်းချီကားအကြောင်း ပြောထားပြီးပြီပဲ"

ဟုပြောလိုက်လေသည်။

"ဟုတ်ပါတယ်"

"ပန်းချီကားကိုရော မောင်နန်းထိုက် ကြည့်ဖြစ်သေးလား"

"ပန်းချီကားကိုတော့ ကျွန်တော်တို့ မကြည့်ရသေးပါဘူး"

"အေးကွယ် နန်းဆက်မွန်ပန်းချီကားဟာ ကျုပ်တို့အတွက်





ကောင်းကျိုးပေးမှာလား . . ဒါမှမဟုတ်ဆိုးကျိုးကိုပဲ ပေးမှာလား စဉ်းစားရာဖြစ်နေပြီ"

ထိုအခါ ကျွန်ုပ်က . .

"အခုအနေမှာကတော့ ကောင်းကျိုးထက် ဆိုးကျိုးပေးဖို့က များ လာပြီထင်တယ်"

ဟုပြောလိုက်ရာ အိုင်အိုနန်းထိုက်က . .

"ဆိုးကျိုးမဖြစ်အောင် ဟားဆီးရမှာပဲပေါ့ဗျာ"

"ဒီမှာ မောင်နန်းထိုက် ကျုပ်ကတော့ သူတို့လိုချင်တာကို အမြန်ဆုံး ပေးလိုက်ချင်တယ် . . ဒါမှ ကျုပ်မြေးလေး အသက် ချမ်းသာရာ ရမယ် မဟုတ်လား . . မြေးရဲ့အသက်ထက် ဒီပန်းချီကားဟာ ဘာအကျိုး ရှိမှာလဲ"

"ဒီပန်းချီကားတန်ဖိုးကို ဆရာကြီးအသိဆုံးပါ သားရွှေအိုးထမ်း နည်းလမ်းရှာရင် မကောင်းဘူးလားဆရာကြီး"

အိုင်အိုနန်းထိုက်ပြောသည့် နည်းလမ်းကို ကျွန်ုပ်က သဘောကျနေမိသည်။ ကျွန်ုပ်နှင့် အိုင်အိုနန်းထိုက်လာရင်း ကိစ္စမှာ နန်းဆက်မွန်ပန်းချီကားကို ကြည့်မည့်ကိစ္စဖြစ်သော်လည်း ယခုမူ အခြေအနေက တစ်မျိုးတစ်ဖုံဖြစ်နေသည်။

"အေးကွယ် ကျုပ်တော့ ဘာလုပ်လို့ ဘာကိုင်ရမှန်းကို မသိတော့ဘူး"

"အခြေအနေကို စောင့်ကြည့်သေးတာပေါ့ ဆရာကြီးရယ် . . အခု သူတို့က မဆွေကိုခေါ်သွားတယ်ဆိုပေမယ့် ကျွန်တော်တို့နဲ့ ဘယ်လို ဆက်သွယ်မယ်ဆိုတာ သိရသေးတာမှ မဟုတ်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"စာထဲမှာ ၃ ရက်အတွင်းလို့ ရေးထားတယ်လေ"

"ရေးထားတာ ရေးထားတာပဲလေ ဆရာကြီးရဲ့ . . ဘယ်လို ဆက်သွယ်ပြီး အပေးအယူလုပ်ရမယ်ဆိုတာ ရေးထားတာမှ မဟုတ်တာပဲ"

"ဟုတ်တော့လည်း ဟုတ်တယ် မြေးလေးကို ဒီပန်းချီကားနဲ့ ဘယ်နေ့ဘယ်ရက် ဘယ်နေရာမှာ အလဲအလှယ်လုပ်ကြမယ်ဆိုတဲ့ အချက် လိုသေးတာပဲ"

"ဟုတ်တယ် အဲဒါကို ကျွန်တော်တို့က စောင့်ရမှာပဲပေါ့"

"ကျုပ်ဆီကိုပဲ သူတို့က ဆက်သွယ်လိမ့်မယ် ထင်တယ်"

"ဟုတ်တယ်ဆရာကြီး"

ထို့နောက် ကျွန်ုပ်တို့ နဝရတ်စံအိမ်မှ ပြန်လာခဲ့ကြသည်။ လမ်း တွင် ဂျမဒါမှူးသာနှင့် တွေ့ရသည်နှင့် . .

"မှူးသာ . . ဟောဒီမှာကြည့်စမ်း"

ဟုပြောကာ အိုင်အိုနန်းထိုက်က မေးနန်းဆိုသူမိန်းကလေး၏ စာကိုထုတ်ပြလိုက်သည်။ ဂျမဒါမှူးသာသည် စာကိုဖတ်ပြီး

"ကြည့်ရတာ ဂိုဏ်းတစ်ဂိုဏ်းဖြစ်မယ် . . မဆွေကို ပြန်ပေးဆွဲ သွားတဲ့ သဘောလုပ်လာတာကတော့ ကျွန်တော်တို့ကိုပါ စိန်ခေါ်လိုက် တာပဲ အိုင်အို"

ဟုပြောကာ မကျေမနပ်ဖြစ်နေသည်။

"ဒီလိုလည်း လေ့နံ့ဓားထစ်တွက်လို့ မရဘူးမှူးသာ"

"ဟာ အိုင်အိုကလည်း ရှင်းနေတဲ့ဟာပဲ"





"မင်းပြောသလို ဂိုဏ်းတစ်ဂိုဏ်းဆိုတာကတော့ ဖြစ်နိုင်ပါ တယ် တို့ကိုစိန်ခေါ်လိုက်တာတော့ မဖြစ်နိုင်ဘူး"

"ဘာဖြစ်လို့လဲအိုင်အို"

ကျွန်ုပ်မှာ သူတို့နှင့်အတူ ပါဝင်ဆွေးနွေးလိုသော်လည်း ကျွန်ုပ်နှင့် တိုက်ရိုက်ပတ်သက်နေသည် မဟုတ်၍ အသာငြိမ်၍ နားထောင်နေလိုက်သည်။ နားထောင်ရုံ သက်သက်တော့မဟုတ် သူတို့ ပြောဆိုဆွေးနွေးရနေသမျှတို့ကို ဝေဖန်သုံးသပ်နေရလေ သည်။

"ဘာဖြစ်လို့လဲဆိုရင် သူတို့မေနန်းလို့ပဲ ဆိုပါတော့ ဒီပန်းချီကားကို အတော့်ကို လိုချင်နေပုံရတယ် . . မဆွေကိုတောင် ခေါ်သွားတဲ့အထိ မေနန်းတို့ လုပ်ခဲ့တာဟာလည်း အမှန်ကတော့ ကြိုက်မရှက် ငိုက်မရှက်ဆိုတာလိုပါပဲ ဘေးကိုမမြင်တော့တဲ့အထိ ဒီပန်းချီကားအပေါ်မှာ လိုချင်တက်မက်နေလို့ပဲ"

"ဒီပန်းချီကားက ဘယ်လိုပန်းချီကား ဖြစ်နေလို့လဲ အိုင်အို"

"ဟာ ဒီအကြောင်းကို မင်းလည်းသိသင့်သလောက် သိထားတာပါပဲ ငါတို့လည်း အသေအချာသိထားတာတော့ မဟုတ်ဘူး မဆွေပြောပြပုံထောက်ရင် ရဘနာခမြေပုံအညွှန်းပန်းချီကားလို့ ပြောနိုင်တယ် . . နောက်တစ်ချက်က ရတနာတွေဟာ အတော့်ကို များမယ့်ပုံပဲ . . နောက်တစ်ချက် ရှိသေးတယ် မှူးသာ"

ထိုအခါ ဂျမဒါမှူးသာ ခေါင်းမူးဝေသွားလေဟန်သို့ ခေါင်းကို ခါရမ်းလိုက်လေသည်။ ပြီးတော့သူက . .

"အိုင်အိုနန်းထိုက်ကလည်း ဒီပန်းချီကားနဲ့ ပတ်သက်လို့



www.burmeseclassic.com

www.burmeseclassic.com



မသိဘူးလို့သာ ပြောတယ် . . ခုတော့လည်း အချက်တွေက ကျွန်တော်ဖြင့် လိုက်မှတ်လို့တောင် မမှီတော့ပါဘူး''

ဟုပြောပြီး ရယ်မောလိုက်လေသည်။

''ငါပြောတာအချက် ၂ ချက်ပဲ ရှိပါသေးတယ်ကွာ . . အခုမှ နောက်တစ်ချက်ပြောမှာပဲ . . အဲဒါက ဒီရတနာတွေဟာ တို့မြန်မာနိုင်ငံက ရတနာတွေဖြစ်ရမယ် ဒါတွေကို ငါ့စိတ်ထင် မြန်မာနိုင်ငံရဲ့ အပြင်ဘက် ရောက်နေတာ ဖြစ်ချင်ဖြစ်နေမယ် တကယ်လို့များ ငါထင်သလို ဖြစ်နေရင် ဒီပန်းချီကားကို အဲဒီဂိုဏ်းကို အပ်လိုက်တာဟာ တို့နိုင်ငံတို့လူမျိုးရဲ့ ဆုံးရှုံးမှုတစ်ခုလို့တောင် ပြောနိုင်တယ်''

''ကျွန်တော် သဘောပေါက်သွားပြီအိုင်အို''

''မင်းက ဘယ်လိုသဘောပေါက်တာလဲဆိုတာ ငါ့ကိုပြောပြဦးလေ''

''အားလုံးကို မဆုံးရှုံးချင်ဘူးပဲပေါ့''

''မှုးသာ မင်းတော်တယ် အခုလောလောဆယ် ဗင်းလုပ်ရမှာက ဆရာဝန်ကြီးဦးအိန္ဒြာနဲ့ နဝရတ်စံအိမ် လုံခြုံရေးအတွက်ပဲ''

''ဩော် . . ကိုငြိမ်းမောင် ခင်ဗျားကတော့ အိမ်မှာပဲ နေလိုက်ဦးပေါ့ ကျွန်တော်တို့တွေ လုပ်စရာတွေ ဆက်လက်လုပ်လိုက်ဦးမယ်''

''လုပ် . . လုပ် ကိုနန်းထိုက် That is all correct မဟုတ်လား''

ထို့နောက် လမ်းခွဲလိုက်ကြလေသည်။





မိုးရာသီမှာ ကုန်ဆုံးမှန်း မသိကုန်ဆုံး၍ သွားပြီဖြစ်သည်။ မုတ်သုံမိုးကား သူလာရာ အနောက်တောင်အရပ်ဆီသို့ ပြန်လည်သွားနေပြီ ဖြစ်ခြင်းကြောင့် ဆောင်းရနံ့နှင့် နှင်းမြူမှုန်တို့သည် ရုတ်ချည်းပင်လျှင် ပေါ်ပေါက်၍လာလေသည်။

ဤကဲ့သို့ သဘာဝပတ်ဝန်းကျင်တစ်ခုလုံး ပြောင်းလဲ၍လာသည် ကိုပင်လျှင် ကျွန်ုပ်သည် သတိမထားနိုင်ဘဲ ရှိခဲ့ရလေသည်။ မှန်ပါသည်။ ကျွန်ုပ်မှာ အိုင်အိုနန်းထိုက် လိုက်နေသော နန်းဆက်မွန် ပန်းချီကား အမှုနှင့် ပတ်သက်ပြီး စာမရေးနိုင်ဘဲ ထိုအမှုကိစ္စကိုသာ စိတ်ဝင်စားနေမိသည် မဟုတ်ပါလား။

ယခုမူပတ်ဝန်းကျင်ကိုပင်လျှင် မေ့မေ့လျော့လျော့ ဖြစ်နေမိချေပြီတကား။ ကျွန်ုပ်သည် အိပ်ယာထနောက်ကျနေသည်နှင့် ခုမနက်၌လည်း နံနက်ခင်း အဆာပြေစာဟူ၍ ဘာမျှမစားရသေးပေ။ မျက်နှာသစ်ပြီး နောက်ဖေးမီးဖိုဆောင်အတွင်းသို့ ဝင်လာခဲ့သည်။

ကော်ဖီဖျော်စရာအားလုံး ရှိပေမယ့် ရေနွေးတော့ မရှိပေ။ ရေနွေးတည်ရန် မီးသွေးမီးဖို မီးမွှေးလိုက်သည်။ ပြီးတော့ ရေနွေးအိုးတည်သည် ထိုစဉ်အိမ်ရှေ့မှ တံခါးခေါက်သံကြားလာရခြင်းပင်။

''ဒေါက် . . ဒေါက် . . ဒေါက်''

''ဘယ်သူများပါလိမ့်''

ကျွန်ုပ်တွေးရင်း အိမ်ရှေ့သို့ လျှောက်လာခဲ့လေသည်။ ခြေသံကို ခပ်ဖွဖွလျှောက်၍ လာခဲ့သည်။ ကျွန်ုပ်၏ စိတ်ထဲတွင် စနိုးစနောင့် ဖြစ်နေမိသောကြောင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက် . . ဒေါက် . . ဒေါက်"

တံခါးခေါက်သံကို ထပ်၍ ကြားရပြန်သည်။ အိုင်အိုနန်းထိုက်လား။ ဂျမဒါမှူးသာလား သူတို့အခုလောက် စောစောစီးစီး ရောက်လာ တတ်သည်မဟုတ်ပေ။ ကိုရွှေမောင်လည်း မဖြစ်နိုင်။ မဂ္ဂဇင်းတိုက်က အယ်ဒီတာများလည်း သူတို့အလုပ်နှင့် သူတို့ရှုပ်နေတတ်သူများ ဖြစ်၍ ခုလို မနက်စောစော ရောက်လာလိမ့်မည် မဟုတ်ပေ။

သည်တွင် ကျွန်ုပ်သည် ကဗျာဆရာ သက်ဦးမောင်ကို သတိရှိလိုက်သည်။ ကိုသက်ဦးမောင်က ကျွန်ုပ်တို့ရပ်ကွက်ထဲ နေသူဖြစ်သည်။

ပြီးတော့ ကိုသက်ဦးမောင်က သူ့ကဗျာ အသစ်တစ်ပုဒ် ရေးစပ်၍ အလွန်သဘောတွေ့လျှင် ကျွန်ုပ်ထံသို့ လာရောက်ပြီး သူ၏ ကဗျာသစ်ကို ဖတ်ပြတတ်သည်။ ဖတ်ပြသည်ဟုသာ ကျွန်ုပ် ပြောနေရခြင်း ဖြစ်သည်။ အမှန်တော့ ကိုသက်ဦးမောင်သည် သူ့ ကဗျာသစ်ကို နှုတ်တိုက်အသံဖြင့် ရွတ်ပြနေခြင်းသာ ဖြစ်သည်။

"ဟုတ်တယ် . . ကဗျာဆရာကိုသက်ဦးမောင်ပဲ ဖြစ်ရမယ်"

ဤသို့ တွေးလိုက်ပြီး ကျွန်ုပ်သည် ညကတည်းက ပိတ်၍ထားသော အိမ်ရှေ့တံခါးမကို ချက်တွေဖြုတ်ပြီး ဖွင့်လိုက် လေသည်။

"ကျွီ"

တံခါးနှစ်ချပ် ပွင့်သွားသောအခါ မေနန်းနွယ်ကို ကျွန်ုပ် တွေ့ လိုက်ရလေသည်။ သူမသည် ကျွန်ုပ်ထံ ပထမတစ်ကြိမ်က





လာစဉ်ဝတ်စားထားသည့် အဝတ်အစားအတိုင်း ဖြစ်နေသော ကြောင့်လည်း ကျွန်ုပ် က သူမကို ကောင်းစွာမှတ်မိလိုက်ခြင်းပင်။

မေနန်းသည် ကျွန်ုပ်ကို နောက်ကျောပေးလျက် ရပ်နေလေ သည်။ သူမအတွက် အန္တရာယ်ကို ကြိုတင်ကာကွယ်ထား သည့်အနေဖြင့် လမ်းဘက်မျက်နှာမူထားဟန် တူသည်။ ကျွန်ုပ် တံခါးဖွင့်ပေးလိုက်သောအခါ ဖျတ်ခနဲလှည့်ကြည့်ပြီး အိမ်ထဲသို့ ခပ်သုတ်သုတ်ဝင်သွားလေသည်။

ကျွန်ုပ်သည် ယခုထက်ထိ သူမမျက်နှာကို မမြင်ရသေး ဘဲနောက် ကျောကိုဘဲ တွေ့မြင်နေရလေသည်။ အကြောင်းမူကား ကျွန်ုပ်က အထွက် သူမကအဝင်အနေအထားမှ ကျွန်ုပ်သည် သူမနောက်သို့ ပြန်လှည့်လိုက်ခြင်းကြောင့် ကျွန်ုပ်မှာ အလိုလို သူမနောက်ကျောကိုသာ ဝိုင်းကာပတ်ကာ ကြည့်နေသလို ဖြစ် သွားခြင်းပင်။

သူမက ဆက်တီတွင် ဝင်၍ထိုင်လိုက်တော့မှ သူမ မျက်နှာကို ကျွန်ုပ်မြင်ရသဖြင့် မေနန်း မဟုတ်မှန်း သိလိုက်ရ တော့သည်။ မည်သို့ဆို စေ အခြားတစ်ပါးသော မိန်းကလေးတစ်ဦး တော့ မဖြစ်နိုင်ပေ။ အကြောင်း မူကား မေနန်း၏ အဝတ်အစား များဝတ်ကာ မေနန်းပုံစံဖမ်းလာသော ကြောင့်ဖြစ်သည်။

"ဟင် . . မိန်းကလေး မင်းကို ကျုပ်က မေနန်းလို့ ထင်ပြီး တံခါးကို ဖွင့်ပေးလိုက်တာ မင်းကဘယ်သူလဲ"

ထိုအခါ ကျွန်ုပ်က မသိမမြင်ဘူးသော မိန်းကလေးသည် ထိုင်ရာမှ ပြန်ထ၍ တံခါးဆီသို့ သွားပြီး ထိုတံခါးပွင့်ဟပျက်ရှိနေ

www.burmeseclassic.com

www.burmeseclassic.com



သည်ကို ဆွဲပိတ်လိုက်လေသည်။ တံခါးချက်များကိုပင် ထိုးပိတ်ထားလိုက်လေသည်။ မိန်းကလေး၏ အပြုအမူမှာ သာမာန်မိန်းကလေးမျိုး မဟုတ်တော့ပေ။

ကျွန်ုပ်က သူမ၏ သွားလာလှုပ်ရှားမှုအားလုံးကို လေ့လာအကဲ ခတ်နေလိုက်သည့်အချိန်၌ပင် သူမ ကျွန်ုပ်ရှေ့သို့ ပြန်ရောက်လာလေ၏။

"အတော့်ကို ပိုင်စိုးပိုင်နင်းနိုင်တဲ့ မိန်းကလေးပါပဲကွလား"

ကျွန်ုပ်၏ စိတ်ထဲက ရေရွတ်လိုက်မိလေသည်။ မိန်းကလေးသည် ပြန်လျှောက်လာပြီး သူမစောစောက ထိုင်ခဲ့သော ဆက်တီ၌ပင် ပြန်ထိုင်သည်။

ပြီးတော့မှ သူမက ကျွန်ုပ်ကို မော်၍ကြည့်ကာ

"ဆရာကိုငြိမ်းမောင်က ကျွန်မကို မေနန်းထင်ပြီး တံခါးဖွင့်ပေးလိုက်တာလို့ ပြောလိုက်သလားပဲ"

ဟု မျက်နှာကို ငုံ့၍ မျက်လွှာများကို ပင့်ချီကာ မေးလိုက်လေ တော့သည်။

"ဟုတ်တယ်"

"ဒါဆိုရင် ဆရာကိုငြိမ်းမောင် တံခါးဖွင့်ပေးလိုက်တာ မမှားပါဘူး"

"ဘာဖြစ်လို့လဲ"

"ကျွန်မဟာ မေနန်းဖြစ်နေလို့ပါပဲ"

ထိုစကားကို ကျွန်ုပ်ကြားလိုက်လျှင် ခေါင်းထဲမှာ ပို၍ ရှုပ်ထွေးပွေလီမ်၍ သွားလေသည်။





"ဘာပြောတယ် မိန်းကလေး"

"ကျွန်မနာမည် မေနန်းပါပဲ"

"မင်းမေနန်း မဟုတ်ပါဘူး . . မေနန်းကို ကျုပ်သိပါတယ် မိန်းကလေး မင်းကျုပ်ကို လိမ်ညာဖို့ မကြိုးစားပါနဲ့"

ဤသို့ ကျွန်ုပ်ပြောလိုက်လျှင်ကား မေနန်းဆိုသော မိန်းကလေးက တစ်ချက်ဟက်ခနဲ ပြုံးပြလိုက်ပြီး . .

"ဆရာကိုငြိမ်းမောင် တွေ့ဘူးမြင်ဘူးတယ်ဆိုတဲ့ မိန်းကလေးဟာ မေနန်း မဟုတ်ဘူးရှင့်"

"ဒါဖြင့် အဲဒီမိန်းကလေးက ဘယ်သူလဲ"

"မေနန်းနွယ်ပါ"

ထိုစကားကြောင့် ကျွန်ုပ်ငြိမ်၍ သွားရလေတော့သည်။

"မေနန်းနွယ်က ကျွန်မညီမပါ . . သြော် ဆရာကိုငြိမ်းမောင် ရေနွေးအိုးတည်ထားတယ် ထင်တယ် ဆူပွက်နေတဲ့အသံ ကျွန်မကြားမိပါတယ်"

အတော်ပင် နားပါးသော မေနန်းဖြစ်ပေသည်။

"ဟုတ်တယ် . . ဟုတ်တယ်"

ကျွန်ုပ်သည် ရေနွေးအိုးဆူပွက်သည်နှင့် အရင်ဆုံး ဓာတ်ဘူးထဲကို ရေနွေးကြမ်းကို လောင်းထည့်လိုက်သည်။ နောက်မှ ကော်ဖီ ဖျော်ပေးသည်။

"မုန့်ကတော့ ဘာမုန့်မှမရှိတော့လို့ ခွင့်လွှတ်ပါ"

"ကျွန်မက တိုရှည်စားလာခဲ့ပြီးပါပြီ ရပါတယ် ကျွန်မက အစာအိမ်ကို ဖြည့်ပြီးမှ လာတာပါ"



www.burmeseclassic.com

www.burmeseclassic.com



သူ ဘာပြောပြော မေနန်းမှန်း သိလိုက်ရလေရာ မေမြတ်ဆွေအား ပြန်ပေးဆွဲထားသော ဂိုဏ်းခေါင်းဆောင်ပင် မဟုတ်ပါလား။ သို့နှင့် ကျွန်ုပ် က မေနန်းအား . .

"မင်းနာမည်နဲ့ ဆရာဝန်ကြီးဦးအိန္ဒြာဆီကို မင်းစာတစ်စောင် ပေးထားခဲ့တယ်နော်"

"ပေးခဲ့ပါတယ်"

"အဲဒီအလုပ်ဟာ ရာဇဝတ်မှုတစ်ခုကို ကျူးလွန်လိုက်တာပဲ"

"ဟုတ်ပါလိမ့်မယ် . . ကျွန်မလုပ်ရပ်ဟာ ရာဇဝတ်ကြောင်းနဲ့ မကင်းမလွတ်ဖြစ်နေတာ ကျွန်မနားလည်ပါတယ် . . ဒါပေမဲ့ ကျွန်မတို့ဘက်က ကြည့်တော့လည်း မလုပ်မဖြစ်လို့ လုပ်လိုက်ရတာပါ . . အခု ကျွန်မ ဒီကိုလာရတာလည်း အဲဒီကိစ္စပါပဲ"

"မေမြတ်ဆွေကို ဘာဖြစ်လို့ ဖမ်းထားရတာလဲ"

"အဲဒါလဲ မဖြစ်လို့ပဲပေါ့ရှင်"

ထို့နောက် ကျုပ်တို့ စကားမပြောဘဲ ကိုယ့်အတွေးနှင့်ကိုယ်ရှိ နေကြသည်။

* * * * * *

"စကားကို အလွယ်တကူပြောလို့မရဘူးလေ မင်းတို့က မေမြတ်ဆွေဆိုတဲ့ မိန်းကလေးကို ဖမ်းထားရလောက်အောင် သူ့မှာ မင်းတို့ပြောတဲ့ ပန်းချီကားကရော အမှန်တကယ်ရှိနေလို့လား . . မင်းတို့လုပ်နေတာဟာ လူဆိုးဂိုဏ်းတစ်ဂိုဏ်းရဲ့ လုပ်ရပ်မျိုးတွေ





ဖြစ်နေပြီနော်"

ကျွန်ုပ်သည် စိတ်ထဲရှိနေသော စာရေးဆရာတစ်ယောက်၏ စိတ်ဆန္ဒအတိုင်း ပြောလိုက်လေသည်။ မေနန်းသည် ကျွန်ုပ်ပြောလိုက်သော စကားကြောင့် တစ်ချက်တွေ၍ သွားလေသည်။ မှန်ပါသည်။ ကျွန်ုပ် ပြောလိုက်သော စကားတွင် ပန်းချီကားရှိမရှိ အမှန်တကယ်သိပါသလား ဆိုသော အချက်ပါရှိခဲ့သည် မဟုတ်ပါလား။

သို့သော် မေနန်းဆိုသော မိန်းကလေးက မေနန်းနွယ်လို မိန်းကလေးဆန်လှသည်မဟုတ် ယောကျ်ားရှာလို ပုံဆန်မျိုးမဟုတ်သော်လည်း သူမမှာ မိန်းကလေးတစ်ဦးတစ်ယောက်ထက်တော့ အများကြီး ထက်မြက်မှု ဖျတ်လတ်မှုရှိနေကြောင်း သူမ၏ သွင်ပြင်လက္ခဏာက ဖော်ပြလျက် ရှိနေလေသည်။

ယခုပင်လျှင် မေနန်းသည် နဖူးပေါ်ဝဲကျလာသော ဆံနွယ်စကလေးများကို အထက်သို့ ခါရမ်းတင်လိုက်ကာ . .

"ဒီမှာ ဆရာကိုငြိမ်းမောင် ကျွန်မ ဆရာကိုငြိမ်းမောင်ကို တစ်ခုတော့ပြောထားချင်ပါတယ် . . အဲဒါက ဒီကိစ္စဟာ ကျွန်မတို့ကိစ္စပါ ကျွန်မတို့ ကိစ္စဖြစ်တဲ့တွက် ဖြစ်လာမယ့်အဆိုးအကောင်းဟာ ကျွန်မတို့နဲ့ပဲ ဆိုင်ပါတယ် ဆရာကိုငြိမ်းမောင်နဲ့ ဘယ်လိုနည်းနဲ့မှ မပတ်သက်ပါဘူး"

ဟု အသံကိုမြှင့်တင်၍ ပြောလိုက်လေသည်။ ပြီး သူမသည် ထိုင်ရာမှ ထလိုက်လေသည်။ သူမလွယ်လာသော လက်ပွေ့အိတ်ကို အနေအထား ပြောင်းကိုင်လိုက်လေသည်။ သည်ကတည်းက သူမ



www.burmeseclassic.com

www.burmeseclassic.com



၏ လက်ဗွေအိတ်ထဲတွင် လက်နက်ပစ္စည်း တစ်စုံတစ်ရာပါရှိမှန်း ကျွန်ုပ်သိရှိလိုက်၏။

မည်သို့ဆိုစေ ကျွန်ုပ်ကလည်း ဥပဒေဘက်တော်သားများနှင့် တရင်းတနှီး ပေါင်းသင်းဆက်ဆံထားသူ စာရေးဆရာတစ်ယောက်ဖြစ်နေသဖြင့် ကြောက်လှသည်မဟုတ်ပေ။

"မင်းကသာ မင်းတို့ကိစ္စကို ကျုပ်နဲ့မပတ်သက်ဘူး ပြောနေတာ ပါ . . တကယ်လို့ မင်းပြောသလိုသာဆိုရင် မင်းအခု ကျုပ်ဆီကို ရောက်လာမှာတဲ့လား စဉ်းစားပါဦး မိန်းကလေးရယ်"

"ကျွန်မနာမည် မေနန်းပါ"

"ကဲ မမေနန်း ကျုပ်ပြောတာ မှန်တယ်မဟုတ်လား . . သြော် ကော်ဖီသောက်လိုက်ပါဦး"

"ကျေးဇူးတင်ပါတယ် . . ကျွန်မ ဆရာကိုငြိမ်းမောင်ဆီကို လာတာ အချိန်လုလာရတာ အချိန်သိပ်မရှိပါဘူး ဆရာကိုငြိမ်းမောင်နဲ့ စကားအချေအတင် ပြောမလို့ ရောက်လာတာလဲ မဟုတ်ပါဘူး"

"ခက်သားပဲ ကျုပ်က မေနန်းကို စကားအချေအတင် ပြောနေတာမှ မဟုတ်ဘဲ မမေနန်းက ပြောလို့ပြောနေရတာပါ"

"ကျွန်မ စပြောတာမဟုတ်ပါဘူး ကိုငြိမ်းမောင်က စပြောနေတာပါ"

"ကျုပ်အကြောင်းတော့ မဟုတ်ဘူးလေ မဖြစ်သင့်မဖြစ်ထိုက်တာကို ပြောပြတာပါ . . အချိန်ရှိသေးတယ်လေ ရပ်တန်းကရပ်လိုက်လို့ ဥပဒေဝန်ထမ်းတွေ မသိဘဲ ပြီးသွားတော့လည်း





ကောင်းသွားတာပေါ့"

မေနန်းက ကျွန်ုပ်ကို စူးစူးစိုက်စိုက် ကြည့်ကာ

"ဆရာကိုငြိမ်းမောင်ကို ကျွန်မ ဒေါသမဖြစ်ချင်ပါဘူး . . ဒီကိစ္စဟာ ပြောရမယ်ဆိုရင်တော့ အရှည်ကြီးပဲ အချိန်ရလို့ ပြောရမယ်ဆို ရင်တောင် ကျွန်မမှာ ပြောပိုင်ခွင့်မရှိဘူး ကျွန်မနောက်မှာ ကျွန်မတို့ရဲ့ အကြီးအကဲ ရှိသေးတယ်"

"ဒီလိုဆို မမေနန်းတို့ဟာ ဂိုဏ်းတစ်ဂိုဏ်းရဲ့ အသင်းသားတွေ များလား"

"ဘာဂိုဏ်းမှ မဟုတ်ပါဘူး ဒါတွေကို ဆရာကိုငြိမ်းမောင် သိစရာမလိုပါဘူး . . ဆရာကိုငြိမ်းမောင် သိထားဖို့တစ်ခုတော့ ကျွန်မပြောပါမယ် . . ဒါကလည်း ဆရာကိုငြိမ်းမောင် ပြောလိုက်တဲ့ စကားတစ်ခွန်း ကြောင့်ပါ"

"ကျုပ်ဘာများ ပြောလိုက်မိလို့ပါလိမ့်"

မေနန်းသည် သူ့စကားအစကို မဆက်သေးဘဲ ပြတင်းပေါက်ဘက်သို့ လျှောက်သွားပြီး အပြင်ဘက် အခြေအနေကို တစ်ချက်ကြည့်လိုက်လေသည်။ သူမ၏ လှုပ်ရှားမှုများကို ကျွန်ုပ်ကလည်း ကော်ဖီ သောက်ရင်း ကြည့်ရှုအကဲခတ်နေမိသည်။

တကယ်တော့ ကျွန်ုပ်အဖို့ ကောင်းလာသော အခြေအနေမဟုတ်ပေ။ ကျွန်ုပ်သည် စာရေးဆရာတစ်ယောက်သာ ဖြစ်သည်။ သူတို့၏ အရှုပ်ထဲ ကျွန်ုပ် မပါဝင်ပတ်သက်စရာမလိုပေ။ သည်အကြောင်း တွေးမိသဖြင့် ကျွန်ုပ်ကိုယ်ကျွန်ုပ် ငိုအားထက်ရယ်အားသန် ဖြစ်နေမိသည်။ ထို့ကြောင့်လည်း ကျွန်ုပ်က ပြုံးလိုက်မိလေရာ



www.burmeseclassic.com

www.burmeseclassic.com



ထိုအပြုံးကို မေနန်းက တွေ့မြင်သွားပြီး

"ဆရာကိုငြိမ်းမောင်က ဘာကိုသဘောကျလို့ ပြုံးတာလဲ"

ဟုမေး၏။

"ကျုပ်ကိုယ်ကျုပ် သဘောကျပြီး ပြုံးမိလို့ပါ . . တကယ်တော့ ဒီကိစ္စထဲမှ ကျုပ်က အနေသာကြီးပဲလေ"

"ဟင်း . . ဟင်း . . ဟင်း"

မေနန်းက မပွင့်မလင်း ရယ်လိုက်ပြန်သည်။ သူမခုလို မပွင့်မလင်း ရယ်လိုက်သည်ကိုတော့ ကျွန်ုပ်က သူမကို . .

"ဘာကြောင့် ရယ်တာလဲ"

ဟု မမေးဘဲ နေလိုက်သည်။

"အဲဒါပဲလေ ကျွန်မ ခုနကပြောတာ ဒီကိစ္စမှာ ဆရာကိုငြိမ်းမောင်နဲ့ ဘာမှမပတ်သက်ဘူးဆိုတာ"

"ဟုတ်ပါပြီ ကျုပ်ကိုသိအောင် ပြောထားမယ်ဆိုတာ ဆက်ပါဦး"

"ဆရာကိုငြိမ်းမောင်က ကျွန်မပြောမယ့်အကြောင်းကို သိနေ လို့များလား"

"သိနေမှတော့ မေးပါ့မလား"

"တစ်ခါတစ်လေကျတော့လည်း ကိုယ်သိထားတာနဲ့ တစ်ဖက်လူက ပြောတာမှန်မမှန် သိချင်ကြသေးတယ် မဟုတ်လား"

ဤသို့ပြောပြီး မေနန်းက ကျွန်ုပ်၏ အမူအရာကို အကဲခတ်နေသည်။ ကျွန်ုပ်သည် မေနန်းကို ပြန်၍ကြည့်လိုက်ရင်း

"ဒီမိန်းကလေးဟာ ခေတ်မိန်းကလေးတစ်ယောက်လို မဟုတ်ဘူး . . အတော်လေးအကင်းပါးတာပဲ သူသိချင်နေတဲ့ အချက်နဲ့ ပတ်သက်လို့ ငါ့ဆီက ဘာသိရမလဲ သိရတာအမြတ်ပဲဆိုတဲ့ သဘောနဲ့ သူ ခုလိုစကားလုံးတွေနဲ့ အကွက်ဆင်လိုက်တာပဲ" ဟု တွေးလိုက်မိလေသည်။

"ဘယ်လိုလဲ ဆရာကိုငြိမ်းမောင် ဘာတွေတွေးနေတာလဲ"

"ဘာမှမတွေးပါဘူး"

ကျွန်ုပ်သည်လည်း မုသားစကားကို မသုံးမဖြစ်သုံးလိုက်ရလေသည်။

"ကျွန်မပြောမှာက ပန်းချီကားကိစ္စပါ နန်းဆက်မွန်ပန်းချီကား ကိစ္စပါ . . အဲဒီပန်းချီကားဟာ သူ့နာမည်အတိုင်း နန်းဆက်မွန်ပစ္စည်း တစ်ခုပါ . . ဒီပစ္စည်းကို ကျွန်မတို့ ထိန်းသိမ်းစောင့်ရှောက်ထားရာက ပျောက်ဆုံးသွားတာ အနှစ် (၂၀) ကျော်လာပြီ . . ကျွန်မတို့ ရှာခဲ့တာ ကြာပါပြီ"

ထိုအခိုက် ကျွန်ုပ်က သူမစကားကို ဖြတ်ကာ

"သြော် . . ခဏဝင်ပြောပါရစေ မမေနန်း အခုအသက် ဘယ်နှစ်နှစ်ရှိပြီလဲ"

"ကျွန်မအသက်ကို မမေးပဲ တည့်တည့်သာ မေးလိုက်နိုင်ပါတယ် . . အသက် (၂၀) ကျော်အရွယ် မိန်းကလေးတစ်ယောက်က ပျောက်ဆုံးနေတဲ့ ပစ္စည်းတစ်ခုကို အနှစ် (၂၀) ကျော်ရှာခဲ့တယ်ဆိုတဲ့စကား လုံးဝအဓိပ္ပါယ်မရှိဘူးလို့"

"ကျုပ် အဲဒီလောက်ကြီး မပြောချင်ပါဘူး"

"ပြောတော့ ပြောချင်တာပဲ မဟုတ်လား ဆရာကိုငြိမ်း







www.burmeseclassic.com

www.burmeseclassic.com



မောင်နဲ့ စကားပြောရတာ ကောင်းတော့ကောင်းပါတယ် . . အမှန်ကတော့ ပျောက်ဆုံးသွားတဲ့ ပစ္စည်းပိုင်ရှင်အစစ်ဟာ ကျွန်မတို့မှ မဟုတ်တာဘဲ ဆရာကို ငြိမ်းမောင်ရယ်”

ကျွန်ုပ်မှာ နား‌ရှုပ်သွားသဖြင့် သက်ပြင်းတစ်ချက်ချ လိုက်မိလေသည်။

“ကျွန်မစကားကို ဆက်ပြောရမယ်ဆိုရင် အဲဒီနန်းဆက်မွန်ပန်းချီကား ဘယ်မှာရောက်ရှိနေတယ်ဆိုတာ ကျွန်မတို့ သတင်းရရှိခဲ့ပါတယ် . . အဲဒီလူက နန်းဆက်မွန်ပန်းချီကားကို ရှေးဟောင်းပစ္စည်းမှန်း မသိလို့ နိုင်ငံခြားဈေးကွက်ကို ရှာခဲ့တယ် . . အရင်ဆုံး ဗြိတိသျှလူမျိုး ပွဲစားတစ်ဦးနဲ့ ဆက်သွယ်ခဲ့ပေမယ့် အရောင်းအဝယ် မဖြစ်ခဲ့ဘူး . . ဗြိတိသျှတွေက သိတယ် မဟုတ်လား . . သူတို့ဟာ ကိုလိုနီနယ်ချဲ့တွေဆိုတော့ ဒီနိုင်ငံက ဘာမဆို အလကားလိုလို ယူချင်ကြတာကလား”

အခုတော့လည်း အပြောကောင်းသူသည် ကျွန်ုပ်မဟုတ်တော့ဘဲ မေနန်းဖြစ်နေပါတော့သည်။ လူဆိုသည်မှာ မိမိဝါသနာပါသောအကြောင်း သို့မဟုတ် မိမိအလွန်စိတ်ဝင်စားနေသော အကြောင်းအရာမျိုးကို ပြော ခွင့်ရလျှင် အလွန်ပြောချင်ကြသည်ပဲ မဟုတ်ပါလား။

မေနန်းသည် ယခုအကြောင်းအရာကို သူမတကယ်သိလည်း သိထားလေရကား ထိုသို့တကယ်သိထားသူများ၌ ဖြစ်တတ်သော သဘာဝအတိုင်း အကြောင်းအရာအချက်အလက်ကို မကျန်စေချင်သည်မှာ အမှန်ပါပေ။





ကျွန်ုပ်သည် မေနန်းပြောနေသည်တို့ကို စိတ်ဝင်တစားနားထောင်ပေးလိုက်လေသည်။

“ဒါနဲ့ပဲ အဲဒီလူက ပြင်သစ်လူမျိုး ပွဲစားတစ်ယောက်နဲ့ သွားချိတ်မိပါတယ် အဲဒီအချိန်မှာ နန်းဆက်မွန်ပန်းချီကားဟာ အရောင်းအဝယ် ဖြစ်တော့မယ့် အခြေအနေမှာ ရှိခဲ့တယ် ကျွန်မတို့က အဲဒီအခြေအနေမျိုးမှာ သိရတာပါ သိသိချင်းပဲ နန်းဆက်မွန်ပန်းချီကား နောက်လိုက်ကြတာပေါ့ရှင်”

“စိတ်မကောင်းစရာကောင်းတာက အဲဒီပန်းချီကား ပိုင်ဆိုင်ထားတဲ့လူဟာ သေဆုံးသွားပါတယ် . . သူသေဆုံးသွားတဲ့အတွက် နန်းဆက်မွန်ပန်းချီကား အရောင်းအဝယ်လည်း ပျက်သွားတာပေါ့”

“ဒါပေမဲ့ ဒီလူသေဆုံးသွားတယ်ဆိုတာဟာ သွေးရိုးသားရိုး မဟုတ်ဘူး သူ့နာမည်ကို ကျွန်မပြောမယ် ပဲခူးမြို့က သူဌေးဦးစိန်တိုးတဲ့ လုပ်ငန်းက ၃ မျိုးလောက်ရှိတယ် . . အလွန်ချမ်းသာတယ် သူသေရတာဟာ သူ့တိုက်ဝရံတာက လိမ့်ကျပြီး သေဆုံးခဲ့ရတာပါ အဲဒီတော့ သူ့ကို တစ်စုံတစ်ယောက်က လုပ်ကြံသတ်ဖြတ်လိုက်တာပဲလို့ ကျွန်မတို့က ထင်နေတယ်”

“အမှုကတော့ အဲဒီလိုမဟုတ်ဘူး . . သူဌေးဦးစိန်တိုးဟာ သူ့ တိုက်ဝရံတာပေါ်က လိမ့်ကျသေဆုံးသွားတယ်ပဲပေါ့ . . အဲဒီခေတ်က တရားဥပဒေကို သိပ်အားကိုးလို့ မရဘူးလေ”

“ကျွန်မတို့ ထင်ထားတာက ပြင်သစ်ကို ဒီပန်းချီကား ရောင်းပေးမယ်ဆိုတဲ့ ပြင်သစ်ပွဲစားပယောဂနဲ့ ဦးစိန်တိုး သေဆုံးသွားခဲ့ရတယ်လို့ ပါ . . ဒါကြောင့်လည်း နန်းဆက်မွန်ပန်းချီကားဟာ



www.burmeseclassic.com

www.burmeseclassic.com



ပြင်သစ်တွေဆီကို ရောက်သွားတယ် ထင်ပြီး ကျွန်မတို့အတော် စိတ်မကောင်းဖြစ်နေရတာပါ . . ရှေးဟောင်းပစ္စည်းတစ်ခုဟာ အဖိုးထိုက်တန်လှတဲ့ ရတနာပစ္စည်း ထက်တန်ဖိုးကြီးတယ် မဟုတ်လား"

"ဒါပေမဲ့ ကျွန်မတို့ ထင်ထားသလို မဟုတ်ခဲ့ဘူး . . နန်းဆက်မွန်ပန်းချီကားဟာ ပြင်သစ်လက်ရောက်သွားတာ မဟုတ်ပါဘူး ဒီမှာပဲ ရှိနေပါတယ်"

အမှန်တော့ ဦးစိန်တိုး သေဆုံးရတာ သွေးရိုးသားရိုး မဟုတ်ဘူး တစ်ယောက်ယောက်ရဲ့ ပယောဂဆိုတာ ဖြစ်နိုင်စရာ အကြောင်းရှိပါတယ် . . အဲဒါကတော့ ဦးစိန်တိုးရဲ့ အိမ်တွင်းရေးကိစ္စနဲ့ပဲ သက်ဆိုင်နေပါတယ် ဦးစိန်တိုးမရှိတဲ့နောက်မှာ သူ့လူယုံတော်တစ်ယောက်လိုလို စီး ပွားဘက်လိုလို လူတစ်ယောက်ဆီမှာ နန်းဆက်မွန်ပန်းချီကား ရောက်နေတယ်လို့ ကျွန်မတို့ သတင်းရလာပါတယ်"

"ဒီအချိန်မှာ ဆရာဝန်ကြီးဦးအိန္ဒြာရဲ့ တိုက်မှာ ဒီနန်းဆက်မွန် ပန်းချီကားရှိနေတယ်ဆိုတဲ့ သတင်းကိုရခဲ့ပါတယ် . . ဒီနောက်ပိုင်း အ ဖြစ်အပျက်ကို ဆရာကိုငြိမ်းမောင်သိပြီး ဖြစ်မယ်လို့ ကျွန်မထင်ပါတယ် . . ကျွန်မ ပြောဖို့လိုမယ် မထင်ပါဘူး"

မေနန်းသည် စကားအဆုံးတွင် ဆက်တီတွင် ဝင်ထိုင်လိုက်လေ သည်။ မေနန်းကို ကျွန်ုပ်အသေအချာ ကြည့်မိသောအခါ ထိပ်တင်မျိုးနွယ်ဝင်တစ်ဦးဟု အတွေးရောက်လိုက်မိလေသည်။ သို့သော်လည်း မန္တလေး သူအချောမျိုးသက်သက် မဟုတ်ဘဲ





ဗြိတိသျှအနွယ်ဝင် အချောမျိုးကိုလည်း သူမ၏အလှတွင် ကျွန်ုပ် ရှာဖွေ တွေ့ရှိလိုက်လေသည်။

ကျွန်ုပ်သည် သူမစကားအဆုံးတွင်

"မမေနန်း ပြောသွားတဲ့ အကြောင်းအရာဟာ အဖြစ်မှန် အစစ်အမှန်တွေပဲသာဆိုရင်တော့ အတော့်ကို စိတ်ဝင်စားစရာ ကောင်းတာပဲနော်"

"ပဲခူးက ဦးစိန်တိုး သေဆုံးခဲ့ရတဲ့အကြောင်းဟာ အ ထောက် ထားတစ်ခုပဲလေ"

"ဒီလိုပြောလို့မရဘူးလေ . . ဒီရွာကတော့ ပန်းဘဲစုရွာလေ ဟိုတုန်းက ပန်းဘဲဖိုတွေ ရှိခဲ့လို့ဆိုတာမျိုးပဲ"

"ဆရာကိုငြိမ်းမောင်က ကျွန်မပြောတာတွေကို စိတ်ကူးအိပ်မက် တွေ ထင်နေလို့လား ဒါတော့ ကျွန်မ မတတ်နိုင်ဘူး"

"ဒါ့ထက် ဆရာဝန်ကြီး ဦးအိန္ဒြာက ပန်းချီကားကို မေနန်းတို့ ပန်းချီကားဟုတ်ချင်လည်း ဟုတ်မယ်လေ . . ယူသွားကြပြီ မဟုတ်လား . . ဓာတ်လမ်းက ဆုံးသွားပြီလေ ခုလိုဘာဖြစ်လို့ ပြန်ဆက်နေရတာလဲ"

"ဆရာကိုငြိမ်းမောင်ကလဲရှင် အဲဒီပန်းချီကားဟာ နန်းဆက်မွန် ပန်းချီကားအစစ်သာဆိုရင် ဆရာကိုငြိမ်းမောင်ပြောသလိုပဲ ဓာတ်လမ်းက ဆုံးသွားပြီပဲပေါ့ အဲဒီပန်းချီကားက အစစ် မဟုတ်ဘူး အတုရှင့်အတု"

"ဒီလိုဆို နန်းဆက်မွန်ပန်းချီကား အစစ်က ဘယ်မှာလဲ"

"မေမြတ်ဆွေတို့ မြေအဘိုးဆီမှာပဲပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အထောက်အထားကရော"

"ကျွန်မပြောပြမယ် မေမြတ်ဆွေရဲ့ချစ်သူ ကိုမျိုးလွင်ဆိုတဲ့ လူ တစ်ယောက်ဟာ ပျောက်ဆုံးနေတယ် မဟုတ်လား"

"ဘယ်လိုပတ်သက်နေလို့လဲ"

"ပတ်သက်တာပေါ့ရှင် ကိုမျိုးလွင် ခရီးထွက်သွားတာဟာ မီး ငြိမ်းတောင်တစ်ခုကို သွားနေတာပါ"

"ပုပ္ပါးတောင်ကိုလား"

"မဟုတ်နိုင်ဘူး"

"ဒီနန်းဆက်မွန်ပန်းချီကားနဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

ထိုအခါ မေနန်း ဘာမျှစကားမပြောတော့ပေ။

မေနန်းက ဆက်ပြောသည်မှာကား . .

"ကဲ . . ဆရာကိုငြိမ်းမောင် အားလည်းနာပါတယ် လုပ်ငန်းကိုတော့ စလိုက်ပါရစေ"

ဟုပြောပြီးလျှင် ပြောပြီးချင်း သူမ၏ လက်ပွေ့အိတ်ထဲမှ ပစ္စတိုတစ်လက်ကို ထုတ်လိုက်သည်။ ပြီးတော့ သူမရှေ့ သူမ ပေါင်ပေါ်တင်၍ မောင်းကွင်းထဲ လက်ညှိုးနိုက်၍ ကိုင်ထားလိုက် သည်။ တစ်ဖန် လက်ပွေ့အိတ်ကို ပစ္စတိုသေနတ်ပေါ် ဖုံးကွယ်၍ ထားလိုက်လေသည်။ ဧည့်သည်တစ်စုံတစ်ယောက် ရုတ်တရက် ရောက်လာလျှင်ပင် ထိုပစ္စတိုသေနတ်ကို တွေ့မြင်နိုင်မည် မဟုတ် တော့ပေ။

"ဘာသဘောလဲ မမေနန်း"

ကျွန်ုပ်က သူမ၏လှုပ်ရှားမှုများကို အစအဆုံးကြည့်ပြီးမှ





မေးလိုက်ခြင်းဖြစ်သည်။ မေနန်းက . .

"ကျွန်မတို့ရဲ့ အခြေအနေမှန်ကို ဆရာကိုငြိမ်းမောင် သဘောပေါက်စေချင်လို့ပါ . . စာရေးဆရာတစ်ယောက်ကို ဒီလိုပုံစံနဲ့ အသိပေးတာ မဆန်းဘူးလို့လည်း ယူဆပါတယ်"

"ကျုပ်အလုပ်တစ်ခု လုပ်ပေးရမယ်ဆိုပါတော့"

"ဟုတ်ပါတယ် ဆရာဝန်ကြီးဦးအိန္ဒြာဆီမှာ ရှိနေတဲ့ နန်းဆက်မွန်ပန်းချီကားကို ဆရာကိုငြိမ်းမောင် သွားယူပေးပါ"

"နန်းဆက်မွန်ပန်းချီကား မရှိဘူးဆိုရင်ကော"

"ကျွန်မတို့ သိပါတယ် . . အဲဒီပန်းချီကား အဲဒီမှာ ရှိကိုရှိပါ တယ်"

"ရှိတယ်ပဲထား အခုဆရာဝန်ကြီးဦးအိန္ဒြာတိုက်ရှေ့မှာ ပုလိပ်သားတွေ ချထားတယ် မမေနန်း မသိသေးဘူး ထင်တယ်"

"သိတာပေါ့ရှင် သိလို့ ဒီရောက်လာရတာပေါ့"

"ပုလိပ်သားတွေ တိုက်ရှေ့မှာ ရှိနေတာကို သိရက်နဲ့ မင်းက ကျုပ်ကို ဒီပန်းချီကား အယူခိုင်းတာ ကျုပ်ကို တမင်ခြောက်ချ တာပဲပေါ့"

"ပုလိပ်သားတွေ တိုက်ရှေ့မှာ ချထားတာပဲရှင် . . တိုက် နောက်မှာ ပုလိပ်သားတွေ ချထားတာမှ မဟုတ်တာပဲ"

"မဖြစ်ဘူး ထင်တယ်"

"ဘာလို့ မဖြစ်ရမှာလဲ ကဲ . . ကျွန်မအစီအစဉ်ကို ပြောလိုက်မယ် . . ဆရာကိုငြိမ်းမောင် အခုဆရာဝန်ကြီး ဦးအိန္ဒြာ တိုက်ကိုသွား ဆရာဝန်ကြီးဦးအိန္ဒြာကို အကျိုးအကြောင်း ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာနဲ့ နန်းဆက်မွန် ပန်းချီကားအစစ်ကို ဝှက်ထားတဲ့ နေရာက ထုတ်ပေးလိမ့်မယ်''

''ဆရာကိုငြိမ်းမောင် လက်ထဲ နန်းဆက်မွန်ပန်းချီကားရောက် တာနဲ့ ညွှန်ခန်းပြတင်းပေါက် တစ်ပေါက်ကို ပိတ်ထားရင် ဖွင့်လိုက်ပါ ဖွင့်ထားခဲ့ရင်တော့ ပိတ်လိုက်ပေါ့ရှင် . . အဲဒီအချိန်မှာ တိုက်ရှေ့က ပုလိပ်သားတွေ စိတ်အာရုံအခြားတစ်နေရာ ရောက်နေဖို့ ကျွန်မလမ်းဘေး မျက်လှည့်ဆရာတစ်ယောက်ကို ငှားထားတယ် အဆင်သင့်ပဲ''

''မျက်လှည့်ဆရာဗင်သံပေးပြီး မျက်လှည့်ပြနေတဲ့ အချိန်မှာ ဆရာကိုငြိမ်းမောင်က နန်းဆက်မွန်ပန်းချီကားနဲ့ တိုက်နောက်ဘက်တံခါးကနေ ထွက်လာပါ ဆရာကိုငြိမ်းမောင် ထွက်လာတဲ့နေရာမှာ ကျွန်မ ရှိနေမယ် အခုကျွန်မပြောခဲ့တာတွေကို ဆရာကိုငြိမ်းမောင် မှတ်မိပါတယ်နော်''

''ကဲ . . လုပ်ငန်းစကြမယ် အချိန်မရှိဘူး''

''ဟာ အခု ချက်ချင်းပါပဲလား''

''ဟုတ်ပါတယ်''

''အဝတ်အစားတောင် မလဲရတော့ဘူးလား''

''ဒီအတိုင်းပဲ လိုက်သွားကြတာပေါ့ ဆရာကိုငြိမ်းမောင် ကျွန်မ ပြောထားတဲ့ အစီအစဉ်အတိုင်း မလုပ်လို့မဖြစ်ဘူးနော် . . အဲဒီအချိန်မှာ ကျွန်မကို အပြစ်မတင်စေချင်ပါဘူး''

''ကျူပ်သဘောပေါက်ပါတယ်''

''ကဲ . . သွားစို့''





မေနန်းနှင့် ကျွန်ုပ်တို့နှစ်ယောက် ထရပ်လိုက်သောအခါ

''ဒေါက် . . ဒေါက် . . ဒေါက်''

လျှောက်လာသော ခြေသံကို မေနန်းရော ကျွန်ုပ်ပါ ကြားသိလိုက်သည်။ ရပ်လျှက်သား မလှုပ်မယှက်ရှိနေသည်။ မည်သူမည်ဝါမှန်း မသိရသေးပေ။ ခြေသံကိုပဲ ကြားနေရ၏။

ထိုခြေသံသည် အိမ်ရှေ့ဘက်က မဟုတ် အိမ်ရှေ့တံခါးမှာ ပိတ် လျက်သားရှိသည်။ ခြေသံသည် အိမ်ခန်းအတွင်းဘက်မှ ပေါ်ထွက်လာ သော ခြေသံဖြစ်သည်။

''မေနန်းက ဒုတိယအကြိမ် အသံကြားရာဘက်သို့ လှည့်၍ ကြည့်လိုက်သောအချိန် သူတွေ့မြင်လိုက်ရသူမှာကား အခြားသူမဟုတ် အိုင်အိုနန်းထိုက်ပင်တည်း။ သူသည် ခြောက်လုံးပြူးသေနတ်ကို ထိုးချိန်၍ ရောက်ရှိလာခြင်း ဖြစ်သည်။ ကျွန်ုပ်သည် အိုင်အိုနန်းထိုက် ကျွန်ုပ်၏ အိမ်ထဲ ရောက်နေသည့်အတွက် အလွန်ပင်အံ့သြ၍ သွားမိလေသည်။

သို့နှင့် ကျွန်ုပ်သည် အိုင်အိုနန်းထိုက်အား

''ကိုနန်းထိုက် ဘယ်တုန်းက ရောက်နေတာလဲ''

ဟုမေးလိုက်သည်။

အိုင်အိုနန်းထိုက်က

''ကျွန်တော် ပြောပြပါ့မယ် . . ခုတော့ အခုလောက် သိချင်တာလေး ဆိုင်းထားလိုက်ပါဦး''

ထိုအချိန်တွင် မေနန်းသည် မျက်စိမျက်နှာပျက်နေသည်။

''ကဲ . . မမေနန်း ဟုတ်ပါတယ်နော်''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ကျွန်မမေနန်းပါ"

"မင်း လက်ပွေ့အိတ်ထဲက ပစ္စတိုသေနတ် ကျုပ်ကို အရင်ပေးလိုက်ပါဦး"

မေနန်းသည် ရုတ်တရက် ဘာလုပ်ရမည်မသိ ဝေခွဲမရ ဖြစ်နေဟန်တူသည်။ နောက်မှ တစ်စုံတစ်ခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်ချက်ချလိုက်ဟန်ဖြင့် . .

"ရပါတယ်"

ဟုပြောပြီး ပစ္စတိုသေနတ်ပါလာသော လက်ပွေ့အိတ်ကို လှမ်း၍ ပေးလိုက်သည်။ အိုင်အိုနန်းထိုက်သည် လှမ်းပစ်ပေးသော လက်ပွေ့ အိတ်ကို ဖမ်းဆုပ်ယူလိုက်ပြီး ပစ္စတိုပါမပါ လက်ပွေ့ အိတ်ဇစ်ကို ဆွဲ၍ ဟပြီး ကြည့်ရှုစစ်ဆေးလိုက်လေသည်။ ပစ္စတို သေနတ်တစ်လက်ကို အိုင်အိုနန်းထိုက်တွေ့လိုက်လျှင် . .

"ဒီပစ္စတိုသေနတ်ကရော လိုင်စင်နဲ့ ကိုင်ဆောင်တာ ဟုတ်ရဲ့လား"

ဟုမေးလိုက်ပါသေးသည်။ မေနန်းက ဘာမျှမပြောဘဲ အိုင်အိုနန်းထိုက်ကိုသာ ခုန်အုပ်ပြီး သတ်တော့မည့် ကျားတစ်ကောင်လို စိုက်ကြည့်နေလေသည်။

"အိုင်အိုနန်းထိုက်နဲ့ ယှဉ်မယ်ဆိုရင် ခုလိုအရမ်းဝင်လို့ ဘယ်ရမလဲ"

ဟုလည်း ပြောလိုက်၏။ ပြီး မဲ့ပြုံး ပြုံးလိုက်လေသည်။

* * * * * *





"ဟုတ်ပါတယ် ကျွန်မတို့ကလည်း အိုင်အိုနန်းထိုက်ဆိုတဲ့ စုံထောက်ကျော်ကြီးနဲ့ ယှဉ်ရမှာမို့ အရမ်းဝင်တာ မဟုတ်ပါဘူး"

ဟု ပြောလိုက်သူမှာ မေနန်း၏ အသံမျိုးမေနန်း၏ လေယူလေ သိမ်းမျိုးဟု ဆိုသော်လည်း မေနန်းကား မဟုတ်ပေ။ မေနန်း၏ ညီမ မေနန်းနွယ်ပင်တည်း။ မေနန်းနွယ်သည်လည်း အိုင်အိုနန်းထိုက်၏ လာရာလမ်းအတိုင်း အိမ်နောက်ခန်းမှ ဝင်ထွက်လာခဲ့လေသည်။

ထိုအခါ မေနန်းက အိုင်အိုနန်းထိုက်၏ လက်ထဲက ခြောက်လုံးပြူးသေနတ်ကို ဖျတ်ခနဲ ယူလိုက်၏။ သူမ၏ လှုပ်ရှား မှုဟန်ပန်ကို ကြည့်ခြင်းအားဖြင့် သိုင်းပညာကို အဆင့်မြင့်တတ် ကျွမ်းထားသူ မိန်းကလေးတစ်ဦးဖြစ်ကြောင်း အိုင်အိုနန်းထိုက် ကောင်းကောင်းသိထားလိုက်လေသည်။

မေနန်းသည် အိုင်အိုနန်းထိုက်၏ ခြောက်လုံးပြူးဖြင့် အိုင်အို နန်းထိုက်ကိုပင် ထိုးချိန်ထားလိုက်ပြန်သည်။ လက်တစ်ဖက် က ကျွန်ုပ် လက်ထဲရောက်နေပြီ ဖြစ်သော သူမ၏ ပစ္စတိုသေနတ် ပါသော လက်ပွေ့အိတ်ကို လှမ်းတောင်းနေ၍ ကျွန်ုပ်မှာ ဘာ လုပ်ရမည်မသိ ဖြစ်နေသည်။

အိုင်အိုနန်းထိုက်က . .

"ပေးလိုက်ပါ ကိုဦးမောင်"

ဟုပြောမှ ကျွန်ုပ်သည်လည်း သူမ၏လက်ပွေ့အိတ်ကို ပြန်ပေးလိုက်လေသည်။

"မင်းတို့က ညီအစ်မလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"မင်းတို့ အတော့်ကို တော်ကြာတာပဲနော်"

"မေနန်းက တစ်ချက်ပြုံးလိုက်ကာ"

"ကျွန်မတို့ထက် ကိုနန်းထိုက်က ပိုတော်မှာပါ ဘာဖြစ်လို့လဲ ဆိုတော့ ဒီလိုအချိန် ကျွန်မတို့ ဆရာကိုငြိမ်းမောင်နဲ့ ဆက်သွယ်လာလိမ့်မယ်ဆိုတာကို ကိုနန်းထိုက် တွက်ဆမိပါတယ် ဆိုတဲ့ အချက်တစ်ချက်နဲ့ပဲ ကျွန်မတို့ထက်ပိုပြီး တော်နေတာပဲပေါ့"

အိုင်အိုနန်းထိုက်က

"ကျုပ်သာ ပိုတော်ရင် အခုလို ကျုပ်ချောက်ကျသွားပါ့မလား"

ထိုအခါ မေနန်းနွယ်က တစ်ချက်ပြုံးလိုက်ကာ

"အဲဒါက ဒီလိုပါ အမှန်အတိုင်းပဲ ပြောပြမယ်လေ . . ကျွန်မတို့က မေမြတ်ဆွေကို မေ့ဆေးပေးပြီး ခေါ်လာတဲ့အထိ ဘာအစီအစဉ်မှ မရှိသေးဘူး"

"ဒီလိုဆို မင်းတို့က မေမြတ်ဆွေကို အပြင်မှာတွေ့တုန်းတွေ့ နိုက် ခေါ်သွားတဲ့သဘောပေါ့"

"မှန်ပါတယ်"

မေနန်းက ဖြေသည်။ ပြီး သူမကပဲ ဆက်လက်၍

"ဒါကြောင့် ခင်မြတ်ဆွေနဲ့ ပန်းချီကား အလဲအလှယ် ဘယ်လို လုပ်မယ်ဆိုတာကို အစီအစဉ် မချရသေးတာပေါ့ ဆရာဝန်ကြီးဦးအိန္ဒြာ သူ့မြေးအတွက် သိပ်စိုးရိမ်မှာ စိုးလို့သာ ဟိုစာကို ပေးလိုက်တာ ဒီစာကို ကိုနန်းထိုက်တို့ဆီကို ရောက်သွားတော့





ကျွန်မတို့လှုပ်ရှားရတဲ့အကွက်က တော်တော်လေးကျဉ်းသွားတယ်"

"ဒါနဲ့ပဲ ကျုပ်မိတ်ဆွေ စာရေးဆရာကိုငြိမ်းမောင်ကို အသုံးချဖို့ အကြံရလာတယ်ဆိုပါတော့"

"ကိုနန်းထိုက်တော်ပါတယ် ဒီအချက်ကို ကျွန်မအစီအစဉ်ချတုန်းက ထည့်မတွက်မိဘူး . . ဒီလို ကျွန်မတို့ လုပ်မယ်ဆိုတာ ကိုနန်းထိုက် လုံးဝရိပ်မိမယ် မထင်ဘူးလို့ဘဲ ကျွန်မတို့ တွက်ထားမိတယ်"

ထိုအခါ

မေနန်းနွယ်က ခြောက်လုံးပြူးသေနတ်ကို ချိန်လျက် ရှေ့သို့ လျှောက်၍လာကာ . .

"အခုလို လိုလိုမယ်မယ် နောက်ထပ် အစီအစဉ်ချဖို့ ကိုတော့ ကျွန်မက မမကိုပြောပြီး စီစဉ်လိုက်ရတာပါပဲရှင်"

"ဘာပဲပြောပြော မင်းတို့ ကျုပ်ထက် ပိုတော်ပ တယ်ဆိုတဲ့ အဖြေတစ်ခု ထွက်လာတာပဲ မဟုတ်လား . . ကျုပ်ကလည်း ကိုလိုနီဖြိတ်သူရဲ့ ရိက္ခာငွေကို စားနေတဲ့သူ ကျွန်တစ်ယောက် ဆိုပေမယ့် မင်းတို့လို အစွမ်းအစရှိတဲ့ အမျိုးသားလူငယ်တွေကို ဒုက္ခမပေးချင်ပါဘူး လမ်းမှားကိုလည်း မရောက်စေချင်တာအမှန်ပဲ"

"ကျွန်မတို့က ကိုနန်းထိုက်မှာ ဒီလိုအမျိုးသားရေး စိတ်ဓာတ် ရှိနေတာကိုပဲ ကျေနပ်လှပါပြီ . . စိတ်ချနေပါ ကျွန်မတို့ ခုထိမဟုတ်တာ မမှန်တာ ဘာတစ်ခုမှ မလုပ်သေးပါဘူး"

"မေမြတ်ဆွေကို ပြန်ပေးဆွဲထားတဲ့ကိစ္စကရော ဒါဟာ တရားဥပဒေဘောင် အပြင်ကို ရောက်နေပြီမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



မေနန်းက . .

"ဒီမှာကိုနန်းထိုက် ပြန်ပေးဆွဲတယ်ဆိုတဲ့ အဓိပ္ပါယ်ဟာ လူ တစ်ယောက်ယောက်ကို ဖမ်းပြီး ငွေဘယ်၍ဘယ်မျှပေးမှ ပြန်လွှတ်ပေးမယ် မပေးရင် ဖမ်းထားတဲ့လူကို သတ်ပစ်မယ် အဲဒီလိုမဟုတ်လား"

"ဟုတ်တယ် မမေနန်း"

"ဒါဆို ကျွန်မတို့က မေမြတ်ဆွေကို ဖမ်းထားတာ မဟုတ်ဘူးခေါ်ထားတာ . . ပြီးတော့ ပန်းချီကားနဲ့ပဲ အလဲအလှယ် လုပ်မှာပါ လုပ်သေးတာ မဟုတ်ပါဘူး ဒီပန်းချီကားမရလို့လဲ မေမြတ်ဆွေကို ကျွန်မ တို့က သတ်ပစ်မှာမဟုတ်ဘူး . . ကျွန်မတို့လည်း မြန်မာနိုင်ငံသားတွေပဲ ရှင်"

အိုင်အိုနန်းထိုက်က ရှေ့တိုး၍ စကားပြောမည်အပြု မေနန်းနွယ်က . .

"ကိုနန်းထိုက် ငြိမ်ငြိမ်လေးနေပါနော် ကျွန်မတို့ ပြစ်မှုမကျူးလွန်ချင်လို့ပါ"

ဟု သတိပေးလိုက်လေသည်။ ကျွန်ုပ်မှာကား ယခုအခါ ပွဲကြည့် ပရိသတ်တစ်ဦးဖြစ်၍ နေပါလေတော့သည်။ ပြဿနာမည်ကဲ့သို့ အဆုံးသတ်မည်ကိုကား ကျွန်ုပ်သည် စာရေးဆရာဖြစ်လင့်ကစား တွက်ဆ၍ မရဘဲဖြစ်နေ၏။

အဖြစ်မှန်များဆိုတာကလည်း ကျွန်ုပ်တို့၏ စိတ်ကူးဟန် ဝတ္ထုများထက် ဆန်းကြယ်သော သဘောကို ဆောင်တတ်သည် မဟုတ်ပါလား။





"ကျုပ်အတွက်လည်း စိတ်ချပါ . . ကျုပ်တစ်ခု အလေး အနက် ပြောပါရစေ"

ဤသို့ အိုင်အိုနန်းထိုက်က ပြောလိုက်လျှင် မေနန်းက

"ပြောပါ"

ဟုပြောလိုက်လေသည်။

"ကျုပ်ပြောချင်တာက မေမြတ်ဆွေကို အန္တရာယ်မပေးဖို့ပါ အခု မင်းတို့ပြောနေတာဟာ ဘယ်လိုပဲရှောင်ရှောင် ပြောပြော တရားဥပဒေနဲ့ မလွတ်ကင်းပါဘူး ပြန်ပေးဆွဲတဲ့ အနေအထား မှာပဲရှိတယ် ဒီတော့ ကျုပ်အနေနဲ့ မင်းတို့ကို ဖမ်းကိုဖမ်းရမှာပါပဲ"

မေနန်းသည် မေနန်းနွယ်ကို ကြည့်လိုက်သည်။

မေနန်းနွယ်သည် မေနန်း၏အကြည့်ကို နားလည်သဘောပေါက်၏။ တစ်ဖက်ခန်းသို့ ဝင်၍ သွားပြီး ကျွန်ုပ်၏ မျက်နှာသုတ်ပဝါကို ယူခဲ့၏။ ထိုမျက်နှာသုတ်ပဝါဖြင့် အိုင်အိုနန်းထိုက်ကို အရင်မေ့ဆေးသင့်စေသလို ကျွန်ုပ်ကိုလည်း မေ့ဆေးသင့်စေပါတော့၏။

* * * * * *



www.burmeseclassic.com

www.burmeseclassic.com



မေနန်းနှင့် မေနန်းနွယ်တို့ ညီအစ်မအသုံးပြုသော မေ့ဆေးမှာ အတော်ပြင်းပုံရသည်။ ကျွန်ုပ်နှင့် အိုင်အိုနန်းထိုက် ရန်ကုန်ဆေးရုံကြီးသို့ တက်ရောက်ကုသခဲ့ရလေသည်။ အရင်ဆုံး ရောက်ရှိလာသူမှာကား ဂျမဒါမှူးသာနှင့် ဆူဗေဒါသောကြာတို့ ဖြစ်သည်။

ထိုအခါ နှစ်ရက်လွန်မြောက်လာခဲ့ပြီ ဖြစ်သည်။ ကျွန်ုပ်တို့မှာ တစ်ရက်ကျော်ကျော်တွင် သတိရကြသော်လည်း ခေါင်းထဲမူးဝေဝေ ဖြစ် နေသဖြင့် ဆက်လက်၍ ဆေးကုသမှုခံယူရင်း နှစ်ရက်လွန်မြောက်လာ ခြင်း ဖြစ်လေသည်။ စကားကောင်းကောင်း ပြောနိုင်လျှင် ကျွန်ုပ်က အိုင်အိုနန်းထိုက်အား . .

"ဘယ်လိုလဲ စုံထောက်ကျော်ကြီးကိုနန်းထိုက် ဒီညီအစ်မကျရော ခံလိုက်ရတာပါပဲလား"

ဟုပြောလိုက်ရာ အိုင်အိုနန်းထိုက်က

"အေးဗျာ . . အတော်ဆိုးတဲ့ ကောင်မလေးတွေ သူတို့ချည်းတော့ မဖြစ်နိုင်ဘူးဗျ . . သူတို့ကို စေခိုင်းနေတဲ့ လူရှိလိမ့်ဦးမယ်"

ဟု မကျေမနပ် ပြောနေသည်။

"တော်ပြီ . . တော်ပြီ နောက်ပိုင်း ပြဿနာတွေမှာ ကျုပ် မပတ်သက်ပါရစေနဲ့တော့ဗျာ ကျုပ်က အနုပညာသမားဗျ"

"ခင်ဗျာ ကြမ်းကြမ်းတွေ မရဘူး ရဲခေါင်ချစ်ဆွေကြီးရဲ့ ဇာတ်ကြမ်းတွေကိုတောင် သိပ်ကြည့်ရဲတာ မဟုတ်ဘူး"

"ကျော်အေးတို့ အကြမ်းအရမ်းလောက်တော့ ကြည့်ရဲတယ်ဆိုပါတော့ . . ဒါပေမဲ့ ကျွန်တော် မိတ်ဆွေဖြစ်နေတဲ့အတွက်





ကိုငြိမ်းမောင်ဟာ ရဲခေါင်ချစ်ဆွေကြီးလို ဖြစ်မှာနော် အခုပွဲတစ်ညပြီးသေးတာ မဟုတ်ဘူး"

ထိုအခါ ကျွန်ုပ်က မျက်ခုံးနှစ်ဖက်ကို မြှင့်တင်လိုက်ရလေသည်။ သူနာပြုဆရာမတစ်ယောက် ရောက်ရှိလာပြီး အိုင်အိုနန်းထိုက်ကို အပူချိန် တိုင်းခြင်း၊ ဆေးတိုက်ခြင်း လုပ်နေ၍ ကျွန်ုပ်တို့ စကားပြောပြတ်သွားသည်။

ထို့နောက် အခြားသူနာပြု ဆရာမလေးတစ်ဦးက စာတစ်စောင်ကိုကိုင်၍ ဝင်လာပြီး စာတစ်အိတ်ကို အိုင်အိုနန်းထိုက်လက်သို့ ကမ်းကာ . .

"ဟောဒီမှာ အိုင်အိုကို ပေးလိုက်ပါဆိုပြီး ပေးသွားတဲ့စာအိတ် ပါ"

ဟု ပြော၍ပေးလေရာ

အိုင်အိုနန်းထိုက်က လှမ်းယူလိုက်ပြီး . .

"ဘယ်သူက လာပေးတာလဲ ဆရာမ"

ဟုမေးလိုက်သည်။ သူနာပြုဆရာမလေးက

"အသားဖြူဖြူ အသက် ၂၀ ကျော်အရွယ် ခပ်ချောချော မိန်းမ တစ်ယောက်ပဲရှင့်"

ဟုပြောလေ၏။

"ဘယ်တုန်းကလဲ"

"၅ မိနစ်လောက်တော့ ရှိပြီ"

ထိုစဉ် အိုင်အိုနန်းထိုက်သည် စာအိတ်ကို ဆိုင်လျက် [illegible] ပြီး အပြင် [illegible] ကြီးထွက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်မှာ သူ့ဘေးကတင်၌ ရှိနေသဖြင့် အဖြစ်အပျက်အားလုံးကို တွေ့မြင်နေရ၏။ သူနာပြုဆရာမ ၂ ယောက်စလုံး တစ်ယောက်ကို တစ်ယောက် မျက်စပစ်လိုက်ကြသည်။

ကျွန်ုပ်သည်လည်း မနေသာဘဲ နောက်မှ ထပ်ချပ်မကွာ ပြေး၍ လိုက်သွားရပြန်သည်။ ရန်ကုန်ဆေးရုံကြီး၏ ဒုတိယထပ်မှ မြေညီထပ်သို့ ဓာတ်လှေကားမစီးဘဲ အပြေးဆင်းလာခဲ့လေသည်။

အပေါက်ဝသို့ ရောက်နေသော အိုင်အိုနန်းထိုက်သည် ဟိုလှည့် သည်လှည့်ကြည့် လုပ်နေသည်။ ကျွန်ုပ်သည် သူ၏နောက် ဘက် မလှမ်းမကမ်းသို့ ရောက်ရှိနေပြီ ဖြစ်သည်။ ကျွန်ုပ်သည် ရှေ့သို့ ဆက်မလျှောက်တော့ဘဲ မိမိလူ အိုင်အိုနန်းထိုက်ကိုဘဲ အရိပ်အခြေ စောင့်ကြည့်နေ၏။

ကုလားလေးတစ်ယောက်သည် အလွန်လှပသော ပန်းစည်း တစ်စည်းကို အသေအချာ ဂရုတစ်စိုက်ကိုင်၍ လျှောက်လာပြီး အိုင်အိုနန်းထိုက် ရှေ့ရောက်လျှင်

"အိုင် . . ဒီဟာကိုယူပါ"

ဟုပေးလေသည်။ အိုင်အိုနန်းထိုက်က ပန်းစည်းကို တွန်းဖယ်၍

"အသာနေစမ်းပါ ကုလားရာ . . ငါ ဒီမှာအရေးကြီး နေလို့ပါ"

ဟု ပြောသော်လည်း ကုလားလေးက . .

"ဒီဟာကို ယူဖို့ ကိစ္စဟာလည်း အိုင့်အတွက် အရေးကြီးပါ တယ်ဆပ်"





ဟု မြန်မာလို မပီတပီ ပြော၍ အိုင်အိုနန်းထိုက်က ကုလား လေးအား မသက်ာဘဲ

"မင်း ငါ့ကို တမင်အနှောင့်အယှက်ပေးတာလား"

ဟုပြောလေရာ ကုလားလေးက အဝင်အထွက် ဆေးရုံဝန် ထမ်းများ ဆရာဝန်များကို လမ်းပေးရင်း အိုင်အိုနန်းထိုက်ကို ဆလံ ပေး၍

"အစ်မနှစ်ယောက်ကနော် ဒီပန်းတွေကို အိုင်အိုနန်းထိုက် ကို ပေးပါဆိုလို့ ကုလားလေး လာပေးတာပါ . . ကုလားလေးတစ်မှုး ဘောက်ဆူးရပါတယ်"

ကုလားလေး ရှင်းပြတော့မှ အိုင်အိုနန်းထိုက် သဘော ပေါက်သွားကာ . .

"သူတို့ရော"

ဟု မေးလိုက်၏။ ကုလားလေးက အော်စတင်ကားတစ်စီး သို့ လက်ညှိုးထိုးပြလိုက်လေရာ သူလက်ညှိုးထိုးပြနေသော အချိန်တွင် အော်စတင်ကား ပြူတင်းပေါက်မှ မေနန်းနှင့် မေနန်း နွယ်တို့ ညီအစ်မပြုံး၍ ကြည့်ရင်း လက်ပြနှုတ်ဆက်ကာ ထိုကား ကလေး မောင်းထွက်သွားပါလေတော့၏။

အိုင်အိုနန်းထိုက်သည် စာအိတ်နှင့် ပန်းစည်းကိုကိုင်ပြီး ပြန်လှည့်၍အလာ ကျွန်ုပ်နှင့်တိုးလေတော့၏။

"မိတ်ဆွေဟောင်းတွေက နှုတ်ဆက်သွားပါလား ကိုနန်း ထိုက်"

ဟုပြောလိုက်လေရာ အိုင်အိုနန်းထိုက်က



www.burmeseclassic.com

www.burmeseclassic.com



"အခု သူတို့ညီအစ်မ လုပ်သွားတာဟာ ပြဿနာတစ်ခုရဲ့ အဖြေပဲဗျ . . ကျုပ်အထင်တော့ နန်းဆက်မွန်ပန်းချီကား သူတို့ နောက်ကို ပါသွားပြီထင်တယ်"

ဤသို့ပြောနေစဉ် ဆေးရုံဝင်းထဲသို့ အော်စတင်ကားတစ်စီး ဝင်လာလေသည်။ ထိုကားလေးသည်ကား ပတ်စ်တွင် ရပ်လိုက်ပြီး ကားပေါ်မှ မေမြတ်ဆွေ ဆင်းလာ၍ လျှောက်လာ၏။ သူမကို ဆေးရုံဝင်ထမ်း တံခါးမှူးကမေး၍ သူမက ဖြေအပြီး တံခါးမှူးက တံခါးကို ဆွဲဖွင့်ပေးလိုက်၏။

ဆက်လျှောက်လာလေ၏။ တစ်နေရာသို့ အရောက်တွင် မေမြတ်ဆွေသည် ကျွန်ုပ်နှင့် အိုင်အိုနန်းထိုက် ၂ ယောက်ရပ်၍ စောင့်နေသည်ကို ရုတ်တရက်တွေ့လိုက်ရသဖြင့် အလွန်အံ့သြ၍သွားကာ

"ဟင် . . ဒါက ဘယ်လိုဖြစ်နေတာလဲ ပန်းစည်းကလည်း လှလိုက်တာ"

ဟုပြောနေပါသော်လည်း ကျွန်ုပ်နှင့်အိုင်အိုနန်းထိုက်တို့ နှစ်ယောက်မှာ ငေးငိုင်လျက် . .

* * * * * *

အမှန်စင်စစ် ကျွန်ုပ်နှင့် အိုင်အိုနန်းထိုက်သည် ကိုမျိုးလွင်ကို ပြန်လည်မတွေ့လျှင် နောက်ပိုင်း နန်းဆက်မွန်ပန်းချီကားနှင့် ပတ်သက်သောအကြောင်းအရာကို သိရှိနိုင်မည် မဟုတ်ပေ။

မေမြတ်ဆွေ၏ သတင်းပေးချက်အရ ကျွန်ုပ်နှင့် အိုင်





အိုနန်းထိုက်သည် ကိုမျိုးလွင်ကို သွားရောက်တွေ့ဆုံခဲ့ခြင်း ဖြစ်သည်။ ကိုမျိုးလွင် ပြောပြသောအဖြစ်အပျက်သည် အဆန်းတကြယ်များချည်းသာ ဖြစ်နေသဖြင့် ကျွန်ုပ်မှာ မယုံတစ်ဝက် ယုံတစ်ဝက် ဖြစ်၍ နေခဲ့လေသည်။

အမှန်တော့လည်း ဤလောကတွင် အဖြစ်အပျက်တွေမှာ လူတွေ၏ အတွေ့သန္တာန်ပေါ်တွင် တည်မှီ၍ အမျိုးမျိုး အဖုံဖုံ ဖြစ်ပျက်ခဲ့သည်ပဲ မဟုတ်ပါလား။

သည်တော့ ကျွန်ုပ်တို့ လူတွေ၏ ဒေါသ မောဟ မာန်မာနများ လောဘတရားနှင့် မလိုမုန်းတီးမှုများ ရက်စက်ကြမ်းကြုတ်မှုများ စသည်ဖြင့် အရောင်ဆိုးခြင်းခံရသလို အသွင်သဏ္ဍာန်အမျိုးမျိုး ပြောင်းလဲနေသည့်အလျောက် အဖြစ်အပျက်တွေကလည်း အသစ်အသစ်တွေသာ အဆန်းတကြယ်များသာ ဖြစ်ခဲ့ရခြင်းပင် ဖြစ်သည်။

နန်းဆက်မွန်ပန်းချီကားနှင့် ပတ်သက်သော အဖြစ်အပျက်များကား ကျွန်ုပ်လို စာရေးဆရာတစ်ယောက်အဖို့သည်ပင် မတွေးမိသောအကြောင်းအရာ အဖြစ်ပျက်တစ်ခုဟု ကျွန်ုပ် အကြွင်းမဲ့ယုံကြည်မိပါ၏။

အကြောင်းမှုကား ခရီးသည်အုပ်စုတစ်စုသည် မြန်မာပြည်အရှေ့ပိုင်း တောင်ကုန်းတောင်တန်းများတွင် ခက်ခက်ခဲခဲ ဖြတ်ကျော်လျက်ရှိသည်။ ဤခရီးသည်အုပ်စုကို ဦးဆောင်၍ လာသူမှာကား ကိုရန်ပိုင် ဖြစ်သည်။ အခုတော့ ကိုရန်ပိုင်မှာ အိပ်ခန်းတစ်ခုတွင် စခန်းချနေသည့် အခိုက် ရုတ်တရက် ပျောက်သွား



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"တောကောင်တစ်ကောင် ဆွဲသွားပုံရတယ်"

ဟု ခရီးသွားဖော်တစ်ဦးက မှတ်ချက်ချပေး၏။ ကိုရန်ပိုင်ကို ခရီးသည်များ အနီးပတ်ဝန်းကျင် လိုက်ရှာကြသော်လည်း လုံးဝ မတွေ့ရတော့ပေ။

လမ်းပြနှင့် ၃ ရက်အထိ အချိန်ကြန့်ကြာစေလျက် ကိုရန်ပိုင်ကို ရှာခဲ့ကြပါသေးသည်။ ကိုရန်ပိုင်ကိုကား မတွေ့ရပေ။ အချို့ကတောင် ပေါ်တက်သွားသော ခြေရာများတွေ့သလိုလို ပြောသည်။

သို့နှင့် ခရီးသည်အုပ်စုမှာ ခရီးဆက်ခဲ့ကြသည်။ ကိုရန်ပိုင်ကိုလည်း ခရီးဆက်သည်နှင့် မေ့ပျောက်လိုက်သည်။ တစ်ညနေတွင်ကား ယောဂီဝတ်လူကြီးတစ်ယောက် မီးတောင်ဟောင်းထိပ်ဝသို့ မောကြီးပန်းကြီး တက်လာခဲ့လေတော့သည်။

ကိုရန်ပိုင်ဆိုသူမှာကား အခြားသူမဟုတ် ကိုမျိုးလွင်သာတည်း။ ယောဂီဝတ် လူကြီးသည် တစ်မျက်နှာလုံး မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများ ဖုံးအုပ်လျက်ရှိသည်။ ဆံပင်ရှည်ကြီးများမှာ ဖို့ယို့ဖားလျား။

**သူသည်** ပြုံး၍ကြည့်လိုက်လေသည်။ မီးတောင်လိုဏ်ခေါင်းထိပ်၌ **စမ်းလျှားမှောက်**လျက် အောက်ဘက်သို့ ငုံ့ကြည့်၍နေသည်။ **အောက်ဘက်အန**က်ပေ ၂၀၀ တွင် ရွှေရောင်ဝင်း၍ တောက်ပနေသည်။ ညနေခင်းနေရောင်ခြည်ထိုးကျနေရာမှ ကျောက်ပန်းကျောက်ဆိုင်ကြီးများနှင့် ထင်ဟပ်ကာ အရောင်တွေ ပြန်နေခြင်းပင်။





အရိပ်ကျပြီး အမြင့်ရသောအပိုင်းတွင် ရေစီးကျသံသဲ့သဲ့ကြားနိုင်သည်။ ရေစီးသံမှာ ကျောက်ဆောင်တွေကြားမစီးသွယ်ဖြာဆင်းလာသော အသံမျိုးပင်။ ပြီးတော့ ကျောက်ခွက်ကြီးအတွင်းမှ လျှံကျလာသည် ထင်မိသည်။

ကိုမျိုးလွင်သည် နှစ်ရှည်လများ ကြိုးစားရှာဖွေခဲ့သော ရတနာဂူကြီးရှိရာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိခဲ့လေပြီတကား။ သည်တော့လည်း ပန်းဝင်ပြီဖြစ်သော အငြေးသမားတစ်ယောက်လို သူသည် ခြေပစ်လက်ပစ်အားပါးတရ အမောပြေအနားယူလိုက်သည်။ ဘေးလွယ်အိတ်ထဲမှ ကိတ်မုန့်ခြောက်နှင့် ငှက်ပျောသီးအချို့ကို သူသည် စားလိုက်ပြီး မိမိ ကိုယ်မိမိအား ဖြည့်၏။

ထို့နောက် တောင်ထိပ်လိုဏ်ခေါင်းဝမှ ရောမလိုဏ်ခေါင်းကြီးအတွင်းသို့ ကျောက်သားနံရံတစ်လျှောက် ကုပ်ကပ်လျက် တွယ်ဆင်းခဲ့လေသည်။ ကျောက်နံရံသည် မတ်စောက်နက်ရှိုင်းလှသော်လည်း နွယ်ပင်များ ချုံပင်များ အမြစ်တွယ်ပေါက်နေသည် ဖြစ်လေရကား ထိုအပင်အမြစ် များသည်ပင်လျှင် သူ့အဖို့ ကိုင်စရာ တွယ်စရာ ဆွဲစရာများ ဖြစ်ခဲ့၏။

အခက်အခဲမရှိလှဘဲ ခေါင်ဖျား ကျောက်ထပ်တစ်ခုအပေါ်သို့ ခြေချမိလေရာ ကိုမျိုးလွင်သည် စိတ်အားတက်စရာ ပေ ၂၀ လောက်တွင် လည်း နောက်ထပ် ကျောက်ဆောင်အငူတစ်ခုကို မြင်၏။ သူသည် ထိုချုံနွယ်များ အားကိုးဖြင့် နောက်တစ်ဆင့် ဆင်းသက်ခဲ့လေသည်။ ကျောက်နံရံများကို တွယ်ကာကပ်ကာ တွန်းကာကန်ကာဖြင့်ပင် အောက်သို့ရောက် ရှိခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟူး"

ကိုမျိုးလွင်သည် လေပူသက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်လေသည်။ ဤသို့ဖြင့် ခရီးတစ်ဝက် ကျိုးခဲ့ရလေသည်။ ကျန်သည့်အပိုင်းမှာ ကျောက်နံရံတွေက အဖုအထစ် အချွန်အတက်စသော ကြမ်းတမ်းမှုများ အတော်နည်းသွားပြီး ပြောင်ချောနေပြီ ဖြစ်သည်။

သူသည် ဆက်လက်မဆင်းမီ ကျောက်အငူစွန်းသို့ ထွက်၍ အောက်ဘက် ငုံ့ကြည့်လိုက်သည်။ ကျောက်ဘက်တွင် ကျောက်ခုံတွေ အဆင့်ဆင့်သို့ တသွင်သွင်စီးကျသွားသော ရေတံခွန်ပေါက်တစ်ခုကို သူတွေ့လိုက်ရလေ၏။

ထိုးထိုးထောင်ထောင် ကျောက်ပန်းခက် ကျောက်တိုင်ကျောက်ချောင်း ကျောက်ချပ်တွေ အလွန်လှပသော ကျောက်နန်းတော်ကြီး၏ ထိပ်ဖျားတွင် ရပ်မိလျက်သား ဖြစ်နေသည့်အဖြစ်ကို သူသိလိုက်ရလေသည်။

ကိုမျိုးလွင်သည် နံရံဘက်သို့ ပြန်လှည့်လိုက်ပြီး တွဲလောင်းခိုဆင်းလိုက်သည်။ ခန္ဓာကိုယ်တစ်လျားစမျှ ရောက်သေးသည်။ သူ့အားပြု ကိုင်ဆွဲထားသော နွယ်ပင်မြစ်ရှိရာ ကျောက်တုံးကြီးသည် တအိအိနဲ့၍ ညွတ်ကျလာနေသည့်အဖြစ်ကို သူသည်သိလိုက်ရပြီး အထိတ်တလန့် ဖြစ်သွား၏။

"ဟ . . ဟ ဘယ်လိုဖြစ်ပါလိမ့်"

ဆိုစဉ် သူသည်လေထဲသို့ လွင့်စင်သွားဘိသကဲ့သို့ အရှေ့ဘက်သို့ ရောက်ရှိ၍

"ဗိုး"





အရှိန်တစ်ခုဖြင့် အသည်းအေးသွားရလေသည်။ အသည်းတထိတ်ထိတ် ရင်တဖိုဖိုကြားမှ သူသည်ကျောက်ဖျာစွန်းတစ်ခုနှင့် ရိုက်မိမလို ဖြစ်ပြီး ပွတ်ကာသီကာ လွတ်ထွက်လာခဲ့ရလေ၏။

"အမယ်လေး ဘုရား ဘုရား"

စိတ်၌ ရေရွတ်ရင်း သူသည် လေထဲဝဲကာ ကျရောက်သွားလေသည်။ သည်အချိန်အထိ မိမိ၏ ကံကြမ္မာကို တွက်ဆမရသေးပေ။ ကျောက်ချွန်ကျောက်ချပ်တို့မှာ တစ္ဆေလက်များ သရဲသွားများလို ရှေ့ဘက်ငေါ၍ ထွက်ကာ မိမိအား ဖမ်းယူကိုက်ဖြတ်စားဝါးတော့မည့် အလား ရှိ၏။

သို့သော်လည်း ကိုမျိုးလွင်မှာ ရိပ်ခနဲ ပြေးတက်၍ လာသော ကန်ရေပြင်ကြီးနှင့်သာ . .

"ဝွမ်း"

ရေပြင်ပေါက်ကွဲသံတစ်သံနှင့် အတူ ခြေထောက်အစုံမှ ခေါင်းဖျားအထိ သာမက ရေလွှာအတွင်းသို့ စုံးစုံးမြုပ်သွား၏။ လက်မောင်းတစ်လျှောက် ရေပြင်နှင့် ရိုက်ခတ်မိပြီး ကျိုးကျေသွား လေပြီလားဟုပင် ထင်မှတ်လောက်အောင် ကျဉ်တက်၍သွား၏။

ရေသည် ရေခဲတမျှ အေးစက်နေ၏။ အရိုးအဆက်ကွဲလုမတတ် အေးစက်စက်နေ၏။ ထိုရေထဲသို့ သူသည် အရှိန်ပြင်းစွာ ရိုက်ခတ်ဖေါက်ခွဲ၍ နစ်ဝင်သွားသည့်အလျဉ်မှာ အဆုံးမသတ်နိုင်ရှိ၏။

"ဘုရား . . ဘုရား ဘယ်အထိနစ်ဝင်သွားမှာလဲ ငရဲအိုးထဲ ဇောက်ထိုးကျရတဲ့ အဖြစ်မျိုးလား . . နက်လိုက်တဲ့ ရေကန်ကြီးပဲ"



www.burmeseclassic.com

www.burmeseclassic.com



အသိစိတ်သည် အတွေးတစ်ခုကို တွေးနေမိ၏။ မည်သို့ဆိုစေ အရှိန်ကမူ သေ၍လာ၏။ သည်တွင်သူက အထက်ထက်သို့ ရုန်းကန်ကူးယက်၍ တက်ခဲ့လေသည်။

* * * * * *

"ဗွမ်း"

သူသည် ရေမျက်နှာပြင်ပေါ်သို့ ရောက်ရှိလာ၏။ အစိမ်းရောင် ရေပြင်လွှာကို ဖြတ်သန်းခဲ့ရသဖြင့် မျက်လုံးများ ဝေဝါးသွားလေ၏။ အားမာန်ရှိသလောက် ဇွဲစိတ်တင်းပြီးလျှင် သူသည် အံကြိတ်၍ အနားသတ် ကမ်းတစ်ဖက်သို့ ကူးခတ်ခဲ့လေသည်။

"ဗွမ်း . . ဗွမ်း . . ဗွမ်း"

ရေကူးနေစဉ် ရေတွေပါးစပ်ထဲ ဝင်လာသဖြင့် ထွေးအန်ထုတ်ရသေးသည်။ ရေတွေထွေးအန်ရင်း အသက်ရှူမွန်းကြပ်သလို ဖြစ်နေ၏။ ခြေကုန်လက်ပန်းကျလာ၏။ သူသည် ခန္ဓာကိုယ်ကို ရှေ့ဘက်တိုးတက် သွားစေရန် မကူးခတ်နိုင်တော့ပေ။ ထို့ကြောင့် ခန္ဓာကိုယ်ကို အသောဖော့ကာ ရေပေါ် ခေါင်းကိုသာ ဖော်၍ထားရလေသည်။

ဤသို့ဖြင့် ပေတစ်ရာလောက် အကွာအဝေးရှိသော ကန်စပ်သို့ မရောက်ရောက်အောင် အားခဲပြီး ကူးခတ်ခဲ့ရလေသည်။

"ဗွမ်း . . ဗွမ်း . . ဗွမ်း"

ရေကန်စပ် ကျောက်ဆောင်ကို သူ၏ လက်တစ်ဖက်ဖြင့်





ဖမ်း တွယ်မိလေပြီ။ ထိုပ်သို့ ဖမ်းတွယ်မိသောလက်ဖြင့် ထိန်း၍ ကျန်လက်တစ်ဖက်က ကျောက်အငူတစ်ခုကို ကိုင်ဆွဲကာ ထိုကျောက်ဆောင်ပေါ် တက်ခဲ့သည်။ ပြီးလျှင် ပက်လက်လှန်ချလိုက်ကာ ခြေကားယား လက်ကားယား ကျရောက်သွားလေတော့၏။

"ဘိုင်း"

ရေမှာ အေးလွန်း၍ ထိုအအေးကာ ခန္ဓာကိုယ်တွင်း တိုးဝင်ကာ သွားချင်းရိုက်နေ၏။ ထိုအအေးဓာတ်ဒဏ်ကို သူ့မှာအချိန်အတန်ကြာ ခံနေရပါသေးသည်။

မျက်လုံးများ ဖွင့်ကြည့်လျှင်ကား ပြာလွင်သောမိုးကောင်းကင်ကို ဒိုနိုဟိုပေါက် လှမ်းမြင်ရလေသည်။ ကိုမျိုးလွင်သည် ရောက်ရှိလာသော အခြေအနေကို ငိုချင်သလိုလို ရယ်ရမလိုလို ဖြစ်နေသည်။

သူ၏အောက် ညာဘက်ယွန်းယွန်းတွင် ကျောက်တိုင်ကျောက်ပန်းခက်တွေ ဖွေးဖွေးလှုပ်နေ၏။ ထို့ပြင် အလွန်ထူးဆန်းသော ပုံစံရှိသည့် အဆောက်အအုံအချို့ကို သူမြင်၏။

အလွန်အံ့သြ၍ သွားလေသည်။ ချက်ချင်းပင် ထထိုင်လိုက်ရလေသည်။

"ဟာ"

ကိုမျိုးလွင် ပို၍ အံ့သြသွား၏။

မှန်သည်။ ယခု မိမိတွေ့မြင်ရသည့် ကျောက်ဂူသည် နန်းဆက်မွန်ပန်းချီကားထဲကအတိုင်း ဖြစ်နေသည်မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



သည့်လောက် ဆန်းကြယ်သော အဖြစ်ကို ကြုံတွေ့ရသောအခါ အဘယ်သို့လျှင် မအံ့သြဘဲ နေနိုင်ပါအံ့နည်း။

"ဒီလိုဆိုရင် ရတနာတွေရော ရတနာတွေဘယ်မှာလဲ"

ကိုမျိုးလွင်သည် ထိုင်ရာမှ ရုတ်ချည်းထရပ်လိုက်၏။ ဘေးဘီ ဝဲယာလှည့်ပတ်ကြည့်၏။ တွေ့ပြီ။ ကျောက်တုံးကြီးနှစ်တုံး။ သို့သော် မီးဒုတ်ကိုင် ပင်လယ်ဓားပြကြီးမရှိ။ မြည်းလည်း မတွေ့ရ။

အပြာရောင် အလင်းတန်းကိုကား ကိုမျိုးလွင် တွေ့မြင်လာရ၏။ ထိုအခါ ကိုမျိုးလွင် သတိရှိလာ၏။

ပန်းချီကားထဲမှ ပြာလဲ့လဲ့အလင်းတန်းတစ်ခု ဘယ်ဘက်ခြမ်းမှ ထိုးထွက်နေခြင်း ဖြစ်သည်။

"ဒီအလင်းတန်းဟာ ထွက်ပေါက် မဟုတ်လား"

ထိုသို့သော အတွေးကို သူသည် နန်းဆက်မွှန်ပန်းချီကားကို ခံ စားခဲ့စဉ်က သိရှိထားပြီး ဖြစ်သည်။

"ဒါပေမဲ့ လက်တွေ့စမ်းသပ်ရမယ်"

ကိုမျိုးလွင် တွေးလိုက်လေ၏။ သူသည် ဒယိမ်းဒယိုင် လျှောက် လာခဲ့လေသည်။ အလင်းရောင် ဝင်နေသောဘက်သို့ တရွရွဖြင့် လျှောက်လာခဲ့၏။ ကန်စပ်မှ ကျောက်ပန်းဆွဲများရှိသော ဘက်သို့ ရောက်သည်အထိ ကိုမျိုးလွင် လျှောက်၍လာခဲ့ပြီး ပြာလဲ့လဲ့အလင်းတန်းကို မလှမ်း မကမ်း၌ရှိနေကြောင်း သူတွေ့မြင်သိရှိလာ၏။ ကျိုးပြတ်နေသော ပေါင်းမိုးကုန်းဆက်နှစ်ခုကိုလည်း ဖြတ်ကျော်လာပြီးကာမှ ပြန်အလှည့်အကြည့် တွေးမိလာရ၏။

"သြော် .. လက်စသတ်တော့ ဒီဟာ ကျောက်ကျိုးနှစ်ခုပဲ"





ကျောက်ကုန်းဆက် တစ်ဘက်တွင် လှေကားထစ်များထွင်းထားသည်။ သုံးလေးငါးထစ် သူတက်ကြည့်သည်။ ပန်းချီကားထဲက မီးဒုတ်ကိုင်၍ ရပ်နေသော ပင်လယ်ဓားပြကြီးနေရာသို့ ရောက်ရှိနေမှန်း သူသိလိုက်၏။

သို့နှင့် ကိုမျိုးလွင်သည် ထိုကျောက်ကုန်းဆက်နှစ်ခုအကြား အောက်ဘက်သို့ ငုံ့ကြည့်လိုက်သည်။ အလင်းတန်းကျနေသည်ကို သူ တွေ့၏။

"ကျောက်တုံးတွေနဲ့ မြေစိုင်ခဲတွေကို စုပုံထားပါကလား"

ကိုမျိုးလွင်က ရေရွတ်လိုက်လေသည်။ ရတနာပုံကား မဟုတ်တော့ပြီ။ ထိုရတနာပုံ အမှန်တကယ်ရှိခဲ့လျှင် ယခုဘယ်ရောက်သွားပြီလဲဟု စိတ်ထဲမှ တွေးလိုက်မိ၏။ သို့သော်လည်း ကိုမျိုးလွင်သည် လုံးဝစိတ်ဓာတ်ကျခြင်း မရှိ။ ကျောက်ပေါင်းကုန်းပေါ်မှ ပြန်ဆင်းလိုက်သည်။ ကျောက်ပေါင်းကုန်း အတွင်းဘက်ဝင်ကြည့်သည်။

"ဒီနားမှာ မြည်းကိုလည်း မတွေ့မိပါလား"

"ဒါပေမဲ့ လွဲတော့မလွဲနိုင်ဘူး ဒီနေရာပဲ ဖြစ်ရမယ်"

သေချာအောင် မည်သို့လုပ်ရမည့်အကြောင်း ကိုမျိုးလွင် ဆက်တွေးသည်။ ကျောက်တုံးတစ်တုံးကို သူက ခြေဖြင့် ကန်ထုတ်လိုက်သည်။

"ဟာ" ယခုတော့လည်း ကိုမျိုးလွင်မှာ ရတနာပုံကြီးရှေ့သို့ရောက်ရှိ နေသည့်အဖြစ်ကို သိလိုက်ရသဖြင့် ရုတ်တရက် မင်သက်မိနေသည်ကို ဖြစ်၍ သွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ချီတော့ ငါပွပြီ"

ကိုမျိုးလွင်သည် အရူးတစ်ယောက်လို မြည်တမ်းလိုက်လေသည်။ မှန်ပါသည်။ ရတနာများကို ကျောက်တုံးကျောက်ခဲနှင့် မြေစိုင်ခဲများ ဖုံးအုပ်ထားခြင်း ဖြစ်သည်။ ရတနာများမှာကား ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့် ရွှေအစရှိသော ရတနာများပင်တည်း ရတနာရှိရာ ရတနာတွေ လာစုနေသည့်ဟုပင် ကိုမျိုးလွင် အတွေးရောက်လိုက်မိလေသည်။

ရောင်စုံ ကျောက်မျက်ရတနာတွေမှာ တဖြိုးဖြိုးတဖျောက်ဖျောက် တရှိန်ရှိန်တောက်လျက် ရောမရတနာပုံကြီး ဖြစ်ပေါ်ပေါက်လာခဲ့ပြီဖြစ် သည်။

"ကြည့်စမ်း . . ပုလဲကြီးတစ်လုံး လှလိုက်တာ ကြီးလည်းအကြီးကြီးပဲ ငါ့တစ်သက်နဲ့ တစ်ကိုယ် ဒီလောက်ကြီးပြီး အခုလိုသန့်တဲ့ ပုလဲမျိုး ခုမှပဲ တွေ့ဖူးတယ်"

ဤသို့ပြောနေစဉ် ထိုပုလဲလုံးကြီးသည် သူ၏ခြေထောက်နှစ် ဖက်ကြားသို့ လိမ့်ဆင်း၍လာ၏။

"ဟုတ်ပြီ . . ဒါ မဆွေအတွက် လက်ဆောင်ပဲပေါ့"

ကိုမျိုးလွင်သည် တစ်ကိုယ်တည်း ပြော၍အပြီး ထိုပုလဲလုံးကြီးကို ကောက်ယူလိုက်လေသည်။ သို့သော် ကိုမျိုးလွင်သည်ကား ထိုပုလဲလုံးကြီးကို ကိုယ်ခန္ဓာညွတ်၍ ကောက်လိုက်စဉ် တဒင်္ဂအတွင်း . .

"ဗိုး"

"ဖလတ်"





"ဖျပ်"

လက်မည်းကြီးနှစ်ဖက်သည် သူ၏လည်မျိုကို မြွေနှစ်ကောင် ရစ်ပတ်သလို ရစ်ပတ်ကာ ညှစ်သတ်နေပါလေတော့၏။

******

ကိုမျိုးလွင်မှာ တစ်စုံတစ်ယောက်၏ လက်ဦးမှုကို ခံလိုက်ရခြင်း ဖြစ်သည်။ သူက ပြန်လည်ရုန်းကန်ခုခံပါသေးသည်။ မည်သို့ပင် ပြန်လည် ရုန်းကန်ခုခံသည်ဟု ဆိုလင့်ကစား သူသည် ပက်လက်လှန် ကျသွားလေတော့၏။

ထို့နောက် သူသည် သစ်တုံးတစ်တုံးကို ဆွဲယူသွားသူ၏ နောက် သို့ ဒရွတ်တိုက်ပါသွားလေသည်။ သို့သော် ကိုမျိုးလွင်သည် အတွင်းအား စုစည်းလျက် ရုန်းကန်တွန်းထိုးလိုက်လေသည်။ ထိုအခါ

အသွားထက်လှသော ဓားကောက်ကြီးသည် ကိုမျိုးလွင်၏ ရင်ဝကို လာထောက်မိလျက်သား ဖြစ်သွား၏။ အဖြစ်အပျက် လျှပ်ရှားမှုမှာ မယုံကြည်နိုင်လောက်အောင် မြန်ဆန်လှ၏။

ကိုမျိုးလွင်သည် မိမိသေရမည့်အရေးကို သတိမပြုမိဘဲ ဓားကောက်ကြီးကို သတိပြုလိုက်မိလေသည်။ ဓားကောက်ကြီး၏ အရိုးသည်ကား ငွေသားကို ကွပ်၍ထားသောအရိုးဖြစ်၍ ထိုငွေသား အကွပ်တွင် ခြူးပန်းခြူးနွယ် ကနုတ်ပန်း အခွေအလိပ်များ ပါရှိလေသည်။ ပြီးတော့ မြတစ်လုံး၊ ပတ္တမြားတစ်လုံးကို ထိုခြူးပန်း ခြူးနွယ်ကနုတ်ပန်း အခွေအလိပ်တို့ အလယ်တွင် တွေ့မြင်လိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ထို့ကြောင့် ကိုမျိုးလွင်မှာ မျက်လုံးများပင် ကျိန်း၍သွားလေသည်။ ကြုံတွေ့နေရသည်မှာ အိပ်မက်ဆန်လွန်းသည်။ မဖြစ်နိုင်သော အဖြစ်အပျက်များကို မျက်ဝါးထင်ထင် တွေ့မြင်နေရ၏။

"အရှုံးမပေးချင်ရင် မင်းအသက် ဒီနေရာမှာ ပျောက်ဆုံးသွားမှာ အမှန်ပဲကိုယ့်လူ"

ဤသို့ ကိုမျိုးလွင် ပြတ်ပြတ်ထင်ထင် ကြားလိုက်၏။

"အေး . . မသေချင်ဘူးဆိုရင် ညာဖက်လက်တစ်ဖက်ကို မြှောက်ပြီး လက်ဝါးဖြန့်ပြ"

အသံရှင်ပြောနေသည့် စကားအဆုံး၌ ကိုမျိုးလွင် ရင်ဝ၌ ထောက် ထားသော မားကောက်မှာ သိသိသာသာ ထိုးစိုက်စူးနစ်လာ၏။

"အား . . ကျွတ် . . ကျွတ် . . ကျွတ်"

ကိုမျိုးလွင်သည် ထိုသူအား ဆက်လက်ခုခံ၍ မဖြစ်မှန်းသိလိုက် ရလေသည်။ ထိုသူပြောသည့်အတိုင်း ညာဖက်လက်တစ်ဖက်မြှောက်ပြပြီး လက်ဝါးဖြန့်ပြလိုက်လေသည်။ ဤသည်မှာ မိမိက အရှုံးပေးလိုက်သည့်သဘောပင်။

"မင်းက တော်သားပဲ"

လည်တိုင်ချုပ်ထားသော လက်ကိုအနည်းငယ် လျှော့ပေးလိုက်လေသည်။ အသက်ရှုချောင်သွား၏။ သို့သော် ကိုမျိုးလွင်မှာ ချက်ချင်းပင် အတုတ်အနှောင်ခံလိုက်ရသည် လက်ပြန်ကြိုးတုပ်၏။

ခါးလည်မှ လက်မောင်းရင်းအထိ သိုင်း၍လည်း ထပ်မံတုပ်





နှောင်ထားခြင်း ခံရ၏။ ယခုအချိန်အထိ ကိုမျိုးလွင်သည် မိမိရန်သူ၏ ရုပ်လုံးကို မတွေ့မမြင်ရသေးပေ။ မိမိနောက်ကြောမှအစစ လုပ်ကိုင်သွား သောကြောင့်ပါပေ။ ရန်သူကိုတွေ့ထားမြင်ထားရန် နောက်လှည့်၍ ကြည့်မည်အပြု

"မလှုပ်နဲ့"

ဟုပြောပြီး ထိုသူက ကိုမျိုးလွင် ခေါင်းကို ခေါင်းစွပ်စွပ်ချလိုက်ပြီး လည်ပင်း၌ ကြိုးဖြင့် ခပ်ဖွဖွချည်လိုက်ပြန်၏။ သည်တော့ မိမိအဖို့ ဘာတတ်နိုင်တော့မည်နည်း။

ထို့နောက် ကိုမျိုးလွင်၏ ကံကြမ္မာမှာ ထိုရန်သူ၏ လက်အတွင်းသို့ ဝကွက်၍ အပ်လိုက်ရသည်သို့ပင်။ ထိုသူသည် ကိုမျိုးလွင်အား ကြိုးဖြင့် နွားတစ်ကောင်လို ဆွဲခေါ်သည့် သဘောမျိုးဖြင့် ဆွဲ၍ခေါ်သွားလေသည်။

တွန်းလားထိုးလား ကန်လား ကျောက်လား လုပ်သေးသည်။

"ဟာ . . ဒီဘက်ကသွား ရှေ့မှာ ကျောက်တုံးကျောက်ချိုင့်ထဲမှာ ရေတွေရှိတယ် မြန်မြန်လျှောက်"

စသည်ဖြင့် ထိုသူပြောပေးနေသော်လည်း မျက်စိမှ ဘာကိုမျှ မမြင်ရ မတွေ့ရသဖြင့် ကိုမျိုးလွင်မှာ တိုးမိ၏။ တိုက်မိ၏။ တစ်စုံတစ် ခုနှင့် ခလုတ်တိုက်မိပြီး ရှေ့သို့ ဟပ်ထိုးလဲ၏။

"အသုံးမကျလိုက်တာ"

"မျက်နှာကို အစွပ်နဲ့ စွပ်ထားတယ်လေဗျာ"

"တိတ်စမ်း"

ဤသို့ဖြင့် လျှောက်ခဲ့ရသည်ရှိရာ ကိုမျိုးလွင်မှာ အတွန်ပင်



www.burmeseclassic.com

www.burmeseclassic.com



စိတ်မောလူမော ဖြစ်ခဲ့ရလေသည်။ သွားကာသွားနေသည် ဘယ်နေရာရောက်နေသည်မသိ။ အပြင်ဘက်ရောက်လာသည်ဟု သူတွေးထင်မိသည်။ မှန် သည်။ ကျောက်ဂူအပြင် ရောက်လာမှန်း သူသတိရလိုက်သည်။

ရန်သူသည် သူ့ဘက်က တစ်ထစ်လျှော့သည်သဘောတုတ်နှောင်ထားသော ကြိုးစတွေကို ဖြေပေး၏။ မျက်နှာစွပ်ထားသော အစွပ်ကိုကား မဖယ်ရှားဘဲ ထား၏။ ထို့နောက် ထိုရန်သူက ကိုမျိုးလွင်ကို လားတစ်ကောင်ဟု ထင်သော အကောင်ကြောပေါ်တွန်းတင်ပေးသည်။ ခရီးဆက်ခဲ့သည်။ သူ့အဖို့ကတော့ ရောက်ရှိဖြတ်သန်းလာသမျှ ဘာကို မှ မသိရပါပေ။

နာရီဝက်ခန့် ကြာပေလိမ့်မည်။ တိုက်တစ်လုံးသို့ ရောက်ရှိလာလေသည်။

"လာ . . လာ ဒီဘက်ကို"

ခေါ်သူ၏ နောက်သို့ ကိုမျိုးလွင် လိုက်လာခဲ့လေသည်။ တိုက်၏ အရှေ့အုတ်လှေကားမှ တက်သည်။ အခန်းတစ်ခန်းအတွင်းသို့ ရောက်လာသည်။ ထိုအခန်းရောက်မှ သူ၏ ခေါင်းစွပ်ကို ချွတ်ပေးသည်။ ဖြတ်သန်းလာသော လမ်းနှင့် ပတ်ဝန်းကျင်ကို မသိစေလိုသောသဘောပင် အမှန်စင်စစ် သည်တောသည်တောင်သည် ပတ်ဝန်းကျင်ကို သူနိုင်သည် မဟုတ်ပေ။

အခန်းပြူတင်းရှိ၍ ကိုမျိုးလွင် အပြင်ဘက်လှမ်းမျှော်၍ကြည့် လိုက်သည်။ တစ်နေ့ဝင်တော့မည် မှောင်ရီသန်းစပြုနေချေပြီ မိမိရောက် ရှိနေသောတိုက်သည် ခေတ်မှီသော တိုက်ဖြစ်နေသည်။





ပန်းဥယျာဉ်ကို လှမ်းမြင်နေရသည်။

တစ်နေရာတွင် ထင်းတုံးများ မီးစွဲလောင်၍ တဖြောက်ဖြောက် တဖြောင်းဖြောင်း တောက်လောက်နေသော မီးလင်းဖိုကြီး တစ်ခုရှိသည်။ မျက်နှာချင်းဆိုင်ရှိ စားပွဲ၏နောက်တွင်ကား အသားဖြူဖြူ လူကြီးတစ်ယောက် ရပ်လျက်ရှိ၏။ အရပ်မှာ ထောင်ထွောင်မောင်းမောင်းရှိ၏။ ဘီလူးတစ်ကောင်အလား ကျားကျားယားယားရှိသည် မျက်လုံးအစုံကို မမြင်ရပေ နေကာမျက်မှန်တပ်ထား၏။ လူကြီးသည် လက်ချောင်းအားလုံး လက်စွပ်အပြည့်ဝတ်ထား သော လက်ကိုမြှောက်၍

"ဟိုမှာ ထိုင်ခုံ ယူထိုင်"

ဟု သြဇာသံပါပါ ပြောဆိုအမိန့်ပေးလိုက်လေသည်။ သူသည် မြန်မာလူမျိုးစစ်စစ် ဖြစ်ဟန်မတူ မြန်မာနှင့်အခြား လူမျိုးတစ်မျိုး သွေးပါသော ကပြားတစ်ယောက်ဖြစ်မည်။ စကားသံမှာ ဝဲနေသည်။

ထိုလူကြီးမှာ သူ့အတွက် ကာကွယ်စောင့်ရှောက်ပေးမည့် သူတစ်စုံတစ်ယောက်မျှ မရှိ။ သူတစ်ယောက်တည်းသာ။ ထို့ကြောင့်လည်း သူက ကိုမျိုးလွင်အား . .

"ငါ တစ်ယောက်ထဲပဲဆိုပြီး ခုခံတိုက်ခိုက်မယ်တော့ မကြံနဲ့. ငါ့အကြောင်းကောင်းကောင်း သိသွားမယ် . . သေတာတောင် ချက်ချင်း သေရမှာ မဟုတ်ဘူး . . မသေမရှင် သုံးလေးရက်ခံရပြီးမှ သေရမှာ"

ဟုပြောလိုက်လေသည်။ ပြီးလျှင် ငွေရောင်စီးကရက်ဘူးကို



www.burmeseclassic.com

www.burmeseclassic.com



ထုတ်လိုက်သည်။ စီးကရက်တစ်လိပ်ကို ထုတ်၍ သောက်၏။

"ခင်ဗျား လက်ခုပ်ထဲမှာဲ ခင်ဗျား စိတ်တိုင်းကျပဲပေါ့ . . ဒါပေမဲ့ စီးကရက်တစ်လိပ်လောက်တော့ သောက်ချင်တယ်ဗျာ"

"ဖြည်းဖြည်းပေါ့ ခုတော့ စကားပြောစရာရှိသေးလို့"

"ဘာပြောစရာရှိနေလို့လဲ ကျုပ်ဟာ တွင်းထဲလိမ့်ကျခဲ့ရတယ် . . ရေကန်ထဲကျလို့ မသေတာ လူတစ်ယောက်က ကျုပ်ကို ဖမ်းခဲ့တယ် အခုကျုပ်ဒီကို ရောက်လာတယ် . . ဒါပဲလေ သိပ်မရှုပ်ပါဘူး"

ကိုမျိုးလွင်က ခပ်ပြတ်ပြတ် ခပ်တိုတို ပြောလိုက်သည်။ လူကြီးက ခပ်ညှင်းညှင်း ရယ်လိုက်လေသည်။

"ဟေ့ . . ရန်ပိုင် ဘာဖြစ်လို့ လိမ်ချင်တာလဲ . . ငါက လိမ်တာ မကြိုက်ဘူး . . မင်းကိုကြိုပြောထားတာ ဒီပတ်ဝန်းကျင်ကို ရောက်လာတဲ့ လူတွေအကြောင်း ငါကောင်းကောင်းသိတာပေါ့ကွာ"

ကိုမျိုးလွင်က သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဘယ်လိုလူမျိုးနဲ့ လာတွေ့နေရပါလိမ့် . . အတော်ဂျစ်ကျမယ့် လူကြီးပဲ"

ဟု စိတ်ထဲက တွေးလိုက်မိ၏။

"တယ်ခက်ပါလား စီးကရက် မသောက်ရသေးဘူးလားဗျာ"

"နေစမ်းပါဦး ကဲ . . ငါမေးမယ် ဒီနေရာကို မင်းဘယ်လိုနည်းနဲ့ ရောက်လာတာလဲ မှန်မှန်ပြောနော်"





"ဖြေစရာလိုလို့လား"

"လိုတယ် လိုလို့မေးနေတာပေါ့"

"ကျုပ်ပြောပြမယ် . . ခင်ဗျားအိပ်မက်ကို ယုံသလားတော့ မသိဘူး . . ကျုပ်ဟာအိပ်မက် မက်လို့ အဲဒီအိပ်မက်အရ ဒီကို ရောက်လာရတာပဲ"

ကိုမျိုးလွင်က ခပ်တည်တည် ပြောလိုက်လေသည်။ လူကြီးသည် မဲ့ကာရွဲ့ကာဖြင့် . .

"တော်စမ်းကွာ အရူးစကားတွေ ပြောမနေနဲ့ ဘာအိပ်မက်လဲ မဟုတ်ကဟုတ်က . . ဟေ့ကောင်ရန်ပိုင် ငါ့ကိုရိုးတီးယားတား မလုပ်နဲ့နော် အရူပွင့်သွားမယ်"

ဟု ပြောလိုက်လေသည်။ ရန်ပိုင်မှာ ကိုမျိုးလွင် ဤပတ်ဝန်းကျင် တွင် အသုံးပြုထားသော နာမည်ဖြစ်သည်။

"ငါ မင်းကို တစ်ခုပြောမယ် . . မင်းနဲ့ငါ အပေးအယူ တစ်ခုလုပ်ဖို့ပဲ"

ထိုအခါ ကိုမျိုးလွင်က . .

"အပေးအယူဆိုရင်တော့ ကျုပ်စိတ်ဝင်စားပါတယ် . . ကဲ ဆရာကြီးပြောလေ ဘာအပေးအယူလဲ"

"မင်းက အမှန်ကို ပြောဖို့လိုတယ် . . မင်းအမှန်ကို ပြောတာနဲ့ မင်းကို ဒီအရပ်က ပြန်ခွင့်ပေးမယ် . . ဒီနေရာက ရတနာကို ယူဖို့ကြံစည် စိတ်ကူးမိတဲ့ လူတိုင်း ခံရတဲ့အပြစ်ဒဏ်ကိုတော့ မခံမဖြစ် ခံကြရတယ် . . ဒါဟာ ထုံးစံတစ်ခုပဲ"

"အပြစ်ဒဏ်ဟုတ်လား ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"ဘယ်လိုအပြစ်ဒဏ်များလဲခင်ဗျာ"

"ဘယ်လို အပြစ်ဒဏ်လဲ မမေးနဲ့ မပြောနိုင်ဘူး . . ဟင်း . . ဟင်း . . ဟင်း အပြစ်ပေးပုံကတော့ အလွန်ကြောက်ဖို့ကောင်းတယ် ရက်စက်တယ်လို့လည်း ပြောလို့ရတယ် . . ဒါကလည်း အပြစ်ရှိနေတဲ့လူဟာ ကလန်ကဆန်လုပ်လာမှာပါ"

"ကျုပ်ကို အနည်းအကျဉ်းလောက် ပြောမပြနိုင်ဘူးလား"

"ငါ မပြောနိုင်ဘူးလို့ မင်းကို ငါဘယ်နှစ်ခါ ပြောရမလဲ"

"သဘောလောက်ပါ"

"သဘောပြောမယ် ဟိုအရင်တုန်းက ဒီရတနာကို ခိုးတဲ့လူကို မိတာနဲ့ စက်တိုင်မှာ ကြိုးတုပ်ပြီး လေ့ကျင့်ထားတဲ့ သိန်းငှက်နဲ့ မျက်လုံးတွေကို ဖောက်တယ်"

ကိုမျိုးလွင်မှာ ကြားရသော အချက်လောက်ဖြင့် အသည်းတယားယား ရင်တဖိုဖိုဖြစ်ရလေတော့၏။ မျက်လုံးနှစ်လုံး ဟောက်ပက်ကြီး ကြွင်း ကျန်ရစ်သော မိမိအဖြစ်ကို အတွေးဖြင့်ပင် တုန်လှုပ်၍ သွားလေသည်။

"မျက်လုံးတွေ ဖောက်ထုတ်လိုက်တာကတော့ သူဟာ နောက်တစ်ကြိမ် ဒီနေရာကို မလာနိုင်တော့အောင် လုပ်လိုက်တဲ့သဘောပဲ"

"ဒါကတော့ မလျှောက်တန်ဘူး ထင်ပါတယ်"

လူကြီးက ဟက်ခနဲ ရယ်လိုက်ပြီး . .

"မတရားဘူး မပြောနဲ့ ဒီထက်ပိုဆိုးတဲ့ အပြစ်ပေးနည်းရှိ





သေးတယ် . . အဲဒါက လျှာဖြတ်တယ်"

ဟုပြောလိုက်သောအခါ ကိုမျိုးလွင်က မျက်စိမျက်နှာပျက်စွာဖြင့် . . .

"မျက်လုံးတွေကို ဖောက်ထုတ်ရုံမကဘဲ လျှာကိုပါ ဖြတ်သေးတယ်ဟုတ်လား"

ဟု မေးလိုက်သည်။

"နှစ်ခုစလုံး မဟုတ်ပါဘူး တစ်ခုခုကို လုပ်တာပါ . . ဒါလည်း သူကတစ်ဆင့် နောက်လူတွေကို မပြောအောင်ပေါ့ တကယ်လို့များ လူတစ်ယောက်ဟာ မျက်လုံးဖောက် လျှာကိုဖြတ်တာတောင်မှ နောင်မကျဉ်သေးဘူး . . ဒီအကြံကို မလျှော့ဘူး ဆက်လုပ်နေဦးမယ်ဆိုရင် နားနှစ်ဖက် ကိုတောင် လှီးဖြတ်ဖြစ်တယ်"

"အတော့်ကြီးကို ကြောက်ဖို့ကောင်းတာတွေချည်းပါပဲလား ဆရာကြီးရယ်"

"မင်းက ငေါ့တော့တော့ ပြောလိုက်တာလား"

"မဟုတ်ရပါဘူးဗျာ"

"အေး . . မဟုတ်ရင်ပြီးရော ဟုတ်လို့ကတော့ မလွယ်ဘူးမှတ် ဒါပေမဲ့ ငါမင်းကို ပြောထားရဦးမယ် . . ဒီကနေ့ အချိန်မှာကတော့ ငါ ပြောသလောက် မရက်စက်တော့ဘူးလို့ ပြောရလိမ့်မယ် အဲဒါကတော့ ခေတ်မီနည်းစနစ်တွေကို အသုံးပြုလာကြလို့ပဲ"

"နောက်ဆုံးပေါ် အပြစ်ပေးတဲ့ နည်းပေါ့"

"အေး . . ဟုတ်တယ် မင်းသိရင် အတော့်ကို အံ့ဩသွားလိမ့်



www.burmeseclassic.com

www.burmeseclassic.com



မယ် . . ခုန ငါပြောသလိုပါပဲ ယဉ်ကျေးမှုတိုးတက်နေတဲ့ ဒီခေတ်ကြီးမှာ မင်းအနေနဲ့ ဘာကိုမှ ကြောက်စရာမလိုတော့ပါဘူးကွာ''

''အေးလေ . . ဒီလို ဆိုတော့လည်း ကျုပ်ဘက်က မလိုက်လျောလို့ မဖြစ်တော့ဘူးပေါ့''

လူကြီးသည် ဒေါသထွက်လျှင်

''မင်းဟာ အတော်ရိုင်းတဲ့ လူငယ်တစ်ယောက်ပဲ . . ဒါပေမဲ့ သတ္တိရှိတယ် . . ဉာဏ်ကောင်းတယ် ကဲ . . ပြော''

ထိုအခါ ကိုမျိုးလွင်က သူ့ရှေ့တွင် သူ့အား စူးစူးစိုက်စိုက် ကြည့်နေသည့် လူကြီးအား ကိုမျိုးလွင်က နန်းဆက်မွန်ပန်းချီကားကြီးအကြောင်း ကို အသေးစိတ်စီစဉ်ကာ ပြောပြလိုက်သည်။ ဆရာကြီးတစ်ယောက်ဟုဆိုသော လူကြီးသည်ကား ကိုမျိုးလွင် ပြောပြနေသည်ကို မလှုပ်မယှက် စိတ်ဝင်တစား နားထောင်၍ နေသည်။

ထို့နောက် ဆရာကြီးက

''ဟုတ်ပြီ မင်းပြောတဲ့အိမ်ဟာ ဘယ်မှာလဲ''

ဟု မေးလိုက်လေသည်။ ကိုမျိုးလွင်က အမှန်ကန်ဆုံး ဖြေရမည့်အစား ပညာစားချန်ကာ . .

''ရန်ကုန်မြို့ ရွှေတောင်ကြားလမ်းက နဝရတ်စံအိမ်မှာပါ''

ဟုသာပြောလိုက်သည်။ မြေအောက်ခန်းက နန်းဆက်မွန်ပန်းချီကားအစစ်ကိုမူ မပြောဘဲ ချန်ထားလိုက်သည်။ သည်အထိ ပြောစရာမလိုပေ။ အကြောင်းမူကား ထိုနဝရတ်စံအိမ်၏ ဧည့်ခန်း





ဆောင်တွင် နန်းဆက်မွန်ပန်းချီကားအတု ရှိနေသောကြောင့် ဖြစ်သည်။

''ကောင်းပြီ ဒီလောက်ဆိုရင် လုံလောက်ပြီ''

ဆရာကြီးသည် မှတ်သင့်ရာအချက်လက်များကို အသေးစိတ် မှတ်မှတ်သားသား မှတ်သားထားလိုက်လေသည်။

''ကဲ ရော့ . . မင်းသောက်ချင်နေတဲ့ စီးကရက်''

ဆရာကြီးသည် ငွေရောင်စီးကရက်ဘူးထဲမှ စီးကရက် တစ်လိပ်ကို ထုတ်၍ ပေးလိုက်သည်။ မီးခြစ်ကိုပါ ပေးလိုက်လေတော့သည်။ ကိုမျိုးလွင်သည် ခုမှစီးကရက်ကို အားပါးတရ ဖွာသောက်နေသည်။ စီးကရက် မသောက်ရသည်မှာ လချီ၍ကြာခဲ့ပြီ သည်တော့စီးကရက်သောက်ရ သည်မှာ သူ့အဖို့အလွန်ကျေနပ်စရာဖြစ်နေသည်။ တံဆိပ်ကို ကြည့်လိုက် သောအခါ မိမိကြိုက်နှစ်သက်သော ပိုလိုစီးကရက်ပင် ဖြစ်နေ၏။

ကိုမျိုးလွင်သည် စီးကရက်ကို သောက်နေစဉ် မေမြတ်ဆွေကို သတိတရ ဖြစ်လာသည်။ မေမြတ်ဆွေသည် ကိုမျိုးလွင်အပေါ် အချစ်ပိုရာတွင် သူတကာနှင့်မတူ တစ်မူထူးခြားသည်။

''ကိုမျိုး စီးကရက်တွေကို ဘာလို့ဒီလောက်တောင် အများကြီး သောက်ရတာလဲ ဘာလဲ . . စီးကရက်သောက်တာ မိဆွေမကြိုက်တတ် မှန်းသိလို့ တမင်အရွဲ့တိုက်ပြီး သောက်နေတာလား''

ဟုမေမြတ်ဆွေ မေးသောအခါ ကိုမျိုးလွင်မှာ ရုတ်တရက်တော့ ဘာပြောရမည်မသိ။ သည်တော့ ကိုမျိုးလွင်က

''မိဆွေကလဲကွာ စီးကရက်ကို သောက်တာပဲ အရက်



www.burmeseclassic.com

www.burmeseclassic.com



သောက်တာကျနေတာပဲ"

ဟုပြောခဲ့ဘူးသည်။ ယခု စီးကရက်ကို ရှိုက်ဖွာလိုက်သောအခါ မေမြတ်ဆွေပြောခဲ့ဘူးသော စကားလုံးများကို အခုပဲ မိမိအနားလာပြောနေသလား ကိုမျိုးလွင် အတွေးရောက်လိုက်မိသည်။ ထို့ကြောင့် ကိုမျိုးလွင်သည် စီးကရက်မှာ တိုသေးသည်မဟုတ်ဘဲ အောက်သို့ချ၍ ခြေဖြင့် နင်းချေပြစ်လိုက်လေသည်။

အခန်းထဲတွင် ပြန်လည်တိတ်ဆိတ်၍ ငြိမ်သက်၍သွားပြန်သည်။ ကိုမျိုးလွင်သည် စောစောက သူပြောခဲ့သမျှ ဘာမျှမတွေးတော့ဘဲ စိတ်ကို လွှတ်လွှတ်လပ်လပ်ထားလိုက်သည့်အနေဖြင့် ပြူတင်းပေါက်အ ပြင်ဘက်သို့ ငေးမျှော်ကြည့်နေသည်။

အပြင်ဘက်တွင် ပန်းဥယျာဉ်တစ်ခုရှိသည်။ ရောင်စုံဖူးပွင့်နေကြသော ပန်းပွင့်တို့သည် လောလောရာ လှုပ်လဲ့လှုပ်လီရှိနေလေသည်။ ထိုအခါ ပန်းရနံ့တို့သည် ပြူတင်းပေါက်မှ အိပ်ခန်းအတွင်းသို့ လေပြည်လေညှင်းဖြင့် စီးမျောဝင်ရောက်လာလေသည်။ သာယာငြိမ်းအေးလှသည်။

"မင်းပြောတာကို ငါက တစ်ထိုင်တည်း လက်ခံလိုက်လို့ အံ့သြနေသလား ရန်ပိုင် .. အမှန်တော့ နန်းဆက်မွန်ပန်းချီကားကို အကြောင်းပြုပြီး ရောက်လာတဲ့လူဟာ မင်းအပါအဝင် နှစ်ယောက်ရှိပါပြီ"

"မင်းက ဒုတိယလူ ငါသိရသလောက် ဒီပန်းချီကားကို ဆွဲတဲ့ ပန်းချီဆရာဟာ ခေတ်ပညာတတ်လူငယ်တစ်ယောက်ပဲ သူဟာ အီဂျစ်ပြည်က ပြန်လာတာ နန်းဆက်မွန်ပန်းချီကား ပေါ်လာ





တာ ငါ့အရင် ဂိုဏ်းချုပ်လက်ထက်က ပန်းချီဆွဲတဲ့ လူငယ်ဟာ ဘယ်ပန်းချီကျောင်းကိုမှ တက်ခဲ့တာမဟုတ်ဘူး .. ရွှေဒေါင်းတဲ့ သူ ဒီပန်းချီကားဆွဲပြီး နောက်ထပ် မဆွဲတော့ဘူး အီဂျစ်ပြည်ကို ပြန်သွားတယ် .. ဒီပန်းချီကားကို ရောင်းခဲ့တာလို့ သိရတယ် .. ငါ့လက်ထက်မှာ ဒီပန်းချီကားကို ရှာနေတာ"

"ကျုပ်အရင် ဒီကိုရောက်လာတဲ့ လူက ဘယ်သူလဲ"

"သူ့ကို မင်းသိတော့ရော ဘာအကြောင်းထူးမှာလဲ .. သူက ဆရာဝန်တစ်ယောက်ဖြစ်တယ် .. ပန်းချီကားအကြောင်း ပြောပြလို့ တို့က သူ့ကို ပြန်လွှတ်လိုက်တာ သူ့ကိုတော့ သတိမေ့သွားအောင် လုပ်လိုက်ရတယ်ဆိုပါတော့"

ထိုအခိုက် အခန်းတံခါးဝမှ တစ်စုံတစ်ယောက် တံခါးခေါက်သည့်အသံတစ်သံ ထွက်ပေါ်လာ၏။

"ဒေါက် .. ဒေါက်"

"ဒေါက် .. ဒေါက်"

ဆရာကြီးသည် စကားစကို ဖြတ်ပြီး တံခါးဘက်သို့ လျှောက်၍ သွားပြီး အခန်းတံခါးကို ဖွင့်ပေးလိုက်လေသည်။

အခန်းတံခါး ခေါက်လာသူကို ကိုမျိုးလွင် သတိမထားပေ။ စကားသံကို ကြားရသည် မိန်းကလေးတစ်ယောက်၏ စကားသံဖြစ်နေမှန်း ကိုမျိုးလွင်သိလိုက်သည်။

ထိုမိန်းကလေးသည် အခန်းတံခါးဝတွင် ဆရာကြီးနှင့် စကားအနည်းငယ် ပြောပြီး အခန်းအတွင်းသို့ ဆက်လက်ဝင်လာခဲ့လေသည်။ သူမကို ကပြားမိန်းကလေးမှန်းတော့ ကိုမျိုးလွင်သိ



www.burmeseclassic.com

www.burmeseclassic.com



သည်သည့်ထက် ပို၍ မသိပေ။

ဖော်ပြစရာတစ်ခုတော့ရှိသည်။ ထိုမိန်းကလေးမှာ ကိုမျိုးလွင်တွေ့ဖူးသမျှ မိန်းကလေးများအနက် အလှဆုံးဟု ဆိုရမည်လားမသိ။ မေမြတ်ဆွေထက်လည်း လှနေချောနေသည်ဟုပင် ဆိုနိုင်သည်။ သူမသည် ဝင်းဝါစိုပြေနေသော အသားက သူမ၏ အလှဂုဏ်ကျက်သရေကို တစ်ဝက်လောက်ဆောင်နေလေသည်။

မျက်နှာပေါ်တွင် နားသယ်တွင် ဂုတ်တွင် လက်မောင်းတွင် ရိတ် ရိတ်ပြေးကာ အကြောစိမ်းကလေးတွေ ပြေးယှက်နေသည်မှာ သူမ၏ ထူးခြားပြီး ကြောက်စရာကောင်းလောက်အောင် လှသော အလှမျိုးဟု ဆိုရပေလိမ့်မည်။

သူမ၏ ခန္ဓာကိုယ်အချိုးအဆစ်သည် အချိုးညီညီ ဟန်ချက်မှန်စွာ အနားသတ်ထားသည်မှာ ထူးခြားသောအလှ ပုံရိပ်၏ ဂုဏ်ဆောင်ဖွယ်သော အလှတရား၏သက်တဟု ဆိုရပေလိမ့်မည်။

ကိုမျိုးလွင်သည် သူမကို တွေ့မြင်လိုက်ရလျှင် တအံ့တဩ ဖြစ်နေသည်။ သူမသည် သူနာပြုဆရာမတစ်ဦး ဖြစ်နေကြောင်း သိလာရ ပြန်သည်။ သူမက ကန့်လန့်ကာတွေကို ကာထားလိုက်သည်။ လေးဖက်လေးတန်ကာထားလိုက်ခြင်းပင်။

ကိုမျိုးလွင်က သူနာပြုဆရာမကလေးအနီး ရောက်လာလျှင်

"ကျုပ်ဟာ ခင်ဗျားတို့ စမ်းသပ်တာခံရတော့မယ့် သားကောင် တစ်ကောင်ပါဗျာ"

ဟုပြောလိုက်လေသည်။ ထိုမိန်းကလေးက မြန်မာစကား





တတ် မတတ်ကိုကား ကိုမျိုးလွင်မသိပေ။ သို့သော် ကိုမျိုးလွင် ပြောနေသော အချိန်တွင် သူမသည် မျက်တောင်ကလေး ပုတ်ခတ် ပုတ်ခတ်လုပ်လျက် ပြုံးယောင်ယောင် သူမမျက်နှာထားကြောင့် အနည်းနှင့်အများတော့ နားလည် သဘောပေါက်နိုင်ကောင်း၏ဟု ထင်၏။

"ကဲ . . လုပ်ငန်းစမယ် . . အချိန်ဟာ တန်ဖိုးအရှိဆုံး အရာပဲ"

ဆရာဝန်ကြီးက ပြောလိုက်၏။ ထိုအခိုက်

"ဒုတ်"

ကိုမျိုးလွင်သည် မိမိကိုယ်မိမိ မည်သို့ဖြစ်သွားသည် မသိလိုက်ပေ ဖက်ကျိုးကျကာ အရှေ့သို့ ငိုက်ဆင်းသွားပါလေ တော့၏။

* * * * * *

အိပ်မက်သံသရာ အကြိမ်ကြိမ်အဖန်ဖန် လည်ပတ်နေ သည်ဟု ဆိုရမည်ဖြစ်သည်။ အိပ်မက်က အလွန်ပင်ကြောက် မက်ဖွယ်ရာ ဖြစ်၏။ မိမိကိုယ်ခန္ဓာ၏ တစ်စိတ်တစ်ပိုင်းကို မီးတောက်မီးလျှံများ စွဲကပ်တောက် လောင်နေ၏။ ခံစားရသော ဝေဒနာမှာကား ပူလောင်လွန်း၏။

မီး၏ အပူဒဏ်ကို သူသည် ကြိတ်မှိတ်ခံစားလျက်ရှိ၏။ အိပ်မက်ကား အခုလို ကြောက်မက်ဖွယ်အိပ်မက် ကျကာမှ အိပ်မက်မှာ အတော် ပင် ရှည်နေသည်။ အိပ်မက်နိုးလာလျှင်ကား



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်မှ ပြန်နိုးလာသောအခါ ခေါင်းထဲတွင် မူးဝေနောက်ကျိ ၍ နေသည်။ ကြမ်းတမ်းသော အခင်းတစ်ခုပေါ်တွင် အချိန်ကြာမြင့်စွာ လဲလျောင်းအိပ်စက်ခဲ့ရသော အဖြစ်ကိုလည်း သူသိနေမိလေသည်။ အထူးသဖြင့် သူ့ကိုသူသိလိုက်ရသည်မှာ အမြင်အာရုံမရှိ ကွယ်ပိတ်ခဲ့ရခြင်း ပင်။

ပါးစပ်ထဲတွင်လည်း တစ်စုံတစ်ရာကို ကိုက်ခဲထားရသည်သို့ သူခံစားနေရပြီး ထိုအရာတို့သည် ကျောက်တုံးကျောက်ခဲများဟူသည်ခံစားမိ၏။ ဤသို့ဖြင့် ကိုမျိုးလွင်သည် လဲလျောင်းနေသည့်အနေအထားမှ အားဖြည့်လျက် ကုန်ကျုံးပြီး ကြိုးစား၍ ထလိုက်သည်။ ထိုအခါ အလွန့် နူးညံ့သော လက်နှစ်ဖက်သည် သူ၏ ပခုံးနှစ်ဖက်ကို ညင်သာစွာ ကိုင်လာ၏။ ပြီးတော့ သူမက

"ငြိမ်ငြိမ်နေပါရှင် ကျွန်မရှင့်ကို ကူညီနေတာပါ"

ဟု တိုးညှင်းသာယာသောအသံဖြင့် ပြောလေသည်။ တစ်ဖန် သူမသည်ပင် ဆက်လက်၍ . .

"စကားလည်း မပြောပါနဲ့ ပြောလို့လည်း လွယ်မယ် မဟုတ်ပါဘူး . . ကျွန်မအခု ပြောတာကို ရှင်နားလည်မယ်ဆိုရင် ကျွန်မလက်ကို ညှစ်ပြပါ"

ဟုပြောဆို အကြံပြုလာလေ၏။ ထိုအခါ ကိုမျိုးလွင်က သူမ အကြံပေးသလို လုပ်ပြလိုက်ရလေသည်။

"ဟုတ်ပြီ ဂရုစိုက်နားထောင်ပါဦး . . ရှေ့လျှောက်ပြီး ရှင့်အတွက် ဘာတွေဖြစ်လာလာ တာတွေကိုပဲတွေ့တွေ့ ဘာပဲထင်ထင် ရှင်သိထားဖို့ကတော့ အဆိုးဆုံး အခြေအနေက ကျော်လာ





ခဲ့ပြီဆိုတာပါပဲ . . ကျွန်မကို ရှင်သိပါတယ် . . ဘာဖြစ်လို့လည်းဆိုတော့ ရှင်သတိမမေ့ခင် ရှင့်ရှေ့ရောက်လာခဲ့တဲ့ သူနာပြုဆရာမ ဖြစ်နေလို့ပါပဲရှင်"

ကိုမျိုးလွင်သည် ခေါင်းကို ညိတ်ပြလိုက်ရလေသည်။

"သိပ်မလှုပ်နဲ့လေ ကျွန်မလက်ကိုသာ ညှစ်ပြပါ ကျွန်မ သိပါတယ်"

သည်တွင် ကိုမျိုးလွင်က သူမ၏ နူးညံ့သောလက်ကလေးကို ကိုင်ထားရာမှ အသာညှစ်ပြလိုက်လေသည်။

"ကောင်းပြီ ရှင်ဘယ်လိုပဲ ခံစားရပါစေ သောကဒုက္ခကြုံရပါစေ . . စိတ်မပျက်ပါနဲ့ ရှင့်ဖက်မှာ ကျွန်မရှိနေမယ်ဆိုတာ ယုံပါရှင်"

အကြင်နာစကားမျိုး မကြားရသည်မှာ ကြာပြီဖြစ်၍ သူ့အဖို့ သည်လို ကြင်နာစကားမှာ အလွန်ပင်အားတက်ကြည်နူးမှုရစေသော စကားမျိုး ဖြစ်နေပါတော့၏။ ထို့နောက် သူမ၏ သာယာချိုမြိန်သော စကားသံတို့ကို သူသည် မကြားရတော့ဘဲ အထီးကျန်ဘဝသို့ ပြန်လည် ရောက်ရှိသွားရပြန်လေသည်။

နာရီပေါင်းများစွာ ဤသို့ဖြင့် ရက်သတ္တတစ်ပတ်ကိုပင် ကျော် လွန်၍ လာလေ၏။ အမှန်တော့ ကိုမျိုးလွင် မျက်နှာကို ပတ်တီးများ အထပ်ထပ်ရစ်ပတ်၍ ထားခဲ့ခြင်းဖြစ်သည်။ သည်ကနေ့တော့ဖြေပေး၏။ ထိုအခါ သူ၏ မျက်နှာအနေအထားသည် မိမွေးတိုင်း ဘမွေးတိုင်း မဟုတ်တော့ပြီ။ မှန်ပါသည်။ ကိုမျိုးလွင်၏ မျက်နှာတွင် မျက်လုံးပေါက်များ မရှိတော့။ ပါးစပ်သည်လည်း



www.burmeseclassic.com

www.burmeseclassic.com



ပိတ်၍ နေလေပြီတကား။

သည်လိုဖြစ်ရသည်မှာ မည်သို့သော် အကြောင်းကြောင့်ပါနည်း။ ဆန်းကြယ်လှတကား။ မျက်လုံးအစုံကို သူတို့တွေ ဖောက်ထုပ်ယူသွား ပြီဟု သူတွေးထင်မိပြီး စိတ်ဓာတ်အကျကြီးကျ၍ သွားလေသည်။ မျက်လုံးနေရာတွင်မူ ခပ်မို့မို့ဖြစ်၍နေသည်။ သဘာဝအတိုင်း မဟုတ်တော့၍ မိမိကိုယ်ကို မိမိအတွေးဖြင့် မြင်ယောင်ကြည့်မိ၏။ အလွန်ပင် အကြည် တန်နေပေလိမ့်မည် မဟုတ်ပါလား။

အမှန်တော့ ပါးစပ်ထဲတွင် ကျောက်တုံးကျောက်ခဲတွေကို ကိုက်ထားငုံ့ထားရသည်မထင် ဝါယာကြိုးခွေတစ်ခုကို ငုံ၍ထားရသည်သို့ သူ ခံစားနေရသည်။ ဘယ်ဘက်ပါးတွင် အပေါက်တစ်ပေါက် ဖောက်ထားသည်။ သတ္တုတွင်းငယ်တစ်ခု ကွပ်ထားသည်။

အစာကျွေးချိန်တန်၍ ထိုအပေါက်မှ နို့နှင့်နို့ကဲ့သို့သော ဖျော်ရည်စသည်တို့ကို ပိုက်ပြွန်ဖြင့် ဝမ်းတွင်းအစာအိမ်သို့ ရောက်စေသည်အ ထိ ပို့ပေးသည်။

"ဘယ်လို အကုသိုလ်ကြောင့် ငါအခုလို ဖြစ်သွားရပါလိမ့် ဝဋ်ခံရတယ်ဆိုတာ ဒါမျိုးပဲ ဖြစ်မယ်"

ဤသို့ ကိုမျိုးလွင် အတွေးရှိလိုက်မိလေသည်။ စိတ်ထဲမှာကား ငိုချင်သလိုလို ဝမ်းနည်းစိတ်တွေ ဝင်ရောက်၍ လိုက်လေတော့သည်။ သည်လို ဒုက္ခိတဘဝမျိုးဖြင့် မည်မျှ မည်မျှ နေရပါဦးမည်နည်း။





နောက်ဆုံးအချိန်။ နောက်ဆုံးမြင်ကွင်းအဖြစ် **သူနာ**ပြုဆရာမလေးကိုလည်းကောင်း နေကာမျက်မှန်တပ်၍ ထားသော ဆရာကြီးကိုလည်းကောင်း ပြီးတော့ ပိုလိုစီးကရက်တစ်လိပ် သည်တော့မှ

"ဟုတ်ပြီ . . ဟုတ်ပြီ အဲဒီစီးကရက်ကို သောက်လိုက်ပြီး သတိလစ်ခဲ့ရတာပဲ"

အခုတော့မှ ဆရာကြီး ပြောခဲ့သည့်စကားများမှာ ခြိမ်းခြောက်သည့် စကားမဟုတ်ဘဲ အမှန်တကယ် အကောင်အထည်ဖော်နိုင်သော စကားတွေ ဖြစ်နေကြောင်း သူကောင်းစွာသိရှိလိုက်ချေပြီ။

ဆရာကြီးဆိုသူ ပုဂ္ဂိုလ်သည် အပြောသက်သက်**မဟုတ်ဘဲ** လက် တွေ့ပြလိုက်ပြီ။ ဒါကို ကိုမျိုးလွင် သိလိုက်၏။ မိမိ**အဖြစ်မှာ** ဤမျှလောက် ဆိုးပါလှကလားဟု **အခုမှ** သူတွေးမိလာ**သည်**။ သူသည် ညဖက်၌ အိပ်၍ မပျော်သောကြောင့် နေ့ဖက်၌ ကြိုး**စား၍** အိပ်သည်။ မရပေ။ ထိုအခါ သူသည် ညဖက်၌ပင် ကြိုးစား၍**အိပ်**သည်။ အိပ်၍မပျော် ခြောက်အိပ် မက်များပင်မက်၍ **မနီးတစ်ဝတ်**နီးတဝက်ဖြစ်ရချေပြီ။

လောကငရဲကျခံရသည်ပဲ မဟုတ်လား။ **တော်သေးသည်**။

"ရှပ် . . ရှပ် . . ရှပ်"

ခြေသံဖွဖွကြားလိုက်ရသည်နှင့် သူနာပြုဆရာမလေး ရောက်လာ ပြီဆိုတာ ကိုမျိုးလွင်သိလိုက်ရလေသည်။ သူမ၏ အနီးရောက်လာလျှင် ကား သူသည် ဝေဒနာသက်သာရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမပူပါနဲ့ရှင် ရှင်မသေစေပါဘူး ဆရာကြီးက သူပြောတဲ့ အတိုင်း ကတိတည်ပါတယ် . . ကျွန်မပြောတဲ့အတိုင်းနားထောင်ပေးပါ စိတ်ရှည်သည်းခံဖို့တော့ လိုတာပေါ့ . . လောကကြီးမှာ အသက်ရှင်နေ ဖို့ဆိုတာပဲ အရေးကြီးပါတယ်ရှင်"

ခပ်ဝဲဝဲမြန်မာစကားသံကလေးကို ကိုမျိုးလွင် အမြဲ အစဉ်ကြား ချင်နေသော်လည်း ဆန္ဒသည်ကား မပြည့်ခဲ့ပေ။ ထိုသို့သော် သာယာ ငြိမ်းအေးသော စကားသံကလေးမှာ ကြားလိုက်ရလည်း တစ်ခဏမျှသာ နောက်တစ်ဖန်ပျောက်ကွယ်၍ သွားပြန်သည်။ အဆိပ်တောစုံတွေကြားတွင်သာ သူသည် အထီးကျန်စွာ ကြွင်းကျန်နေတတ်၏။

ထိုအခါ ကိုမျိုးလွင်သည် ဒေါသလည်း ထွက်နေတတ်သည်။ ယူကျုံးမရဖြစ်ကာ မျက်ရည်စများ အသွယ်သွယ် ကျခဲ့ရသည်လည်းရှိသည်။ အစဉ်သဖြင့် ဘာလုပ်၍ ဘာကိုင်ရမည်ဆိုသော ရည်ရွယ်ချက်တွေ မျှော်လင့်ချက်တွေ အစရှိသော အိပ်မက်တွေမှာ တစ်စစီကွဲကျေ ပျောက်ဆုံးခဲ့ရပြီ။

သည်အခါ ကိုမျိုးလွင်သည် မေမြတ်ဆွေကို သတိရလာမိလေသည်။

"သြော် . . မိဆွေရယ် နင်ကတော့ ငါ့ကိုဘယ်ကို ရောက်ပြီး ဘာတွေဖြစ်နေတယ်ဆိုတာ မသိဘူးနော် . . နင့်စိတ်ထဲမှာ ငါဟာ ရတနာ ကျောက်ဂူကြီးထဲက ရတနာတွေကို ရသွားပြီလို့ တွေးထင်မိနေမလားတော့ မသိဘူး"

"ငါ့မှာကျတော့ လူနဲ့တောင် မတူတော့ပါလား . .





ဟုတ်မှာယ် . . ငါဟာလူလို မပြောနဲ့ တခြားသတ္တဝါတွေလို မျက်စိတွေတောင် မရှိ တော့ပါဘူး . . ပါးစပ်ကလည်း ပိတ်သွားပြီ နှစ်ငါ့ကို မြင်လိုက်ရမယ် ဆိုရင် တစ္ဆေတစ်ကောင်လို့ ထင်မိမှာ အမှန်ပါပဲ မိဆွေရယ်"

ဤသို့ သူတွေးနေသည့်အခိုက်

"ရှပ် . . ရှပ် . . ရှပ်"

ကြားနေကျ သူနာပြုဆရာမလေး၏ ခြေသံကို သူကြားလာရတတ်သည်။ ထိုအခါ မေမြတ်ဆွေကို မေ့နေတတ်ပြန်သည်။ မေမြတ်ဆွေကို သစ္စာမဲ့ခဲ့သည်တော့ မဟုတ် မိမိမှာအဖော်တစ်ယောက် လိုအပ်နေသည်ပဲ မဟုတ်လား။

သူနာပြုဆရာမလေးက မိမိနှင့် တစ်နေ့လုံးအတူနေရသည် မဟုတ်ဘဲ၊ တစ်ခါတစ်ခါ ကျတော့လည်း သူမသည် တစ်နေ့သာကုန်၍ သွားသည် တစ်ခေါက်ပင် ရောက်၍မလာ။

အမှန်မှာ ကိုမျိုးလွင်သည် သူနာပြုဆရာမလေးကို မျှော်၍ သာမျှော်နေသည်။ ရောက်လာပြန်တော့ သူက စကားပြောနိုင်သည် မဟုတ်ပေ။ သူမပြောသမျှကိုသာ ခေါင်းညိတ်ကာ သူမလက်ကို ကိုင်၍ညှစ်ပြကာနေရသည်။

ယခုမိမိ ကျန်းမာရေး အခြေအနေကောင်းလာပြီ ဖြစ်၍ သူမ၏ လက်ကလေးကို ကိုင်ခွင့်ရှိပင်ရှိသော်လည်း အမြဲ သူမလက်ကလေးကို ကိုင်၍ညှစ်ပြနေလျှင် အခွင့်အရေးယူရာ ကျမည်စိုး၍ ခေါင်းညိတ်ပြရသည့်အလုပ် ပိုလာခဲ့လေသည်။

ပတ်ဝန်းကျင်မှ လူသံတွေကို ကြားနေရသည်။ မော်



www.burmeseclassic.com

www.burmeseclassic.com



တော်ကားသံကိုပင် ကြားရတတ်ပါသေးသည်။

"ငါဘယ်နေရာကို ရောက်နေပါလိမ့်"

ဟုကိုမျိုးလွင် တွေးမိတိုင်း စိတ်မောခဲ့ရ၏။ ဘယ်ရောက်ရောက် ဘယ်ပေါက်ပေါက် ဤသို့လည်း ကိုမျိုးလွင်အတွေး ရှိနေပြန်သည်။ မျက်စိလည်း ကောင်းသည်။ ပါးစပ်ပိတ်ခြင်းခံရသည်လည်း မဟုတ်လျှင်ကား ကိုမျိုးလွင်သည် ဤအရပ်ဒေသမှ ထွက်ပြေးတိမ်းရှောင်သွားနိုင်သည်။ ခုတော့လည်း ဒုက္ခတဘာဝ။

"တောက်"

ကိုမျိုးလွင်က တက်တစ်ချက် ခေါက်လိုက်သည်။

"ငရဲခံရတာပဲ"

ဤသို့ သူတွေးလိုက်သည်။ လောကငရဲဟု ခေါ်ရမည်လားတော့ မသိ။ သည်တော့လည်း

"ငါသာ အကောင်းအတိုင်း ရှိခဲ့ရင် သူတို့ကို ကောင်းကောင်း တိုက်ခိုက်ချေမှုန်းပစ်မယ် အတော်စိတ်ပုတ်တဲ့ လူတွေပဲ"

ဤသို့လည်း သူတွေးလိုက်မိသည်။ အမှန်တော့ ကိုမျိုးလွင် ဤအရပ် ဤဒေသသို့ ရောက်ရှိလာသည်မှာ လူငယ်တစ်ယောက်၏ ဆန်းကြယ်သော အကြောင်းကို စူးစမ်းရှာဖွေလိုခြင်း။

ပြီးတော့ စွန့်စားမှုအလုပ် သည်လိုစိတ်မျိုးတွေကြောင့်သာ ဤအရပ် ဤဒေသသို့ အခက်အခဲတွေကြားက ရောက်ရှိလာခဲ့ခြင်းပင်။ ရန်သူကိုကား ကိုမျိုးလွင် လုံးဝမမှုပေ။ ထို့ကြောင့်လည်း ဤသို့သိုဝှက်လွန်းသော နေရာကို ရောက်ဖြစ်သည်အထိ ရောက်လာခြင်းပင်။





မှန်ပါသည်။ ကိုမျိုးလွင်သည် သူ့ရဲကောင်းတော့မဟုတ် သို့သော် သူရဲကောင်းစိတ်ဓာတ်အပြည့်ရှိသည်။ ရန်သူတစ်ရာရှိစေ သူကမမှုပေ။ အခုတော့ တစ်ဖက်သက်ကျလွန်းသည်။ ကြိုးတုပ်၍ ရိုက်ခဲ့သည်သို့ပင်။ သည်ကြားထဲက ကိုမျိုးလွင်သည် နှစ်ကြိမ်တိုင်တိုင် ထွက်ပြေးရန် ကြိုးစားခဲ့ဖူးသည်။

တစ်ကြိမ်ခိုးထွက်စဉ်

"ဟေ့ . . ဒါက ဘာလုပ်တာလဲ ဘယ်ကိုသွားမလို့လဲ"

ဟု အစောင့်အရှောက် တစ်ယောက်ကို မေးရုံမက ဖမ်းဆီးထားလိုက်သည်။ နောက်တစ်ကြိမ်ကျတော့ သူနာပြုဆရာမလေးနှင့်မှ ထိပ်တိုက်တိုးရလေသည်။

"ဟင် . . ကိုမျိုးလွင် အပြင်ဘက်ကို ဘာဖြစ်လို့ ထွက်လာရတာလဲ ကိုမျိုးလွင်ရဲ့ ကျန်းမာရေးဟာ အခုမှ ပြန်ပြီးကောင်းရုံသေးပဲရှိသေး တာပါ"

ကရုဏာရှင်မကလေးဟုပင် ကိုမျိုးလွင်တွေးထင်မိလေသည်။ သည်တွင် နောက်အတွေးတစ်ခု ပေါ်၍လာသည်။

"ငါ ဒီလိုချည်းဘဲ နေသွားရတော့မှာလား လူဆိုတာ ဒီလိုချည်း နေသွားလို့ကတော့ မရှိသင့်ဘူး"

"ဒီလိုသာ နေသွားရမယ်ဆိုရင် ငါ့ကိုယ်ငါသတ်သေလိုက်တာကမှ ကောင်းဦးမယ်"

"ဒီလိုလည်း မဟုတ်သေးဘူး ဘယ်လိုဘဝပဲ ရောက်နေပါစေ . . အသက်ရှင်သန်နေသေးသရွေ့ ရုန်းကန်လှုပ်ရှားရမှာပေါ့ . . ကိုယ့်ကိုယ်ကို သတ်သေတာဟာ အရှုံးရောက်တစ်မျိုးပဲ



www.burmeseclassic.com

www.burmeseclassic.com



အရှုံးအလုပ်မလုပ်ဘူး"

သည်အခါ သူနာပြုဆရာမလေး၏ အားပေးစကားတွေကို ကိုမျိုးလွင်ကြားယောင်လာ၏။

"ဘာပဲပြောပြော လက်ရှိအခြေအနေမှာကတော့ သူနာပြုဆရာမလေးသည်သာ သူ့ဘဝ၏ အဖော်မွန်ဖြစ်၍ နေလေသည်။

သော့ပိတ်ထားသော အခန်းအတွင်း၌ ကိုမျိုးလွင်သည် ဟိုစမ်းစမ်းသည်စမ်းစမ်း လမ်းလျှောက်နေတတ်သည်။ အမြဲတမ်း ခန္ဓာကိုယ်ကို ငြိမ်သက်နေစေသည်မှာ မကောင်းပေ။ အလုပ်တစ်ခု ပေးထားရပေမည်။ မားကို အသုံးပြုမှ သံချေးမတတ်ဘဲ ရှိမည်မဟုတ်ပါလား။ မိမိတို့၏ ခန္ဓာကိုယ်သည်လည်း အသုံးပြုထားကာမှ အမြဲအစဉ်သစ်လွင် တောက်ပနေမည်သာတည်း။

သို့မှသာ အချိန်ကိုလည်း ထိုင်၍စောင့်စရာမလို သို့သော်လည်း သူ့အဖို့ကတော့ အချိန်များသည် နေ့လားညလား မသိပါဘဲလျက် ကုန် လွန်ခဲ့ရလေပြီ။ ချောက်ချားခြင်း၏ ချောက်ကမ္ဘားအတွင်း၌ ကိုမျိုးလွင် ကျရောက်နေခဲ့သည်မှာ အတန်ကြာချေပြီး ဘယ်ဝင်္ကကယ်ဖန်လေမည် မသိ ရှိ၏။

စိတ်ကိုလျှော့ချလိုက်၍ကား မဖြစ်ချေ။ စိတ်ကိုလျှော့ချလိုက်လျှင် မိမိခန္ဓာကိုယ်သည် ရေပြတ်သော ပန်းလိုချက်ချင်းပင် ညှိုးနွမ်းခြောက်သွေ့သွားသည်သို့ မိမိသည်လည်း သေဆုံးခြင်းသို့ပင် ရောက်ရှိ အဆုံးသတ်သွားနိုင် ကိုမျိုးလွင် ကောင်းကောင်းနားလည်သဘောပေါက်ထားလေသည်။





ထို့ကြောင့် စိတ်ကိုလျှော့မချဘဲ တင်း၍ ထားသည်။ သူနာပြု ဆရာမလေးကလည်း အမြဲလိုပင် အားပေးစကား ပြောကြားပေးလေသည်။ သူမကို ကိုမျိုးလွင်က ကျေးဇူးမတင်၍ မဖြစ်ပေ ကျေးဇူးတင်ရပေမည်။

သည်မနက်ပိုင်း . .

"ရှပ်"

"ရှပ်"

"ရှပ်"

သူနာပြုဆရာမလေး၏ခြေသံကို ကိုမျိုးလွင်ကြား၏။ ခြေသံကို သူကောင်းကောင်း မှတ်မိနေလေပြီ။

"ရှင်မကြာခင် ပြန်ရတော့မှာပါ ငြိမ်ငြိမ်လေးနေနော် . . ကျွန်မတို့ကို အလစ်ပေးတာ မဟုတ်ဘူး . . သူတို့က စောင့်ကြည့်နေရင် ကျွန်မ ရှင့်ကို လိုအပ်သလို ကူညီနိုင်မှာ မဟုတ်ဘူး"

ဟု သူနာပြုဆရာမလေး ပြောလာသောအခါ ကိုမျိုးလွင်က ပြန်၍ ပြောပြချင်သည်။ သို့သော် ပြော၍မရ . .

"ရှင် . . ကျွန်မ ပြောတာကိုနားလည်သဘောပေါက်တယ် ဆိုတာ ကျွန်မလည်း သိပါတယ် . . ရှင်နဲ့ကျွန်မအတူ နေလာခဲ့ကြတာ ကြာပြီပဲ . . ရပါတယ်"

သူနာပြုဆရာမလေးနှင့် မိမိစိတ်တစ်စိတ်တည်း ဖြစ်နေပြီလားဟုပင် သူအတွေးရှိလိုက်မိလေသည်။ အဘယ့်ကြောင့်ဆိုသော် ထိုမိန်းကလေးသည် မိမိအတွင်းစိတ်၏ ဆန္ဒသဘောကို စောင့်ပြောနိုင်စွမ်းသည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



သူကျေနပ်စွာ ပြုံးလိုက်မိလေ၏။ သည်ရက်အတောအတွင်း သူနာပြုဆရာလေးက ကိုမျိုးလွင်အတွက် အဝတ်အစားတွေ ပို့ပေးသည်။

"ရှင် ပြန်ရတော့မှာပါ"

ဆိုသော စကားကြောင့်များလားဟု သူကဆက်စပ်တွေးယူကြည့်မိလေ၏။ ဘောင်းဘီစပို့ရှပ် ဂျာကင်ဆွယ်တာစသည်တို့ပင်။ သည်လိုနှင့် တစ်ညတွင်ကား သူမသည် ကိုမျိုးလွင်အား

"ဒီည ခရီးထွက်ရမယ် ကိုရန်ပိုင်"

ဟု ပြောလာ၏။

ပြီး စိတ်မကောင်းစရာမှာ

"ကျွန်မလည်း ရှင်နဲ့ စကားပြောခွင့်ရတော့မှာ မဟုတ်ဘူးဘေးမသီ ရန်မခဘဲ ရှင်အိမ်ကို ပြန်ရောက်ပါစေလို့ ကျွန်မဆုမွန်ကောင်း တောင်းလိုက်ပါတယ်"

ဟု ပြောခြင်းပင်။ သူ့ရင်ထဲကို စူးနစ်ဝင်သွားစေသည်ကတော့

"ဒီမှာ ဖြစ်ခဲ့သမျှ အားလုံးကို မေ့ပစ်လိုက်ပါနော်အစ်ကို"

ဟူသော သူမ၏ နှလုံးသားမြည်ဟိန်းသံ စကားပင်ဖြစ်သည်။ တစ်ဆက်တည်းမှာပဲ ကိုမျိုးလွင်၏ ပါးကို နှုတ်ခမ်းတစ်စုံက ဖွဖွနမ်းခဲ့လေသည်။ သူ့ရင်ထဲမှာ တလှပ်လှပ်။ သင်းပျံ့သောကိုယ်သင်းနံ့ကလေးကို သူရှူရှိုက်လိုက်မိ၏။ နတ်သမီးကလေးတစ်ပါး မိမိအနီးသို့ တိုးကပ်လာသည်ထင်၏။ မီးလျှံထဲက ပျားရည်





တစ်စက်ဟု ဆိုနိုင်ပါ၏တကား။

"ဟူး"

မောလိုက်သည်မှာ ရင်နှင့်အပြည့်ပါပေ။ ထို့နောက် မကြာမီ အခန်းဝတွင် ခြေသံတွေ ကြားလာရလေသည်။

"ဒေါက် . . ဒေါက် . . ဒေါက်"

"ရှပ် . . ရှပ် . . ရှပ်"

ခြေသံတွေက ပြင်းသည်။ အဝေးမှ အနီးသို့ရောက်လာ၏။ စကားသံတွေကိုလည်း ကိုမျိုးလွင်ကြား၏။ ထိုစကားသံများတွင် ဆရာကြီး၏ စကားသံကို သူကြားနေရသည်။ သူ့စကားသံလေယူလေသိမ်းအားလုံးကို ကိုမျိုးလွင် မှတ်မိနေသည်။ တွေ့လိုက်ရသည်မှာ ခဏတာဆိုပေမယ့် သူနှင့် မိမိအပြန်အလှန်အခြေအတင် ပြောခဲ့ဖူးသည်ပဲ။

ကိုမျိုးလွင်သည် ကုပ်စ်ပေါ်တွင်ပင် ခြေပစ်လက်ပစ်ထိုင်လျက် နေသည်။ အခါအခွင့်ကိုတော့ စောင့်နေမိသည်။

"ဘယ်လိုလဲ အခြေအနေ"

"ကောင်းပါတယ်ဆရာကြီး"

ဆရာကြီးအမေးကို သူ၏တပည့်တစ်ယောက်က ဖြေလိုက်သည် ဖြစ်မည်။

"ဟုတ်လား"

"ဟုတ်ပါတယ်ဆရာကြီး"

သည်သံမှာကားအကြား သူ၏အသံမဟုတ် သူနာပြုဆရာမလေး၏အသံဖြစ်နေသည်။ သည်တော့မှ သူတို့ကြားတွင်



www.burmeseclassic.com

www.burmeseclassic.com



သူနာပြုဆရာမလေးရှိနေသည်ကို ကိုမျိုးလွင်သိလိုက်ရလေသည်။ ထို့နောက် ခပ်ပြင်းပြင်းခြေသံတစ်သံမှာ ကိုမျိုးလွင်အနီး လက်တစ်လှမ်းအကွာလောက် တိုးလာဟန်တူ၏။

"ကိုယ့်လူ နေကောင်းရဲ့လား . . ငါလည်း အလုပ်တွေများနေ လို့ မင်းကို လာမကြည့်နိုင်ခဲ့ဘူး . . ဘာပြောပြော ငါမင်းကိုပေးခဲ့တဲ့ ကတိအတိုင်း မင်းကို ပြန်လွှတ်မှာပါ . . လက်ဆောင်တွေလည်း ပေးလိုက်မယ် . . နန်းဆက်မွန်ပန်းချီကားအတွက် အမှန်တကယ် သတင်းပေးတဲ့အတွက် ဆုချတယ်ပဲ မှတ်ပါ"

ထို့နောက် စကားကို ဖြတ်လိုက်ပြီး တစ်ဖက်သို့ လှည့်လိုက်ဟန် တူလေသည်။ နောက်မှ ဆက်လက်၍ . .

"ခွဲစိတ်မှုတစ်ခုတော့ လိုသေးတယ် ထုံးတမ်းစဉ်လာအဆိုတိုင်း လုပ်ရတာဆိုတော့ ငါ့ကိုခွင့်လွှတ်ပေါ့ တစ်ခြားမဟုတ်ဘူး နားပင်းသွားအောင်လုပ်ဖို့ပါ အရင်တုန်းကတော့ သံချွန်မီးဖုတ်ပြီး နားထဲထိုးသွင်းလိုက်ရုံပဲ ခုတော့ အဲဒီလောက်မကြာပါဘူး"

ဟုပြောနေလေရာ ငရဲသားတစ်ယောက်၏ စကားသံများဟု သူ ထင်လိုက်မိ၏။ တုန်လှုပ်ခြောက်ခြား၍လည်းလာ၏။ လက်တွေ့ခံစား လိုက်ရသည်သို့ ကြားနေရသည်မှာလည်း ဝေဒနာဆိုးကို ခံစားနေရလေ၏။

"ခေတ်မီနည်းသုံးမှာပါ တို့မှာအကောင်းဆုံး ခွဲစိတ်ပါရဂူရှိပါတယ် . . မပူနဲ့ မင်းမျက်လုံးတွေထုတ်ပြီး ပါးစပ်ပိတ်ပေးခဲ့တဲ့ ခွဲစိတ်ပါရဂူပဲပေါ့"

ကိုမျိုးလွင်သည် ဆရာကြီးဆိုသူ မိမိလက်တစ်ကမ်း





အကွာ၌ရှိနေမှန်းသိသည်နှင့် ဝုန်းခနဲ ခုန်အုပ်၍ဆွဲမိဆွဲရာ ဆွဲကိုင်ထားလိုက်သည်။

"ဝုန်း"

ပြီးတော့ ကိုမျိုးလွင်က ညာဖြောင့်လက်သီးတစ်လုံးကို ရန်သူ၏ မျက်နှာသို့ တူရူပြုလျက် အရှိန်ပြင်းပြင်း ပစ်သွင်းလိုက်၏။

"ဗိုး"

"ဗုစ်"

"ဟူး"

မည်သို့ ဖြစ်သွားမှန်း သူမသိသော်လည်း မိမိ၏ တုန့်ပြန်မှုဖြစ်ကြောင်းကိုကား သူသိသည်။ လှုပ်လှုပ်ရှားရှား ဖြစ်၍သွားလေသည်။ သို့သော်

"ဟဲ . . ဟဲ . . ဟဲ . . ဟဲ"

ဆရာကြီး၏ မခိုးမခန့်ရယ်မောနေည့် ရယ်သံကို ကိုမျိုးလွင် ကြားရလေသည်။

"အေး . . . မင်းပြောတဲ့ နဝရတ်စံအိမ်ကို တို့ရောက်ခဲ့ပြီ အိမ်ရှိတယ် . . ပန်းချီကားကိုလည်း တွေ့ထားပြီ"

"အေး . . . မင်းကို ပြန်လွှတ်လိုက်ပေမယ့် မင်းအိမ်ကိုပြန်ရောက် မရောက်ဆိုတာကတော့ ငါတို့နဲ့ မဆိုင်ဘူးပေါ့ကွာ"

ဤသို့ ဆရာကြီးက ပြောလိုက်သောအခါ ကိုမျိုးလွင် စိတ်ပျက်သွားရပြန်သည်။ ထိုအချိန်၌ ဆရာကြီး၏ လူ ၃-၄ ယောက်က ကိုမျိုးလွင်ကို ဝိုင်းချုပ်ထားသည်။ ကျောက်စေးပွဲပေါ်



www.burmeseclassic.com

www.burmeseclassic.com



တင်၍ ဝိုင်းဖိထားကြခြင်းပင်။

ဖြီးတော့ စိတ်ချရလေအောင် အဝတ်စကြီးတစ်ခု တစ်ကိုယ်လုံးကို ရစ်ပတ်ထားလိုက်ကြ၏။

"သတ္တိကတော့ မခေဘူး . . ဒါ့ကြောင့်လည်း ငါမင်းကို မသတ်တာ . . ဒါပေမဲ့ မင်းကိုအခုလို အံတုဖို့ ထပ်ကြံမယ်ဆိုရင် ခွဲစိတ်ဖို့ ကိစ္စမှာ ခွဲစိတ်ပါရဂူလက်မအပ်ရဘဲ ဟိုတုန်းကလို လုပ်ရလိမ့်မယ်"

ထိုအခါ ကိုမျိုးလွင် ငြိမ်၍သွားလေသည်။ အားမတန်မာန်လျှော့ ရခြင်းပင်။ ဤသည်မှာ ကြောက်၍မဟုတ် အခြေအနေအနေအထား ကြောင့်ဖြစ်သည်။

"မင်း စဉ်းစား ခွဲစိတ်ပါရဂူကြိုက်သလား . . ဟိုတုန်းကလိုပဲ ကြိုက်သလား ငါးမိနစ်အချိန်ပေးမယ် . . ဒါပဲ ငါသွားမယ် ဒါဟာ ငါ မင်းနဲ့နောက်ဆုံး တွေ့ဆုံနှုတ်ဆက်ခြင်းပဲ . . ကဲ စိတ်သွားတိုင်း ကိုယ်ပါလို့ လိုရာရောက်ပါစေ"

ပြောပြောဆိုဆို ဆရာကြီး ထွက်ခွာသွားလေသည်။ လူအချို့ လိုက်ပါသွားပြီး လူအချို့ကျန်ခဲ့ဟန်တူသည်။ ကိုမျိုးလွင်မှာ အိပ်မက်ဆိုး တစ်ခု မြင်မက်လိုက်ရဘိသကဲ့သို့ စိတ်မှာရော လူမှာပါ မောဟိုက်ကျန်ရစ်လေ၏။

"ကိုရန်ပိုင်"

"ကိုရန်ပိုင်"

"အစ်ကို"

သူနာပြုဆရာမလေး၏ ခေါ်သံဖြစ်နေသည်။ လက်တစ်





ပျော်သွား၏။ အိပ်နေရာမှ နိုးလာသောအခါ သဲသောင်စပ်တစ်ခုမှာ သူသည် ခွေခွေ ကလေးလဲကျလျက်ပါပေ။

* * * * * *

လှိုင်းလုံးများသည် ပင်လယ်ဘက်မှ တလိမ့်လိမ့်ပြေးဝင်လာပြီး ကပ်စပ်ကျောက်တန်းများကို ဝင်ရောက်ရိုက်ခတ်လိုက်လျှင်ကား . .

"ဝုန်း"

"ဝုန်း"

"ဝုန်း"

ဟူသော လှိုင်းမြည်သံများနှင့်အတူ လှိုင်းခေါင်းများ အစိတ်စိတ်အမွှာမွှာ ကွဲကျေလွင့်စင်သွားကြသည်မှာ ရပ်နားသည်မရှိ။ အကြိမ်ကြိမ်အခါခါ။ ပင်လယ်တံငါလေ့များသည် ကိုမျိုးလွင်ကို ကမ်းခြေတစ်နေရာ သဲသောင်ပြင်တွင် တွေ့ကြရ၏။

သူတို့သည် ကိုမျိုးလွင်၏အဖြစ်ကို တွေ့မြင်ကြရသောအခါ လူမှဟုတ်ပါလေစ တွေးထင်မိကြပါသေးသည်။ ထိုအချိန်၌ ကိုမျိုးလွင်မှာ အပြင်းဖျား၍ နေသည်ရှိလေရကား ပင်လယ်တံငါလေ့သမားများ၏ ကူညီမှုဖြင့် ထားဝယ်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိလာခဲ့လေ၏။ ဤသို့ဖြင့် ထိုဆေးရုံကြီးတွင် တာဝန်ကျနေသော ခွဲစိတ်ကုဆရာဝန်ကြီး ဦးသာဆိုင်နှင့် ကိုမျိုးလွင်တို့ စုံစည်းခဲ့ကြခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ကြီး ဦးသာဆိုင်သည် ကိုမျိုးလွင်ကို တွေ့လိုက်ရလျှင် အလွန်ပင်အံ့သြ၍ သွားမိသည်မှာ အမှန်ပါပေ။ အခြားသာမာန်လူတစ် ယောက်သည် ညအာက်အချိန်မျိုး၌ ကိုမျိုးလွင်၏ လက်ရှိပုံကို တွေ့ရလျှင် အမှန်ပင် တစ္ဆေသရဲဟု အတွေးရှိနိုင်၏။

မှန်ပါသည်။ သူ၏ မျက်နှာပေါ်တွင် မျက်လုံးဟူ၍မရှိ အဖုနှစ်ဖု အသားပြင်သာ ဖြစ်နေသည်။ အသေအချာအနီးကပ်ကြည့်နိုင်မှသာ သေးငယ်လှသော ချုပ်ရိုးမျှင်မျှင်ကလေးများကို တွေ့ရှိနိုင်ပါလေ၏။ မျက်လုံးတွေကို တသားတည်းကျအောင်စပ်ပြီး ချုပ်ထားခြင်းမှာ အလွန် တတ်ကျွမ်းနားလည်သော ဆေးပညာရှင်ဖြစ်နိုင်သည်။

နှုတ်ခမ်းသားတွေကို ဆွဲစေ့၍ ချုပ်ထားပြန်သည်။ သေးတွင်အစာသွင်းပိုက် တပ်ဆင်ထားသည်မှာကား စေ့စပ်သေချာလှ၏။ ဤသို့ ဖြစ်နေရကား ကိုမျိုးလွင်၏မျက်နှာသည် ဘူးသီးမျက်နှာဟု ဆိုရမလောက် ပြောင်ချောကြီး ဖြစ်နေ၏။

ဤမျှမကသေး။ ကိုမျိုးလွင်၏ နားနှစ်ဖက်မှာလည်း ဝင်းနေပြီ ဖြစ်ကြောင်း စမ်းသပ်သိရှိလိုက်သဖြင့် ဆရာဝန်ကြီးဦးသာဆိုင်သည် ဆေးပညာရှင်တစ်ဦး၏ စိတ်ဓာတ်အနေဖြင့် လွန်စွာခံစားလိုက်မိပါတော့၏။

"ဘာဖြစ်လို့များ ဒီလိုဘဝမျိုးရောက်ခဲ့ရပါလိမ့်"

"ဘယ်သူကများ ဘယ်လိုအငြိုးအတေးနဲ့ အခုလိုရက်ရက်စက်စက်ပြုလုပ်ပြီး ပင်လယ်ထဲ မျှောလွှတ်လိုက်ရတာလဲ စဉ်းစားစရာပါပဲကလား"





"ဘာပဲဖြစ်ဖြစ် . . ဒီလူငယ်ကို ငါခွဲစိတ်ကုသပေးရလိမ့်မယ် ငါတတ်စွမ်းတဲ့အထိပဲပေါ့"

ဆရာဝန်ကြီး ဦးသာဆိုင်က ဤသို့ဆုံးဖြတ်ချက် ချလိုက်လေသည်။ ကိုမျိုးလွင် အဖျားကျသောအခါ စာရေး၍ အဖြစ်အပျက်အလုံးကို ဆရာဝန်ကြီး ဦးသာဆိုင်အား အသိပေးလေသည်။ သို့နှင့် ဆရာဝန်ကြီး ဦးသာဆိုင်သည် နန်းဆက်မွန်ပန်းချီကားနှင့် ဆက်နွှယ်သော အကြောင်းအရာများကို သိခဲ့ရလေရာ ကိုမျိုးလွင်အပေါ် ပို၍ပင် ကရုဏာသက်လာမိလေတော့၏။

ကိုမျိုးလွင်၏ နောက်ကြောင်း အဖြစ်အပျက်များမှာ ရာဇဝတ်မှုပိုင်းဆိုင်ရာ အဖြစ်အပျက်များဖြစ်နေသဖြင့် ဆရာဝန်ကြီး ဦးသာဆိုင်က သက်ဆိုင်ရာ ပုလိပ်အဖွဲ့ကို သတင်းပေးပို့လိုက်သည်။ တစ်ဆက်တည်းပဲ ဝေဒနာခံစားနေရသော လူနာကိုမျိုးလွင်အား ခွဲစိတ်ကုသပေးရန် စီစဉ်နေသည့်အကြောင်း ဆေးပညာပိုင်းအနေဖြင့် ပုလိပ်အဖွဲ့ကို တင်ပြထားလိုက်သည်။

ထို့နောက် ကိုမျိုးလွင်အတွက် လိုအပ်သော ခွဲစိတ်ရေးအတွက် ပြင်ဆင်ရပါလေတော့၏။ ဆေးရုံတွင် ခေတ်မီခွဲစိတ်ကိရိယာပစ္စည်းများ မရှိသေး၍ အရာရာကိုယ့်အား ကိုယ်ကိုးပြီး စွန့်စား၍ ခွဲစိတ်ရသည်မှာ များသည်။

ဆရာဝန်ကြီးဦးသာဆိုင်သည် ကိုမျိုးလွင်၏ ပါးစပ်ကို အရင်ဆုံးခွဲစိတ်ကုသ၏။ ကိုမျိုးလွင်မှာကား ယခု ခွဲစိတ်မှု အောင်မြင်ချေရှိမရှိ မသိရသေး၍ စိုးရိမ်ထိတ်လန့်နေ၏။ အကယ်၍များ ခွဲစိတ်ကုသမှု မအောင်မြင်ခဲ့လျှင် မိမိဘဝမှာ မတွေးပံ့စရာပင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏ဟု တွေးနေမိလေသည်။

တကယ်တမ်း ဆရာဝန်ကြီး ဦးသာဆိုင် ခွဲစိတ်ကုသလိုက်သောအခါ ချောချောမောမောပင် အောင်မြင်မှုရရှိခဲ့လေသည်။ ထူးခြားမှုတစ်ခုကို ဆရာဝန်ကြီး ဦးသာဆိုင် တွေ့ခဲ့ရ၏။ ထိုထူးခြားမှုမှာ အခြားမဟုတ်။ အတွင်းပိုင်း ပျက်စီးမှုလုံးဝမရှိစေဘဲ ချုပ်စပ်ထားခြင်းသာ ဖြစ်နေခြင်းပင်။

ထိုအခါ ပါးစပ်အတွင်းမှ ပုလဲလုံးကြီးကို ရရှိခဲ့၏။ ကိုမျိုးလွင် ကောက်ယူကိုင်ကြည့်ခဲ့သော ပုလဲလုံးကြီးပင် ဖြစ်နေသည်။ ဤနည်းအတိုင်းပင် မျက်လုံးနှစ်လုံးနှင့် နားနှစ်ပေါက်တို့ကို ဖုံးပိတ်ထားရာတွင်လည်း အတွင်းပိုင်း အင်္ဂါအစိတ်အပိုင်းများကို လုံးဝမထိခိုက်စေဘဲ ပြုလုပ်ထားခြင်းသာဖြစ်သည်။

"ဝမ်းသာလိုက်တာ ဆရာကြီးရယ် . . ကျွန်တော်ခုလို ဘဝမျိုးပြန် ရောက်လိမ့်မယ်လို့ လုံးလုံးကို မထင်မိတာပါ ဆရာကြီးရဲ့ ကျေးဇူးကြီးမားလှပါတယ်ခင်ဗျား"

ကိုမျိုးလွင်သည် ဤစကားများကို အလှိုက်သဲလှိုက် ပြော၍နေ လေသည်။ ဆရာဝန်ကြီးဦးသာဆိုင်သည် အရပ်မြင့်မြင့် ခါးကိုင်းကိုင်း ဖြစ်လေရာ ကိုမျိုးလွင်အား ငုံ့၍ကြည့်နေသလို ကြည့်လျက် . .

"ကျုပ်ကလည်း အခုလို ခွဲစိတ်မှုမျိုးကို ထူးခြားတဲ့ ခွဲစိတ်မှုတစ်ရပ်အနေနဲ့ ဆေးပညာမှာ ထူးခြားမှတ်တမ်းမျိုး ဆောင်ရွက်ရလို့ မောင်မျိုးလွင်ကို ပြန်ပြီးကျေးဇူးတင်နေမိပါတယ်"

"ဒါပေမဲ့ . . ဆရာကြီးရဲ့ ကျေးဇူးက ပိုပါတယ် ဆရာ





မဟုတ်သောကြောင့် တချို့အရေးကိစ္စများ၌ ပါဝင်ပတ်သက်လိုက်မဟုတ်ပေ။ သို့သော် ကျွန်ုပ်က . .

"ဒီလိုဆိုရင် မေနှန်းနှင့်မေနန်းနွယ်တို့က ဂိုဏ်းတစ်ဂိုဏ်းများ ဖြစ်နေလို့များလားဗျာ"

ဟု ဖြတ်မေးလိုက်လေသည်။

"ဒါလဲ ဖြစ်နိုင်လောက်တဲ့အကြောင်းပဲ . . ဒါပေမဲ့ မေနန်းတို့ညီအစ်မ နဝရတ်စံအိမ်ကို ရောက်လာတဲ့အချိန်နဲ့ ကိုမျိုးလွင်ကို ဆရာကြီး ဆိုတဲ့လူက ဖမ်းထားတဲ့ အချိန်ဟာ တစ်ချိန်တည်းဖြစ်နေတယ် ကိုငြိမ်းမောင်"

"အေးလေ . . နဝရတ်စံအိမ်ကို ဖောက်ထွင်းမှုဖြစ်မှ ကိုနန်းထိုက်တို့က ဒီအမှုကိုစလိုက်ရင်းက ကိုမျိုးလွင်ပျောက်ဆုံးနေတဲ့အကြောင်း သိလာရတာကိုး"

အိုင်အိုနန်းထိုက်သည် သူ့လက်ထဲရှိ စတိုင်လိုစီးကရက်ဘူးထဲက စီးကရက်နောက်တစ်လိပ်ထုတ်လိုက်ပြီး

"ကျွန်တော့်စိတ်ထင် ကိုမျိုးလွင်က နန်းဆက်မွန်ပန်းချီကား နဝရတ်စံအိမ်မှာ ရှိနေတဲ့အကြောင်း ပြောလိုက်လို့ အဲဒီဆရာကြီးက မေနန်းတို့ညီအစ်မကို ခိုင်းလိုက်တာပဲဖြစ်မယ် . . မေနန်းတို့ဟာ တစ်ခြားဂိုဏ်း တစ်ဂိုဏ်း မဖြစ်နိုင်ဘူး တစ်ဂိုဏ်းထဲကပဲ ဖြစ်လိမ့်မယ်"

"ဒါဆို ကိုမျိုးလွင် ပြောတဲ့ သူနာပြုဆရာမလေးဟာ မေနန်းနဲ့ မေနန်းနွယ်တို့ ညီအစ်မအနက် တစ်ယောက်ယောက် မဖြစ်နိုင်ဘူးလား ကိုနန်းထိုက်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က ပြောလိုက်သောအခါ အိုင်အိုနန်းထိုက်က

"ဖြစ်နိုင်ပါတယ် . . အေးဗျာ ကျွန်တော့်တော့ ကိုမျိုးလွင်နဲ့ အမြန်တွေ့ပြီး မေးစရာရှိတာ မေးလိုက်ချင်သေးတယ်"

ထိုအခိုက် ရှေ့ခြံထဲတွင် အော်စတင်ကားနက်ကလေးတစ်စီး ထိုးဆိုက်လာလေရာ ကျွန်ုပ်တို့စကားစများ ရပ်ဆိုင်းသွားရလေ၏။ ကျွန်ုပ်က အိမ်ရှေ့ဘက်သို့ လှမ်းမျှော်၍ အကဲခတ်လိုက်ကာ

"ဘယ်သူလဲ မသိဘူး . . ကိုနန်းထိုက်"

အိုင်အိုနန်းထိုက်ကမူ ကျွန်ုပ်ထက် မျက်စိလျင်သည်။

"ကိုမျိုးလွင်နဲ့တူတယ် ကိုငြိမ်းမောင်"

ဟုပြော၏။ ကျွန်ုပ်အသေအချာ ပြန်ကြည့်လျှင် သူပြောသည့်အတိုင်း ကိုမျိုးလွင်ဖြစ်နေသည်ကို သိလိုက်ရသည်။

"ဟုတ်သားပဲ ဒီလူအသက်ရှည်ဦးမယ်"

"ဘာဆိုင်လို့လဲဗျာ"

"သူ့အကြောင်းကို ကျွန်တော်တို့ ပြောနေတယ်လေဗျာ"

"အစဉ်အလာတစ်ခုပေါ့လေ"

"ဟုတ်ပါ့ဗျာ . . ကဲ ကျွန်တော်ပဲ ခြံတံခါးသွားဖွင့်ပေးလိုက်ဦး မယ်"

ကျွန်ုပ်သည် ပြောပြောဆိုဆို ကိုမျိုးလွင် ကားဝင်နိုင်ရန် ခြံတံခါးကို ဖွင့်ပေးလိုက်လေသည်။ ကိုမျိုးလွင်သည် အိုင်အိုနန်းထိုက်အိမ်သို့ ရောက်ပြီးနောက် ဗဟာဒူးလမ်းညွှန်မှုဖြင့် ကျွန်ုပ်အိမ်သို့ ဝိုင်အောင် ရောက် ရှိလာခြင်းဖြစ်သည်။

ထိုအကြောင်း ကိုမျိုးလွင်က ကျွန်ုပ်နှင့် ခြံတံခါးဝတွင်





ပြောခဲ့သည့်အတိုင်း အိုင်အိုနန်းထိုက်ကို ပြန်လည်ပြောပြလိုက်လေသည်အခါ အိုင်အိုနန်းထိုက်က . .

"ကိုမျိုးလွင် ဘာစီးကရက်သောက်တတ်လဲတော့ မသိဘူး"

"ကျွန်တော်က စတိုင်လို သောက်တတ်ပါတယ်"

"သောက်ပါဦး"

ဟု စီးကရက်ဘူးကို ကမ်းပေးလိုက်ပြီး . .

"ဒီလိုဆို ကိုမျိုးလွင် ကျွန်တော့်ကို အရေးတကြီးတိုင်ပင်စရာ ရှိနေပြီ ထင်တယ်"

ဟုမေးရာ ကိုမျိုးလွင်က . .

"ဟုတ်ကဲ့"

ဟုပြောလိုက်သည် တစ်ချိန်တည်းမှာပဲ ကျွန်ုပ်ကိုလှည့်၍ ကြည့်လိုက်သဖြင့် အိုင်အိုနန်းထိုက်သည် လက်ထဲက မီးခြစ် (နတ်သမီးတံဆိပ်ယမ်းမီးခြစ်)ကို တစ်ဆံခြစ်၍ ကိုမျိုးလွင်အား လှမ်းပေးလိုက်ရင်း

"ကိုငြိမ်းမောင်က ကျွန်တော်နဲ့အတူတူပါပဲ . . ပြောစရာရှိတာ ကိုသာပြောပါ ကိုမျိုးလွင်"

ဟု အသိပေးလိုက်လေသည်။ ကိုမျိုးလွင်သည် စီးကရက်ကို တစ်ရှိုက်ဖွာ သောက်လိုက်ပြီး

"ကျွန်တော်ကိုနန်းထိုက်နဲ့ တိုင်ပင်ချင်လို့ပါ"

ဟုပြော၏။ သည်မှာ အိုင်အိုနန်းထိုက်က . .

"ဟုတ်ကဲ့ တိုင်ပင်နိုင်ပါတယ် . . ဒေါ်ထက် ကိုမျိုးလွင်ပျောက်ဆုံးနေတဲ့ အမှုဖွင့်ထားတဲ့ကိစ္စ ပုလိပ်အဖွဲ့နဲ့ တွေ့ပြီးပြီ



www.burmeseclassic.com

www.burmeseclassic.com



လား" ဟုမေး၏။

"ကျွန်တော်နဲ့ ကျွန်တော်အမေ သွားခဲ့ပြီးပါပြီ . . လို အပ်သမျှလည်း ဆောင်ရွက်ပြီးပါပြီ"

"ဒါက ကိုယ့်ဖက်မှာ တာဝန်ရှိနေလို့ပါ"

"ခုလည်း ကျွန်တော်က ပုလိပ်အဖွဲ့မှာ လူပျောက်အမှုတိုင် ချက်ကို ရောက်လာလို့ ပြန်ရုတ်သိမ်းရာက ပုလိပ်အဖွဲ့ ကျွန်တော် အတွက် စိုးရိမ်မကင်း ဖြစ်နေပါတယ်"

"ဘာဖြစ်လို့လဲ"

"ဆရာကြီးဆိုတဲ့လူက ကျွန်တော့်ကို နောက်တစ်ကြိမ် အန္တရာယ် ပြုလိမ့်ဦးမယ်တဲ့"

"ကျွန်တော် သဘောပေါက်လိုက်ပါပြီ ကိုမျိုးလွင်က နန်းဆက်မွန်ပန်းချီကားအစစ်ရှိနေတဲ့ နေရာကိုမပြဘဲ အတုရှိနေတဲ့ နေရာကို ပြလိုက်လို့ မဟုတ်လား"

ထိုအခါ ကိုမျိုးလွင်မှာ မျက်နှာပျက်ပျက်နှင့် ခေါင်းညိတ်ပြ လေသည်။

* * * * * *

"ကိုမျိုးလွင် မေမြတ်ဆွေနဲ့ တွေ့ပြီးရောပေါ့နော်"

အိုင်အိုနန်းထိုက်က မေးလိုက်သည်။ ကျွန်ုပ်သည် နောက် ထပ်ဖျော်ယူလာသော ကော်ဖီပန်းကန်ကို ကိုမျိုးလွင်ရှေ့ စားပွဲ ပေါ်တင်ပေးလိုက်၏။

"သောက်လိုက်ပါဦး"





"ဟုတ်ကဲ့"

ကိုမျိုးလွင်သည် အိုင်အိုနန်းထိုက်နှင့် သက်တူရွယ်တူ လောက်ရှိ သည်။ ကျွန်ုပ်နှင့်ဆိုပါမူ ၃ နှစ်လောက်ငယ်နိုင်သည်။ လူပုံက ခပ်ဖြောင့်ဖြောင့်ပင် ထို့ကြောင့်လည်း မေမြတ်ဆွေ၏ ချစ် ရမည့် ယောကျ်ားဖြစ်သလို သူနာပြုဆရာမကလေးကလည်း သူ့အပေါ်စေတနာ ဝေဖြာခဲ့ဟန်တူသည်။

ကိုမျိုးလွင်က . .

"ကျွန်တော်မှားသွားတယ် ထင်တာပဲ ကိုနန်းထိုက်ရယ်" ဟု ဝမ်းနည်းသံဖြင့် ပြောလိုက်သည်။

"မှားသွားတယ်ဆိုလည်း မဆိုနိုင်ပါဘူး . . တကယ်လို့ ခင်ဗျားတွေ့ခဲ့တဲ့လူတွေဟာ ကျွန်တော်တို့ မြန်မာနိုင်ငံထဲက ရှေးဟောင်းပစ္စည်း ခိုးထုတ်နေတဲ့ ဂိုဏ်းတစ်ဂိုဏ်း မဟုတ်ဘူးလို့ ပြောနိုင်တာမှ မဟုတ်တာဘဲ ဒီလိုချိန်မှာ ဒီစကားပြောရှောင်ခဲ့ ပေါ့ဗျာ"

"ဟုတ်တော့ ဟုတ်ပါတယ် မဆွေက နန်းဆက်မွန်ပန်း ချီကားနဲ့ ပတ်သက်လို့ ဒီမှာ အတော်ပြဿနာတက်သွားတယ် ပြောတယ်"

"အေးဗျ . . သူတို့က ပန်းချီကားအတုကို အတုမှန်း ချက်ချင်း သိပြီး ဓားနဲ့ခွဲသွားတယ် . . နောက်မှ ဒီပန်းချီကားကိုပဲ အစစ်ထင်ပြီး နောက်တစ်ခါလာယူသွားကြတယ် . . မဆွေတို့အိမ် ကသီးဆောင်းဆီက ကြေးများများ ပေးဝယ်သွားတာပါ . . အဲဒီတော့မှ ပန်းချီကားအစစ် မဟုတ်မှန်းသိပြီး ဆွကို ယူယ်ထ



www.burmeseclassic.com

www.burmeseclassic.com



လက်ရောက် ပြန်ပေးဆွဲတော့တာပဲ"

"မဆွေ ကျွန်တော့်ကို အကုန်ပြန်ပြောပြပါတယ် . . သူတို့ကို ကိုနန်းထိုက်တို့ ပြန်တိုက်လို့ အခြေအနေကောင်းနေရက်နဲ့ မဆွေက အမှန်အတိုင်း ထုတ်ပြောလိုက်တော့ အားလုံးခြောက်ကျသွားရတာပေါ့"

"မဆွေကို အပြစ်တင်လို့လဲ မရပါဘူး . . မဆွေလည်း တကယ့် တကယ်ကျတော့ နန်းဆက်မွန်ပန်းချီကားသာ အဆုံးခံမှာပေါ့ အသက်ကိုတော့ ဘယ်အဆုံးခံမှာလဲ"

"အခုတော့ ကျွန်တော်ဆရာကြီးကို လိမ်ညာခဲ့တာပေါ်သွားတော့တာပေါ့ . . အဲဒီလူကြီးက လူတစ်မျိုးကြီးပဲ ပြောတဲ့အတိုင်း တကယ်လုပ်တာ ကျွန်တော့်ကို ဒီတစ်ခါ လာသတ်မယ်ထင်တယ်"

"အမေဆိုရင် ကျွန်တော့်အတွက် အတော့်ကို စိုးရိမ်နေတယ် သွေးနှလုံးရောဂါပြန်ဖြစ်မလားလို့တောင် ကျွန်တော်တို့က ပြန်ပြီး အမေအတွက် စိုးရိမ်နေရပါတယ် ကိုနန်းထိုက်"

"သောက်လိုက်ပါဦး ကော်ဖီတွေ အေးကုန်ပြီ"

အိုင်အိုနန်းထိုက်က စကားလမ်းကြောင်း လွှဲပြောင်းပေးလိုက်လေရာ ကိုမျိုးလွင် သူပြောလက်စ စကားကို မဆက်တော့ဘဲ ကော်ဖီပန်းကန်ကို ကောက်ကိုင်လိုက်လေသည်။ ကျွန်ုပ်သည် အိုင်အိုနန်းထိုက် ဘာပြောမည်ကို စိတ်ဝင်စားနေမိသည်။

ထို့ကြောင့် ကိုမျိုးလွင်ကိုကြည့်လိုက် အိုင်အိုနန်းထိုက်ကို ကြည့်လိုက် လုပ်နေမိ၏။ အိုင်အိုနန်းထိုက်သည် ကိုမျိုးလွင်





ရင်တွေငြိမ်သလောက် ရှိတော့မှ . .

"ကိုမျိုးလွင်ဟာ တရားဥပဒေ စိုးမိုးနေတဲ့ အရပ်ဒေသမှာ ရှိနေပြီပဲဗျာ . . စိုးရိမ်စရာမရှိပါဘူး တစ်ခုတော့ လိုတယ် အဲဒီတစ်ခုက လောလောဆယ် အသွားအလာ အနေအထိုင် သတိရှိနေရမယ်ပေါ့"

ဟုပြောလိုက်လေသည်။ ကိုမျိုးလွင်သည် ဘာမျှမပြောနိုင်ဘဲ အိုင်အိုနန်းထိုက်ကို အငေးသားကြည့်နေလေသည်။

"နောက်တစ်ခု ကျွန်တော်ပြောမယ် နန်းဆက်မွန်ပန်းချီကားကို တွေ့ခဲ့တဲ့ လူအချင်းချင်း ရည်ရွယ်ချက်တွေ မတူကြဘူးလား . . ကိုမျိုးလွင်ဟာ လောဘစိတ်သက်သက်နဲ့ ရတနာကျောက်ဝူတို သွားတာမှ မဟုတ်တာဘဲ"

"ဒါကို ကျွန်တော်တို့ကို ကိုမျိုးလွင် ပြောပြတဲ့ အကြောင်းအရာတွေမှာ ကျွန်တော်တို့ သိထားရပါတယ် ဟုတ်တယ် မဟုတ်လား ကိုငြိမ်း မောင်"

အိုင်အိုနန်းထိုက်က ကျွန်ုပ်ကို စကားဝိုင်းထဲ ဆွဲသွင်းနေ၍ ကျွန်ုပ် က . .

"ဟုတ်တယ်လေ ကိုမျိုးလွင်က ကိုလံဗတ်တို့လို စူးစမ်းရှာဖွေလိုတဲ့ စိတ်ဓာတ်အပြည့်နဲ့ သွားတာပဲ"

ဟု ပြောလိုက်ရလေသည်။ ကျွန်ုပ်ပြောစေလိုသော အကြောင်းအရာတစ်ခုကို အိုင်အိုနန်းထိုက်အား လမ်းစပေးလိုက်ခြင်း ဖြစ်သည်။ အိုင်အိုနန်းထိုက်ကလည်း ကျွန်ုပ်၏ စကားအသွားအလာကို သိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုငြိမ်းမောင်ပြောတဲ့ ကိုလံဗတ်စိတ်ဓာတ်ဆိုတာ အမှန်ပဲ ကိုမျိုးလွင်မှာ အဓိကဟာ ကိုလံဗတ်စိတ်ဓါတ်ပဲ မဟုတ်လား . . ဒါ့ကြောင့်လည်း ကိုမျိုးလွင် အိမ်ကိုပြန်ရောက်လာတာပေါ့ မျက်စိတွေ နားတွေပြီးတော့ ပါးစပ်ကို ခွဲစိတ်ပြုပြင်ပေးလိုက်တာကတော့ နောက်ထပ်ကိုမျိုးလွင်ကို ခြောက်လန့်လိုက်တာပါ"

"ကျွန်တော်တော့ ကြုံခဲ့ရတာတွေကို ပြန်မတွေးဝံ့လောက်အောင် ပါပဲဗျာ"

"ဒီလိုပဲ ဖြစ်နေစေရမယ်လေ . . ဒါ့ထက် ဆရာကြီးဆိုတဲ့ လူကြီးနဲ့ သူနာပြုဆရာမလေးတို့အကြောင်း ကျွန်တော်တို့ကို နောက်ထပ် ကိုမျိုးလွင် ဘာများပြောနိုင်ဦးမလဲ"

"ခက်တာပဲဗျာ ကျွန်တော်ကို ဖမ်းလိုက်ပြီး မကြာခင်ခွဲစိတ်ပြုပြင်လိုက်တဲ့အတွက် ကျွန်တော်ဘာမှမသိရတော့တာပါ မြင်လည်း မမြင်ရတော့ဘူးလေ နားမကြားရတာတောင် နောက်မှ လုပ်လို့"

"အတော်ခေတ်မီတဲ့ လူတွေပဲနော်"

"ဟုတ်ပါတယ်"

"လူမျိုးခြားတွေလား"

"စကားဝဲရုံလောက်ပဲ လူမျိုးခြားများလားလို့ တွေးလို့ရတာပါ ကျွန်တော့်စိတ်ထင်တော့ မြန်မာတွေပဲလို့ ထင်ပါတယ်"

"နေရာကို ကိုမျိုးလွင်မှတ်မိသေးလား . . ကျွန်တော်တို့က ထပ်သွားချင်လို့ မဟုတ်ဘူးနော် . . မှတ်တမ်းသဘောမေးကြည့်ရတာပါ"





"အဲဒီအတွေ့အကြုံဟာ ကျွန်တော့်ဘဝမှာ **အဆန်း**ကြယ်ဆုံးပဲဗျာ . . ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ဟာ ကုန်သည်မြင်းတွေလားတွေနဲ့ လိုက်သွားပြီး တစ်နေရာလည်း ရောက်ရော မျက်စိလည်လမ်းမှား သွားပါတယ်"

"မျက်စိလည်လမ်းမှားသွားတာဟာ ကျွန်တော် ရတနာကျောက်ဂူကြီးကို ရောက်သွားတာပါပဲ . . နောက်မကြာဘူး အဲဒီ ဂိုဏ်းတစ်ဂိုဏ်းလိုလို လူတွေဆီကို ရောက်သွားရတော့တာပါ"

"အတော်ဆန်းကြယ်တဲ့ အဖြစ်အပျက်တစ်ခုပဲနော်"

ထိုနေ့က ကျွန်ုပ်တို့ ကိုမျိုးလွင်ထံမှ ပိုထူး၍ ဘာမှမသိခဲ့ရပေ။

* * * * * *

တစ်နေ့တွင်ကား မေမြတ်ဆွေက ကျွန်ုပ်တို့ထံသို့ ဖုန်းဆက်လာသည်။

"ဟဲလို ဘယ်သူလဲ ပြောပါ"

"အခုပြောနေတာ ဘယ်သူလဲဟင်"

"မဆွေ ကျုပ်ငြိမ်းမောင် စကားပြောနေတာပါ အကြောင်းထူး ရှိလို့လား"

"ဘာဖြစ်လို့ အဲဒီလို မေးတာလဲ"

"မဆွေ ကျုပ်ဆီကို ဖုန်းမဆက်ဘူးလို့ပါ"

"အကြောင်းထူးရယ်လို့တော့ မဟုတ်ပါဘူး ကျွန်မ ကိုမျိုးလွင်နဲ့ ပတ်သက်လို့ ဆရာကိုငြိမ်းမောင်ကို ပြောပြချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ ကျုပ်သဘောပေါက်သွားပြီ မဆွေ . . ကဲပြော ကျုပ်တို့ဘယ်မှာ စကားပြောမလဲ"

ထိုအခါ

မေမြတ်ဆွေက ကုက္ကိုင်းရှိ ဟိုတယ်တစ်ခုကို ကျွန်ုပ်လာရန် အချိန်နှင့်တကွ ပြောဆိုချိန်းဆိုလိုက်လေသည်။

ဤကဲ့သို့ မိန်းကလေးတစ်ယောက်က ဘာမျှမသက်ဆိုင်သော ကျွန်ုပ်လို လူတစ်ယောက်ကို ချိန်းဆိုသည်ဆိုကတည်းက ကျွန်ုပ်သည် ထိုမိန်းကလေးရင်ထဲ မည်သို့သော ဝေဒနာတွေ ရှိနေပြီဆိုတာကို သိလိုက်ရလေသည်။

ကိုမျိုးလွင်နှင့် မေမြတ်ဆွေတို့၏ မူလက ဆက်ဆံရေးကို ကျွန်ုပ် သိထားသည်ပဲ။ ယခုမူ ကိုမျိုးလွင် မေမြတ်ဆွေကို သူ့ဘဝထဲတွင် ရှိ နေသည်ဟုပင် မထင်တော့မှန်း သူ၏အပြောအဆို အမူအယာတွေက ကောင်းကောင်းသိရှိနေရလေသည်။

ကိုမျိုးလွင်၏ အသိအာရုံထဲတွင် ရောက်ရှိနေသော မိန်းကလေးတစ်ဦးကိုလည်း ကျွန်ုပ်က ကောင်းကောင်းတွေ့မြင်ထားလေသည်။ ထိုမိန်းကလေးမှာကား အခြားသူမဟုတ် သူနာပြုဆရာမလေးပင် ဖြစ်ပေသည်။

ကျွန်ုပ်သည် ကားကို ဂိုဒေါင်က ထုတ်ပြီး အချိန်ရသေးသည်နှင့် ဓာတ်ဆီဝင်ထည့်သည်။ ပြီးတော့မှ မေမြတ်ဆွေနှင့် ချိန်းဆိုထားသည့် ဟိုတယ်သို့ ရောက်လာသည်။

ကျွန်ုပ်သည် အချိန်ကို အလွန်လေးစားသူဖြစ်၍ မေမြတ်ဆွေ ချိန်းဆိုသည့် အချိန်အတိအကျရောက်ရှိလာလေသည်။





ကျွန်ုပ်ဟိုတယ် ခန်းအတွင်းသို့ ရောက်လျှင်ရောက်ချင်း မေမြတ်ဆွေက သူ့လက်ပတ်နာရီကို မသိမသာ ငုံ့ကြည့်လိုက်ကြောင်း ကျွန်ုပ်တွေ့မြင်လိုက်လေသည်။

"ဆရာကိုငြိမ်းမောင်က အချိန်ကို သိပ်လေးစားတာပဲနော်"

မေမြတ်ဆွေက ကျွန်ုပ်၏ အချိန်လေးစားခြင်းကို အသိအမှတ် ပြုလိုက်လေသည်။ ကျွန်ုပ်က . .

"အချိန်ကို လေးစားတတ်မှ အားလုံးစိတ်ချမ်းသာရမယ် မဟုတ်လား"

ဟုပြောပြီး ထိုင်ခုံတစ်လုံးတွင် ဝင်ထိုင်လိုက်ရလေသည်။ မေမြတ်ဆွေက နံနက်စာစားသောက်ရင်း စကားပြောလိုဟန်တူသည်။ နံနက် စာအတွက် ကျွန်ုပ်နှင့် တိုင်ပင်၍ မှာကြားလိုက်လေသည်။

မကြာမီ ကျွန်ုပ်တို့သည် တရုတ်အစားအစာစားရင်း စကားပြောကြသည်။

"မဆွေက ကျုပ်ကို ကိုမျိုးလွင်အကြောင်း ပြောပြချင်ပုံရတယ်"

ကျွန်ုပ်သည် မေမြတ်ဆွေ ခံစားချက်ကို နှိုးဆွလိုက်ပေးခြင်းဖြစ်သည်။ သူမသည် ထမင်းစားပန်းကန်လုံးတွင် ခေါက်ဆွဲကြော် အနည်းငယ်ကို ထည့်ပြီး တူတစ်စုံဖြင့် ညှပ်ယူ၍ ခပ်မှန်မှန်စားနေရင်း သက်ပြင်း ငွေ့ငွေ့ကို မသိမသာ ချလိုက်ကာ

"ကိုမျိုးဟာ ခရီးထွက်ရာက ပြန်ရောက်လာကတည်းက အရင်တုန်းက ကိုမျိုးနဲ့ မတူတော့သလိုဘဲဆရာ သူ့ကိုကြည့်ရတာ



www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးပဲ နောက်ပြီးတစ်ခုခုကို ကြောက်လန့်နေသလိုပဲ"

ဟုပြောလေသည်။

"အရင်က ကိုမျိုးမဟုတ်သလိုဘဲ ဆိုတာ အတော်ဖြစ်နိုင်ပါတယ် . . လူဆိုတာလည်း အရာဝတ္ထုတွေလိုပဲလေ . . မဆွေသိပါတယ် အချိန် နဲ့ နေရာပြောင်းလဲမှုသဘောကို ဒါကအိုင်းစတိုင်းရဲ့ ရီလေတီဗွီတီသီဝရီအရ ပြောတာနော်မဆွေ"

"ပြောပါဆရာ"

"ကျုပ်တို့ ဂေါတမမြတ်စွာဘုရားက သန္တတိသင်္ခါရတရားကို အတိအလင်း ဟောကြားပြီးသား မဟုတ်လား ကျုပ်တို့ကိုပဲကြည့် စောစောက ကျုပ်တို့ဟုတ်သေးရဲ့လား . . အမှန်ကမဟုတ်တော့ဘူး ဒါပေမဲ့လည်း အစဉ်သဘောအရကတော့ မပြတ်တောက်သေးတဲ့အရာပေါ့ အဟောင်းလဲမဟုတ် အသစ်ချည်းလည်း မဆိုသာဘူးလေ"

"မဆွေကို ကျုပ်ဦးနှောက်ခြောက်သွားအောင် ပြောနေတာမဟုတ်ဘူး . . ကိုမျိုးကို မြင်တတ်နားလည်တတ်ဖို့ ပြောနေတာပါ"

"ကျွန်မဦးနှောက် မခြောက်ပါဘူးဆရာရယ် ပြောပါရပါတယ် ဟင်း . . ဟင်း ဒါမှ သီလရှင်ဝတ်သင့်လည်း ဝတ်သွားရတာပေါ့"

မမြတ်ဆွေက ကျွန်ုပ်ကို အရွှန်းဖောက်၍ပင် ပြောလိုက်လေသည်။ ကျွန်ုပ်တို့သည် လိုအပ်သည်တို့ကို ခပ်လှမ်းလှမ်းရှိ စားပွဲထိုးလူရွယ်ကို ခေါ်၍ ပြောပြီး နံနက်စာ တရုတ်ထမင်းဟင်းတို့ကို ဆက်လက်စားနေသည်။

မမြတ်ဆွေသည် ထမင်းကို မဆိုသလောက် စားသည်။





ခေါက်ဆွဲကြော်ကိုပဲ စားနေသည်။ ၁၂ မျိုးဟင်းချိုမှာ ပွဲကြီးတစ်ပွဲဖြစ်၍ အသားတွေ အသဲအမြစ်နှင့် ဥတွေ မှိုခြောက်ပန်းခြောက်တွေ ပေါလောပေါလော အနံ့မှာ သင်း၍ပျံ့နေလေသည်။

"ကိုမျိုးက ကျွန်မကို ချစ်ခွင့်ပန်ဖူးတယ်လို့ ကျွန်မဆရာနဲ့ ကိုနန်းထိုက်တို့ကို ပြောဖူးတယ် ထင်တယ်"

"ပြောဖူးပါတယ်"

"ကျွန်မက ကိုမျိုးကို မချစ်ဘူး မဟုတ်ပါဘူး . . ချစ်ပါတယ် အိမ်ထောင်ဖက်အဖြစ် ရွေးချယ်မယ်လို့လည်း ကျွန်မတွေးထားပြီးသားပါ . . ဒီအချိန်မှာ နန်းဆက်မွန်ပန်းချီကားကိစ္စ ရုတ်တရက် ပေါ်ပေါက်လာလို့ ကျွန်မတို့ လူမှုရေးကိစ္စဘေး ရောက်ခဲ့ရတာပါ"

"အခုကျတော့ ကိုမျိုးဟာ ဆရာမြင်တဲ့အတိုင်းပါပဲ ဆရာရယ်"

"ကျုပ် မဆွေကို တစ်ခုပြောမယ် . . အဲဒါက ကိုမျိုးဟာ သူနာပြုဆရာမလေးကို တမ်းတမ်းတတဖြစ်နေသလိုပဲ"

"ဟုတ်လား ဆရာ . . သူက ဘယ်သူလဲ မေနန်းလား မေနန်းနွယ်လား"

"မေနန်းနဲ့ မေနန်းနွယ် တစ်ယောက်ယောက်တော့ ဖြစ်မယ်လို့ ထင်တာပဲမဆွေ"

စကားပြော၍ မပြီးသေးသော်လည်း နံနက်စာထမင်းစား၍ကား ပြီးသွား၏။ အုအေးတစ်ခွက်စီပင် မှာ၍ သောက်လျက်ရှိနေပြီ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကျေးဇူးရှင် အနေနဲ့ တမ်းတနေတာရော မဖြစ်နိုင်ဘူးလား ဆရာ"

မေမြတ်ဆွေမှာ ကိုမျိုးလွင်ကို ယခုမှ ပို၍အဆုံးရှုံးမခံနိုင်ဘဲ ဖြစ် နေဟန်တူသည်။ သို့သော် မေမြတ်ဆွေသည်သာ လွမ်းမောရတော့မည့် အခြေအနေမှာ ရှိနေလေသည်။

* * * * * *

မေမြတ်ဆွေ ရင်ဖွင့်စကားများကို ကျွန်ုပ်သည် နားထောင်ပေးရုံ သာ နားထောင်ပေးပြီး ပြန်လာခဲ့ရလေသည်။ ထို့ကြောင့် ကျွန်ုပ်မှာ စိတ်မကောင်း ဖြစ်နေရလေသည်။ သည်အကြောင်း ကိုမျိုးလွင်ကို သွားရောက် အကြောင်းကြားရလျှင် ကောင်းလေမလားဟု အတွေးရှိမိ၏။

"မဆွေ ငါ့ကိုခေါ်ပြီး ဒီလိုရင်ဖွင့်စကားပြောတာဟာ ဘာကြောင့်လဲ အကြောင်းတော့ရှိရမယ် ဟုတ်ပြီ . . ဟုတ်ပြီ ဒီအကြောင်းတွေကို ကိုမျိုးလွင် သိစေချင်လို့ ငါ့ကိုပြောပြတာပဲ ဖြစ်မယ် ဒါဆို . . ငါ ကိုမျိုးလွင်ကို သွားတွေ့မှ ဖြစ်မယ်"

ဤသို့ ကျွန်ုပ်သည် တွေးရင်းအိမ်သို့ ပြန်လာရာ အိုင်အိုနန်းထိုက်ပြောလိုက်သော စကားတစ်ခွန်းကို သတိရလိုက်မိ၏။

"အိုင်ဆေးကိုငြိမ်းမောင် နန်းဆက်မွန်ပန်းချီကား အကြောင်း ဝတ္ထုမရေးသေးဘူးလား . . ဝတ္ထုရေးလို့ အတော်ကောင်းတဲ့ အဖြစ်အပျက်ပဲဗျ . . ဒါပေမဲ့ အခုလို အခြေအနေမျိုးနဲ့ ဝတ္ထုရေး





မယ်ဆိုရင် ကိုငြိမ်းမောင်ရေးလို့ရမှာ မဟုတ်ဘူး . . ဘာဖြစ်လို့လဲဆိုတော့ ကိုမျိုးလွင်မှာ အရိပ်မည်း တစ်ခုရှိနေလို့ပဲ"

ဟုပြောလေသည်။ အမှန်ကတော့ နန်းဆက်မွန်ပန်းချီကားဇာတ်လမ်းမှာ အဆုံးမသတ်သေးပေ။ မှန်ပါသည်။ ကိုမျိုးလွင်ကို ဖမ်းပြီး စိတ်ခြောက်ခြားစရာတွေ ဖန်တီးပေးလိုက်သော အဓိကလူကြီးမှာ မည်သူနည်း။ မေနန်း၊ မေနန်းနွယ်တို့ကရော သည်အရှုပ်အထွေးတွင် မည်သို့သော်အကြောင်းကြောင့် ပါဝင်ပတ်သက်၍ လာရပါသနည်း။

နောက် ကိုမျိုးလွင်နှင့် သူနာပြုဆရာမလေးတို့ပြဿနာ မေမြတ်ဆွေနှင့်ကိုမျိုးလွင်၏ ငယ်ချစ်ဟောင်းနှင့် စောင်းအိုရှင်အကြောင်း။ ဤအကြောင်းတွေအားလုံး ကျွန်ုပ်ခေါင်းထဲသို့ ဝင်လာလေရကား ကျွန်ုပ်မှာ မတွေးသာမအန်သာ ဖြစ်နေပါတော့၏။

ကျွန်ုပ်သည် ခြံဝင်းထဲသို့ ဝင်လာပြီး ကားကိုဂိုဒေါင်၌ ထားခဲ့ပြီး အိမ်ဘက်သို့အလျှောက် အိမ်ခန်းပြူတင်းများ ပွင့်နေသည်ကို တွေ့လိုက်ရရုံမက အိမ်ရှေ့အိမ်ခန်းမတံခါးသည်ပင် ပွင့်နေသဖြင့်

"ဟာ . . ငါ့အိမ် ဘယ်သူကများ ဖောက်ထွင်းခိုးသွားပါလိမ့်"

ဟု တွေးမိလိုက်ပြီး အိမ်ပေါ်သို့ ခပ်သုတ်သုတ်ပြေးတက်လိုက် ရပါလေတော့၏။ ဧည့်ခန်းအတွင်းသို့ ရောက်လျှင် ဆက်တီထိုင်ခုံတစ်လုံးတွင် မိန်းကလေးတစ်ဦး အခန်းတံခါးမသို့ကျောပေးလျက် ထိုင်နေသည်ကို ကျွန်ုပ်တွေ့မြင်လိုက်ရပေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေး၏ ဆံပင်ရှည်ကြီးကိုသာ ကျွန်ုပ်အရင်ဆုံး တွေ့မြင်ရသည်ဖြစ်၍ မေမြတ်ဆွေဟု ကျွန်ုပ်ထင်လိုက်၏။ မေမြတ်ဆွေသည် ကျွန်ုပ်နှင့် ဟိုတယ်တွင် လမ်းခွဲပြီး ပြန်ကြရာမှ စိတ်ကူးရသည်နှင့် ကျွန်ုပ်နှင့် ထပ်မံစကားပြောလို၍ ကျွန်ုပ်အိမ်သို့ ကျွန်ုပ်အရင်ရောက်သည်နှင့် အောင်လာ၍ ကျွန်ုပ်အလာကို စောင့်နေဟန်တူ၏။

ထို့ကြောင့် ကျွန်ုပ်သည်

"ဒီမိန်းကလေး ကိုမျိုးလွင်နဲ့ ပတ်သက်လို့ ဆောက်တည်မရ ဖြစ်နေတာက အကြောင်းမဟုတ်ဘူး ငါကကြားမှာ ကန့်လန့်ကန့်လန့် ဖြစ်နေပါကလား"

ဟု စိတ်ထဲက တွေးရင်း အိမ်ဧည့်ခန်းထဲသို့ ဝင်၍လာပြီး

"မိဆွေ နင်ဘယ်လိုဖြစ်ရတာလဲ"

ဟုပြောလိုက်သည့်တစ်ခဏ၌ ကျွန်ုပ်အား ကျောပေးထားသော မိန်းကလေးသည် ရုတ်တရက် ကျွန်ုပ်ဘက် မျက်နှာမူလိုက်သည်ရှိရာ ကျွန်ုပ်မှာ . .

"ဟင်"

ဟာ အာမေဍိတ်သံပြုလျက် မင်သက်မိသွားပါလေတော့၏။ တွေ့မြင်လိုက်ရသော မိန်းကလေးမှာ ကျွန်ုပ်လုံးဝ မမျှော်လင့်သော မိန်းကလေးတစ်ဦး ဖြစ်နေသောကြောင့်ပါပေ။ ထိုမိန်းကလေးကား မည်သူ ဖြစ်ပါသနည်း။ အခြားသူမဟုတ်ပါ၊ မေနန်းနွယ်ပင်တည်း။

"မင်းဟာ မေနန်းနွယ် မဟုတ်လား"





ဟု ကျွန်ုပ်က အသံကို တိုးတိမ်စွာဖြင့် မေးလိုက်မိ၏။ သူမသည် သမင်လည်ပြန်လှည့်၍ ကျွန်ုပ်အား ကြည့်နေရာမှ မတ်တပ်ထရပ်လိုက်လေသည်။ ပြီးတော့ သူမသည် ကျွန်ုပ်အား ဦးညွှတ်၍ အရိုအသေပေးကာ . .

"ဟုတ်ကဲ့ ကျွန်မမေနန်းနွယ်ပါ ဆရာကိုငြိမ်းမောင်"

ဟု အဖြေပေးလေသည်။

"ထိုင် . . ထိုင် မနွယ်"

မေနန်းနွယ်က စောစောက သူထိုင်သော ထိုင်ခုံ၌ပင် ပြန်ထိုင်လေသည်။

"ဆရာကိုငြိမ်းမောင် အိမ်တံခါးသော့ကို ကျွန်မဖွင့်ဝင်လိုက်မိတဲ့အတွက် ကျွန်မကို ခွင့်လွှတ်ပါနော်"

"ရပါတယ် တံခါးသော့ကို မင်းဖွင့်နိုင်တာ အံ့စရာပဲ"

"ဒီပညာတွေဟာ ကောင်းတဲ့ပညာတွေ မဟုတ်လို့ သင်ရတာမခက်ပါဘူး . . ဆရာကိုငြိမ်းမောင်ရယ်"

"တိုက်ဆိုင်မှုက အံ့ဩစရာတိုက်ဆိုင်မှုပဲ မနွယ် . . ဘာဖြစ်လို့လဲဆိုတော့ ကျုပ်အခုမဆွေဆီက ပြန်လာတာ"

ထိုစကားကြောင့် မေနန်းနွယ်မျက်နှာညှိုးနွမ်း၍ သွားလေ၏။ နောက်မှ အိန္ဒြေပြန်ဆယ်ကာ မပြုံးချင်ပြုံးချင် ပြုံးလိုက်ကာ

"ဪ . . ဟုတ်လား"

ဟု အလိုက်သင့်သော စကားကို ပြောလေသည်။ တစ်ဖန်

"မေမြတ်ဆွေနဲ့ ကိုမျိုးလွင်တို့ နှစ်ယောက်အခြေအနေက



www.burmeseclassic.com

www.burmeseclassic.com

ဘယ်လိုလဲ ဆရာကိုငြိမ်းမောင်''

ဟု မေးလိုက်လေရာ ကျွန်ုပ်လည်း သူမကို သွယ်ကာ ဝိုက်ကာ လုပ်မနေတော့ဘဲ

''မနွယ် ဘာကိုဆိုလိုတာလဲ''

ဟု အပြတ်သားဆုံးသော စကားဖြင့် ပြန်လည်တုံ့ပြန်လိုက်လေသည်။ မေနန်းနွယ်သည် မျက်တောင်နက်ကြီးများ ပုတ်ခတ် ပုတ်ခတ် လုပ်လိုက်ပြီးနောက်

''သူတို့ဟာ အရင်က ချစ်သူတွေ မဟုတ်လား''

ဟုမေးလေ၏။ ထိုအခါ ကျွန်ုပ်က မေမြတ်ဆွေနှင့် ကိုမျိုးလွင်တို့မှာ ငယ်စဉ်က အတူနေခဲ့ပြီး ပညာအတူသင်ခဲ့ကြသည်မှာ တက္ကသိုလ် ရောက်သည်အထိ ခင်မင်မပျက်နေခဲ့ကြသော သူငယ်ချင်းများဖြစ်ကြောင်း။

ကိုမျိုးလွင်ခရီးမထွက်မီက ကိုမျိုးလွင်က မေမြတ်ဆွေကို ချစ်ခွင့်တောင်းခံဖူးကြောင်း ခရီးထွက်ရာမှ ပြန်ရောက်လာသော အခါ ကိုမျိုးလွင်က မေမြတ်ဆွေအပေါ် စိတ်ဝင်စားခြင်းစိတ် လုံးဝမရှိတော့တဲ့ ကြောင်တောင်တောင် ငူတူတူဖြစ်နေကြောင်း။

ထို့ကြောင့် မေမြတ်ဆွေက ကိုမျိုးလွင်အပေါ် စိတ်ခုနေကြောင်း သို့သော်လည်း ခံစားနေရကြောင်း ရင်ဖွင့်စကားပြောလာကြောင်းတို့ကို ရှင်းလင်းပြောပြလေသည်။

* * * * * *

ထို့နောက် မေနန်းနွယ်က ကျွန်ုပ်အား ပြောပြသည်မှာ . .





''ဟဲ့ . . မိနန်း ငါ့ဆီကိုလာစမ်း နန်းဆက်မွန်ပန်းချီကားကို သွားယူကြတုန်းက ပထမအတုကိုပဲ ရခဲ့တယ်ဆို . . နောက်မှ ဒီအစစ်ကို ရတယ်ဆို အဲဒါဘယ်လိုဖြစ်တာလဲ ဟိုကောင်မျိုးလွင် ပြောတဲ့အတိုင်း မဟုတ်ဘူးပေါ့''

ဤသို့ ဖခင်ကြီးဦးစိုင်းဝဏ္ဏ မေးလိုက်သောအခါ မေနန်းမှာ အဖြေရခက်၍ နေလေသည်။ ဖခင်ကြီး ဦးစိုင်းဝဏ္ဏ၏ စိတ်ဓာတ်ကို မေနန်းသည် သမီးတစ်ယောက်အနေဖြင့် ကောင်းကောင်းသိသည်။

ကိုမျိုးလွင်ပြောသည်မှာ မှန်သည်မဟုတ်၊ တစ်ကွက်ချန်၍ ပြောခဲ့ခြင်းဖြစ်သည်။ ဤအချက်ကို အမှန်အတိုင်း မေနန်းက ဖခင်ကြီးဦး စိုင်းဝဏ္ဏကို ဖွင့်ပြောလိုက်လျှင် ဖခင်ကြီး ဦးစိုင်းဝဏ္ဏသည် ကိုမျိုးလွင်ကို အပြစ်ပေးဦးမည်မှာ သေချာသည်။

ထို့ကြောင့် မေနန်းက

''အဖေရယ် နန်းဆက်မွန်ပန်းချီကား အတုရော အစစ်ပါ ကျွန်မတို့ရခဲ့ပြီပဲ . . တစ်ခြားအကြောင်းအရာတွေ သိစရာ မလိုတော့ပါဘူး''

ဟုပြောလိုက်သည်။ သို့သော် ဖခင်ကြီးဦးစိုင်းဝဏ္ဏသည် မေနန်းတို့နှင့် အတူလိုက်ပါလာသော ရွှေပျံလွှားမင်းဟန်က အဖြစ်အပျက်အမှန်ကို ဖခင်ကြီး ဦးစိုင်းဝဏ္ဏအား အတိအကျ ပြောပြထားပြီး ဖြစ်ဟန်တူသည်။

''မိနန်း . . ငါက အကုန်သိထားပြီးသား ငါ့သမီး တွေအနေနဲ့ ဘယ်လိုပြောမလဲ ဘယ်လိုသဘောထားမလဲ သိချင်လို့ မေးနေတာ''


www.burmeseclassic.com

www.burmeseclassic.com



မေနန်းသည်ကား ဘာမျှမပြောဘဲ ငြိမ်နေသည်။ ရင်ထဲတွင်ကား ညီမမေနန်းနွယ်အတွက် ဗလောင်ဆူဝေလျက် ရှိသည်။ ဖခင်ကြီး ဦးစိုင်းဝဏ္ဏကမူ မေနန်းရှေ့သို့ လျှောက်လာကာ

"ဒီရတနာတွေဟာ ငါတို့လည်း ပိုင်ဆိုင်တာ မဟုတ်ဘူး တို့များ အဘိုးအဘွား အမိအဘတွေက မြန်မာပြည်ကြီး သူ့ကျွန်ဘဝက ပြန်လည် လွတ်မြောက်ပြီး လွတ်လပ်ရေးအတွက် အဆင့်ဆင့် စုဆောင်းသိမ်းဆည်း ထားခဲ့ကြတာ . . ဒါကြောင့် ဒီနေရာကို ရောက်လာတဲ့လူ ဒီရတနာတွေ ကို လိုချင်မက်မောရှိတဲ့လူ ဘယ်သူ့ကိုမဆို တို့တွေမျိုးရိုးစဉ်ဆက် စောင့် ထိန်းထားခဲ့တာပဲ ဒီကြားထဲက ချစ်တီးတွေလက်ထဲ လယ်တွေ လှည်းတွေ နွားတွေ အသိမ်းခံကြရတဲ့ မြန်မာတိုင်းရင်းသားတွေကို လယ်တွေ လှည်း နွားတွေ ဝယ်ပေးနေခဲ့တယ် မဟုတ်လား"

"ဒီလောက် မြင့်မြတ်တဲ့ အလုပ်မျိုးကို ဝိုင်းဝန်းလုပ်မပေးဘဲ ဖျက်လိုဖျက်ဆီး လုပ်တဲ့ ဝိသမလောဘသားတွေကို ငါတို့က ဘာဖြစ်လို့ သက်ညှာနေရမှာတဲ့လဲ ကဲ . . ပြောစမ်း မိနန်း"

"အဖေ"

"ဘာလဲ မိနန်း သမီး"

"အဖေ့ကို ဘာပြောချင်သလဲ"

"သမီး အဖေ့ကို ဘယ်လိုပြောရမှန်း မသိလို့ မပြောဘဲ နေတာပါ"

"မိနန်း စကားကိုရှင်းအောင် ပြောစမ်း"

"ဟုတ်ကဲ့ သမီးကိုမျိုးလွင်ဆိုတဲ့ လူတစ်ယောက်အကြောင်း





ကို အရင်ပြောပြပါရစေ"

ဦးစိုင်းဝဏ္ဏသည် သမီးဖြစ်သူ မေနန်းကို အသေအချာ အကဲခတ်လိုက်သည်။ သည်မိန်းကလေး ပြောနေသော စကားအံ့သွားအလာ မမှန်ဘဲ ဖြစ်နေကြောင်း ဦးစိုင်းဝဏ္ဏ သိလိုက်လေသည်။

"ကဲ . . ပြောစမ်း"

"ကိုမျိုးလွင်ဟာ ဝိသမလောဘသားတစ်ယောက် မဟုတ်ပါဘူး သူဟာ သစ်တောအရေးပိုင်ဟောင်းတစ်ဦးရဲ့ တစ်ဦးတည်းသောသား ခေတ်ပညာတတ်တစ်ယောက် ဖြစ်ပါတယ်"

"အဲဒါ ငါသိစရာလား မိနန်း . . ဒါတွေကို ငါသိတော့ရော ဘာထူးမှာလဲ"

"ကိုမျိုးလွင်ဟာ မတော်လော်ဘနဲ့ ဒီကိုရောက်လာတာ မဟုတ်ဘူးလို့ ပြောချင်လို့ပါ . . အမှန်တော့ ကိုမျိုးလွင်ဟာ မြန်မာပြည်သားထဲမှာ ရှားရှားပါးပါး လူငယ်တစ်ယောက်ဝါ အသက်စွန့်ဆံဖျား စူးစမ်းရှာဖွေမှုအလုပ်မျိုးကို အလွန်လိုလားတောင်းတတဲ့အတိုင်း လက်တွေ့အကောင်အထည် ဖော်တတ်တဲ့ လူငယ်တစ်ယောက်ဖြစ်ပါတယ်"

"သမီး မိနန်း သမီးက ဒီသူငယ်ကို အခုလောက် ဂုဏ်တင် ပြောနေရလောက်အောင် သမီးကများ ဒီသူငယ်အပေါ်မှာ မေတ္တာတိမ်းညွှတ်နေလို့လား"

ထိုအခါ မေနန်းက ခေါင်းခါရမ်းပြလိုက်လေသည်။ ပါးစပ်ကလည်း . .

"မဟုတ်ပါဘူး အဖေ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ငြင်းဆိုလိုက်လေသည်။ ဦးစိုင်းဝဏ္ဏသည် သမီးဖြစ်သူ မေနန်းကို အသေအချာကြည့်လိုက်သည်။ သည်မိန်းကလေး ထူးခြားနေသည်မှာကတော့ ဧကန်အမှန်ဖြစ်သည်ဟုလည်း စိတ်ထဲတွင် ကောက်ချက်ချမိ လိုက်လေတော့သည်။

ဤတွင် မေနန်းက ငုံ့ထားသော ခေါင်းကို အသာအယာ မော့ လာပြီး

"သမီးက ကိုမျိုးလွင်အပေါ်မှာ မတိမ်းညွှတ်ပေမယ့် ညီမလေး မိနွယ်ကတော့"

ဟု စကားကိုအဆုံးမသတ်မီ

"ဘာ မိနွယ်က ဒီသူငယ်အပေါ်မှာ . ."

ဟု ဦးစိုင်းဝဏ္ဏ ကိုယ်တိုင်စကားကို အဆုံးမသတ်နိုင်ဖြစ်သွား၏။ သို့နှင့် တစ်ဘက်သို့ လှည့်ကြည့်လိုက်၏။ မေနန်းနွယ်သည် ဘယ်အချိန်က အနီးသို့ ရောက်နေသည်မသိ ရပ်လျက်သား ရှိနေသည်။ သို့နှင့် ဦးစိုင်းဝဏ္ဏသည် မေနန်းနွယ်ဘက်လှည့်လိုက်ကာ

"မိနွယ်"

ဟု အော်ခေါ်လိုက်လေသည်။

"ငါက ငါ့သမီးတွေကို ငါလို စိတ်မျိုးမရှိ ရှိအောင် ပြုပြင်ဖန်တီးပေးထားတဲ့ကြားက မိနွယ် နင်ကဘယ်လိုဖြစ်သွားတာလဲ"

ဟုလည်း ဦးစိုင်းဝဏ္ဏက ဆက်လက်မေးလိုက်လေတော့သည်။

"သမီးမှာ အပြစ်ရှိပါတယ် . . အမှန်အတိုင်း ဝန်ခံရမယ်





ဆိုရင် အဖေက သမီးကို ကိုမျိုးလွင်နားမှာ သူနာပြုဆရာမတော်ယောက်အနေနဲ့ ထားလိုက်ကတည်းက သမီး သူ့ကိုသနားသွားမိခဲ့ပါတယ် . . သူနဲ့ နေရာက သူ့စိတ်ရင်းသဘောရင်းကိုလည်း သိခဲ့ရပါတယ် . . အဲဒီလိုနဲ့ပဲ"

"တော်ပြီ မိနွယ် . . တော်ပြီ ဒီစကားတွေ ဒီမှာပဲရပ်အခုသူလည်း မရှိတော့ဘူး မဟုတ်လား"

"ဒါပေမဲ့ အဖေ"

"ပြောစမ်း မိနွယ်"

"အဖေ သမီးကို မသတ်ပါနဲ့နော်"

"ဟဲ့ . . ငါက နင့်ကို ဘာဖြစ်လို့ သတ်ရမှာလဲ"

ထိုစဉ် မေနန်းသည် ဖခင်ကြီးနှင့် ညီမငယ်မေနန်းနွယ်တို့ကြားတွင် ဟိုဘက်လှည့်လိုက် သည်ဘက်လှည့်ကြည့်လိုက်ဖြင့် ဗျာများ၍ နေလေ၏။ သည်နေရာတွင် မေနန်းနွယ်သည် သတ္တိမွေးနိုင်ခဲ့ပြီထင် ၏။

"သမီးဟာ အချစ်အတွက်နဲ့ မိုက်ခဲ့မိလို့ပါ သမီးကမိုက်တာပါ အဖေ"

"တော်ပြီ သမီးမိနွယ် အားလုံးကို အဖေသဘောပေါက်လိုက်ပြီ နားလည်လိုက်ပြီ . . အဲဒီတော့ အဖေသူ့ကို ဘာအပြစ်မှ ထပ်မပေးတော့ပါဘူး"

"မလုံလောက်သေးဘူး အဖေ"

"ဩော် . . မိနွယ် သမီးလေးမိနွယ်က သူ့နောက်မလိုက်မဖြစ် လိုက်သွားချင်တယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါအဖေ"

"ကောင်းပြီ အဖေတို့ရဲ့ လျှို့ဝှက်ချက်တွေကို စောင့်သိနိုင်မယ်ဆိုရင် သမီးလေးမိနွယ် မောင်မျိုးလွင်နောက်ကို လိုက်သွားပါ အဖေ ခွင့်လွှတ်ပါတယ်ကွယ်"

ထိုအခါ မေနန်းသည် ညီမလေး မေနန်းနွယ်ကို ပြေး၍ ဖက်လိုက်ပါလေတော့၏။ ကျွန်ုပ်သည် မေနန်းနွယ် ပြောပြနေသည်ကို အငေးသား စိတ်ဝင်တစားရှိနေလေ၏။

* * * * * *

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ပြီးနောက် မကြာမီ တစ်နေ့ ကျွန်ုပ်နှင့် အိုင်အိုနန်းထိုက် ပန်းချီအသင်းတိုက်မှ ကိုရွှေမောင်အား နှုတ်ဆက်ပြီး မောင်ဂိုမာရီလမ်းမှ ပြန်လာခဲ့စဉ် စကော့မတ်ကတ်ဈေးရှေ့သို့ အရောက်တွင် ကိုမျိုးလွင်နှင့် အမှတ်မထင်ဆုံခဲ့ရလေသည်။

ထိုနေ့က ကျွန်ုပ်သည် အိုင်အိုနန်းထိုက်ကားတွင် လိုက်ပါလိုက်ပါလာခြင်းဖြစ်သည်။ ကျွန်ုပ်က ကိုမျိုးလွင်ကို လက်ညှိုးထိုးပြလိုက်သဖြင့် အိုင်အိုနန်းထိုက်သည် ကားကို ကားရပ်ရမည့် နေရာတစ်နေရာတွင် ရပ်ပြီး ကိုမျိုးလွင်နှင့် တွေ့ဆုံကြခြင်း ဖြစ်သည်။

အမှန်တော့ ကိုမျိုးလွင်နှင့်အတူ မေနန်းနွယ်ကိုပါ တွေ့မြင်လိုက်ရသဖြင့် ကျွန်ုပ်တို့က ကိုမျိုးလွင်ကို တွေ့ဆုံကြရခြင်း ဖြစ်သည်။





"ဟာ . . ကိုနန်းထိုက်နဲ့ ဆရာကိုငြိမ်းမောင်တို့ပါလား"

ကိုမျိုးလွင်က စတင်နှုတ်ဆက်လိုက်လေသည်။

"ကိုမျိုးလွင်တို့ကို တွေ့လို့ ကားရပ်ပြီးဆင်းလာတာ"

ဟု အိုင်အိုနန်းထိုက်က ပြောလိုက်လေသည်။ ထို့နောက် ကျွန်ုပ်တို့သည် အနီးဆုံးစားသောက်ဆိုင်တစ်ဆိုင်သို့ ဝင်ရောက်ထိုင်ဖြစ်ကြ၏။

"တွေ့ရတာ ဝမ်းသာလိုက်တာ ကျွန်မတို့မှာ ကိုနန်းထိုက်နဲ့ ဆရာတို့ ကျေးဇူးတွေရှိပါတယ်"

မေနန်းနွယ်က လှိုက်လှဲသော စကားကို ပြောလေသည်။ ကျွန်ုပ်တို့သည် လိမ္မော်ရည်သောက်ရင်း စကားပြောဖြစ်ကြခြင်း ဖြစ်သည်။ အိုင် အိုနန်းထိုက်က

"အခု ကိုမျိုးလွင်နဲ့ မနွယ်တို့ လက်ထပ်ပြီးပြီလား"

ဟုမေးလိုက်ရာ ကိုမျိုးလွင်က

"ပြောရမယ်ဆိုရင်တော့ အခုပဲ တရားရုံးမှာ လက်[illegible]ပြီး ပြန်လာကြတာပါ"

ဟုပြောလေသည်။

"လက်စသပ်တော့ မင်္ဂလာလိမ္မော်ရည်သောက်နေရတာပါပဲ ကလား"

ကျွန်ုပ်က ပြောလိုက်ရာ အားလုံးရယ်ပွဲဖွဲ့လိုက်ကြလေသည်။ကိုမျိုးလွင်က . .

"အမေနဲ့တိုင်ပင်ပြီး မင်္ဂလာဧည့်ခံပွဲလုပ်ဦးမှာပါ"

ဟုပြော၏။ မေနန်းနွယ်က . .



www.burmeseclassic.com

www.burmeseclassic.com



"ကိုနန်းထိုက်နဲ့ ဆရာတို့ ဆက်ဆက်လာရမယ်နော်"

ဟုပြောဆိုသတိပေးလေသည်။ ထိုအခိုက် အိုင်အိုနန်းထိုက်က ကိုမျိုးလွင်အား

"မဆွေရော"

ဟုမေးလိုက်မိလေရာ ကိုမျိုးလွင်မျက်နှာတစ်ချက် ကွက်ခနဲပျက်၍ သွားလေသည်။ ကျွန်ုပ်ကမူ မေနန်းနွယ်ကို အကဲခတ်လိုက်မိသည်။ မေနန်းနွယ်သည် သန့်စင်သော အပြုံးကလေးဖြင့်သာ ရှိနေ၏။

"မဆွေက ကျွန်တော် မနွယ်နဲ့လက်ထပ်ကြတာကို သဘောမတူဘူး ကိုနန်းထိုက်"

ကိုမျိုးလွင်က မေမြတ်ဆွေနဲ့ ပတ်သက်သောအကြောင်းကို ပြောပြလေသည်။ အိုင်အိုနန်းထိုက်မှာ ထိုသို့မေမြတ်ဆွေအကြောင်း မေးလိုက်ပြီးကာမှ မမေးသင့်သော အမေးဖြစ်နေမှန်းသိရပြီး အားနာဖြစ်၍ နေလေသည်။

ကိုမျိုးလွင်သည် ရှေ့ဆက်ပြောချင်နေသောကြောင့် မေနန်းနွယ်ဘက်လှည့်ကာ

"မနွယ် အစ်ကိုတို့အကြောင်းတွေ ကိုနန်းထိုက်နဲ့ ဆရာကို ငြိမ်းမောင်တို့ကို ပြောပြလိုက်မယ်နော်"

ဟု တောင်းဆိုလိုက်သည်။ မေနန်းနွယ်က အပြုံးမပျက်သေးပေ။ ပြုံးလျက်သားက

"တခြားသူတွေမှ မဟုတ်တာပဲအစ်ကိုရယ် . . အစ်ကိုပြောပြချင်တဲ့ အကြောင်းပြောပေါ့"





ဟု ခွင့်ပြုလိုက်လေသည်။ ဤသို့သော် အခြေအနေကို တွေ့မြင်လိုက်ရသဖြင့် သူတို့လင်မယား တစ်ယောက်ကိုတစ်ယောက် အလွန်ချစ်ခင်ပြီး တစ်ယောက်ကိုတစ်ယောက် လေးစားမှုရှိနေကြောင်း ကျွန်ုပ်သိရှိ လိုက်ပြီး ကျေနပ်နေမိ၏။

"ဒီလိုပါဆရာ"

ကိုမျိုးလွင်က ကျွန်ုပ်ကို ပုဏ္ဏားတိုင် သဘောထား၍ ပြောလိုက် ခြင်းဖြစ်သည်။ စားသောက်ဆိုင်အခန်းအတွင်းတွင် စားသုံးသူအချို့သာ ရှိသည်။ နေ့လည်နေ့ခင်း ဖြစ်နေသောကြောင့် လူရှင်းနေဟန်တူသည်။

"အမှန်တော့ အဘိုးဦးအိန္ဒြာနဲ့ မေမေတို့က ကျွန်တော်နဲ့ မဆွေ ပညာစုံတာနဲ့ လက်ထပ်ပေးစားဖို့ စကားပြောပြီးသားဆိုတာ ကျွန်တော်နဲ့ မနွယ်လက်ထပ်တော့မယ်ဆိုတာနဲ့ သိခဲ့ရတာပါ"

"အဲဒီတော့ အဘိုးဦးအိန္ဒြာက လူကြီးပီပီ ဘာမှမပြောပေမယ့် မေမေက ကျွန်တော့် မေနန်းနွယ်ကို လက်မထပ်ရဘူး . . မဆွေနဲ့ပဲ လက်ထပ်ရမယ်လို့ ပြောလာပါတယ်"

"ဒီတော့ ကျွန်တော်က မေမေ့ကို သဘောပေါက်အောင် ပြောပြရတော့တာပေါ့ . . ဒါပေမဲ့ မေမေက အတော့်ကို ရှေးဆန်တယ် . . ပြီး တော့ ဒါဆိုမှ ဒါမှ ငါ့သား မေမေတို့ဟာ ကိုယ်စီစဉ်ထားပြီးဖြစ်တဲ့ အလုပ်တစ်ခုကို ပယ်ဖျက်ရိုး ထုံးစံမရှိဘူးတဲ့ ကျွန်တော်ဖြင့် အတော့်ကို စိတ် ပျက်သွားတော့တာပဲ"

"ဒါတော့ ကျွန်တော်က မဆွေမှတစ်ပါး ကျွန်တော့်ကို အကူအညီပေးနိုင်မယ့် လူမရှိဘူးလို့ တွက်လိုက်မိတယ် . . မ



www.burmeseclassic.com

www.burmeseclassic.com



ဆွေဆီကိုလည်း ရောက်ရော ကျွန်တော်မျှော်လင့်ချက်လည်း ပျက်ရပြန်ရော"

"မဆွေက ကိုမျိုးလွင်ကို ဘာပြောလိုက်လို့လဲ"

"သူကလည်း ကျွန်တော်မေနန်းနွယ်နဲ့ လက်ထပ်မယ်ဆိုတာကို လက်မခံနိုင်ဘူးလို့ ပြောလိုက်ပါတယ်"

"အေးဗျာ ဒီအကြောင်းတွေ ကျွန်တော်တို့ တကယ်မသိလိုက်တာပါ"

ဟု ကျွန်ုပ်က ပြောလိုက်သောအခါ ကိုမျိုးလွင်က

"ဆရာတို့ မသိတာကောင်းတယ် သိရင်လည်း စိတ်ဆင်းရဲရရုံပဲရှိမှာပဲ . . ဒါနဲ့ ကျွန်တော်က မဆွေကို သဘောပေါက်အောင် ပြောပြရပါတယ် . . တကယ်လည်း ကျွန်တော်ဟာ မဆွေကို မောင်နှမအချစ် မျိုးနဲ့ ချစ်ခဲ့တာပါ သူ့ကိုချစ်ခွင့်တောင်းခဲ့ဖူးပါတယ် . . ဒါလည်း ကျွန်တော့် တကယ်တမ်း နှစ်နှစ်ကာကာ ချစ်မိတာမဟုတ်မှန်းသိလို့ ဆက်ပြီး ချစ်ခွင့်မတောင်းဘဲ နေလိုက်ပါတယ်"

"အဲဒီအချိန်က မဆွေကလည်း ကျွန်တော့်ကို မောင်နှမလို သူငယ်ချင်းလိုပဲ ချစ်ခဲ့တာပါ . . အခု မနွယ်ကိုကျတော့ ကျွန်တော်တို့နှစ်ယောက်စလုံး တစ်ယောက်ကိုတစ်ယောက် တကယ်ကို ချစ်ခဲ့မိကြတာပါ ပဲဆရာ"

"အချစ်ဆိုတာ ဆန်းကြယ်တာကတော့ အမှန်ပဲလေ"

အိုင်အိုနန်းထိုက်က ဝင်ပြော၏။

"မေမေကိုတော့ ကျွန်တော်က ပြောပြလို့ ရခဲ့ပါတယ်"

"အေးလေ မင်းနဲ့ပေါင်းသင်းရမှာပဲ နောင်ဖြစ်လာမယ့်





အဆိုးအကောင်း မင်းပဲခံရ စံရမှာပဲဆိုပြီး ကျွန်တော့်ကို မနွယ်နဲ့ သဘောတူလိုက်ပါတယ်"

ထိုအခါ ကျွန်ုပ်သည် မနေနိုင်သည်နှင့်

"မေမြတ်ဆွေကရော"

ဟုပင် မေးလိုက်မိ၏။ ကိုမျိုးလွင်သည် သက်ပြင်းတစ်ချက်မှုတ်ထုတ်လိုက်ကာ

"မဆွေက ကျွန်တော်နဲ့မနွယ် ရာသက်ပန် ချမ်းမြေ့ကြပါစေဆိုတဲ့ ဆုတောင်းစကားကို အဘိုးဦးအိန္ဒြာက တစ်ဆင့်ပြောပြီး ပြင်သစ်ကို ပညာတော်သင် ထွက်သွားပါတယ်"

ဟုပြောလိုက်ပြီ လက်တစ်ဖက်က မေနန်းနွယ်၏ လက်တစ်ဖက်ကို အသာအယာဆုပ်ကိုင်လိုက်လေသည်။ ထိုအခိုက် စားပွဲထိုးလူရွယ်တစ်ယောက်က စာတစ်စောင်နှင့်အတူ စက္ကူဘူးတစ်ဘူးကို လာပေး၍ . .

"စောစောကသွားတဲ့ လူကြီးတစ်ယောက်နဲ့ အမျိုးသမီးတစ်ယောက်က ပေးခိုင်းလို့ ပေးတာပါ"

ဟုပြောပြီး ပြန်လှည့်သွားလေသည်။ ကိုမျိုးလွင်က စာကို အရင် ဖတ်၏။

**"မင်္ဂလာလက်ဖွဲ့**

**အဖေ ဦးစိုင်းဝဏ္ဏ"**

ဟု ဖတ်လိုက်ရ၏။ မေနန်းနွယ်က စက္ကူဘူးကို ဖွင့်လိုက်လေရာ အလွန်အရည်အသွေးကောင်းလှသော ပတ္တမြားကျောက်တစ်လုံးကို တွေ့လိုက်ရပါလေတော့၏။ ကာယကံရှင်မှုမဆိုနှင့်



www.burmeseclassic.com

www.burmeseclassic.com



အိုင်အိုနန်းထိုက်နှင့် ကျွန်ုပ်တို့ပင်လျှင် အလွန်ဝမ်းမြောက်ကြည်နူး၍သွားလေကြပါ၏တကား။

ပြီးပါပြီ။

သူရိန်ဆွေ

ပန်းလက်ဆောင်စာပေ

www.burmeseclassic.com